
www.burmeseclassic.com

ရင်မိုး
(ဆေးတက္ကသိုလ်)

# အချစ်ကိုယုံကြည်ဖို့လိုတယ်




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





## ရင်မိုး
## (ဆေးတက္ကသိုလ်)

# အချစ်ကို
# ယုံကြည်ဖို့လိုတယ်



စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာ့စာပေ

www.burmeseclassic.com

www.burmeseclassic.com







**တုတု** သည် ကိုယ့်ကိုယ်ကိုယ် အခါခါ မကျေမနပ်ဖြစ်ရင်း အလိုမကျရင်းကပဲ အဲဒီလူတစ်ယောက်အကြောင်းကို ခါ ထပ်ခါ တွေးနေရခြင်း၊ အဲဒီလူရဲ့မျက်နှာကို မြင်ယောင်ခြင်းတွေကိုလည်း ကျေနပ်စွာ ခံစားနေချင်ပြန်သည်။

ထိုကျေနပ်နေမိခြင်းတည်းဟူသော ခံစားချက်ကို လည်းမုန်း၊ ဖျောက်လို့လည်းမရနိုင် တုတုသည် နောက်တစ်နေ့ တာတွေ မနက်ဖြန်ဆိုတာတွေကို ကြံရမှာ ကြောက်နေပြန်သည်။

တုတု သူ့ကို ထပ်မဆုံရပါစေနဲ့လို့ ဆုတောင်းခဲ့ တုတု ရင်ဘတ်ထဲက နက်ရှိုင်းသော တစ်နေရာမှာတော့ ကြီးသဲ့သဲ့လေး အော်ဟစ်နေသည်မှာ "တုတု ... သူ့ကိုတွေ့ ကိုက်တာ"ဟူသော ဆန္ဒအမှန်ပဲ ဖြစ်နေပြန်ပါသည်။

တုတုသည် ထိုင်လိုက်၊ ထလိုက်၊ ခေါက်တုံ့ခေါက် သခ်းလျှောက်လိုက်၊ ဖုန်းခွက်ကို မ,ကာ ဖုန်းဆက်သင့်သော



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ထံ ဖုန်းဆက်ဖို့ကို မရေမရာဖြစ်လိုက်နှင့် တ
ယောက်တည်း ဗျာများနေခဲ့သည်။

တုတု ဘယ်တုန်းကမှ ဒီလိုမဖြစ်ဘူးခဲ့။ ဘယ်တု
ကမှလဲ မရေမရာသော အတွေးမျိုးကို မတွေးဘူးခဲ့။ မည်သ
အချိန်မှာမဆို တုတုဟာ ဆုံးဖြတ်ချက်ကို ချက်ချင်းချနိုင်တ
သူပါ။ အခုကျမှ တုတု …။ အဲဒီလူနဲ့ ဆုံပြီးမှ …။ …။

အဲဒီလူအကြောင်းတွေ ခေါင်းထဲမထည့်ပါဘဲ ရော
လာခဲ့ပြီးမှ … …။ တုတု … …။ … … …။

BURMESE CLASSIC .com





# အပိုင်း(၁)

www.burmeseclassic.com

www.burmeseclassic.com



( ၁ )

ကိုကြီးက တုတု လက်ကလေးကို အသာဆွဲခေါ်လာခဲ့ပြီး သူ ရှာတွေ့ထားသော ကားကိုပြပါသည်။ **ကားရဲ့မော်ဒယ်လ်တွေ** ထုတ်လုပ်သည့် ခုနှစ်တွေကို ကိုကြီး **ပြောပြနေပေမဲ့** တုတု စိတ်မဝင်စား။ တုတု စိတ်ဝင်စားတာကတော့ **ကားရဲ့အရောင်ပင်။** တုတုသည် ကားအရောင်တွေဆို crazy **(ခရေးဇီး)** ဖြစ်လှသူဖြစ်သည်။ ကားအရောင်ဆို အရောင်တောက်မှ ကြိုက်သည်။ ဥပမာ အနီရောင်ရဲရဲတို့၊ အဝါရောင်တောက်တောက်တို့၊ အစိမ်းရောင်တောက်တောက်နဲ့ အဝါရောင်တောက်တောက်တို့ နှစ်မျိုးရောနေတတ်သော crazy colour (ခရေးဇီးကာလာ)ဟု ခေါ်သည့် အရောင်မျိုးတို့ဆို အင်မတန်မှ ကြိုက်သူဖြစ်သည်။ ကားက ဘာပုံကြီးပဲ ဖြစ်နေဦး။ အရောင်သာ သစ်လွင်တောက်ပ





နေမယ်ဆိုရင် တုတုလိုမိန်းကလေးမျိုးက ဘာမှအစစ်ဆေး အမေးမြန်းမရှိဘဲ ဝယ်လိုက်ချင်တဲ့စိတ်မျိုး ရှိလေသည်။

အခုလည်း တုတု ကျောင်းပြီး၍ ပလာဇာတစ်ခုမှာ ဆိုင်ဖွင့်နေတုန်း ကျောင်းတုန်းကစီးလာသည့် အနီရဲရဲ တိုရိုတာ ဆလွန်းလေးကို လဲချင်သည်ပြောလိုက်သဖြင့် ကိုကြီးကပဲ ကားဝိုင်းထဲ အချိန်ကုန်ခံလိုက်ရှာပေး၊ လိုက်မေးစမ်းပြုပေးပြီး တုတု မှာထားသော အရောင်တွေထဲက တစ်ရောင်လည်းဖြစ်ပြီး ကားလည်းအသန့်ဆုံးဖြစ်သော အစီးကို ပွဲစားနှင့်အတူ အိမ်ယူလာပြတာဖြစ်သည်။

"Nissan Bluebird (နစ်ဆန်းဘလူးဘတ်)လို့ ခေါ်တယ်တုလေး။ ကားအင်ဂျင်တွေ ဘာတွေလဲ ကိုကြီး **စစ်ပြီးပြီ။** မဆိုးပါဘူး။ ကိုယ့်ဘာသာ ပိုက်ဆံအကုန်ခံပြီး ထဝ်ပြင်လိုက်ရင် ခြောက်လ တစ်နှစ် ဘာမှပြင်စရာမလိုဘဲ **စိတ်ချ**လက်ချစီးလို့ရပါတယ်၊ တုလေး ကြိုက်ရင်ယူမယ် **တစ်ခါ**တည်း ပြောလိုက်နော်"

"အင်း ... ထင်သားပဲ"

ကိုကြီးက တုတု ခေါင်းကို ချစ်စနိုး လက်သီးဆုပ်ဖြင့် တစ်ချက်ထုလိုက်ပြီး ပြုံး၍ပြောပါသည်။

"ကိုကြီးပြောတော့ ပွဲစားပါတယ်ဆို၊ ဘယ်မှာလဲ မတွေ့ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ပါတယ်ကွ၊ အဲဒီကောင်ကွာ။ လူက တုတုတို့ အရွယ် လောက် ငယ်ငယ်လေးနဲ့ စီးကရက်က အခိုးမတိတ်အောင် သောက်တာ။ အခုလည်း ကိုကြီးနဲ့ အတူပါလာရင်း လမ်း ထိပ်စတိုးဆိုင်လေးတွေ တော့ စီးကရက်ကုန်သွားလို့ ဝယ် မယ်ဆိုပြီး ဆင်းနေခဲ့တယ်။ ကိုကြီးက စောင့်ခေါ်မလို့ပါ ပဲ၊ အဲဒါကို သူက အရင်သွားနှင့် အေးအေးဆေးဆေးကြည့် နှင့်ပါတဲ့။ သူ နောက်မှ ဆယ့်ငါးမိနစ်လောက်ကြာမှ လမ်းလျှောက်လိုက်လာမယ်တဲ့၊ ဖုန်းလည်း ဆက်စရာရှိလို့ တဲ့၊ အဲဒီစတိုးဆိုင်မှာ ဖုန်းဝင်ဆက်ရမယ်တဲ့"

"ပွဲစားလာရင်တော့ တစ်ခါတည်း ပြောလိုက်ပါ တုတု ယူမယ်လို့"

"ညည်းဟာလေ ... မောင်းတောင် မောင်းမကြည့်ဘူးလား"

"ကိုကြီးက ကောင်းတယ် ပြောပြီးပြီပဲ၊ မောင်းမကြည့် တော့ပါဘူး"

"သဘောပါပဲ မမဖုရားရယ်"

ကိုကြီးက တုတု ပခုံးလေးကို ဖက်ထားရင်း ကား ဘေးရပ်လိုက်စဉ် တုတုတို့အိမ်၏ ခြံဝင်းတံခါးဖွင့်လျက်သားကို ဖြတ်ပြီး လမ်းလျှောက်ဝင်လာသော လူတစ်ယောက်ကို မြင်လိုက် တော့ ...





"ဟော ... ပွဲစားကောင်လေး လာပြီ"

ဟု တုတုကို ငုံ၍ အသိပေးလေသည်။ တုတုက တော့ မီးလုံးမှာ အဖုံးလေးတွေ ဖွင့်လို့ ဝိတ်လို့ရသည်အား အံ့တော်ကြီး ကျေနပ်သဘောကျကာ မော့မကြည့်အား။

"လာ ... လာ ... ကိုလူချော"

"ဘယ်လိုလဲ အစ်ကို"

တုတုသည် အသံခပ်သြသြကိုကြားလျှင် ရင်ထဲမှာ တုန်ခါမှုတစ်မျိုးလိုလို ခံစားလိုက်ရပြီး အလန့်တကြား မော့ကြည့် မိသွားပါသည်။

အလို ... ဘုရားရေ ...။

တုတုသည် ဘုရားတောင် တ,လိုက်မိသတဲ့။ ဘာ ဖြစ်သွားမှန်း မသိ။ တုတု ရင်ထဲတွင် ဖြောင်းဆန်အောင် တုန် ခိုက်လှိုက်မောသွားကာ တုတုသည် သူ့မအား မျက်ခန် ပြန်ကြည့် လိုက်သော မျက်ဝန်းအစုံမှာ ကျရှုံးသလိုလို ဖြစ်သွားသည်။

သူ့ကို တစ်ချက် ကြည့်လိုက်မိစဉ်မှာ တုတုသည် ကိုယ်လိုချင်တာကို ရှာဖွေတွေ့သွားသလိုလို၊ နှစ်ရှည်လများ ကွဲကွာနေခဲ့သောသူကို ပြန်ဆုံလိုက်ရသလိုလို ခံစားချက်တွေ ရိုက်ခတ်တာကို ခံလိုက်ရသည်။ သူ့ကို မြင်လိုက်ရတော့ တုတု ဘဝမှာ ပြည့်စုံသွားပြီဟု ရူးသွပ်စွာ တွေးလိုက်မိတာတွေ မီးက



www.burmeseclassic.com

www.burmeseclassic.com



ရက်ခဲထားသော နှုတ်ခမ်းအစုံရဲ့အပြုံးမှာ ရှုံ့ပဲ့ရှုံ့ရတော့မလိုလို ထင်ယောင်ထင်မှား ဖြစ်မိတာတွေ ဖျတ်ခနဲ ပေါ်လာသဖြင့် တုတု ဘာ့သာ ရှက်လန့်တကြား ဖြစ်မိသွားတာတွေ။ စသဖြင့် တုတု တစ်ယောက်တည်း လူမသိ သူမသိ ဖြစ်ပျက်နေတာတွေသည် အဲဒီလူကို တွေ့ဆုံလိုက်ရစဉ်မှာပင် စတင်တာဖြစ်သည်။

တုတု တစ်သက်နဲ့တစ်ကိုယ် ဒီတစ်ခါလောက် ယောက်ျားတစ်ယောက်နဲ့ ပတ်သက်ပြီး မြင်မြင်ချင်းမှာ တစ်ချိန်တည်း တစ်ပြိုင်တည်း ခံစားချက်တွေ အမျိုးစုံ ခံစားလိုက်ရတာလည်း ဖြစ်သဖြင့် တုတုသည် တော်တော်ကို လန့်သွားပါသည်။

သူ့မှာ ဘယ်လိုပါဝါမျိုး ရှိနေလို့ တုတု ဒီလောက် ဗရမ်းဗတာ ခံစားလိုက်ရသနည်း ? ... ဆိုတော့ ... သူ့ကိုကြည့်ရင် သူလိုကိုယ်လိုပဲ ကြည့်ကောင်းပြီး ယောက်ျားပီသသော ရုပ်ရည်ရှိသည့် ယောက်ျားတစ်ယောက်မျှသာ ဖြစ်ပါသည်။ မျက်ခုံးတွေကတော့ တော်တော်ထူပါသည်။ မျက်လုံးတွေက သိပ်ပြောပလောက်အောင် စူးရှတောက်ပနေတာမျိုး မရှိပေမဲ့ တုတု အတွက်တော့ ထိုမျက်လုံးများနဲ့ တစ်ချက်ဆုံတိုင်း ရင်ခုန်ရသည်သာတည်း။ စီးကရက်ကို မီးမငြိမ်းစတမ်း၊ အခိုးမတိတ်စတမ်း သောက်တယ်ဆိုပေမဲ့လည်း သူ့နှုတ်ခမ်းတွေကတော့ သွေးရောင်လွှမ်းနေသားပဲ။ အသားမဖြူမညိုပေမဲ့ စိုပြည်ဝင်းဝါပါသည်။





အရပ်လည်း မြင့်ပါသည်။ အရပ်ခြောက်ပေအတိဖြစ်သော ကိုကြီးကို မမီပေမဲ့ မီလုမီခင်မို့ အရပ်မြင့်သည့်အထဲမှာ ပါပါသည်။ ရင်အုံပ်ကျယ်ကျယ် ကိုယ်ဟန်မတ်မတ်နဲ့ ခါးကိုခပ်ပြေပြေထောက်ရပ်နေသော အဲဒီလူသည် အဝတ်အစားကတော့ သိပ်အကောင်းစားကြီး အပျံစားကြီး ဝတ်ထားတာတော့ မဟုတ်ပါ။ သို့သော် အဲဒီလို ဝတ်ထားတာကိုက သူနဲ့ပဲ လိုက်ဖက်နေသလိုလို။

"ယူဖြစ်တယ်ဆိုရင် ကျွန်တော်တို့ ခုပဲ ကားပိုင်ရှင်ကို သွားခေါ်ကြရအောင်။ ဒီနေ့ပဲ အပြီးကိစ္စဖြတ်လိုက်ချင်တယ်၊ အဟဲ ... ကျွန်တော်လည်း ပွဲခရချင်နေပြီလေ။ အရောင်းအဝယ် မဖြစ်တာ လနဲ့ချီနေပြီဆိုတော့ လက်ထဲမှာ ပိုက်ဆံခန်းနေပြီ အစ်ကိုရ။ အဆောင်ဖိုးပေးဖို့ အကြွေးတွေ ပုံနေပြီ၊ ဒီလမှ မဆပ်နိုင်ရင် ကန်ချခံရဖို့ပဲ ရှိတော့တယ်၊ ဒါကြောင့် ကျွန်တော်က အလုပ်အရမ်းဖြစ်စေချင်တာ"

သူက သူ့အခက်အခဲတွေကို ရယ်မောပြီး ပြောနေစဉ် တုတု ရင်ထဲမှာတော့ သူနဲ့မဆုံရဲတော့သလိုဖြစ်လျက် ဒီကားကို မယူတော့ဘူးလို့ ပြောလိုက်ချင်နေလေပြီ။ ဘာကြောင့်မှန်းမသိ တုတု သူ့ကို မဆုံချင်။ မဆုံရဲ။ ကားကိစ္စ ငွေချေဖို့ အကြာကြီး ဆုံတွေ့စကားပြောရမှာ လန့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးကတော့ ဘာမှမရိပ်မိ။ တုတု လက်ကိုအသာလာဆွဲခေါ်လိုက်ပါသည်။ ကိုကြီးနဲ့ လက်တွဲရက်သား ပါလာသော တုတုကို သူက ငေးကြည့်ရုံအပြင် မပို။ သူ့မျက်လုံးတွေထဲမှာတော့ တုတုအလှကို ချီးကျူးနေတာတွေ မြင်ရသည်။ ဖြူနုပြီး ကြွေရုပ်လေး တစ်ရုပ်လို လှပသော တုတုကို မြင်သူတိုင်း ကြည့်သော အကြည့်မျိုး သူ့ထံမှာတွေ့ရတော့ တုတု ဘဝင်မကျနိုင်။ တုတုက သူ့ဆီမှာ တုတုနဲ့ ပတ်သက်ပြီး ဒီ့ထက်ပိုသော ခံစားချက်ကို မျှော်လင့်သတဲ့လေ။

"ဒါ ... ကိုယ့်ရဲ့ဟုတုပဲ။ ဒီကားကို မောင်းမဲ့သူက သူပဲ။ သူကြိုက်ရင် ပြီးပြီ"

ချစ်သူချောချောလေးကို ဂုဏ်ယူဝင့်ကြွားစွာ လက်ဆွဲခေါ်ပြသော ကိုကြီးဟာ တုတု စိတ်ထဲကို လုံးဝမမြင်ပါ။

"အစ်မလေး ကြိုက်တယ် မဟုတ်လား"

"ကြိုက်တယ် ပြောပြီးပြီကွာ၊ ဒါပေမဲ့ ဒီနေ့ ချက်ချင်းငွေချေဖို့က မဖြစ်နိုင်သေးဘူး ထင်တယ်၊ အခုညနေလည်း စောင်းနေပြီဆိုတော့ ဘဏ်တွေလည်း ပိတ်တော့မယ်၊ ပိုက်ဆံသွားထုတ်ဖို့ အချိန်မမီတော့ဘူးလေ၊ ဒီတော့ မနက်ဖြန်မနက်မှ ငွေသွားထုတ်ပြီး အကြေချေမယ်၊ ဒီညနေတော့ စရန်ပဲ ချထားနိုင်မယ်"





"စရန်ချထားပြီးရင် ရပါပြီ၊ ကားပိုင်ရှင်လက်ထဲလည်း စရန်ရောက်မှ ကျွန်တော့်ပွဲခ ရစရာရှိတာကို နည်းနည်းဖဲ့တောင်းလို့ ရမှာလေ။ ဒါဆိုလည်း ကျွန်တော်တို့ သွားကြရအောင်လား အစ်ကို။ ကျွန်တော်သူဌေးက နေတဲ့နေရာဝေးတယ်၊ အင်းစိန်ဘက်မှာဆိုတော့"

"သြော် ... အေး၊ သွားကြတာပေါ့၊ စရန်ပေးတာတော့ သူ့မပါရင် ရတယ်မဟုတ်လား"

"ရပါတယ်၊ မနက်ဖြန် စာချုပ်အပြီးချုပ်မှ အစ်မလေးနာမည်နဲ့ ဝယ်မှာဆိုတော့ အစ်မလေး လက်မှတ်ထိုးဖို့လိုတာ"

"အေးကွာ၊ အလုပ်ဖြစ်သွားတာ ဝမ်းသာပါတယ် ကိုလှချော။ ကိုယ့်မလည်း တုတု ပူဆာထားတာကို မဖြည့်ဆည်းပေးနိုင်လို့ စိတ်မကောင်း ဖြစ်နေတာ။ အခုမှပဲ သူလိုချင်တဲ့ကား ရတော့တယ်"

တုတုဟာ ခုထိ စကားတစ်ခွန်းမှကို ဝင်မပြောဘဲ တိတ်ဆိတ်နေသည်ကို ကိုကြီး သတိမထားမိသလို အဲဒီလူ (ကိုလှချော)လည်း သတိထားမိပုံမရ။ တုတုကို တစ်ချက်သာ ကြည့်လိုက်ရင်း ...

"အင်ဂျင်ကတော့ ကျွန်တော် အစ်ကို့ကို ပြပြီးပါပြီ။ လိုအပ်တာလေးတွေတော့ ရှိနေတော့ အစ်မလေး စိတ်ချ



www.burmeseclassic.com

www.burmeseclassic.com



လက်ချ မောင်းဖို့ဆိုရင် နည်းနည်းလေးတော့ ပြန်ပြင်ရမှာတွေ ရှိနေတယ် အစ်မလေး။ မိန်းကလေး မောင်းမှာဆိုတော့ လမ်းမှာ မတော်တဆ ထိုးမရပ်အောင် ကျွန်တော်ကြိုသတိပေးထားတာပါ”

ဟု ကားနှင့် ပတ်သက်တာကို အသေအချာ ထပ်ပြောပြနေပါသည်။

သူ ပြောတာကို တုတု မကြားသလိုလိုဖြစ်လျက် သူ့ရုပ်ရည်ဟာ သိပ်အချောကြီး မဟုတ်ပါပဲ ဘာကြောင့် “လူချော” ဆိုသောအမည် ပေးထားခံရသလဲ ဆိုတာကိုသာ ငေးကြည့်နေသတဲ့။

ကိုကြီးနဲ့အတူ အဲဒီလူတို့ ကားဖြင့်ပြန်ထွက်သွားသောအခါ တုတုသည် အခုမှပဲ အကျဉ်းအကျပ်ထဲက လွတ်မြောက်သွားသလို ခံစားလိုက်ရလျက် အိမ်ထဲပြေးဝင်၊ ကိုယ့်အခန်းထဲ ကိုယ်တံခါးပိတ်နေမိလျက် ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်ခဲ့သလဲ ဆိုတာ အခါခါ ပြန်တွေးတောနေမိတော့လေသည်။

“မဟုတ်ဘူး ... မဟုတ်ဘူး ... ငါ့ဘဝမှာ ဒီလိုမျိုးဖြစ်ရမှာ မဟုတ်ဘူး။ ဒီလို အဖြစ်မျိုး ဖြစ်လာစရာအကြောင်း မရှိဘူး။ ဒါ ငါ မျှော်လင့်ထားတာမျိုး မဟုတ်ဘူးလေ ဘာကြောင့် ဒါကို တုန်လှုပ်နေရမှာလဲ”

တုတု တစ်ယောက်တည်း ငိုညည်းသလို ပြောမိ၏။





“ငါ့မှာ ကိုကြီး ရှိတယ်။ ကိုကြီးကို ငါကိုယ်တိုင် လိုလိုလားလား ရွေးချယ်လက်ခံထားတာ။ ကိုကြီး တစ်ယောက်ကိုပဲ ချစ်တယ်လို့ ငါ ပြောခဲ့ဖူးတာ၊ ဟုတ်တယ်၊ ကိုကြီးကိုပဲ ငါချစ်ရမယ်၊ ကိုကြီးကိုပဲ ခေါင်းထဲထည့်ရမယ်။ ကိုကြီးကိုပဲ ငါ လက်ထပ်ရမယ်”

တုတုသည် ကိုကြီးနဲ့ တွဲရိုက်ထားသော ဓာတ်ပုံလေး ထည့်ထားသည့် မှန်ပေါင်လှလှလေးကို ယူကြည့်ရင်းလည်း ကိုယ့်ကိုယ်ကိုယ် သတိပေးသလို ပြောနေမိသည်။

“မြင်မြင်ချင်း ချစ်မိတယ်”ဆိုသော ဘယ်ကဘယ်လို တွေးမိသည်မသိသော အသိတစ်ခုကား တုတုကို နှောင့်ယှက်နေပြန်သည်။ “အဲဒီလူကို တုတု မြင်မြင်ချင်း ချစ်မိတယ်”လို့ ကယောင်ကတမ်း တွေးမိသောအခါ တုတုဟာ ကိုယ့်ခေါင်းကိုယ် ပြန်ထုရိုက်ပြီး ထိုအတွေးကို ထုတ်ပစ်ချင်လာသည်။

“ငါ အသက်ရှင်နေတာ သူ့ကြောင့်ပဲ၊ သူ့ကို တွေ့ခွင့်ရအောင် ငါ စောင့်နေခဲ့တာ”

တုတုရဲ့ရင်ထဲမှာရှိသော အသံတစ်သံက ထပ်,အော်ပြောသောအခါ တုတုသည် ကြဲရာမရဖြစ်ပြီး ကိုကြီး၏ မိုဘိုင်းလ်ဖုန်းကို လှမ်းဆက်လိုက်ကာ “ကားကို တုတု မယူချင်တော့ဘူး” ဟု ပြောလိုက်ရ ကောင်းမလားပင် စဉ်းစားမိသည်။ ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လဲဆိုတော့ နောက်တစ်နေ့ ငွေအကြေချေတဲ့အခါ တုတု အဲဒီလူကို ထပ်ဆုံတွေ့ရမှာ ကြောက်နေမိလို့ပါ။ တုတု သူ့ကိုထပ်ဆုံပြီးရင် မေ့မရနိုင်တော့မှာ၊ သူ့ကို အရူးအမူး အဆိပ်တက်စွာချစ်မိသွားတော့မှာတွေကို ကြိုမြင်ပြီး တုတု သူနဲ့ထပ်မဆုံချင်။ သို့သော် ဆုံလည်းဆုံချင်နေပြန်သေးသည်။

သူ့အပြုံးကို ထပ်မြင်ချင်သည်။ တုတု အလှကို ချီးကျူးသဘောကျစွာကြည့်သော သူ့အကြည့်ကို ခံယူရချင်သည်။ အဲဒီထက်ပိုတဲ့ ခံစားချက်ပါတဲ့ အကြည့်ကို တုတု ရချင်နေသည်။

တကယ်တော့ တုတု၏ဘဝသည် အဲဒီလူနဲ့ မဆုံခဲ့ရင် ဘာမှပြောင်းလဲစရာမရှိ။ သိပ်ပြီး အထူးအဆန်း မရှိသော ဘဝသာဖြစ်သည်။ ငွေကြေးချမ်းသာ ပြည့်စုံသော မိဘနှစ်ပါး၏ သားသမီးလေးယောက်မှာ နံပါတ်သုံးဖြစ်သော တုတု၏ငယ်ဘဝမှသည် အခုထက်ထိ သိပ်ပြီးအပြောင်းအလဲမများ၊ သိပ်စိတ်လှုပ်ရှားစရာလည်း မများလှခဲ့ပါ။

ဒီအသိုင်းအဝိုင်းမှာ မိဘချင်းရင်းနှီးသော မိသားစုဝင် လူငယ်လူရွယ်တွေ အများကြီးထဲမှ တစ်ယောက်ဖြစ်သော ပြည့်စုံမင်း ဟူသည့် တုတုရဲ့ကိုကြီး ဖြစ်လာမည့်သူက တုတုကို စိတ်ဝင်စားချစ်ခင်။ ဖွင့်ပြော၊ တုတုကလည်း အရင်တည်းက ရင်းနှီးပြီးသား ဖြစ်တာရော၊ ကိုယ့်အသိုင်းအဝိုင်းထဲက ဖြစ်တာ





ရော၊ ရုပ်ရည်နဲ့ ပတ်သက်ရင်လည်း မိန်းကလေးတိုင်း လက်ခံနိုင်သော ရုပ်ရည်ရှိတဲ့သူ ဖြစ်တာရော ပေါင်းပြီး ပြည့်စုံမင်းဆိုတဲ့ ယောကျ်ားတစ်ယောက်ကို ပြန်ချစ်ပါသည်ဟု ဆုံးဖြတ်နိုင်ခဲ့တာ ခြင်းချင်။ ပြန်စဉ်းစားကြည့်ရင် လွန်ခဲ့တဲ့နှစ်နှစ်တုန်းက တုတုရဲ့ ဘဝကို အလွှမ်းမိုးနိုင်ဆုံး၊ အပြုစားနိုင်ဆုံး၊ တုတု နှလုံးသားမှာ လက်အခံနိုင်ဆုံး ယောကျ်ားဆိုလို့ ပြည့်စုံမင်း ဟူသည့် ကိုကြီး တစ်ယောက်ပဲ ရှိခဲ့တာ အမှန်ပါ။

တုတု ကိုကြီးကို ရွေးခဲ့တုန်းက တုတုရဲ့မိသားစုမှာ ...

"ပြည့်စုံမင်းဟာ တကယ့် လူကောင်းတစ်ယောက်ပါ။ ငါတို့က တော်တာကို သိပ်မမက်မောပါဘူး။ ကောင်းတာကိုပဲ မက်တယ်၊ လူကောင်းဖြစ်ဖို့ ပိုအရေးကြီးတယ်လေ။ ကိုယ်နဲ့တစ်သက်လုံး ပေါင်းသွားရမှာ လူကောင်းတစ်ယောက်ကို လက်တွဲရမှ ကိုယ့်ဘဝ စိတ်ချရမယ်လေ။ တုတု အတွက်တော့ ပြည့်စုံမင်းဟာ အသက်အရွယ်အရလည်း ခြောက်နှစ်လောက် ပိုကြီးတာရော၊ လုပ်ရည်ကိုင်ရည်တော်တာရော၊ စိတ်သဘောကောင်းတာရော အကုန်ပြည့်စုံနေတာမို့ တကယ့်ကို ပြည့်စုံတဲ့ မင်းသားတစ်ပါးပဲဟု ဂုဏ်ယူပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ချိုးကျူးထောမနာသံတွေ ညံစီခဲ့ဖူးပါသ

ဒီလူ့ကိုရွေးရင် ဒါမျိုးစကားသံ ကြားရမယ်လို့ မျှော်လင့်ထား

ဖြစ်သောအခါ တုတုဟာ ထိုစကားသံမှာ ထူးပြီး ပီတိဖြစ်မ

တာလည်း ဖြစ်ရိုးဖြစ်စဉ်အတိုင်းလို ဖြစ်ခဲ့သည်။

တုတု ထိုအချိန်တွေထဲက အကြိမ်များစွာ

ကြည့်ခဲ့ဖူးသည်မှာ ...

"ငါ့ဘဝဟာ ပုံသေနည်းထဲထည့်ပြီး တွက်နေရတဲ့

တစ်ပုဒ်လိုပဲ၊ ဘာမှလဲ အပြောင်းအလဲ မရှိဘူး၊ တစ်

ကျရင် အဖြေ ဒါပဲထွက်ရမယ်လို့ သိထားပြီးသားလို

နေတယ်။ ဒါပြီးရင် ဒါဖြစ်မယ်၊ ဒီလိုစကားသံမျိုး

ရမယ်၊ ဒီလိုအဆုံးသတ်နဲ့ပဲ The End (သည်အန့

စာတန်းထိုးရမယ် ဆိုတဲ့ ပုံသေနည်းကြီးနဲ့ အသက်ရှ

ရသလိုပဲ၊ ဒါ သိပ်တော့ မဟုတ်သေးဘူး။ ဘဝဆို

ဘာမှန်းမသိလိုက်ရဘဲနဲ့ ပြီးသွားရမလို ဖြစ်နေပြီ"

ဟူသော ခပ်ဆန်းဆန်း အတွေးအခေါ်ကို

ကြည့်ခဲ့ဖူးသည်။

သို့သော် အဲဒီအချိန်တွေတုန်းကတော့ ဘာကြေ

တွေးမိခဲ့မှန်း မသိခဲ့ဘဲ တွေးခဲ့တာမျိုး ဖြစ်ပါသည်။ အခုကျ

လူချော်နဲ့ ဆုံပြီးကတည်းက ထိုအတွေးကို ပြန်တွေးကြည့်မိ

အဓိပ္ပာယ်တစ်ခုခု ရှိလာသလိုလို ခံစားရလေသည်။





တုတုသည် နာရီပေါင်းများစွာ အခန်းအောင်းပြီး

သက်နေမိစဉ် တုတု၏ အိပ်ခန်းထဲမှာ လိုင်းခွဲသွယ်ထားသော

မှ အသံမြည်လာတော့သည်။ တိတ်ဆိတ်ငြိမ်သက်ကာ အတွေး

နေမိသော တုတု တစ်ယောက် လန့်ပြီးတုန်သွားခဲ့ပါသည်။

"ဟဲလို"

"တုလေး ... ကိုကြီးပါ"

ထင်သားပဲ။ ကိုကြီး တုတုဆီ ပြန်ဆက်တာလို့

ကြိုသိနေခဲ့သည်။

"စရန်ချထားခဲ့ပြီးပြီ သိလား၊ ဘာမှမပူနဲ့တော့၊ မနက်ဖြန်

မနက် ဘဏ်ဖွင့်ချိန်ကျမှ ပိုက်ဆံသွားထုတ်ကြတာပေါ့၊

ပိုင်ရှင်ကို ဆယ့်တစ်နာရီ ချိန်းထားခဲ့တယ်"

ဒါဖြင့် ဆယ့်တစ်နာရီမှာ တုတု လူချောနဲ့

မယ်။ တုတုသည် ရင်ထဲမှာ ပြန်ပြောနေသော အသံကို

ပြီး စိတ်အတော်ကြီး ညစ်နေသည်။ တုတုရဲ့ စဉ်းစားဆင်

သောဉာဏ်ရှိတဲ့ အသိစိတ်မှာ လူချောကို မတွေ့ချင်ပါ။

ရင်ထဲမှာလား (ဒါမှမဟုတ်) ခေါင်းထဲမှာလားမသိ ရှိနေ

မသိစိတ်ကတော့ လူချောကို လိုလိုလားလား တွေ့ချင်နေ

သည်။

"ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ပြော တုတု၊ ဘာလဲ"

"ကားကို တုတု ဝယ်သင့်ရဲ့လား"

တုတု ဇဝေဇဝါဖြင့် ဘာတွေမေးလိုက်မိမှန်းပ

မသေချာခဲ့။

"ဟောဗျာ ... ဘာလဲ၊ တုလေး မကြိုက်ဘူးလား"

ကိုကြီးက တုတုကို တုတု ခေါ်လိုက်၊ တုလေးခေါ်

လိုက်၊ တစ်ခါတလေကျ ချစ်စနိုးဖြင့် ခေါ်သည်မှာ "ကြောင်

လေး"တဲ့။ ဘာကြောင့်လဲဆိုတော့ ကြောင်ကလေးတစ်ကောင်လို

ပဲ အနားကပ်ဖားပြီး ချွဲတတ်လို့တဲ့။

"မကြိုက်ရင်ကွာ ငြင်းလိုက်လို့ ရသားနဲ့"

"မဟုတ်ဘူး ကိုကြီး၊ တုတု ကြိုက်ပါတယ်၊ ဒါပေမဲ့ ..."

"ပြော ... ဒါပေမဲ့ ဘာဖြစ်လဲ"

"ဈေးများသလားလို့"

တုတု ကြံဖန်ပြီး ပြောစရာ ရှာသလိုဖြင့် ပြောကြ

မိပေမဲ့ ကိုယ်ကိုယ်တိုင်လည်း ကားကိုယ်တိုင်မောင်း၊ ကိုယ်ပို

ကားစီးသူ အသိုင်းအဝိုင်းမှဖြစ်ရာ ကားဈေးတွေကိုလည်း သိ

ပါသည်။

"မများပါဘူး တုတုရဲ့၊ ကိုကြီး သေချာဈေးတွေစုံစမ်း

မှ ဝယ်တာပါ"





"ပြင်ရဦးမယ်ဆိုတော့ ချက်ချင်းစီးလို့ ရရဲ့လား"

"ရပါတယ်၊ ခုလောလောဆယ် လက်တင်မောင်းလို့ ရပါတယ် တုတုရဲ့။ ကိုကြီး ပြောတဲ့သဘောက တုတု ဆိုင်မသွားရတဲ့နေ့ကျမှ ကိုကြီးပဲ ဝပ်ရှော့မှာ တစ်နေ့လောက်သွားအပ်ပြီး လိုတာလေးတွေ ထပ်ပြင်ပေးမယ် ပြောတာပါ၊ နေပါဦး ဒေါ်တုတုရယ်။ ဘာဖြစ်လို့ ပူစရာမရှိတာတွေ ရှာကြံပူပြီး ကားကို မဝယ်ချင်တော့တဲ့ အကြောင်းတွေ ပြောနေတာလဲ။ ဘာဖြစ်လို့လဲ တုတု"

ကိုကြီး ပြန်မေးခွန်းထုတ်လိုက်တော့ တုတု လန့်သွားပါသည်။ တုတုမှာ ပေးစရာအဖြေရှိပေမဲ့ ဘယ်လိုလုပ်အမှန်အတိုင်း ပြောရဲမလဲလေ။

"ဘာမှမဖြစ်ဘူး မဟုတ်လား၊ ဒီလိုပဲ ရှာကြံတွေးပူတာမဟုတ်လား"

"အဟင်း ဟင်း ..."

"ရယ်မနေနဲ့ ကြောင်မ။ လူကို ကားမရခင်တုန်းကတော့ နေ့တိုင်း တဂျီဂျီပူဆာ၊ ရလည်းရရော နောက်တစ်မျိုးရှာကြံပြီး ဒုက္ခပေးချင်တာ မဟုတ်လား။ ရယ်မနေနဲ့ ညည်းအကြောင်း နော်ကျေပြီးသား။ ကဲ ... ကားကိုစွဲ စိတ်ချလက်ချ နေလိုက်တော့။ မနက်ကျမှ အသင့်စောင့်နေ ဘက်သွားဖို့ ကိုကြီး လာခေါ်မယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

"အန်ကယ်လ်တို့ အန်တီတို့ ဖော်ဖော်တို့ ယုယုတို့ ထွန်းထွန်းတို့ကို နှုတ်ဆက်တယ်လို့ ပြောလိုက်နော်"

ကိုကြီး အကျင့်က ဒီလိုပဲ၊ သူ ဖုန်းဆက်တာ တုတုဆီကိုပေမဲ့ ဖုန်းချခါနီးလျှင်တော့ အိမ်ရှိမိသားစုအကုန်ကို သတိတရ နှုတ်ဆက်ကြောင်း ပြောပြီးမှ ဖုန်းချတတ်သူ ဖြစ်ပါသည်။ ကိုကြီးနဲ့ဆို တုတု၏ အစ်ကိုကြီး ကိုဖော်ဖော်က ရွယ်တူတွေ ကျောင်းနေဖက်သူငယ်ချင်းတွေ ဖြစ်သဖြင့်-အတော်ရင်းနှီးပါသည်။ ကိုကြီး၏ညီမ ကြွယ်ကြွယ်မင်းနဲ့ တုတုအထက်က အစ်မ ယုယုနဲ့ကလည်း ရွယ်တူကျောင်းနေဖက်သူငယ်ချင်းတွေ ဖြစ်နေပြန်ပါသည်။ ဒါကြောင့်မိသားစုဝင်တွေဟာ တုတုသည် ပြည့်စုံမင်းကို ရွေးချယ်ခြင်းမှာ အမှန်ကန်ဆုံး၊ အဆင်ပြေဆုံး၊ စိတ်အချရဆုံး ဖြစ်သည်လို့ တစ်သံတည်း ထောက်ခံနိုင်ကြတာလည်း ဖြစ်ပါမည်။

အရင်ကတော့ တုတု ထိုထောက်ခံချက်ကို ကျေနပ်ခဲ့သည်။ အခုအခါမှာတော့ သံသယ ဖြစ်လာသည်။ သူတို့ ဝိုင်းထောက်ခံလို့ ငါ ဒီလူ့ကို ရွေးချယ်ချစ်မိသလား။





၂

သူ့ကို တွေ့လိုက်ရသောအခါ တုတု ရင်ထဲမှာ ...ည့်စုံသွားပြီဟုခံစားလိုက်ရသည်။ သူကတော့ မနေ့တုန်းကတွေ့ ...ိုမှာ ဝတ်ထားသော ကော်လံပါ ဂေါ့(ဖ)ရိုက်လျှင်ဝတ်သော ...ှုပ်အစင်းကျားနှင့် ဂျင်းန်အရောင်မွဲကိုသာ ပြန်ဝတ်ထားသည်။

သူ့ကြည့်ရတာ ပွဲစားလုပ်နေပေမယ့် သိပ်အလုပ် ...ဖြစ်သော ပွဲစားမျိုး ဖြစ်ဟန်တူသည်။ တုတု မြင်ဖူးသော ပွဲစား ...လို အပျံစားဝတ်စားပြီး ရွှေဟန်းချိန်း၊ ရွှေလက်စွပ်၊ ရွှေဆွဲ ... ရောင်မျက်မှန်တွေ သူ့မှာမရှိ။ သူဝတ်ပုံစားပုံက နည်း ...တော့နွမ်းလျက် သူ့မျက်နှာပြင်မှာ သူ့ကိုယ်သူ စိတ်ခတ်ကျ ...လည်း တွေ့ရသည်။ ဒီလိုပုံစံ ဖြစ်နေတယ်ဆိုတာကို ဒီနေ့ ...တုတု သူ့ကို သေသေချာချာ အကဲခတ်နိုင်၍ သုံးသပ်မိတာ ...ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မနေ့က စကားပြောစဉ်မှာ သူ ထည့်ပြောခဲ့သော "ဒီပွဲခရမှ အဆောင်လခ အကြွေးတွေ ဆပ်နိုင်မယ်" ဆိုသော စကားကို ပြန်သတိရမိသည်။ အိမ်မရှိ ရာမရှိနဲ့ အဆောင်မှာနေရအောင် သူ့မှာ ရန်ကုန်မှာ မိဘမရှိဘူးလား။ နေစရာမိဘအိမ်မရှိဘူးလား။ နယ်ကနေ ရန်ကုန်ကို အခုမှ စွန့်စားပြီး တက်လာတဲ့ လူငယ်တစ်ယောက်လား။ သူ ပညာတတ်သလား။ ဘွဲ့ရပြီးပြီလား။ ကျောင်းတက်နေဆဲလား။ ဘာကြောင့် ဘဝကို ခက်ခက်ခဲခဲ ရုန်းကန်နေရသလဲ။

"ဒါ ကားကိုဝယ်မဲ့ ကျွန်တော့်ကောင်မလေးပဲ ကိုစိုးဝင်း။ သူက (......)ပလာဇာမှာ အကျီဆိုင် ဖွင့်ထားတယ်။ သူ့နာမည်နဲ့ပဲ 'တုတု ဖက်ရှင်'ဆိုတဲ့ ဆိုင်လေ။ ကိုစိုးဝင်း အမျိုးသမီးတို့၊ အစ်မတို့ ညီမတို့တော့ အကျီဆိုင်ဆိုရင် သိကြမယ် ထင်တယ်"

ကားပိုင်ရှင် ကိုစိုးဝင်းက တုတုကိုပြုံးရင်း ခါးကိုင်းသလိုလို အမူအရာလုပ် နှုတ်ဆက်ရင်း ...

"အကျီဆိုင် ဖွင့်ထားတာလား။ ဟာ ... ဒါဆို ကျွန်တော့်မိန်းမတော့ ပြန်ပြောရင် သိမှာပါ၊ သူက အဲဒီပလာဇာကို သိပ်သွားတာလေ။ တစ်ခါတစ်ခါ ဝယ်ချလာတာ အဝတ်အစားတွေမှ တစ်ပုံကြီး။ ဈေးမဝယ်ရရင် မနေနိုင်တဲ့





စိတ်ရောဂါ ဖြစ်နေတာလေ ... ဟား ဟား။ Shopcoholic (ရှော့(ပ)ကိုလ်ဟောလစ်) ခေါ်မလား ဈေးဝယ်တာ စွဲနေတဲ့ရောဂါလေ။ alcoholic (အယ်လ်ကိုလ်ဟောလစ်)ဆိုတဲ့ အရက်စွဲတဲ့ရောဂါမျိုးလိုပဲ သူကတော့ shopcoholic ဖြစ်နေတာ"

ဟု အာဝဇ္ဇန်းရွှင်စွာ ရယ်စရာပါ ရောကြောပြောလေသည်။

"လူချောက ကျွန်တော့်လက်စွဲ ပွဲစားပါပဲ၊ ခုတလော အရောင်းအဝယ်တွေ သိပ်မဖြစ်တော့ လူချော စိတ်ဓာတ်ကျပြီး ရွာပြန်မယ် ညည်းနေတာ၊ ဒီတစ်ပွဲ အလုပ်ဖြစ်သွားတော့ ဝမ်းသာနေတယ်။ အရင်က ရောင်းတာရော၊ ဝယ်တာရော တော်တော်သွက်တယ်ဗျ၊ ခုနောက်ပိုင်း ကျွန်တော်လည်း ထပ်မဝယ်နိုင်တော့ဘူး။ ဝယ်ထားတာတွေပဲ ပြန်ထုတ်ရောင်းတော့တယ်။ ကိုယ် ရောင်းချင်ပြန်တော့လည်း ပြန်ဝယ်နိုင်တဲ့သူက ရှားနေပြီဆိုတော့ ပွဲစားတွေသိပ်အလုပ်မဖြစ်တဲ့ ကာလမျိုးပေါ့"

ရွာပြန်မယ် ဆိုသော စကားကြောင့် တုတုဟာ လူချောရဲ့ ဇာစ်မြစ်တစ်ခုခုကို သိခွင့်ရလိုက်သဖြင့် ကျေနပ်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ လူချောကတော့ ကိုစိုးဝင်း၏ အိမ်ရှေ့ဝရန်တာကျယ်ကြီးမှာထွက်ကာ စီးကရက်သောက်နေသည်မှာ ပြီးပဲမပြီးနိုင်တော့။ တကယ်ပဲ စီးကရက်ကိုကြိုက်ပြီး သောက်နေတာ။ သူ့အသက်လေးဆယ်လောက်ရောက်ရင် အဆုတ်ကင်ဆာရဖို့ သေချာနေပြီ။ ဒီလောက်သောက်ပုံမျိုးနဲ့ ...။ တုတု သူ့အတွက် စိတ်ပူပြီး မသောက်ပါနဲ့တော့လားလို့ ပြေးပြောချင်သည်။

ကိုစိုးဝင်းကတော့ ငွေရေစက်ဖြင့် တုတုတို့ကားဖိုးချေသောငွေကို ရေနေဆဲ။

ပိုက်ဆံပြည့်သောအခါမှ ...

"ပိုက်ဆံပြည့်ပါတယ်၊ ဒါဆို စာချုပ်မှာ လက်မှတ်ထိုးကြတာပေါ့။ လူချောရေ ... ပြီးပြီကွ။ စာချုပ်ယူလာပေးပါဦး။ လက်မှတ်ထိုးတော့မယ်"

ကိုစိုးဝင်း အော်ပြောလိုက်မှ လူချော စီးကရက်ကို ထိုးချေ မီးသတ်ပြီး အထဲဝင်လာသည်။ သူ့မျက်နှာက သိပ်ပြီး လန်းဆန်းတက်ကြွမှု မရှိဘူးဟု ထင်သည်။ မနေ့ကတော့ ပွဲခရတော့မည်ဆိုကာ တော်တော် စိတ်အားထက်သန် တက်ကြွနေခဲ့တာ။ ဒီနေ့ကျ တကယ်ပဲ ပိုက်ဆံရတော့မှာပေမဲ့ ဘာကြောင့် မနေ့ကလောက် မျက်နှာမရွှင်သလဲ။ တုတုသည် သူ့မှာရှိသည့် (ရှိရင် ရှိနိုင်မည့်)အခက်အခဲကို သိချင်နေပြန်သည်။





"နှစ်ဖက်အသိသက်သေကတော့ ကိုပြည့်စုံမင်းနဲ့ လူချောပဲ ထိုးလိုက်ပါ၊ ရပါတယ်။ အရောင်းအဝယ်ကတော့ ဒီနည်းနဲ့ပဲ အဆင်ပြေနေကြတာပဲ။ နောမည်ပြောင်းတဲ့အခါကျမှ လိုအပ်တာလေးတွေရှိရင် ကျွန်တော့်ဆီ ဖုန်းဆက်တောင်းပါ။ ကျွန်တော် မအားရင်တောင် လူချောကတော့ လိုက်ကူညီနိုင်ပါတယ်"

"ဟုတ်ကဲ့ ... ကျေးဇူးပါပဲ။ ကျွန်တော်တို့လည်း ဒီလိုပဲ ကားဝယ်လိုက်၊ ရောင်းလိုက် လုပ်နေကျပါပဲ။ လုပ်ရိုးလုပ်စဉ်အတိုင်းသွားရင် ဘာမှတော့ အခက်အခဲ မရှိနိုင်ပါဘူး"

"အိုခေဗျာ ... ဝမ်းသာပါတယ် ကိုပြည့်စုံမင်း"

ကိုကြီးနှင့် ကိုစိုးဝင်းတို့က အလုပ်ဖြစ်သည့် အထိမ်းအမှတ်အဖြစ် လက်ဆွဲနှုတ်ဆက်လိုက်ကြသလို ကိုကြီးကိုယ်တိုင်က လူချောကိုပါ သတိတရ လက်ကမ်းပေးပြီး နှုတ်ဆက်လိုက်ပါသည်။

"ကိုပြည့်စုံမင်းတို့ အခုဆောက်နေတဲ့ နေရာက ကွန်ဒိုတွေ ကျွန်တော် စိတ်ဝင်စားတယ်ဗျ၊ တစ်ရက်ကျမှ ကိုပြည့်စုံမင်းဆီ ဖုန်းဆက်ပြီး ချိန်းပြီးလာကြည့်ဦးမယ်"

"တော်တော်များများတောင် ရောင်းပြီးနေပြီ၊ ကျွန်တော့်တောင် အဲဒီနေရာ ကြိုက်တာနဲ့ တစ်ခန်းယူထားလိုက်တယ်၊ တုတုလည်း ကြိုက်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... လက်ထပ်ပြီးရင် နေဖို့လား"

ကိုစိုးဝင်း အမှတ်မထင် မေးလိုက်သော စကားကို ကြားလျှင် တုတု သတိထားမိလိုက်တာက လူချောဟာ တုတုကို ဖျတ်ခနဲ တစ်ချက်ကြည့်လိုက်တာဖြစ်သည်။ အဲဒီမျက်ဝန်းတွေထဲမှာ အလိုမကျဟန်တွေ ပါနေသည်ဟု တုတု ထင်လိုက်မိသည်။ ထိုသို့ သိလိုက်ရတော့ တုတု ရင်ထဲမှာ ကျေနပ်သွားပါသည်။

"ကွန်ဒိုအခန်းတွေက ကျယ်တော့ ကျယ်ပါတယ်၊ နှစ်ယောက်တည်းနေရင်တော့ နေလို့အဆင်ပြေတယ်လို့ ကျွန်တော်ထင်တယ်လေ။ ဒါပေမဲ့ ကလေးရှိလာရင်တော့ ကျွန်တော်က ခြံနဲ့ဝင်းနဲ့ပဲ နေချင်တယ်။ ဒါမှ ကလေးလည်း ခြံထဲဆင်းဆော့၊ မြက်ခင်းမှာ လူးလိမ့်ဆော့ ဟိုပြေးဒီပြေး ဆော့လုပ်လို့ ရတာပေါ့။ ကလေးတွေအတွက်က အိမ်ထဲမှာ ပြေးဆော့တာထက် အဲဒီလို သဘာဝပတ်ဝန်းကျင်နဲ့ ထိတွေ့ပြီး ပြေးဆော့ရတာက ပိုပြီးကျန်းမာရေးနဲ့ ညီညွတ်တယ်လေ"

"ကိုပြည့်စုံမင်းက ရှေ့ရေးကို plan (ပလန်)ချပြီးသားထင်တယ်၊ သားတွေ သမီးတွေ ရှိလာရင် ဘယ်လိုနေကြမယ်က အစ စီစဉ်ထားတယ်ပေါ့။ မတုတု ခင်ဗျား တော်တော်ကံကောင်းပါတယ်ဗျာ၊ ကျွန်တော်တောင်မှ ကျွန်တော့်မိန်းမကို မယူခင်တုန်းက ဒီလိုစိတ်ကူးမျိုး မရှိဖူးဘူး"





အဲဒီအချိန်မှာ တစ်ချိန်လုံး ငြိမ်နေပြီး ခုချိန်ထိ ဘာစကားမှ သိပ်မပြောသေးသော လူချောထံမှ အသံတစ်သံထွက်လာသည်။

"ဟုတ်တယ်၊ သဘာဝပတ်ဝန်းကျင်နဲ့ ထိတွေ့ပြီး ကြီးပြင်းရတဲ့ ကလေးတွေဟာ ပိုပြီး ကျန်းမာသန်စွမ်းကြတယ်ဆိုတာ ကျွန်တော် ထောက်ခံတယ် အစ်ကို"

တုတု လူချောကို ကြည့်မိသည်။ လူချောမျက်လုံးတွေက လျှို့ဝှက်လှပြီး တုတုကို ရင်ဆိုင်မကြည့်နေပါ။

"ကျွန်တော်ဆို မွေးကတည်းက ရွာမှာနေလာတာ။ အဖေတို့ အမေတို့ ယာလုပ်ရင် ကျွန်တော်တို့ ယာစောင့်တဲထဲမှာ ထားခဲ့တာပဲ၊ ဖုန်တွေ သဲတွေလူးပြီး ကစားရင်း၊ ချော်လဲရင်းကပဲ လူလားမြောက်လာတယ်လို့ ပြောရင်ရတယ်၊ ဒါပေမဲ့ ပြောရင် ယုံပါ့မလားတော့ မသိဘူး။ ကျွန်တော် တစ်ခါမှ အကြီးအကျယ် နေမကောင်း မဖြစ်ဖူးဘူး။ ငယ်ငယ်တုန်းကဆို ဖျားတောင် မဖျားဖူးဘူး။ အခုထိလည်း အိပ်ရာထဲ လဲလောက်အောင် နေမကောင်းတာ မဖြစ်ဖူးဘူးဗျ။ ကျွန်တော့် ညီမတွေ ညီတွေလည်း အဲဒီအတိုင်းပဲ။ အကုန်လုံး ကျန်းမာကြတယ်၊ ဒေါင်ဒေါင်မြည်နေတာလေ။ အဟဲ ... ဒါပေမဲ့ အဖေကတော့ အခု တိုက်ဖွိုက်ဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



တဲ့ဗျာ။ ဆေးရုံတင်ထားရတယ်လို့ မနက်ကမှ အဓ
အဆောင်ကို ဖုန်းဆက်ပြောလို့ သိရတယ်။ အဖေလည်
အနုမှ ဒီလိုအကြီးအကျယ်ဖြစ်တာ ပထမဆုံးပဲ"

လူချောက မဆီမဆိုင် သူ့အကြောင်းတွေ ဝင်ပြေ
ရင်း သူ့အဖေအကြောင်းကိုလည်း အသိပေးလေသည်။ လူချေ
တုတုကိုမကြည့်ဘဲ ဘယ်လောက်ပဲ ဟန်ဆောင်နေနေ တုတုရင်
မှာ အလိုလိုသိနေသည်။ လူချောဟာ တုတု သူ့အကြောင်းတွေ
သိစေချင်လို့ တမင်ပြောနေသည်ဟု တုတု ခံစား၍ရလေသည်

သူ ဒီလိုအကြောင်းစုံ ပြောလိုက်၍ တုတု သိလိုက်
သည်မှာ သူ ဘာကြောင့် မျက်နှာသိပ်မရွှင်ရသလဲ ဆိုတာ
အဖြေကိုပင်။ သူ့အဖေ တိုက်ဖွိုက်ဖြစ်ပြီး ဆေးရုံရောက်နေတော
သူ စိတ်ပူပြီး မျက်နှာမရွှင်တာဖြစ်မယ်။

တုတုတို့ နှုတ်ဆက်ပြီး ပြန်လာတော့ အသစ်ဝ
လာသည့်ကားကို တုတုအား ကိုကြီးက ပေးမောင်းသည်။ ကိုကြ
ကတော့ အလာတုန်းက သူ မောင်းလာသော သူ့ရဲ့ Honda C
ကို ပြန်မောင်းလာပါသည်။ ကားကက်ဆက်ကို စီဒီဖွင့်လို့ရအော
ပြောင်းထည့်ထားသဖြင့် တုတုက ကိုကြီး ကားထဲမှာရှိသော စီ
တွေထဲက တစ်ချပ်ကိုရွေးပြီး ထည့်ဖွင့်ကြည့်သည်။ P.did
(ပီဒစ်ဒီ)က Police (ပလိ(စ်))အဖွဲ့၏ သီချင်းကို ပြန်ဆိုထား





နစ်ပေါင်းများစွာ လူကြိုက်များဆဲ၊ လူသိများဆဲဖြစ်သော "Every Breath I take" ဟူသည့် သီချင်းပါသည့် စီဒီကို တုတု ခလုတ်နှိပ်ဖွင့်လိုက်သည်။

"Every steps I take ... ...

Every move I make ... ...

Every single day ... ...

Every Time I pray I'll be missing you ... ..."

တုတုသည် ထိုသီချင်းစာသားများကို လိုက်ညည်းရင်း လူချောကိုပဲ သတိတရ တိုင်တည်သီဆိုနေမိသည်ဟု ကိုယ့်ကိုယ်ကိုယ် ပြန်ခံစားနေမိပြန်သည်။ ခြေလှမ်း လှမ်းတိုင်း သတိရတယ်။ ဟုတ်တယ် ... နေ့တိုင်း သတိရနေမိတော့မယ် လူချောရယ်။ တုတု ဘယ်လိုလုပ်ရမလဲ။ ရှင့်ကို တုတု အမြဲသတိရလွမ်းဆွတ်နေမိတော့မယ်။

❣ ❂ ❣



www.burmeseclassic.com

www.burmeseclassic.com



၃

ပလာဇာတွေရဲ့ ထုံးစံအရ ညကိုးနာရီမှသာ ဆိုင်ပိတ်ပေမဲ့ တုတုရဲ့ဆိုင်ကတော့ ရှစ်နာရီခွဲမှာ ပိတ်ဖို့ စတင်ပြင်ဆင် သိမ်းဆည်းလေသည်။ ဒါကြောင့် တုတုရော ဆိုင်မှအရောင်းဝန်ထမ်းမိန်းကလေး ခြောက်ယောက်ရော ကိုးနာရီထိုးတာနဲ့ အိမ်ပြန်ဖို့ အသင့်ဖြစ်နေလေပြီ။

တုတု ဆိုင်ရှိရာ အပေါ်ထပ်မှ အောက်ထပ် ကားပါ့ခ်ကို ဆင်းလာတော့ ကိုးနာရီထိုးပြီးရုံလေးသာ ရှိသေးလေသည်။

လူစည်ကားပြီး အသွားအလာ မပြတ်သော ပလာဇာကြီးလည်း ဖြစ်တာမို့ ညမီးရောင်များဖြင့် ထိန်လင်းနေပါသည်။ တုတုသည် ဟန်းဘက်(ခ)အိတ် အကြီးကြီးကို လက်တံတောင်မှာ ချိတ်ကိုင်လာရင်း ကားသော့ကို ဆုပ်ကိုင်ကာ ကားရပ်ထားရာဆီ လျှောက်လာခဲ့ပါသည်။





ကားရပ်ထားရာ နေရာရောက်လျှင် တုတုကားကို ရပ်ကြည့်နေသော လူတစ်ယောက်ကို လှမ်းမြင်လိုက်ရသဖြင့် တုတု ရုတ်တရက်လန့်ပြီး စိတ်ပူသွားသည်။ ကျောခိုင်းထားသဖြင့် ဘယ်သူမှန်းမသိပေမဲ့ ကားကို ဘာကြောင့် အကြောင်းမဲ့ရပ်ကြည့်နေရသလဲ ဆိုသော ပူပန်မှုနှင့်အတူ တုတုသည် ဟန်းဘက်(ခ) အိတ်ထဲမှာ အမြဲဆောင်ထားတတ်သော pepper spray (ပက်ပါစပရေး)ဟုခေါ်သည့် စပရေးဘူးလေးကိုပါ အသင့်ထုတ်ကိုင်ထားလိုက်မိပါသည်။ ထိုစပရေးဘူးလေးတွေက နိုင်ငံခြားတိုင်းပြည်တွေမှာဆို မိန်းကလေးတွေ လမ်းသွားရင်း အန္တရာယ်နဲ့ကြုံတဲ့အခါ ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်ဖို့ ဆောင်ထားလေ့ရှိသော စပရေးဘူးဖြစ်သည်။ ထိုစပရေးဖြင့် ကိုယ့်ကိုအန္တရာယ်ပြုလာသူ၏ မျက်နှာကို ဖျန်းလိုက်လျှင် ထိုသူမှာ ပူစပ်ပူလောင်ဖြစ်သည့် ဝေဒနာခံစားနေတုန်း အခွင့်ကောင်းယူပြီး ကိုယ်ကိုယ်တိုင်လွတ်အောင် ထွက်ပြေးလို့ရပါသည်။ ငရုတ်ကောင်းမှုန့်လိုမျိုး ပူစပ်ပူလောင် ခံစားရစေသော Pepper spray လေးကို တုတုလက်ဖဝါးထဲ အသင့်ဆုပ်ကိုင်ထားမိ၏။

တုတု ခြေသံကြားသဖြင့် ကားကို ကျောခိုင်းရပ်ကြည့်နေသူဟာ ဖျတ်ခနဲ လှည့်ကြည့်လာပါသည်။ အဲဒီမှာ တုတုက pepper spray သုံးပြီး တိုက်ခိုက်ဖို့ နေနေသာသာ တုတု



www.burmeseclassic.com

www.burmeseclassic.com



ပင် သတိလက်လွတ်ဖြစ်ပြီး တုန်တုန်ခိုက်ခိုက် ဖြစ်သွားရတော့တာ တည်း။

လူချော ... လူချော ... လူချော ... ဆိုသော ခေါ်သံတွေ တုတု ရင်ထဲကလား၊ ခေါင်းထဲကလား မသေချာစွာ အော်မြည်နေတုန်းမှာ ...

"ဟော ... ဆိုင်ပိတ်ပြီး ပြန်တော့မယ် ထင်တယ်"

ဟူသော နှုတ်ဆက်သံကို အရင်ဆုံး ကြားရသည်။ ကားဝယ်ပြီး ဆယ်ရက်ခန့်အကြာမှာ လူချောကို တုတုရဲ့ကားနားမှာ တိုက်တိုက်ဆိုင်ဆိုင် တွေ့လိုက်ရတာကို တုတု သံသယတော့ ဖြစ်မိလေသည်။ ပြီးတော့ တုတု ဒီပလာဇာမှာ ဆိုင်ဖွင့်ပြီး ဆိုင်ပိတ်ပြီးပြန်မဲ့ အချိန်ကို သိနေသလိုပုံစံပဲ။

"ကျွန်တော်လေ လူချောလေ မတုတု၊ မှတ်မိတယ်မဟုတ်လား"

"မှတ်မိပါတယ်"

တုတု ထိုအသံကို မနည်းကြိုးစား တုံ့ပြန်လိုက်ရသဖြင့် ကိုယ့်ကိုယ်ကိုယ် အားမရတော့။ ငါ ဒီလောက်အမူအရာပျက်ဖို့ မသင့်ဘူး။

"ကားရပ်ထားတာတွေ့လို့ ဆိုင်မပိတ်သေးဘူးထင်ပြီး ရပ်စောင့်နေတာပါ"





"ဘာကိစ္စရှိလို့လဲ"

"အဟဲ ... မတုတု ကားကိုပြန်ရောင်းချင်စိတ်များ ရှိလားလို့ မေးချင်လို့ပါ"

"စီးဖို့ ရွေးဝယ်ထားတာပဲ၊ မရောင်းပါဘူး"

"ကားလိုချင်တဲ့ လူတစ်ယောက်က မှာထားလို့ပါ။ မတုတု ဝယ်ထားတာ သိပ်မကြာသေးပေမဲ့ ပြန်ရောင်းရင် ငါးသိန်းလောက် မြတ်ဖို့ရှိတယ်"

"ပစ္စည်းတွေပြန်ထည့်၊ ဆေးပြန်မှုတ် ပြန်ပြင်လုပ်ထားရတာ တစ်သိန်းကုန်သွားတယ်ရှင့်"

"ငါးသိန်းကတော့ မှန်းပြောတာပါ။ ကျွန်တော် ရောင်းပေးရင် ဒီ့ထက်ပိုရနိုင်ပါတယ်၊ စိတ်ချ"

တကယ်တော့ သူ ဒီကားကို အကြောင်းပြပြီး တုတုကို တမင်စောင့်စကားပြောသည် ဆိုတာကို တုတု အလိုလို ရိပ်မိနေပါသည်။ ဘာကြောင့်လဲ ဆိုတော့ သူ့မျက်လုံးတွေဟာ းဝမညာတတ်ကြောင်း ပြနေသည်။ သူ တုတုကို တွေ့ချင်၍ မင်,လာစောင့် လာစကားပြောကြောင်း ဝန်ခံနေသော မျက်လုံးတွေကို တုတု ချစ်မိလေသည်။ တုတု ဖြစ်ချင်တာ ဒါပဲလေ။ တုတုကလည်း မြင်မြင်ချင်းမှာ သူ့ကို အရှုံးအမှုံး ဖြစ်ရတယ်။ သူကလည်းပဲ တုတုကို ချက်ချင်းပဲ ပြန်ချစ်သွားတာမျိုး ဖြစ်ရယ် ဆိုတာပဲ။ ဘဝဟာ ဘယ်လောက် ကျေနပ်စရာကောင်းလဲ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုချစ်ရရင် စွန့်စားရမှာတွေ၊ ရင်ဆိုင်ရမှာတွေ၊ ရုန်းကန်ဖြေရှင်းရမှာတွေ အများကြီးမှ အများကြီးပဲ ဆိုတာ သိပေမဲ့ တုတု အဲဒါတွေကို ကြုံလိုက်ချင်တယ်။ ပျင်းစရာကောင်းပြီး ဘဝမှာ ဒါပြီးရင် ဒါပဲဖြစ်ရမယ်လို့ ပုံစံကျပြီးသား ဘဝမှာ ငြီးငွေ့နေတဲ့ တုတုဟာ စွန့်စားရှာဖွေမှုကို ကြုံဖူးချင်သူသာ ဖြစ်လေသည်။

"တုတု ကားပြန်ရောင်းမယ်ဆိုရင် ကိုလူချော ပွဲခရမယ်လေ၊ ဒါကြောင့် ရောင်းစေချင်တာလားဟင်"

တုတု အားနာမနေဘဲ သိချင်တာကိုသာ မေးချလိုက်သောအခါ လူချော မျက်နှာပျက်သွားသည်။

"တုတု သိချင်လို့ မေးတာပါ"

"ပွဲခရချင်လို့ ရောင်းဖို့ လာပြောတာလည်း မဟုတ်ပါဘူ လေ"

လူချောက ညည်းညူပြောသလိုလို လေသံဖြင့် ခ တိုးတိုး ပြောပါသည်။ ခပ်တိုးတိုးမှ တကယ့်ကို တိုးတိုးလေး တုတု သေသေချာချာပင် မကြားလိုက်၊ အတော်ကြီး နားစိုက် ထောင်နေသဖြင့် နားစွန်နားဖျား ကြားသလိုသာ ဖြစ်ပေမယ့် သူ ဘာပြောသလဲ ဆိုတာတော့ သိလိုက်ပါသည်။

"တုတု အိမ်ပြန်တော့မယ်"

ဒီတော့မှ ကားကိုမှီရပ်နေသော လူချော ဖယ်ပေ လိုက်သည်။ တုတု ကားသော့ကို ရီမုဒ်ဖြင့်သာ ဖွင့်လိုက်သည်





"သြော် ... ရီမုဒ်နဲ့ ဖွင့်လို့ရအောင် သော့တွေပါ ပြင်လိုက်တယ်နော်၊ ကျွန်တော် ပြတုန်းက ဒီကားမှာ ရီမုဒ်နဲ့ဖွင့်လို့ရတဲ့ သော့စနစ် မပါဘူး"

"ဟုတ်တယ်၊ အဲဒါ ပြင်လိုက်တယ်၊ ပြီးတော့ သူခိုး,ခိုးလို့ မရအောင် immobilizer (အင်န်မိုဘယ်လိုက်ဇာ) ဆိုတဲ့ system (စစ်စတန်)ပါ ထည့်ထားတယ်"

"မတုတုရဲ့ ချစ်သူက တော်တော် အစိုးရိမ်ကြီးတာပဲ ထင်တယ်။ သူ့ချစ်သူကို ကားရောင်းလူပါ ခိုးပြေးမှာစိုးလို့လား"

"ရှင် ... မဟုတ်ပါဘူး။ သူက ခေတ်မီအောင် ကားကို ပြင်ဆင်ပေးထားတာပါ"

"ချစ်သူဖြစ်တာ ကြာပြီလား"

တုတု ကားတံခါး ဆွဲဖွင့်ပြီးတာတောင် လူချော သွားသေးဘဲ စကားမရှိ စကားရှာ ဆက်ပြောပါသည်။

ပုံမှန်အတိုင်းသာဆိုလျှင် ကားအရောင်းအဝယ် လုပ် န်းက တစ်ခါသာ ဆုံဖူးသော ယောကျ်ားတစ်ယောက်နဲ့ မိန်းမ ယောက်တို့ဟာ ဒီလိုချက်ချင်းကြီး တရင်းတနှီး စကားရပ် ခြင်း၊ ကိုယ်ရေးကိုယ်တာကိစ္စတွေ မေးမြန်းခြင်းကို ဘယ်သူ စ,ပြီးလုပ်ကြမှာ မဟုတ်ပေမဲ့ လူချောသည်လည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



တုတုသည်လည်းကောင်း၊ မြင့်မြင့်ချင်းမှာပင် တစ်ယောက်ရင်ထဲ
ကို ကျွန်တစ်ယောက်က ထိုးဖောက်မြင်ထားလိုက်ပြီးသလို ဖြစ်နေ
လေရာ ဒုတိယအကြိမ် ပြန်ဆုံသောအခါမှာ ရင်းနှီးမှုက အလွယ်
တကူ ဖြစ်ထွန်းလာနိုင်ခဲ့သည်။

လူချောကလည်း လူကဲခတ်မည့်၊ လူရိုးလူအလည်း
မဟုတ်သော ယောက်ျားတစ်ယောက်ပီပီ တုတု ဘာဖြစ်နေသလဲ
ဆိုတာကို အကဲခတ်နိုင်နေလေသည်။ ထို့အတူ တုတုကလည်း
လူချောဘက်က ရဲရဲတင်းတင်း ဝင်ရောက်လာမှုကို အကျေနပ်
ကြီး ကျေနပ်စွာ လက်ခံနေမိလေသည်။

လူချောနဲ့ စကားပြောနေရချိန်တွင် တုတု ရင်ထဲ
ခေါင်းထဲမှာ ဘာအကြောင်းမှမရှိ။ ဘာကိုမှ သတိမရတော့
ကိုယ်တိုင် ကျေနပ်လို့ "ချစ်တယ်"လို့ ပြောထားခဲ့ပြီးသော
ချစ်သူ ဆိုတာကိုလည်းမေ့။ မိဘဆွေမျိုးသားချင်း မောင်နှမတွေ
လည်းမေ့။ ဂုဏ်သိက္ခာတွေ ပကာသနတွေလည်းမေ့။

အားလုံးကို မေ့။ မေ့ ... မေ့ ... မေ့ ဖြစ်သွား
သည်။

"နှစ်နှစ်ရှိပြီ"

"ဘယ်တော့ လက်ထပ်မှာလဲ"

"တုတု လက်ထပ်မယ်ပြောတဲ့နေ့ပေါ့"





"မတုတု ... အဲ ... တုတုက ဘယ်တော့လက်ထပ်မယ်
ပြောမှာလဲ"

"ဟော့ ... တုတု သွားတော့မယ်၊ အဲဒီလောက် သိရရင်
တော်ပြီနော်"

"နောက်နေ့လည်း လာစောင့်ချင်တယ်"

"နေ့တိုင်းလား"

"နေ့တိုင်း တွေ့ချင်နေတာပါ"

"မဖြစ်သင့်ဘူး ထင်တယ်နော်၊ တုတုမှာ ကိုကြီးရှိတယ်၊
တုတု သစ္စာမဖောက်သင့်ဘူး"

"ကျွန်တော့်မှာတော့ သေချာတယ်၊ ကောင်မလေး မရှိဘူး"

လူချော ခပ်ပြေပြေ ခါးထောက် ရပ်ကြည့်နေစဉ်
တုတု လက်ပြပြီး ကားကို မောင်းထွက်လာခဲ့မိသည်။

ကားနောက်ကြည့်မှန်၊ ဘေးကြည့်မှန်တွေကတစ်ဆင့်
တုတု ကားနောက်သို့ ခပ်မှန်မှန်ခြေလှမ်းတွေဖြင့် လျှောက်ရင်း
လိုက်လာခဲ့သော လူချောကို ကြည်နူးရင်ခုန်စွာ ခိုးကြည့်လာမိပြန်
သည်။

လူတစ်ယောက်ရဲ့ ခြေလှမ်းတွေနဲ့ ကားနဲ့ယှဉ်ရင်
ကားကပိုမြန်တာမို့ တုတုရဲ့မြင်ကွင်းမှာ လူချောပျောက်ဆုံးပြီး
ကျန်ခဲ့တော့မှ တုတု သက်ပြင်းချမိသည်။ ကိုယ့်ကိုယ်ကိုယ် ဘာ
တွေလုပ်လို့ လုပ်မိမှန်းမသိ ဘာတွေပြောလို့ ပြောမိမှန်းပင်မသိ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ပြန်လည်း မစဉ်းစားချင်။ သေချာတာက တော့ တုတုသည် ထိုတဒင်္ဂကို လိုလားမက်မောစွာ အိပ်မက် အခါခါ မက်ချင်တာပဲဖြစ်သည်။ ထင်တောင် မထင်ခဲ့။ လူချော တုတုဆီကို ဒီလိုရောက်လာခဲ့လိမ့်မယ်။ တုတု ရင်ထဲမှာ ဘာရှိ သလဲဆိုတာ မြင်ခဲ့မယ်လို့ ထင်တောင်မထင်ခဲ့မိပါပေ။

တုတုသည် အခုကျမှ ဆယ်ကျော်သက်ကလေး တစ်ယောက်လိုပဲ အချစ်အကြောင်း အခါခါတွေးပြီး ရင်ခုန်မဆုံး ဖြစ်တတ်လာသည်။ သူ့ရဲ့အပြုံးတွေ၊ စကားသံတွေ၊ ရယ်သံတွေ၊ အင်း ... မှန်တာပြောရရင် လေအငွေ့မှာ မတော်တဆ ရှူရှိုက်ခွင့် ရလိုက်တဲ့ စီးကရက်နံ့ရောနေတဲ့ သူ့ရဲ့ ကိုယ်သင်းနံ့တွေဟာ တုတုကို များစွာ စိတ်လှုပ်ရှား ယိမ်းယိုင်စေတော့တာပါ။

ဘုရားရေ ... ငါ ဘယ်လိုဖြစ်တာပါလိမ့်။ အခုမှ အချစ်ကို ရှာဖွေတွေ့ရှိသလား။ ကိုကြီးကို ငါ မချစ်ခဲ့ဘူးလား။ ကိုကြီးနဲ့တုန်းကတော့ မြင်နေ တွေ့နေရင်းက သူက ကိုယ့်ကို စိတ်ဝင်စားလာတယ်ဆိုတာ သတိထားမိလာတယ်။ သူသာ လာ ဖွင့်ပြောခဲ့ရင် ဆိုတဲ့ အတွေးနဲ့ အဖြေတွေ ကြိုစဉ်းစားကြည့်မိခဲ့ တယ်။ "ချစ်နိုင်သလား" မေးလိုက်တိုင်း သူ့ရုပ်ရည် သူ့အဆင့် အတန်း၊ သူ့အလုပ်အကိုင်၊ သူ့စိတ်သဘောထားတွေဟာ ဘယ်လိုမှ ငြင်းစရာမရှိတာမို့ ချစ်လိုက်ဖို့ အလိုလို ဆုံးဖြတ်ပြီးသား ဖြစ်ခဲ့ တယ်။





ဒါပေမဲ့ ရင်ထဲမှာ အခုလောက် သိမ့်သိမ့်သည်းသည်း ရင်တဖိုဖိုနဲ့ တွေးလိုက်တိုင်း တမ်းမက် ချစ်ခင်မိတဲ့ ခံစားချက် မျိုးတစ်ခါမှ မဖြစ်ခဲ့ဖူးတာတော့ သေချာခဲ့လေသည်။

"တုတု ဘာဖြစ်နေလဲ၊ အလုပ်က ပြန်လာတာ အသံမ ကြားရဘူး၊ တိတ်ဆိတ်နေပါလား သမီးရဲ့။ ဆိုင်မှာ ဘာ ပြဿနာ တက်လာလို့လဲ"

အမေကတော့ အမေပီပီ သားသမီးတွေကို ဂရုတစိုက် လေ့လာတတ်သူပီပီ ထမင်းဝိုင်းမှာ နွားနို့တစ်ခွက်ဖြင့် ထိုင်ငေါင် နေသော တုတု အနား လာမေးပါသည်။

တုတုက ညနေစာကို ဘယ်တော့မှဖြစ်ဖြစ်မြောက် မြောက် စားသည်မရှိဘဲ ဆိုင်မှာပဲ ဟိုဟာဝယ်စား၊ ဒီဟာဝယ်စား ဖြင့် ဗိုက်ပြည့်ပြီး အိမ်ပြန်လာတတ်သည်။ အိမ်ရောက်လျှင်တော့ ရေမိုးချိုးပြီးတာနဲ့ pyjama (ပဂျားမား)ဟုခေါ်သည့် ညအိပ်ရာဝင်ရင် ဝတ်သည့် ပိတ်သားဖြင့် ချုပ်ထားသော ကော်လံပျော့ပါ အင်္ကျီပွ၊ ဘောင်းဘီပွပွတို့ကိုဝတ်ပြီး နွားနို့ပူပူ တစ်ခွက်သာ သောက်တတ် လေသည်။ ပြီးတာနဲ့ အာလူးကြော် ငါးမုန့်ကြော်နှင့် အချဉ်ထုပ် တို့လိုမျိုး သရေစာတစ်ပုံကြီးဖြင့် DVD တစ်ကားတော့ ပြီးအောင် ကြည့်တတ်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တော့ DVD ကားကြည့်ဖို့ စိတ်လည်းမဝင်စား[illegible] သဖြင့် ငုံ့နေကျဆိုင်ပင်. မဝင်ဖြစ်ခဲ့။ အပ်စရာရှိတာလည်း ဝင်[illegible] အပ်ဖို့ မေ့ပြီးပြန်ပါလာခဲ့တာ။

"ဆိုင်မှာ ဘာမှမဖြစ်ပါဘူး၊ တစ်ခါတလေကျ ဒီလိုပဲ[illegible] တွေးစရာများပြီး အတွေးလွန်နေတာ"

တုတုက မိသားစုထဲမှာတော့ တစ်မျိုးတစ်ဘာသာ[illegible] နည်းနည်းထူးခြားပြီး နေတတ်သည်။ စိတ်ပါမှ စကားဝေဝေဆာ[illegible] ဆာ ပြောတတ်ပြီး စိတ်မပါလျှင် တစ်နေ့သာကုန်သွားရော တစ်[illegible] အိမ်လုံးနဲ့ စကားပြောဖြစ်ချင်မှ ပြောသည်။ ဘာမှ စိတ်ဆိုးစိတ်[illegible] ကောက်နေတာ မဟုတ်ပါဘဲ တုတု ဒီလို ငယ်ငယ်တည်းက နေ[illegible] တတ်သဖြင့် အိမ်သားတွေကတော့ ရိုးနေပြီ။

"နေ့လယ်က မောင်ပြည့် အမေနဲ့တောင် ဖုန်းပြောဖြစ်ကြ[illegible] သေးတယ်"

အမေက ကိုကြီးအမည် ပြည့်စုံမင်းကို မခေါ်ဘဲ[illegible] မောင်ပြည့်ဟုသာ ခေါ်တတ်ပါသည်။

"သမီးတို့လည်း ငယ်ငယ်တည်းက ရင်းနှီးလာတာတွေ[illegible] ရည်းစားဖြစ်ပြီးတာလည်း ကြာပြီတဲ့။ လက်ထပ်ဖို့ ဘာ[illegible] မစီစဉ်ချင်ကြဘူးလားတဲ့"



ဒီအချိန်မှာမှ တိုက်တိုက်ဆိုင်ဆိုင် ဒီစကားကြားရ[illegible]သဖြင့် တုတု စိတ်ရှုပ်သွားသည်။ ကိုကြီးကို လက်ထပ်ဖို့ တုတု [illegible]း၀န်းပါး စိတ်မပါတော့တာ သေချာသည်။

"သမီးတို့ တိုင်ပင်ကြဦးလေ"

"တုတု ငယ်သေးတယ်လို့ အမေ မထင်ဘူးလား အမေ"

"အေးလေ … နှစ်ဆယ့်နှစ်ဆိုတော့ ငယ်တော့ ငယ်သေးတာပေါ့"

"မယုလည်း မယူသေးဘူး၊ ကိုဇော်လည်း မယူသေးဘူး၊ တုတုက ဘာလို့ အစ်ကို အစ်မတွေကိုကျော်ပြီး အရင်ယူရမှာလဲ"

"ဇော်ဇော်တို့စုံတွဲက စာတွေစွတ်သင်နေပြီး အိမ်ထောင်ပြုဖို့ အချိန်မပေးနိုင်သေးတာပါ၊ ဒါပေမဲ့ သားကြီးက အမေ့ကို ပြောထားပါတယ်၊ သုံးဆယ်ပြည့်ရင်တော့ လက်ထပ်မယ်တဲ့"

တုတု အစ်ကိုကြီး ဇော်ဇော်မှာ ဆရာဝန်တစ်ယောက်[illegible]ပြီး သူ၏ချစ်သူမှာလည်း သူနဲ့ကျောင်းနေဖက် သူငယ်ချင်း[illegible]သူ ဆရာဝန်မတစ်ယောက် ဖြစ်သည်။ ဆရာဝန်တွေရဲ့ ထုံးစံ[illegible]အတိုင်း ကျောင်းပြီး၊ ဆရာဝန်ဖြစ်၊ ဆေးရုံမှာ အလုပ်ဝင်ရင်း [illegible]ွန်စာမေးပွဲ ထပ်ဖြေရေးအတွက် စာကို ဦးစားပေးနေသည်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရာ ရည်းစားသက် ဆယ်နှစ်သာ ပြည့်တော့မည်။ ခုထိ လက်ထပ်ဖို့ မစီစဉ်အားသေးပါ။ ဒါကြောင့် တုတုလည်း ကိုယ့်ရှေ့မှာ လူတွေရှိသေးသဖြင့် ငြင်းခွင့်ရနေသည်။

"မယုကတော့ လူဖို့မပြောနဲ့ ခုထိ ရည်းစားတောင်မရှိသေးဘူး။ သူနဲ့ ကြွယ်ကြွယ်နဲ့ကတော့ အပျိုကြီးတွေ လုပ်မယ်ဆိုပြီး ကြွေးကြော်ထားလေရဲ့၊ ဟုတ်,မဟုတ်တော့ စောင့်ကြည့်ရဦးမှာပဲ"

အမေက ရယ်မောပြီး အစ်မလတ် ယုယုနဲ့ ကိုကြီးရဲ့ ညီမ ကြွယ်ကြွယ်မင်းတို့ အကြောင်းကို ပြောပြနေလေသည်။ မယုမှာ အသက်နှစ်ဆယ့်ငါးနှစ်ရှိပြီ ဖြစ်ပေမယ့် တစ်ခါမှလည်း ရည်းစားမထားခဲ့ဖူးသလို အခုထိလည်း ဘယ်သူ့ကိုမှ စိတ်ဝင်စားတာ မတွေ့သေး။ မယု နှုတ်ဖျားက ဘယ်ယောကျ်ားလေး တစ်ယောက်အကြောင်းကိုမှ သေသေချာချာပြောတာမျိုး မကြားရဖူးပါ။ မယုနဲ့ ကြွယ်ကြွယ်မင်းတို့နှစ်ယောက်က စပ်တူရှယ်ယာထည့်ပြီး အဆင့်မြင့်မြူးတီးဆလွန်းကြီး တစ်ခုကို ဖွင့်ထားပါသည်။

ဆိုင်မှာ ခြံနဲ့ ဝင်းနဲ့ ကျယ်ဝန်းသော နေရာမှာဖွင့်ထားပြီး ဈေးလည်းကြီး၊ လူလည်းသန့်သဖြင့် celebrity (ဆိုင်ဘရိတီ)တွေ အများဆုံးလာသော နာမည်ကြီးဆိုင်တစ်ဆိုင် ဖြစ်လေသည်။





တုတု အောက်က မောင်လေး ထွန်းထွန်းကတော့ အခုမှ ဆယ့်ကိုးနှစ်ပြည့်ပြီးခါစဖြစ်ကာ သူကတော့ တုတုတို့လို မဟုတ်။ မြန်မာပြည်မှာ ကျောင်းမတက်ချင်ပါဘူး၊ စင်ကာပူမှာ တက်ချင်သည်ဟု ပူဆာသဖြင့် အခုတော့ တက္ကသိုလ်ဒုတိယနှစ်စာမေးပွဲဖြေပြီးလျှင် စင်ကာပူမှာ ကျောင်းသွားတက်တော့မလို့ ပြင်ဆင်နေသူဖြစ်သည်။ တုတုတို့ မောင်နှမလေးယောက်က သုံးနှစ်ကြီး၊ သုံးနှစ်ငယ်တွေ ဖြစ်သည်။

"အမေကတော့ အတင်းအကျပ် မတိုက်တွန်းလိုပါဘူး၊ သမီးတို့ သဘောပါ။ ဒါပေမဲ့ကွယ် ကိုယ်တွေက မိန်းကလေးရှင်ဆိုတော့ ယောကျ်ားလေးတစ်ယောက်နဲ့ ကြာကြာတွဲနေတာတွေ တွေ့တော့လည်း လက်ထပ်ဖို့ စီစဉ်စေချင်ပြီပေါ့။ ကံကြမ္မာဆိုတာ ပြောလို့ရတာ မဟုတ်ဘူးလေ။ တော်ကြာ အကြောင်းတစ်ခုခုကြောင့် မယူဖြစ်ရင် မိန်းကလေးပဲ နစ်နာမှာပေါ့ သမီးရယ်။ အမေက သမီးချင်း ကိုယ်ချင်းစာပြီး သားကြီးတို့ စုံတွဲကိုလည်း ဆုံတိုင်း လက်ထပ်ဖို့ကိစ္စ စီစဉ်စေချင်တဲ့အကြောင်း မိန်းကလေးဘက်ကိုင်ပြီး ပြောပေးပါတယ်။ သူတို့က စာချုပ်ိုးစုံတွဲဆိုတော့ အခု M.Sc အောင်မှ အောင်မှနဲ့ တစ်သံတည်းထွက်နေလို့ ပြောမရတာ"



www.burmeseclassic.com

www.burmeseclassic.com



တုတုကတော့ ကိုကြီးနဲ့ မယူဖြစ်ခဲ့ရင် ဒါကိုတွေးပြီး စိတ်ဆင်းရဲမယ်တော့ မထင်ဘူး။ လှောင်ချိုင့်ထဲက လွတ်သွားတဲ့ ငှက်တစ်ကောင်လိုပဲ လွတ်လွတ်လပ်လပ် ပျံသန်းနေလိမ့်မယ် ထင်တယ်။

တုတုသည် ညအိမ်ပြန်တော့လည်း အိပ်မက်ထဲမှာ လူချောကို ထည့်မက်မိပြန်တဲ့အထိ စွဲလမ်းမှုက အရှိန်အဟုန်မြင့်နေခဲ့ပြန်ပါသည်။

တုတုအတွက် အခုမှပဲ ခြေလှမ်း လှမ်းတဲ့အခါတိုင်း၊ လှုပ်ရှားလိုက်တဲ့ အခါတိုင်း၊ နေ့တိုင်း နေ့တိုင်းမှာ ဆုတောင်းတဲ့အခါတိုင်း သတိရနေမိမဲ့ လူတစ်ယောက် တကယ် ရှိလာခဲ့ပြီတည်း။

❦ ◯ ❦





## ၄

ကိုကြီး ရောက်လာသော အချိန်တွင် တုတု နေ့လယ်စားဖို့ ထမင်းချိုင့်ကို ထုတ်နေခဲ့သည်။ ဆယ့်နှစ်နာရီခွဲနေပြီ တုတု အိမ်ကထည့်ယူလာသော စတီးသုံးဆင့်ချိုင့်ကို ကလစ်ဖြုတ်ရင်း အစီအရီပင် တုတုရဲ့အလုပ်စားပွဲပေါ် ချနေတုန်းကြီး လာရပ်လိုက်ပြီး ...

“တော်သေးတယ် ... တုတု အခုမှ ထမင်းစားဖို့ပြင်တော့မီသေးတယ်”

ဟု ရောက်ရောက်ချင်း ပြောလေသည်။ တုတု င်းချိုင့်မှာ ထမင်းကတစ်ချိုင့်၊ ငါးဖယ်ကြော်ကတော့ ရှစ်ခုာင် ယူလာသည်။ တုတုက ဝန်ထမ်းကောင်မလေးတွေကို ည်း အမြဲ ဟင်းမျှပြီး ကျွေးတတ်၍ သူ့တို့အတွက်ပါ ပိုထည့်



www.burmeseclassic.com

www.burmeseclassic.com



လာတာဖြစ်သည်။ နောက်တစ်ချိုင့်ကတော့ ကြက်ဥနှစ်ခြမ်း
သော သီးစုံချဉ်ရည်ဟင်း ဖြစ်သည်။

"ထမင်းဟင်းတွေ အလကားမဖြစ်အောင် ကောင်မလေ
တွေကို ပေးလိုက်တော့ တုတု။ ကိုကြီးနဲ့ အပြင်မှာထွ
စားရအောင် လာခေါ်တာ"

"ကိုကြီးက ကြိုလည်းမပြောဘူး"

"အရင်အခေါက်တွေက ကြိုချိန်းထားရင် အဆင်မပြေ
ပြီး ဘယ်တော့မှ သွားမစားဖြစ်ဘူးကွ။ အလုပ်ကိစ္စ
အဲဒီအချိန်မှာစု,လာရင် တုတုနဲ့ ချိန်းထားတာ အမြဲ
ပြန် ဖျက်ရတော့ ဒီတစ်ခါ စဉ်းစားထားတာပေါ့။ ထမ
စားချိန်ကျမှပဲ အမိသွားခေါ်လိုက်မယ်လို့။ ထမင်းဟင်း
ပါတာက လွှင့်မပစ်ရပါဘူး၊ တုတု ကောင်မလေး
မျှကျွေးလိုက်လို့ ရတာပဲလေ"

"တုတု ငါးဖယ်ကြော် ကြိုက်တယ်၊ ဟီ ဟီ ... အဖြ
တောင် မစားချင်ဘူး"

"ညနေကျ အိမ်ရောက်ရင် စားလို့ရပါတယ် ဒေါ်
ရယ်၊ လာပါကွ လိုက်ခဲ့စမ်းပါ၊ ကိုကြီး တရုတ်စာ
ချင်လို့ကွာ"





တုတု ထမင်းချိုင့်ကို ကောင်မလေးတွေ ခေါ်ပေး
ိက်ပြီး ဆိုင်အတွက် မှာစရာရှိတာမှာကာ ကိုကြီးနောက် လိုက်
ာခဲ့ပါသည်။ ပလာဇာကြီးထဲ အတူတွဲလျှောက်စဉ် ကိုကြီးက
တု လက်တစ်ဖက်ကို တွဲထားခဲ့ပါသည်။ ကိုကြီးက အရပ်မြင့်
င့် ရုပ်ချောချောနဲ့ သူဌေးရုပ် ပေါက်လှသလို၊ တုတုကလည်း
ခေတ်စားနေသော မျက်မှန်အကြီးကြီးကို အထဲမှာမို့ မတပ်
ားဘဲ ခေါင်းပေါ် ပင့်တင်၊ လက်တံတောင်တစ်ဖက်မှာတော့
နဲ့မမှုတဲ့ ဟန်းဘက်(ခ)အိတ်ကြီး ချိတ်ထားကာ အနီပွင့်လေး
ပါသော မက်ဆီဒရက်(စ) (maxi dress)နဲ့ သံကြိုးပုံစံဒီဇိုင်း
သော ခပ်ပါးပါး ဒေါက်အနီလေးနဲ့ ဖက်ရှင်ကျ လှပနေသဖြင့်
တီထား ငေးသွားကြသူတွေ မနည်းလှ။

"ဒီစုံတွဲ သိပ်လိုက်တာပဲ"

ဆိုသော အကြည့်တွေ ထစ်ပုံကြီး လက်ခံရသည်
ကိုကြီးအတွက်ရော တုတုအတွက်ရော သိပ်ပြီးဆန်းကြယ်လှ
သော အဖြစ်အပျက်မျိုး မဟုတ်ပါပေ။

နှစ်ယောက်စလုံးဆီမှာ personality (ပါဆင်နယ်လ်
ှ ခေါ်သော ကိုယ်ရည်ကိုယ်သွေး ထင်ရှားမှုကလည်းရှိပြီး
ဖြစ်လေရာ ဒါဟာ မဆန်းလှပါ။ ခက်တာက တုတုမှာ
လောဆယ် နှိုင်းယှဉ်တွေးတော သတိရစရာ ရှိနေတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ငါနဲ့ လူချောနဲ့သာဆိုရင် ဟူသော အတွေးသည်
ခြေလှမ်းတစ်လှမ်း လှမ်းလိုက်တိုင်း သတိရမိသလောက်နီးပါး
ဖြစ်နေတော့သည်။

"ကဲ ... ဒေါ်တုတု အိတ်ထဲမှာ ဘာတွေထည့်ထားရ
ဒီလောက် အကြီးကြီး လက်မှာချိတ်ထားရလဲ"

တုတု ကိုယ်ခန္ဓာနဲ့မလိုက် ကြီးမားလှသော အိ
ကြီးကြောင့် ကိုကြီးက ချစ်စနိုးစ,သလို မေးပါသည်။

"ဟာ ... ကိုကြီးကလည်း၊ ဒါ ဖက်ရှင်လေ"

"ဘယ်သူ့ဖက်ရှင်လဲ"

"ဟောလိဝုဒ်မှာတော့ အိတ်အကြီးကြီးတွေကိုင်တာ ခေ
စားနေတာပဲ"

"မျက်မှန်လည်း အကြီးကြီးလား"

"ဟုတ်တယ်"

"မိန်းမတွေဟာလေ တော်ကြာကြီးတာကြိုက်လိုက်၊ တေ
ကြာ သေးတာကြိုက်လိုက်နဲ့ ဘယ်တော့ မျက်မှန်ပိစိ
နဲ့ အိတ်ပိစိလေးတွေ ကိုင်ကြဦးမလဲ မသိဘူး"

"ဒီဇိုင်နာက ထွင်ရင်တော့ လိုက်လုပ်မှာပဲ"

"မြန်မာပြည်မှာလည်း ထွင်ပါ့၊ မိန်းကလေးတွေ တော်
ထဘီကို အတိုဝတ်လိုက်၊ ထဘီကို အမှိုက်သိမ်း
ရှည်ရှည်ဝတ်လိုက်နဲ့"





ကိုကြီးက ထိုစကားကိုပြောရင်း ကားတံခါးကို
ဓါတ်ဖြင့် လှမ်းဖွင့်ပြီးသားမို့ ကားနားရောက်လျှင် တံခါးအသာဆွဲ
ဖွင့်လိုက်ရုံပင်။ တုတုကတော့ ကားယူမနေတော့ဘဲ ကိုကြီးကား
သော အတူသွားမှာမို့ ကိုကြီးနံဘေးမှာ ဝင်ထိုင်လိုက်သည်။
ကားမောင်းထွက်လာရင်း ...

"တုတု ကားရော ဘယ်လိုလဲ မောင်းရတာ အဆင်ပြေရဲ့
လား၊ ဘာထပ်ပြင်ချင်သေးလဲ"

ဟု တုတု ကားရပ်ထားတာကို လှမ်းကြည့်ပြီး မေး
ပါသည်။

"ကား ကောင်းပါတယ်၊ တုတု ကြိုက်ပါတယ်"

"ကားပိုင်ရှင် ကိုစိုးဝင်းတောင် ကိုကြီးဆီ ဖုန်းဆက်လာလို့
သူ့အတွက် ကွန်ဒိုအခန်းကိစ္စ ပြောဖြစ်ကြသေးတယ်"

"သူ ဝယ်ဖြစ်လား"

"ဝယ်ဖြစ်တယ်ကွ၊ ဒီလူ ပိုက်ဆံတော်တော်ရှိတာဆိုတော့
ပိုက်ဆံပိုရင် အိမ်တွေလျှောက်ဝယ်ပြီး ရင်းနှီးမြှုပ်နှံတဲ့
သဘောပါပဲ၊ ဒါပေမဲ့ ဒီလူကကြွားတတ်တယ်ကွ၊ သူ့လက်စွဲ
မွဲစားကောင်လေးရဲ့ အဖေကိုတောင် ရန်ကုန်ဆေးရုံကြီး
ပြောင်းခေါ်ခိုင်းပြီး ဆေးကုပေးနေတယ်လို့ ပြောသေးတယ်။
ပိုက်ဆံရှိပေမဲ့ မမောက်မာဘူး၊ လက်အောက်ငယ်သားကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုစောင့်ရှောက်တဲ့သူလို့ သူ့ကိုယ်သူ အတော်ကို ဂုဏ်ဖော်ကြွားဝါချင်ပုံပဲ"

တုတု ထိုစကားကိုကြားလိုက်ရလျှင် "လူချော"ကို ပြောတာပဲလို့ ချက်ချင်းသိလိုက်သည်။

"သူ့ပွဲစားကောင်လေးဆိုတာ တုတုတို့ဆီ ကားလာရောင်း တဲ့သူကို ပြောတာလား"

"ဟုတ်တယ်လေ၊ လူချောလေ ... လူချော ... ဟား ဟား နာမည်ကလည်း အပျံစားပဲ။ ဒီကောင် တောမှာသာမွေး တာ။ နာမည်ကတော့ တကယ့်အပျံစားပဲ"

ကိုကြီး ဒီလိုပြောလိုက်တော့ တုတု ရင်ထဲမတော့ မနပ်တော့ ဖြစ်သွားပါသည်။ တောမှာမွေးတာနဲ့ပဲ နာမည်က တောနာမည် ဖြစ်ရမှာလားလို့ တုတု ပက်ခနဲ ပြန်မေးချင်ပေ နှုတ်ခမ်းကို အသာဖိကိုက်ပြီး ငြိမ်နေလိုက်ရသည်။

"အဲဒီလူရဲ့အဖေက တိုက်ဖွိုက်ဖြစ်တာဆို"

"ဩော် ... ဟုတ်လား၊ တုတု သိတယ်လား"

ကိုကြီးက အံ့သြသလို မေးသည်။

"သူ အဲဒီတုန်းက ပြောလိုက်တယ်လေ၊ လွန်ခဲ့တဲ့ နှစ်ပ ကျော်လောက်ကလေ တုတုတို့ ပိုက်ဆံအကြွေးချေတဲ့ တုန်းကပြောတာ ကြားလိုက်တယ်"





"ဩော် ... သူ ပြောလိုက်သားပဲ။ ကိုကြီးလည်း အလုပ်က များတော့ သူများအကြောင်းဆို ခေါင်းထဲမထည့်မိဘူး။ ဒါကြောင့် မှတ်တောင် မမှတ်မိဘူး"

တုတုလည်း သာမန်လူတစ်ယောက်အကြောင်းဆို င် အလွယ်တကူ ဘယ်တော့မှ မမှတ်မိတတ်ပေမဲ့ လူချောနဲ့ တ်သက်ရင်တော့ တုတု၏ အသိဉာဏ်ထဲတွင် က,ကြီးကနေ အထိ မှတ်သားထားမိပြီတည်း။

"တိုက်ဖွိုက်ဖြစ်တာနဲ့ ရန်ကုန်ဆေးရုံကြီးတောင် ခေါ်လာ ရတယ်ဆိုတော့ တော်တော်အခြေအနေဆိုးလို့ ထင်တယ် နော်"

တုတု ခေါင်းထဲမှာ လူချော၏ မိသားစုအကြောင်း ရှိလေရာ ဆက်ပြောမိသည်။

"ဟုတ်မှာပေါ့၊ သူတို့က ပိုက်ဆံလည်း သိပ်မတတ်နိုင် တော့ ဖြစ်ခါစက သေသေချာချာ မကုလိုက်ဘူးထင်တယ်။ အခုတော့ အူမှာအနာကြီးဖြစ်နေလို့ ခွဲစိတ်ကုသရမယ်တွေ ဘာတွေ ဖြစ်လာတယ် ထင်တယ်။ ကိုစိုးဝင်း ပြောတော့ အူခွဲစိတ်စရာရှိလို့ ဆေးရုံတင်ပေးထားရတယ်တဲ့"

ကိုကြီးမှာ တုတု ဖြစ်ပျက်နေပုံကို လုံးဝမရိပ်မိ သည်းသိပုံမရ။ ကိုယ်နဲ့ သိကျွမ်းဖူးသော လူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ပြောဆိုဆွေးနွေးသည်ထင်ကာ တုတုနဲ့ အလိုက်
အထိုက် ပြန်ပြောလာပါသည်။ တုတု ရင်ထဲမှာတော့ မိုက်မိုက်
မဲမဲ စိတ်ကူးနဲ့ လူချောကို တွယ်ငြိချစ်မြတ်နိုးနေတာ ကိုကြီးမသ
သေး။ တုတုလည်း သိအောင်မပြရဲသေး။ မပြောရဲသေး။ 
ချောဘက်က ဘာမှ မစ,လာသေးတာမို့ တုတု မစွန့်စားရဲသေ
ဘူး။

"သူတို့က တော်တော်ဆင်းရဲလား"

"ဆင်းရဲတယ်တော့ မဟုတ်ပါဘူး၊ ဘယ်လိုပြောမလဲ 
ကြေးမချောင်လည်ဘူး၊ ကျပ်တည်းတယ်ဆိုတဲ့ အခြေအ
ပေါ့လေ။ တောင်ယာလုပ်ကြတဲ့ လူတန်းစားပေါ့၊ လူချေ
ကတော့ တောင်ယာမလုပ်ချင်ဘူးဆိုပြီး သူ့ဘာသာ ရန်ကု
ဆင်းချလာတာတဲ့။ အဆောင်မှာနေပြီး ကြုံရာပွဲစားဝ
လုပ်ရင်း ရတဲ့ပိုက်ဆံ မိသားစု ပြန်ထောက်ပံ့ရတယ်ပေ
ကိုစိုးဝင်းနဲ့တွေ့လို့ ကံကောင်းသွားတယ် ပြောတာပဲ တု
ရဲ့။ အဲဒီလူကလည်း သူစောင့်ရှောက်ထားရတာကို အထေ
ထုတ်ကြွားတာကွ။ သူကပဲ သနားပြီး အလုပ်ပေးထာ
သလိုလိုပေါ့ကွာ၊ ပြောတာပေါ့"

"ပိုက်ဆံမချောင်လည်တာနဲ့ ဆင်းရဲတာ မတူဘူးလာ
ကိုကြီးရဲ့"



"ဟောဗျာ ... မေးပုံကလည်း တုတုရယ်၊ ကြံကြံဖန်ဖန်"

"တုတု တကယ်ခွဲခြားပြီး သိချင်တာ"

"ပိုက်ဆံမချောင်လည်ဘူး ဆိုတာကတော့ တုတုရယ်။ နေစရာ စားစရာတော့ ရှိတယ်၊ အပိုဝင်ငွေ မသုံးနိုင်ဘူး။ စားဖို့တောင် အနိုင်နိုင် ရှာနေရတဲ့ သဘောပေါ့။ ဆင်းရဲတယ်ဆိုတဲ့ စကားကတော့ တုတုပဲ စဉ်းစားကြည့် စားစရာလည်းမရှိ၊ နေစရာလည်း မရှိတာမျိုးမှ ဒီစကားကို သုံးသင့်တယ် ထင်တယ်"

ကိုကြီးသည် တုတု လူတစ်ယောက်ကို အထင်သေးနှိမ့်ချပြီး ပြောနေသည်ဟုထင်ကာ တစ်ဖက်သားကို ဖေးဖေးမမပင် ပြန်ရှင်းပြပေးနေလေသည်။

အမှန်တော့ တုတုက လူချောရဲ့ အခြေအနေကို သိကိုသိထားချင်လို့ တမင်ပဲ ရိုးချင်၊ အ,ချင်၊ မသိချင်ဟန်ဆောင်ပြီး မေးမိတာပါ။

ကိုကြီး ရွေးချယ်ထားသော ဆိုင်ရှေ့ကားပါ့ခ်မှာ ကားဝင်ရပ်လိုက်တော့မှ စကားပြတ်သွားပါသည်။ တုတု ကားပေါ်က အရင်ဆင်းလျှင် ရတ်တရက် တုတု အနားလာရပ်လိုက်ပြီး ...

"ဩော် ... ဘယ်သူတွေများလဲလို့ဗျာ။ အစ်ကိုပြည့်စုံမင်းတို့ပါလား"

www.burmeseclassic.com

www.burmeseclassic.com



ဟူသော နှုတ်ဆက်သံကို ကြားလိုက်ရလျှင် တုတု တစ်ယောက် အံ့ဩတကြီး တုန်လှုပ်သွားရပါသည်။ ဒီအသံပိုင်ရှင်ဟာ ဘယ်သူလဲဆိုတာ တုတု မေးမကြည့်ရသေးဘဲနဲ့တင် သိလေသည်။

သူပဲ ဘယ်သူရှိဦးမလဲ လူချောပဲပေါ့။ လူချော ... လူချော ... ခုလေးတင် သူ့အကြောင်း ပြောလာတာ ခုပဲ သူနဲ့တွေ့သတဲ့။

"ဟော ... ကိုလူချောပါလား"

ကိုကြီးလည်း တုတုလိုပင် အံ့ဩနေပုံရသည်။ ခုလေးတင် ဒီလူ့အကြောင်း ပြောလာနေတုန်း ဒီလူနဲ့ဆုံရတာ ဘယ်သူ မအံ့ဩပဲ နေမလဲ။

"ဘယ်လာတာလဲ"

"ဒီနားက ကားဝပ်ရှော့မှာ ကိုစိုးဝင်း အပ်ခိုင်းထားတဲ့ကား ပြီး,မပြီး လာကြည့်တာပါ"

"ပြီးပြီလား"

"မပြီးသေးဘူး ခင်ဗျ၊ ညနေသုံးနာရီလောက်မှ ပြီးမှာဆိုတော့ ကျွန်တော်လည်း မြို့ထဲပြန်သွားမနေတော့ဘဲ ဒီနားမှာပဲ ထမင်းထွက်စားမလို့ပါ"

"ဘယ်မှာစားမှာလဲ"





"အဟဲ ... ဒီရက်စတောရင့်တွေ့လို့ ဒီမှာစားမယ်လို့တော့ အထင်မကြီးပါနဲ့ဗျာ။ ဟိုဘက်လမ်းကျဉ်းလေးထဲမှာ လမ်းဘေးဆိုင်လေးတွေ ရှိပါတယ်။ ကျွန်တော် အဲဒီမှာသွားစားမလို့ပါ"

တုတုကတော့ ကိုကြီးကို မျက်နှာရိပ် မျက်နှာကဲဖြင့် မျက်ရိပ်ပြမိပါသည်။ တုတုတို့လည်း နေ့လယ်စာ လာစားတာ သူ့ကို ခေါ်လိုက်ရအောင်။ ကိုကြီးက တုတု၏ မျက်နှာအမူအရာကိုကြည့်ပြီး နားလည်ပေမဲ့ ရုတ်တရက် ဆုံးဖြတ်လို့မရသေးဟန်ဖြင့် တွေဝေနေသည်။ ပြည့်စုံမင်းမှာ ချစ်သူနဲ့တစ်လနေလို့ တစ်ခါတောင် အပြင်ထွက်စားဖူးတာ မဟုတ်။ အလုပ်များပြီး အချိန်မပေးနိုင်ခဲ့တာမို့ ချစ်သူနဲ့ မျက်နှာချင်းဆိုင်စကားတွေပြောပြီး အတူစားခွင့်ကို တောင့်တပေမဲ့ လက်လွှတ်ခဲ့ရပေါင်းများပြီလေ။

ဒီတော့ ချစ်သူနဲ့သာ နှစ်ယောက်တည်း အချိန်ဖြုန်းလိုသည်။ ဒါပေမဲ့ လူချော ဆိုတဲ့ ကောင်လေးရဲ့ ဘဝပေးအခြေအနေတွေ၊ အခက်အခဲတွေ၊ ရုန်းကန်နေရမှုတွေကိုလည်း ကြားသား သိထားပြီးဖြစ်ရာ လူသားချင်း စာနာထောက်ထားပြီး ကရုဏာသက်မိပါသည်။ ကိုယ့်အတွက် သူ့ကို ဒီထမင်းတစ်နပ်ခေါ်ကျွေးလိုက်ရလို့ မွဲမသွားနိုင်မှန်း သိသည်။ ထို့အတူ ကိုယ်က ခေါ်ကျွေးလိုက်သဖြင့် သူလည်း ထမင်းတစ်နပ်စာ ပိုက်ဆံတော့



www.burmeseclassic.com

www.burmeseclassic.com



သက်သာသွားကာ စားကောင်းသောက်ဖွယ်တွေလည်း စားဖူးသွားမယ်မှန်းသိသည်။

ဒါပေမဲ့ ဘာကို ဆုံးဖြတ်လိုက်ရမှန်းမသိ။ ဝေခွဲမရဖြစ်နေဆဲ။

"အစ်ကိုတို့တော့ ဒီဆိုင်လာတာ ထင်တယ်"

လှချော ထိုသို့ တစ်ခွန်းသာ မှတ်ချက်ချပြောပြီး ပြီးချင်းပဲ ...

"ကျွန်တော် သွားလိုက်ပါဦးမယ်၊ အစ်ကို ကားတွေဘာတွေ လိုတာရှိရင် ကျွန်တော့်ကို မမေ့နဲ့နော်"

ဟု နှုတ်ဆက်ကာ ခပ်မြန်မြန် ကျောခိုင်းထွက်လာခဲ့မိသည်။

ရင်ထဲမှာ ဝမ်းနည်းနာကျင်ပြီး အရာရာကို မုန်းချင်လာသည်။ သူတို့က သိပ်ကိုမြင့်မားပြည့်စုံနေပြီး ငါတို့ကတော့ ဘာကြောင့် အမြဲမပြည့်မစုံ ဖြစ်နေရသလဲ ဆိုတဲ့ မေးခွန်းကို နာနာကြည်းကြည်း မေးမိလာသည်။

ဟိုတယ်တမျှ ကြီးမားသော ဆိုင်ကြီးမှာ စားရချင်လို့တော့ မဟုတ်ပါ။ လှချောအတွက်ကတော့ ထမင်းတစ်နပ်ဟာ ငါးပိရည်ကျဲနဲ့ပဲ နယ်စားစား စားနိုင်ပါသည်။ ထမင်းဝယ်မစားနိုင်လို့ ရေပဲသောက်နေရလည်းပဲ တစ်ခါမှ ဘဝမှာ စိတ်ဓာတ်မကျခဲ့ဖူးပါ။





ဒါပေမဲ့ ခုတလောမှာတော့ ဘဝကို စိတ်ပျက်ခြင်း၊ အားငယ်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ အလိုမကျခြင်း၊ နာကြည်းခြင်းတွေ မကြာခဏဆိုသလိုပဲ ခံစားနေရသည်။ ဘာကြောင့်လဲဆိုတော့ "တုတု"ကြောင့်ပါပဲ။ ပိုင်ရှင်ရှိပြီးသား ပန်းကလေးတစ်ပွင့်။ တကယ့်ကို ကောင်းကင်ထက်မှာ ပွင့်လန်းနေတဲ့ ပန်းတစ်ပွင့်ကိုမှ လှချော ချစ်မိတာ၊ စွဲလမ်းမိတာ၊ မြတ်နိုးမိတာ၊ လိုချင်ခက်မောနေတာ။

လက်လှမ်းမမီနိုင်သော၊ မရနိုင်သော၊ မလိုချင်သင့်သော အရာကိုမှ ရူးပြီးတမ်းမက်နေသော လှချောသည် တုတုမှာပိုင်ရှင်ရှိပြီးသားမှန်း သိပေမဲ့ အခုလို သူ့ချစ်သူနဲ့သူ တွဲပြီးသွားလာတာ မြင်လိုက်ရပြန်တော့ ခံနိုင်ရည်မရှိ။ ကြေကွဲလျက်၊ ဝမ်းနည်းလျက်၊ ကိုယ့်ဘဝကိုယ် ခါးသီးလျက် အမြန်ဆုံး ကျောခိုင်းခဲ့မိသည်တည်း။

တစ်ဖက်မှာလည်း တုတု တစ်ယောက် ဟန်ဆောင်သို့ပင် မရတော့ဘဲ ကိုကြီးကို ရန်လုပ်ခနဲ့ပစ်မိလေသည်။

"ကိုကြီးဟာ တော်တော့်ကို သဒ္ဓါတရားနည်းတာပဲနော်"

တုတု စားပွဲဝိုင်းမှာ ထိုင်ထိုင်ချင်း အဆက်အစပ်မရှိ ပြောချလိုက်သောအခါ ပြည့်စုံမင်း ရုတ်တရက်တော့ ဘာပြောမှန်း နားမလည်လိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"တုတု ဘာပြောချင်တာလဲ"

"လှူတယ် ဆိုတာ ပြောသံစည်သံပေးပြီး လူသိရှင်ကြား လှူမှ အလှူလို့ မခေါ်ပါဘူး၊ လူတစ်ယောက်ကို အထူးသဖြင့် သူလည်း ငွေကြေးချို့တဲ့မှန်း ကိုယ်ကသိနေတဲ့ လူမျိုးလေ၊ အဲဒီလူကို ထမင်းကောင်းတစ်နပ် ခေါ်ကျွေးလိုက်လို့ သူလည်း ဗိုက်ပြည့်သွားတယ်ဆိုရင် ဒါလည်း အလှူတစ်မျိုးပါပဲ ကိုကြီးရဲ့"

ဒီတော့မှ တုတု ဘာကို ပြောချင်သလဲ ဆိုတာ ပြည့်စုံမင်း သိတော့လေသည်။ ပြည့်စုံမင်းကတော့ စိတ်ထဲမှာ တုတု အပေါ် ဘာမှသံသယမထားသည်မို့ တုတု ဒီလိုပြောတော့ သူ့ကိုယ်သူပင် ပြန်၍ရှက်နေပြီး ...

"ကိုကြီး လူချောကို ခေါ်ကျွေးချင်ပါတယ် တုတုရယ်"

"ဒါဖြင့် တုတု မျက်ရိပ်ပြနေတာ သိသားနဲ့ ဘာလို့ခေါ် မကျွေးလဲ၊ တုတုက မိန်းကလေးလေ သူစိမ်းယောကျ်ား တစ်ယောက်ကို ထမင်းလိုက်စားပါလားလို့ ခေါ်ရင် ကောင်းပါ့မလား"

အမှန်တော့ ကိုကြီး မသိနိုင်တဲ့ အချိန်တချို့မှာ တုတုနဲ့ လူချော တွေ့ဆုံမှုကလေးတွေ (ဥပမာ ... တုတု ဆိုင်ပိတ်ချိန် လာလာစောင့်ပြီး စကားခဏ လာပြောတာမျိုး၊ တုတု





ဆိုင်မှာ သူလည်းမဝယ်ပါဘဲ ဟိုအကြိုလာကြည့်၊ ဒီအကြိုလာကြည့် လုပ်တာမျိုး၊ တစ်ခါတလေကျ ဆိုင်ရှေ့ကပဲ ခေါက်တုံ့ ခေါက်ပြန် တစ်နေကုန် ဖြတ်လျှောက်နေတာ သူမို့ မမောနိုင် မပန်းနိုင် လုပ်နေပြီး တုတုနဲ့ မျက်လုံးချင်းဆုံလိုက်တိုင်း တစ်မျိုးလေး ငေးကြည့်ကာ ပြုံးသွားတာမျိုး)ရှိပြီး ရင်းနှီးနေပေမဲ့ ကိုကြီး ရှေ့မှာတော့ တုတုနဲ့သူဟာ မသိကြဟန်၊ မရင်းနှီးကြဟန် ဆောင်ပြပြီး ဟန်ဆောင်ကောင်းနိုင်ခဲ့တာပါ။

"ကိုကြီး ဝေခွဲမရ ဖြစ်နေတာပါ။ စဉ်းစားကြည့်လေ တုတုနဲ့ ကိုကြီးက တစ်လနေလို့မှ တစ်ခါတောင် အပြင်ထွက်ပြီး အတူတူ မစားဖူးဘူး။ နေ့လယ်စာလည်း မစားဖြစ်ဘူး။ ညစာလည်း ထွက်မစားဖြစ်ဘူး။ ဒီတော့ အခုလို အချိန်လေးမှာ သူစိမ်းတစ်ယောက်ကို မခေါ်ချင်ဘူးပေါ့။ ဒါပေမဲ့ သူ့ကို ခေါ်လည်းကျွေးချင်နေတယ်၊ ဒါနဲ့ စဉ်းစားမရ ဖြစ်နေတုန်း သူက ထွက်သွားတာကိုး"

"ဩော် ... သူကတော့ စောင့်နေပါ့မလား၊ သူ့ကိုများ ကျွေးမလားဆိုပြီး ငတ်ကြီးကျပြီး စောင့်နေတယ် ထင်မှာစိုးပြီး ထွက်သွားမှာပေါ့"

"တုတု ... ကိုကြီးကို ရန်မလုပ်နဲ့ကွာ၊ ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"လူတစ်ယောက်ကို ထမင်းခေါ်မကျွေးလိုက်တာဟာ ဘာမဟုတ်တဲ့ ကိစ္စလေးလား"

"တုတု ဘာဖြစ်လို့ ဒီလောက် ဒေါသတကြီး ဖြစ်နေရလဲ စဉ်းစားမရဘူးကွာ"

တုတု ရင်ထဲမှာ သူ့ကိုသနားလွန်းလို့ မျက်ရည်တောက်တောက် ကျနေတာ။ တုတုသည် ရင်ထဲမှာ တကယ်ပဲ ခံစားနေရသည်မို့ ရင်ထဲမှာပဲ ထိုသို့ပြန်ဖြေလိုက်ပါသည်။

"ကျွတ် ... သူ့ကို ပိုက်ဆံထုတ်ပေးရရင် ကောင်းမလားလို့ စဉ်းစားနေတာကို တကယ်လုပ်လိုက်မိရင် ကောင်းသား။ ခုတော့ တုတုက ကိုကြီးကို သဒ္ဒါတရားနည်းတဲ့သူ ထင်နေပြီ"

ပြည့်စုံမင်းမှာ စိတ်မကောင်းဖြစ်ပြီး ထိုသို့ပြောမိသည်။

တုတုမှာ လူချောဟာ မွဲတေချို့ငဲ့နေသည့်အတွက် အဆင့်အတန်း ခွဲခံရသည်။ ပိုက်ဆံနဲ့ တန်ဖိုးဖြတ်ခံရသည်။ အထင်သေးခံရသည်ဟု တစိမ့်စိမ့်တွေးကာ အကြီးအကျယ် ခံစားနေရလေသည်။ မှာထားတာတွေ ရောက်လာပြီး အငွေ့တထောင်းထောင်းနဲ့ အရသာလည်း ရှိလှသော စားကောင်းသောက်ဖွယ်တွေကို တုတု လုံးဝစားမဝင်တော့။ ကိုကြီးထည့်ပေးသမျှ အမိပ္ပာယ်မဲ့ ဟိုမွှေ ဒီမွှေ လုပ်နေမိသည်။





မျက်လုံးထဲမှာတော့ လမ်းဘေးထမင်းဆိုင်မှ ဈေးပေါ်ပေါ်နဲ့ ချက်ပြီးရောင်းတဲ့ ဟင်းတစ်မျိုးလောက်နဲ့ စားရင်စားနေမဲ့ လူချောအဖြစ်ကို မြင်ယောင်ကာ တုတု ဘယ်လိုမှစားမဝင်တော့ပါ။ ပြည့်စုံမင်းကတော့ တုတုကို အတော်ကြီး အံ့သြလို့မဆုံး ဖြစ်နေသည်။ လူတစ်ယောက်ကို ထမင်းခေါ်မကျွေးလိုက်တာနဲ့ပဲ တုတု ဒီလောက်စိတ်ကောက်သွားရမလား၊ ဒီလောက် သနားသွားရသလားလို့သာ ခပ်ရိုးရိုး တွေးမိလေသည်။ ဘာကြောင့်လဲဆိုတော့ သူဟာ တုတုကို အလုံးစုံ ယုံကြည်မိ၍ပင်။

တုတုသည် အရွယ်ရောက်ကတည်းက စိတ်လည်းကောင်းတတ်၊ စိတ်တည်ငြိမ်နေတတ်ပြီး တုတု နားမှာ ဟိုကောင်လေး၊ ဒီကောင်လေးတောင် မတွေ့မှုးခဲ့ရလောက်အောင် တုတု အင်မတန်မှ အနေတည်တာကြောင့်လည်း တုတုကို ယုံလေသည်။ ရည်းစားတောင် တစ်ယောက်မှ မထားဘူးသော တုတုဟာ ပြည့်စုံမင်းကိုပဲ အတည်တကျချစ်ပြီး ရွေးခဲ့ကြောင်းလည်း သိထားသည့်အတွက် တုတုရဲ့အချစ်ကို သူ တန်ဖိုးတော်တော်ထားမိလေသည်။ ဒါကြောင့် ပြည့်စုံမင်းဟာ ချစ်သူကိုယုံ၍ စုံလုံးကန်းနေသော ယောကျ်ားတစ်ယောက်သာ ဖြစ်နေခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၅

လူချော ရပ်စောင့်နေတာ တွေ့တွေ့ချင်း တုတုသည် လူချောထွက်သွားမှာ စိုးသည့်အလား ခြေလှမ်းတွေကို သွက်လိုက်မိသည်။ တကယ်တော့ ခြေလှမ်းသွက်စရာ မလိုပါ။ လူချောဟာ တုတုကို မတွေ့ရသေးမချင်း ဒီကားနားက ထွက်မသွားဘူးဆိုတာ တုတု သိပါသည်။ ဒါပေမဲ့ နေ့လယ်က အဖြစ်အပျက်ကြောင့် တုတု ရင်ထဲမှာ အကဲပိုမိနေလေသည်။

တုတု သူ့အနား ရောက်လာသည်အထိ လူချော ခပ်ရဲရဲပင် မမှိတ်မသုန် စိုက်ကြည့်နေသည်။

လူချောဟာ စတွေ့ခါစ၊ စပြီးစကားပြောဖြစ်ခါ တွေကတော့ တုတုကို "မတုတု"ဟု သူ့ဘာသာ တရိုတသေ စည်းခြားပြီး ခေါ်ခဲ့ပေမဲ့ အခုနောက်ပိုင်း တုတုနဲ့ သူ့ကြားမှာ ဖွင့်မပြောရပါဘဲ အလိုလို သိနားလည်နေသော နားလည်မှုတစ် ရှိနေသလိုလို ဖြစ်လာလေရာ လူချောဟာ ခုနောက်ပိုင်းမှာတော့ "တု"ဟု သူ့စိတ်သဘောနဲ့သူ တစ်လုံးတည်း အဖျားဆွတ်ခေါ်ပါသည်။ တုတုသည် သူမ၏အမည်ကို ခေါ်သံများစွာတွေထဲမှာမှ ဆီသို့ လူချောခေါ်သံလေး တစ်ခုကိုတော့ စွဲလမ်းယစ်မူးမိလေသည်။

အခုလည်း တုတု သူ့အနားရောက်ရောက်ချင်းမှာ …

"တု"

ဟု လူချောက နှုတ်ဆက်သလိုခေါ်လျှင် တုတု့ရင်ထဲမှာ တုန်ခတ်လှိုက်မောသွားလေသည်။

"အိမ်ပြန်တော့မလား"

"ပြန်တော့မှာပေါ့၊ ခုပဲ ဆိုင်ပိတ်လာပြီးပြီလေ"

"အရင်ကလည်း ဆိုင်ပိတ်ပြီးရင် ကျွန်တော်နဲ့ ခဏစကားရပ်ပြောပြီးရင် တု ပြန်တာပါပဲ၊ အဲဒါ မဆန်းပါဘူးလေ။ ဒါပေမဲ့ ဒီနေ့တော့ တုကို မပြန်စေချင်သေးဘူး။ ကျွန်တော်နဲ့ ခဏလောက် လက်ဖက်ရည်ဆိုင်ထိုင်ပြီး အချိန်ဖြုန်းစေချင်တယ်။ ဒါကြောင့် မေးတာပါ"

တုတု တွေဝေသွားသည်။ လူချောဘက်က အဲဒီလို …ချင်း အရေးတောင်းလာတာမျိုး တစ်ခါမှ မကြုံရသေး၍ တုတု …သည်းအံ့သြသွားသည်။

www.burmeseclassic.com



"ဒီပလာဇာနားက လက်ဖက်ရည်ဆိုင်လေ။ လမ်းဘေးဆို
ပေါ့။ တဲ့ ထိုင်ချင်ပါ့မလား၊ ဈေးကြီးတဲ့ ကော်ဖီဆိုင်
အကောင်းကြီးကိုတော့ ခေါ်ချင်ပါတယ်၊ အဟဲ ... ဒါပေ
တု သိပါတယ်၊ ကျွန်တော်က ငမွဲကောင်လေ"

"ဟာ ... အဲဒီလို အဆင့်အတန်း ခွဲခြားတာတွေ ပြော
နေပါနဲ့၊ တုတု ခေါင်းထဲမှာ ဘာမှမရှိဘူး"

"ခေါင်းထဲမှာ ဘာမှမရှိရင်လဲ ဘာမှ တွေးမနေနဲ့တော့
ပေါ့။ လက်ဖက်ရည်ဆိုင် ခဏထိုင်တာနဲ့ ဦးပြည့်စုံမ
သိမသွားနိုင်ပါဘူး"

"အံမာ ... တုတုက သူ့ကို ဂရုစိုက်ရမှာလား။ တုတုစိ
နဲ့ တုတုပဲ။ လုပ်ချင်တာ လုပ်လို့ရတယ် ... ဟင်း"

တုတု ထိုစကားကို မခံချင်ဖြစ်ပြီး ချက်ချင်းပဲ
လှမ်းပြင်တော့ လူချော ရယ်ရယ်မောမောဖြင့် တုတုဘေးက
လာသည်။ တုတု ရင်ထဲမှာ အပျော်ကြီး ပျော်မိသည်။ တုတု
ပခုံးဘေးမှာတွဲပါပြီး အတူတွဲလျှောက်ချင်တဲ့ဆန္ဒ ပြည့်ရ
ဘေးတိုက်ပါလာသော သူ့မျက်နှာတစ်ခြမ်းကို တုတု မျက်
ထောင့်မှ မြင်ခွင့်ရသည့်အတွက် ရင်ခုန်ရသည်။ ယောက်ျားပီ
သော မေးရိုးနဲ့ မျက်နှာပြင်မှာ ခပ်ညိုညို၊ ခပ်ရေးရေး မုတ်ဆိ
မွေးရာလေးတွေကို လမ်းမီးရောင်မှတစ်ဆင့် မြင်ရသည့်အတွ





ယစ်မူးချင်စရာ။ သူနဲ့ပတ်သက်ရင် တုတု စွန့်စားရဲနေပြီ
တော့ သေချာပါသည်။

စားပွဲခုံပုလေးတွေ၊ ဖင်ထိုင်ခုံ ခွေးခြေပုလေးတွေ
ကျင်းထားကာ လမ်းဘေးမြောင်းပေါင်ကို ခွကျော်ပြီး ဆိုင်ခင်း
သည့် တာလပတ်မိုးထားတဲ့ လက်ဖက်ရည်ဆိုင်လေးမှာ တုတု
ဆိုင်လိုက်ပါသည်။ လက်ဖက်ခြောက်နှပ်သော ကရားကြီးထဲမှ
ရည်တွေကို မတ်ခွက်ထဲလောင်းချပြီး ကျန်မတ်ခွက်တစ်ခွက်
တော့ သကြား၊ နို့ဆီတွေထည့်ထားကာ ဟိုဘက် ဒီဘက်လောင်း
ည့်လိုက် သမလိုက်လုပ်နေသော လက်ဖက်ရည်ဖျော်သည့် ကောင်
ရော၊ စားပွဲထိုးတွေကတော့ လူချောကို မှတ်မိသိရှိပြီး ...

"ဟာ ... အစ်ကို၊ ဒီနေ့တော့ နှစ်ယောက်ပါလား"

ဟု ဝိုင်းအော်နှုတ်ဆက်သံတွေ ကြားရသည်။

လူချောနဲ့ယှဉ်ရင် သိသာစွာ သားနားတောက်ပပြီး
ဆင့်မြင့်နေသော တုတုကိုလည်း အကဲခတ်ကြသည်။ တုတုသာ
ချောလို သာမန်ပုံစံ ဖြစ်နေလျှင် ဒီလောက် သတိထားမိကြမှာ
တ်။ ဪ ... သူ့ကောင်မလေးပါလာတယ် ဆိုရုံလောက်
ည့်ကြမှာ။ အခုတော့ တုတုဟာ အဝတ်အစားကအစ အသုံး
ဆောင် လက်ကိုင်အိတ်အဆုံး တန်ဖိုးကြီးတာတွေကိုမှ ဆင်ယင်
လေရာ ပုံစံက သီးခြားခွဲထွက်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တု .လက်ဖက်ရည် သောက်ချင်ရဲ့လား"

"အံမယ် ... တုတု သောက်ပါတယ်နော်၊ အဲဒီလောက် မခွဲခြားပါဘူး။ ဘယ်ဆိုင်ကပဲဖြစ်ဖြစ် သောက်ပါတယ်"

"ဒါဖြင့် လက်ဖက်ရည်နှစ်ခွက်ကွာ။ သူ့အတွက်တော့ အဆိမ့်လုပ်ပေးလိုက်ပါ။ ကိုယ်ကတော့ ထုံးစံပဲ ညီလေး"

စားပွဲထိုးကောင်လေးက သွက်လက်စွာပင် "ဆိမ့် ဝမ်း၊ ပေါ့ကျ ဝမ်း"ဟု ဖျော်သူကို လှမ်းမှာလိုက်သံအား တုတု သဘောကျပြီး ပြုံးနေမိသည်။

"တု ကျွန်တော့် ဒီတိုင်းကြီး မခံစားနိုင်တော့ဘူး၊ ဒါကြောင့် ဒီနေ့ တုကို အကြာကြီး စကားပြောခွင့်ရအောင် ခွင့်တောင်းတာပဲ"

"ဟယ် ... ဘာပြောချင်တာလဲ၊ တုတုက ဒုံးဝေးတတ်တယ်နော်။ ပြောချင်တာရှိရင် တိုက်ရိုက်ပြောမှ နားလည်တယ်"

"တုမှာ ပိုင်ရှင်ရှိပြီးသား သိတယ်၊ သူက ကျွန်တော့်ထက် အရင် တုကို ချစ်ခွင့်ရတယ်ဆိုတာ သိပေမဲ့ ကျွန်တော် တုနဲ့ပတ်သက်ရင် သဝန်တိုတယ်၊ နေ့လယ်က တုပခုံးကို သူဖက်ပြီး ထွက်သွားတဲ့ မြင်ကွင်းကို ကျွန်တော် သိပ်မုန်းတယ်ဗျာ"





တုတုသည် ရုတ်တရက်ကြီး လူချောက ထ,ပေါက်ခွဲလိုက်သဖြင့် ရင်တုန်သွားပါသည်။ လူချော အသံမှာ သူ့ရင်ထဲက တကယ်ခံစားနေရ၍ ပြောတာဖြစ်ကြောင်း သိသာသည်။ ဆွံ့ခိုက်နေလျက် မျက်ရည်ပင် ဝဲနေကြောင်း တုတုသည် ကားလမ်းမရှိ ဓာတ်တိုင်များ၏ အလင်းရောင်ဟပ်မှုဖြင့် မြင်ရပါသည်။

"ကျွန်တော့်ကို တု အရူးလုပ်တာ မဟုတ်ဘူး ဆိုရင် ကျွန်တော့်ကိုပဲ ချစ်တယ်လို့ တု အခုပဲ ပြောလိုက်စမ်းပါ။ ကျွန်တော် အားလုံးကို ရင်ဆိုင်ရဲတယ်"

တုတုသည် လက်ဖက်ရည်ပန်းကန်ကိုသာ အသင့်ချပေးထားသော ဇွန်းလေးဖြင့် ဆက်တိုက်မွှေရင်း ငြိမ်သက်နေမိသည်။ တကယ်ကြုံလာရပြန်တော့ တုတုဟာ ပွင့်လင်းစွာ ပြန်ဖြေသိုက်ရမှာကို ရှက်နေပြန်သလား။ စိုးရွံ့မိနေသလားတော့ မသိ။ ဆွံ့ဝေသလိုလို၊ ငြိမ်သက်သလိုလို ဖြစ်နေသည်။

"ကျွန်တော် ပိုက်ဆံမရှိပါဘူး၊ ငမွဲပါ၊ တောသားပါ။ ငယ်ငယ်က နွားကျောင်း ကျွဲကျောင်းရတယ်။ တောင်ယာစိုက်ရတယ်။ ဆယ်တန်းလည်း နှစ်ခါဖြေတာမအောင်လို့ ဆက်မကြိုးစားတော့ဘဲ ကျောင်းထွက်ထားတယ်၊ ဘာပညာမှ မတတ်ဘူး။ ရွာမှာ ငွေရှာရတာ ခက်တယ်ဆိုပြီး မြို့တက်လာတယ်။ ရုန်းကန်ကြည့်တယ်၊ ခုထိ အဆင်မပြေ



www.burmeseclassic.com

www.burmeseclassic.com



သေးဘူး။ အဆင်မပြေတဲ့ အချိန်မှာ အချစ်ရေးကို ခေါင်းထဲမထည့်သင့်ဘူးဆိုတာ သိပေမဲ့ အဲဒါကြီးက ခေါင်းထဲမှာရှိတာမှ မဟုတ်တာ။ ဟောဒီ ရင်ဘတ်ကြီးထဲမှာရှိတာ၊ ရင်ဘတ်နဲ့ ခံစားပြီး သူ့အလိုလို ချစ်နေတာလေ။ ဘယ်လိုမှ တားမရဘူး။ ခေါင်းထဲမှာရှိရင် မေ့ပစ်လို့ရတယ်၊ ရင်ဘတ်ထဲက ဟာကတော့ ဘယ်လိုလုပ် မေ့ပစ်လို့ရမလဲ။ အဲဒါ တုကြောင့်ပဲ။ တုကို မတွေ့ခဲ့ရရင် ကျွန်တော် ဘယ်သူ့ကိုမှ ချစ်တတ်လာမှာ မဟုတ်ဘူး"

လူချောဘက်ကလည်း မျှော်လင့်ချက်ဖြင့် ရဲရဲတင်းတင်း ပြောရဲသည်မှာ တုတုရဲ့ အမူအရာတွေဟာ သူ့ဘက်ပါနေကြောင်း ယောက်ျားလေးပီပီ ခန့်မှန်းနိုင်၍ ဖြစ်သည်။ အခြေအနေအဆင့်အတန်းချင်း လုံးဝမတူသော မိန်းမတစ်ယောက်ကို ချစ်မိကြောင်း ပြောရဲသည်ဆိုရာတွင် ထိုမိန်းမထံမှ ကိုယ့်အပေါ်တိမ်းညွတ်ချင်နေသယောင် အမူအရာတွေကိုအကဲခတ်မိမှသာ ယောက်ျားတစ်ယောက်ဟာ ချဉ်းကပ် ခွင့်တောင်းရဲတဲ့သတ္တိ ရှိလေသည်။ ထို့ကြောင့် လူချောလည်း တုတုကိုဆို လုံးဝမကြောက်ဘဲ ပြောချင်တာ ပြောရဲနေသည်။

"တုသာ ကျွန်တော့်ကို ပြန်မချစ်ရင် သေချာတယ်၊ ကျွန်တော့်ဘဝတော့ ပျက်မှာပဲ။ တကယ်ပဲ လေလွင့်ပစ်လိုက်မိမယ်၊ ကျွန်တော် တစ်ခါမှ မချစ်ဖူးဘူး တု။ တုကိုမှ အရင်ဆုံး ချစ်မိတာ သိလား"





ပြောရင်းနဲ့ လက်ဖက်ရည်ပန်းကန်ကို မွှေနေသော ...ာ၏ လက်ဖမိုးကို အုပ်ကိုင်ထားလိုက်မိသည်။ တုတု တစ်...ာက် ခါတ်လိုက်သလို တွန့်သွားပေမဲ့ မရုန်းပါ။ လူချောက ...ာ့ ခေါင်းငုံ့ငြိမ်သက်နေဆဲဖြစ်သော တုတု မျက်နှာကို မရ...အောင် လိုက်ငုံ့ကြည့်သည်။ တုတု မေးဖျားကို သူ့လက်ညှိုး...စ်ဖက်ဖြင့် အသာမ၍ မော့ခိုင်းမိသည်။ လက်ဖက်ရည်ဆိုင်...း ထဲက အဖျော်ကောင်လေးရယ်၊ စားပွဲထိုးလေးရယ်၊ ငွေသိမ်း...ာဝန် တစ်ယောက်ရယ်ကတော့ ဗီဒီယိုရိုက်ကွင်းအလား ...်ပြီး ကြည့်ကြသည်။

တိုးတိုး ရယ်ကြသည်။ လက်ခေါက်မှုတ်သူ မှုတ်...ည်။ လေချွန်သူ ချွန်သည်။ မကြားတကြားဖြင့် "ဝိုင်ဝိုင်း"၏ ...ချစ်သီချင်း ချိုချိုလေးတစ်ပုဒ်ကို ဆိုပြနေသည်။

တုတုသည် ပတ်ဝန်းကျင်ကို မေ့လျော့နေသူတစ်ဦး ...သွားပါသည်။

"တု"

"ဘာလဲ လူချောရယ်"

"ကျွန်တော့်ကို ချစ်လား မေးနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ဘာ ... အင်းလဲ၊ မရဘူး ချစ်တယ် ပြော၊ လှချောတင် ယောက်တည်းကိုပဲ ချစ်မယ်လို့ ပြောရမယ်"

"လှချောကလည်းကွာ၊ သိရင်ပြီးတာပဲ"

"မပြီးဘူး၊ လုံးဝမပြီးဘူး၊ တု ... ကျွန်တော့်ကို ကိုယ့်ကို ချစ်တယ်ပြောပြီးရင် မပြီးသေးဘူး၊ ဒီလို ချစ်တယ်ပြော ပြီးမှ တု ဟိုလူနဲ့ ယူသွားရင် ဒီကကောင်က ဂန့်ပြီ"

"ဘာတွေ ပြောတာလဲ၊ ဗန်းစကားတွေ တုတု သိပ်နား မလည်ဘူးနော်"

"ကိုယ်က ကလေကချေလေ၊ ဒီတော့ ဗန်းစကားပြောမှာ ပေါ့"

"လှချော မရစ်နဲ့ကွာ၊ တုတု စိတ်ညစ်လာပြီ၊ ပြန်တော့ မယ်"

"ကိုယ့်ကိုချစ်လား"

"အင်းပါဆို"

"ချစ်တယ်ပြောမှ ပြန်ခိုင်းမယ်"

လှချောက အလျှော့မပေးဘဲ တုတု၏လက်ကောက် ဝတ်ကို ဆုပ်ကိုင်ထားဆဲ။ တုတုကတော့ ရှက်လန့်၊ ရင်တုန် လှိုက်မော၊ တွေဝေ၊ ဗျာများ၊ တိမ်းမူး၊ သာယာ စသော,စသော အမျိုးစုံသော ခံစားချက်တွေဖြင့် ကြောက်ပြီး ထရပ်ပြီးနေပြီ။





"လှချော ကားနားထိ လိုက်ခဲ့လေ"

"လိုက်မှာပေါ့"

"ဒါဖြင့် ခု လက်လွှတ်ပေး"

"ချစ်တယ် ပြောမှ"

"ကားနားရောက်မှ ပြောမှာ"

"အိုကေ"

လှချော ဖျတ်ခနဲ ထရပ်လိုက်ပြီးနောက် လက်ဖက် ရည်ဆိုင်က ကောင်လေးတွေကို ...

"ညီလေးတို့ ဒီနှစ်ခွက်စာကို ကိုယ့်စာရင်းထဲ ထည့်မှတ် လိုက်နော်။ အလုပ်ဖြစ်မှ လာရှင်းမယ်၊ ဟုတ်ပြီလား"

ဟု အော်ပြောလိုက်လျှင် တုတု အံ့သြသွားသည်။ သူ့မှာ လက်ဖက်ရည်နှစ်ခွက်ဖိုးလောက်တောင် ပိုက်ဆံမပါဘူး လား။ တုတုဟာ ဘယ်တုန်းကမှ အကြွေးဝယ်၊ အကြွေးယူစား မလုပ်ဖူးသမျှ လှချောအစား ဆားကနေ အလိုလိုရှက်သွားပါသည်။

"အာ ... လှချောကလည်း ဒီလောက်လေးကို စာရင်းမှတ် ခိုင်းနေရလား၊ ရှက်စရာကြီး"

"ကိုယ် ဒီလိုပဲ လုပ်နေကျ။ ပိုက်ဆံပြန်ထောလာရင် ပြန် လာပေးတယ်ဆိုတာ သူတို့သိတယ်"

"အခုမလုပ်ပါနဲ့၊ ရော့ပါ ... တုံ့ ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



လူချောက အထူးတလည် ငြင်းဆန်မနေဘဲ တုတု ထုတ်ပေးသော ထောင်တန်တစ်ရွက်ကို လှမ်းယူပြီး ကောင်လေးတွေကို အိမ်မြှောင်စုတ်ထိုးသံလို အသံမျိုးဖြင့် လှမ်းခေါ်ကာ ...

"ဟော့ ... ဒီနေ့အတွက် စာရင်းထဲမထည့်နဲ့တော့ ညီလေး။ ဒီမှာ မင်းတို့အစ်မက ပေးမယ်တဲ့"

ဟု အော်ပြောပြီး ပိုက်ဆံရှင်းပါသည်။

ပြန်အမ်းငွေကို တုတုအား ပြန်ပေးပေမဲ့ တုတု မယူပါ။ ခေါင်းခါရင်း ...

"လူချော ယူထားလိုက်ပါ။ ပိုက်ဆံပြတ်နေတယ်ဆို။ ဘာနဲ့သုံးနေလဲ"

"ကိုယ် မိန်းမတစ်ယောက်ဆီက ချူစားချင်တဲ့စိတ်မျိုးတော့ မရှိဘူး တု။ ဒါကြောင့် တုပိုက်ဆံ တုပဲပြန်ယူပါ။ လက်ဖက်ရည်ဆိုင် အတူတူ ထိုင်ကြလို့ ကိုယ်က အကြွေးယူတာကို တု ရှက်တယ်ဆိုလို့သာ ယူပေးလိုက်တာ"

ဒီလို ကြားလိုက်ရပြန်တော့ တုတု ရင်ထဲမှာ ကျေနပ်သွားပြန်သည်။ လူချောက ပိုက်ဆံမရှိတဲ့ကောင်။ တုတုကို ပိုက်ဆံရှိလို့ ကပ်တယ်ဆိုသော သံသယမျိုးကိုလည်း တုတု ကိုယ်တိုင်ကပင် ဖျက်ခနဲ ဖြစ်ပေါ်ဖူးသည်ဖြစ်ရာ ထိုသို့ လူချောနှုတ်ဖျားမှ ပြောလိုက်သော ဝန်ခံစကားကို တုတု ရင်ထဲ ကျေနပ်ရ





ပြန်သည်။ တုတု ရင်ထဲမှာ လူချောကို ချစ်လည်းချစ်၊ သနားလည်း သနားရသလို ကိုယ်နဲ့သူက အဆင့်ချင်း သိပ်ကွာလွန်းသည်လည်း ဖြစ်ရာ သံသယကလည်း ရှိတဲ့အခါရှိနှင့် မရေမရာ နိုင်လွန်းသည်။

"အဲဒီကောင်လေးတွေက ဘယ်ကမှန်း မသိတဲ့ လူတစ်ယောက်ကို ဒီလိုပဲ အကြွေးပေးလား"

"ကိုယ် ဘယ်ကမှန်း မသိဘဲနဲ့ သူတို့ပေးပါ့မလားကွ။ ကိုယ့်ကိုသိလို့ပါ။ ကိုယ်တို့အဆောင်ရှိတဲ့ လမ်းထဲမှာ သူတို့နေတာလေ။ သူတို့ ဘယ်မှာဆိုင်ဖွင့်မှန်းသာ ကိုယ်က မသိတာပါ၊ အခုတော့ တု ရှိတဲ့ ရျောပင်းပလာဇာနားကို ခဏခဏလာတော့ သူတို့နဲ့ပဲတွေ့ပြီး သူတို့ဆိုင်မှာ ထိုင်ဖြစ်နေတာပါ"

"ဘာလို့ အကြွေးယူရလဲ လူချောရယ်"

"ပိုက်ဆံလောလောဆယ် မရှိဘူး တု။ အလုပ်မဖြစ်တဲ့ရက် များနေပြီ၊ ထိုင်သုံးနေရတာဆိုတော့ စားဖို့သောက်ဖို့ကို ဒီလိုနည်းနဲ့ပဲ ဖြေရှင်းရတာပေါ့။ ပြေလည်ရင် ပြန်ပေး၊ မပြေလည်ရင်တော့ အကြွေးထပ်ယူ၊ ဒီလိုပဲ သံသရာလည်နေတာပဲ။ တုတို့က သူဌေးတွေကိုး။ ဒါမျိုး ဘယ်ကြားဖူးမလဲ။ ဒီလိုနည်းနဲ့ ကျင်လည်နေကြတဲ့ လူတန်းစားတွေ တစ်ပုံကြီးပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



လမ်းအတူတွဲလျှောက်လာတော့ လူချောဟာ တကယ့်ကို ပိုင်ပိုင်နိုင်နိုင်ပဲ တုတု လက်တစ်ဖက်ကို တွဲထားပြီး ဖြစ်နေသလို တုတုကလည်း မရုန်းကန်၊ မဆန့်ကျင်ဘဲ ကျေကျေနပ်နပ် လက်အတွဲခံနေခဲ့ပါသည်။ ဒီလို ညချမ်းလေးမှာ ကိုကြီးနဲ့တောင် အေးအေးလူလူ လမ်းတွဲမလျှောက်ဘူးခဲ့ပါ။ အခုလို လူစည်ကားနေဆဲဖြစ်သောနေရာမှာ ညမြင်ကွင်းရဲ့ လှပ်ရှားသက်ဝင်မှုကို ငေးကြည့်ပြီးလျှောက်ဖို့မပြောနဲ့။ တုတုက တစ်ခါတလေတွေမှာ ...

"ညဘက် အင်းလျားကန်ပေါင်မှာ လေညင်းခံပြီး လျှောက်ရအောင် ကိုကြီးရယ်"

ပြောမိရင်တောင် ကိုကြီး လိုက်မပေးအားပါ။ လိုက်မပေးအားတာလား။ သူကိုယ်တိုင်က စိတ်မပါတာလားမသိ။

"ညဘက်မှ နားရတာ တုလေးရယ်။ အပြင်မထွက်ချင်တော့ဘူး။ တုတု ကိုကြီးနဲ့ အေးအေးလူလူ စကားပြောချင်ရင် တုတု ခြံထဲဆင်းထိုင်ပြီး စကားပြောမယ်လေ"

ဆိုတာ တစ်မျိုး။ ဒါမှမဟုတ်လည်း ...

"ညဘက်ကြီး အန္တရာယ်များပါတယ်ကွာ။ လူကိုရိုက်လုသွားလို့ ပိုက်ဆံပါသွားတာ။ ကားပါသွားတာ ဂရုမစိုက်ပါဘူး။ အရိုက်ခံရမှာ ကြောက်တာကွ။ နေရင်း ထိုင်ရင်း ဆေးရုံရောက်ရမှာ ကြောက်တယ်။ ပြီးတော့ တုလေးက မိန်းကလေးဆိုတော့ ပိုပြီးအန္တရာယ်များတယ်"





ဟု တစ်မျိုးဖြင့် ထိုအစီအစဉ်ကို ဖယ်ရှားခဲ့တာ ...ခါ လေးခါလောက် ကြုံရဖူးတော့ တုတုလည်း နောက်ထပ် ...ကြည့်ဖို့ စိတ်ပင်မကူးမိတော့ပါ။

"တု ဘာတွေတွေးနေတာလဲ"

ရုတ်တရက် တုတုလက်ကိုလှုပ်ပြီး လူချောက မေး...က်သဖြင့် တုတု အတွေးတွေ ပြန်စုမိလာသည်။

"ဟိုလူ့အကြောင်း မဟုတ်လား"

တုတု မဖြေပါ။ လူချောက တုတု၏ မျက်နှာအမူ...ကို အကဲခတ်ရင်း ...

"အေးလေ ... ကိုယ် နားလည်ပါတယ်။ ကိုယ်က နောက်လူပါ၊ တု ကိုယ့်ကို သူ့ထက် ဘယ်လိုလုပ် ပိုချစ်နိုင်မလဲ။ ပြီးတော့ ကိုယ်က တုဘဝမှာ အနှောင့်အယှက် တစ်ခုအနေနဲ့ပဲ ရှိမဲ့ကောင်ဆိုတော့ တု ကိုယ့်ကို ဘယ်လိုချစ်နိုင်မလဲ"

ဟု ခပ်ညည်းညည်း ပင့်သက်ရှိုက်ကာ ပြောပါသည်။

...တုက ဘာမှဖြေရှင်းမနေဘဲ ...

"တုတု ပြန်တော့မယ် လူချော။ ဒီထက်နောက်ကျရင် အမေတို့ စိတ်ပူနေလိမ့်မယ်"

ဟူ၍ လမ်းခွဲဖို့ စကားစလိုက်ပါသည်။

"တု ကိုယ့်ကို ချစ်တယ်လို့ ပြောမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"အဖေ စိတ်ပူလို့ပါ၊ ကလေးမမှာပါလာတဲ့ ပစ္စည်း
ကြောင့် ပြဿနာဖြစ်မှာစိုးလို့ပါ၊ ကလေးမရဲ့မိဘတွေအ
က လိုက်ရှာကြ ပြုကြတဲ့အခါ သူတို့သမီးကိုဆင်ထား
လက်ဝတ်လက်စားတွေ မရှိတော့ပါဘူးဆိုပြီး သားကြ
တရားစွဲတာ ထောင်ချတာတွေလုပ်မှာစိုးတယ်လေ၊ ရှင်
ပြောရရင် အဖေတို့က ငွေမရှိတဲ့ မျက်နှာမွဲတွေဆို
အနေအထိုင်ဆင်ခြင်ရမယ်။ ပိုက်ဆံရှိတဲ့ သူဌေးတွေနဲ့
ရင် ယှဉ်တောင်မယှဉ်ရသေးဘူး၊ အရင်ရှုံးနေပါပြီ၊ ဒါကြော
သတိပေးတာပါ. မရောင်းဘဲနေလို့ရရင် မရောင်းပါနဲ့လာ

မရောင်းရင် တုတုက ဒီအိမ်မှာပဲ ပြွတ်သိပ်
ညပ်ပြီး ဆင်းရဲဒုက္ခခံရမလား။ တုတုသည် လှချောအဖေ၏
ကို သိပ်သဘောမကျလှပါ။ မျက်နှာကို အတတ်နိုင်ဆုံး ပြုံး
ရမေမဲ့ တကယ်တော့ စိတ်ထဲမှာ တုတုကို မနှစ်မြို့သလိုလို၊ မ
ကြည်သလိုလို။ သူဌေးတွေမို့ အလိုလိုနေရင်း လန့်နေသလို
ဖြစ်နေပုံရသော လှချော၏အဖေကို တုတု စိတ်ပျက်နေမိသည်

တုတုက ကိုယ့်မိဘတွေအကြောင်း အသိဆုံး
သားတွေ သမီးတွေကို ဘယ်တော့မှ မလွှမ်းမိုးဘူး၊ မချုပ်ကိုင်
ဟိုဟာမလုပ်ရ၊ ဒီဟာမလုပ်ရပြောပြီး မတားဘူး။ သူတို့
နေကြ စကားတစ်ခွန်းကတော့ ...





"ဝေးတယ် တုရဲ့"

"မဝေးရင် တုတု လိုက်ပို့ပေးမယ်"

"ရတယ် ... ရတယ်၊ မပို့နဲ့ ဝေးတယ်။ တု အိမ်ပြန်နောက်ကျနေမယ်"

"နောက်နေ့ လာဦးမှာလား"

တုတုသည် ခွဲခါနီးမှ မခွဲနိုင်ဖြစ်ကာ စကားတွေ
ပြောချင်နေမိသည်။

"လာမှာပေါ့"

"ဒီလို ညဘက်ကြီးလား"

"တုက ဘယ်အချိန် လာစေချင်လို့လဲ"

"လှချော အားတဲ့အချိန် လာတာဆိုရင် လာပါ။ ရပါတယ်။ ညဘက်ကျမှ တွေ့ရတော့ ခဏလေးလောက်ပဲ စကားပြောနိုင်တာပေါ့။ ဒါကြောင့် မေးတာပါ"

"အားတာက အားပါတယ်၊ ဒါပေမဲ့ နေ့ခင်းဘက်ကျတော့ လူမြင်သူမြင်မို့လို့ တု ကိုယ်နဲ့အတူ မတွဲသွားချင်ဘူးထင်လို့ပါ"

လှချော ထိုသို့ပြောလိုက်ပြန်တော့ တုတု တွေဝေ
လေသည်။ လှချော ထောက်ပြတဲ့ အချက်ကလည်း မှန်နေ
ြင့် တုတု လက်ခံလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ဒီ့ထက်ပိုကြာကြာ တွေ့ရအောင် တုတ
ဆိုင်ကနေ ရှစ်နာရီဆိုထွက်ခဲ့မယ်၊ ဆိုင်ပိတ်တာက roll
shutter (ရိုလာရှပ်တာ) တံခါးကို ဆွဲချပြီး ပိတ်လိုက်ရ
ရပြီဆိုတော့ ကောင်မလေးတွေ ပိတ်ပေးလို့ ရပါတယ်လေ"

ဟူ၍ သူမဘာသာပဲ အစီအစဉ်ဆွဲ ဆုံးဖြတ်ပြ
လှချောနဲ့ တွေ့ခွင့်ရဖို့ တွေးတောလာခဲ့သည်။

❦ ۞ ❦





# ၁၄

လှချောနဲ့ တုတုတို့၏ ချစ်သူဘဝသည် အတော်ကြီး
ကြောင်ခိုးဝှက် တွေ့ရသောပုံစံ ဖြစ်လေသည်။ နေ့ခင်း နေ့လယ်
လူမြင်၊ သူမြင် ဖြစ်မှာစိုးပြီး တွေ့ဖို့ရှောင်ရကာ ညဘက်
ဆိုင်ကနေ ရှစ်နာရီမှာ ထွက်လာမှပဲ ကားပေါ်မှာ ရပ်
စောင့်နေသော လှချောနဲ့ တွေ့ခွင့်ရလေသည်။

လှချောက အနီးပတ်ဝန်းကျင်မှာရှိတဲ့ နေရာလေး
မှာသာ ဆိုင်ထိုင်ချင်ပေမဲ့ တုတုက လက်မခံချင်ပြန်ပါ။

"စကားပြောရဖို့ ဆိုင်ထိုင်ရတဲ့ နေရာကလည်း ဘာမှလွတ်
လပ်မှုမရှိဘူး၊ privacy (ပရိုက်ဗေစီ)မရှိဘူး။ ဘေးလူတွေ
ကလည်း တုတုတို့ကို သိပ်သတိထားမိတာပဲ။ သိပ်အကဲ
ခတ်ကြတာပဲ၊ တုတုတို့ပြောတဲ့ စကားတွေကိုလည်း လိုက်



www.burmeseclassic.com

www.burmeseclassic.com



နားထောင်ကြတယ်။ ဒါကြောင့် တုတု အဲဒီဆိုင်တွေ
မထိုင်ချင်ဘူး လူချော"

နှစ်ရက်လောက် ဆိုင်ပြောင်းထိုင်ပြီးသောအခါ တု
ညည်းညူပြောမိလာသည်။ အထူးသဖြင့် ခြေချထိုင်ထားတ
ခြေထောက်ကို ခြင်တွေအကိုက်ခံရတာ အဆိုးဆုံးပင်။ ခြင်တွေ
ဘယ်လိုခြင်အမျိုးအစားတွေလဲ မသိ။ ခြင်ကိုက်ဖု ယားတာ
တစ်ရက်လည်းမပျောက်၊ နှစ်ရက်လည်းမပျောက်၊ အနီဖုအ
ကြီးတွေဖြစ်ပြီး ခဏခဏ ပြန်ယားတတ်သည်။ တုတုဘ
မွေးကတည်းက ခြင်လုံသံဆန်ခါတပ်အိမ်မှာ၊ အခန်းမှာ နေ
သဖြင့် ခြင်ကိုက်ခံရတာက တစ်ခါတလေမှသာ ကြုံဖူးတာ
အပြင်ထွက် သွားလာရင်လည်း သပ်ရပ်သားနား သန့်ရှင်းသေ
နေရာမျိုးတွေမှာသာ ကျင်လည်ခဲ့ရသူဖြစ်ရာ အခုလိုမျိုး အ
အကျယ် ခြင်ကိုက်ခံရတာမျိုး ကြုံပင်မကြုံဖူးပါ။ လူချောကိုတေ
ခြင်ကိုက်ခံရတာမို့ မထိုင်ချင်ပါဆိုတာ ထည့်ပြောမနေချ
ပတ်ဝန်းကျင်ကိုပဲ အကြောင်းပြလိုက်ပါသည်။ တုတု ပြော
အတိုင်းလည်း တကယ်ပင် တုတုတို့ကို ပတ်ဝန်းကျင်က
ဂရုတစိုက်ကြည့်ပြီး စပ်စုခံရသဖြင့် စိတ်ထဲမှာ ကျဉ်းကျပ်လှ
အမှန်ပင်။





"သူတို့က ကြည့်မှာပေါ့လေ၊ ဒီကောင် သူဌေးသမီးကို ဖန်လာပြီဆိုပြီး"

"ကဲပါ ... ဒါတွေ စကားနာထိုးမနေပါနဲ့။ တုဝှတို့ တခြားမှာပဲ သွားထိုင်ရအောင်"

"တုတို့ သွားလေ့ရှိတဲ့ ကော်ဖီဆိုင်ဆိုရင် ကျွန်တော် မဝင်ချင်ဘူး"

"ဘယ်ဆိုင်မှ မထိုင်ဘူးလေ၊ ညနေဘက် ညဘက်လေးတွေဆို အင်းလျားကန်ပေါင်မှာ လူလည်းစည်သေးတာပဲ။ အဲဒီသွားပြီး ထိုင်စကားပြောရင်ပြော။ တစ်ခုခု စားချင်လာရင် ဆိုင်လေးတွေမှာ ဝင်စားပေါ့၊ ဘယ်လောက်ကောင်းလဲ"

ဒါနဲ့ပဲ တုတု အစီအစဉ်ဖြင့် လူချောတစ်ယောက်
တုတု ကားပေါ်ပါလာကာ အင်းလျားဘက်ဖြစ်ဖြစ်၊ ကန်တော်ကြီး
ဘက်ဖြစ်ဖြစ် သွားပြီးအချိန်ဖြုန်းဖြစ်ကြသည်။

တုတုကတော့ ကိုကြီးနဲ့တုန်းက မကြုံခဲ့ဘူးသမျှ
လူချောနဲ့ကျမှ ဒီနေရာလေးတွေမှာ ချစ်သူနဲ့ အချိန်ဖြုန်းရသည်
ဖြစ်ရာ စိတ်ချမ်းသာ ပျော်ရွှင်လှပါသည်။ တစ်ခါတလေ တုတု
ကားမောင်း လူချော ဘေးကစီး၊ တစ်ခါတလေကျ လူချောကယူ
မောင်း တုတုက ဘေးကနေ လိုက်စီးပြီး ကိုယ်သွားလိုရာကို



www.burmeseclassic.com

www.burmeseclassic.com



သွားကြသည်။ ကားပွဲစားလုပ်နေသော လူချော ကားမောင်းတတ်
မှန်းသိ၍ တုတု မေးမောင်းရင်း ...

"ဘယ်လိုလုပ် ကားမောင်းတတ်လဲ"

ဟု စပ်စုမိရာ လူချော ပြောပြ၍ တုတုမှာ ရယ်
သေးသည်။

"တောမှာ ထော်လော်ဂျီဆိုတာ ရှိတယ်၊ တု ကြားဖူးလား"

"အင်း ... ကြားဖူးပါတယ်"

"လူတိုင်းမှာ မရှိဘူး။ သူဌေးမှ ရှိတာလေ၊ ကိုယ့်သူငယ်
ချင်းက တောသူဌေးပေါ့၊ သူ့အိမ်မှာ ထော်လော်ဂျီလည်း
ရှိတယ်။ ဆိုင်ကယ်လည်းရှိတယ်။ ကိုယ်နဲ့ခင်တော့ ကို
က သူ တက်မောင်းရင် ကပ်ပြီးမောင်းကြည့်တာပေါ့
အဲဒီလိုနဲ့ တတ်နေတာပဲ။ ရန်ကုန် ဆင်းလာတော့ ကား
ပွဲစားလုပ်ရင်း လိုင်စင်ဝင်ဖြေ လိုင်စင်ရ၊ ဒါပဲ မဆန်းဘူး"

"ဟီ ဟီ ... လူချော ထော်လော်ဂျီမောင်းတဲ့ပုံက ဘယ်
လဲဆိုပြီး တုတု မြင်ယောင်သေးတယ်၊ ရယ်စရာကြီးနော်"

တုတုက အပျော်ခေတ်ခံဖြင့် ရယ်စရာမဟုတ် ရှာ
ရယ်လေသည်။

တုတုကတော့ လူချောနဲ့ တွေ့နေရလျှင် အရာအား
လုံးကို မေ့ပြီး အပျော်ကြီး ပျော်နေတတ်သူ ဖြစ်သည်။ သစ်ရွက်





တာလည်း ရယ်ချင်၊ ပုရွက်ဆိတ်ပြေးတာလည်း ရယ်ချင်ဖြစ်
သော တုတုသည် အချစ်ရဲ့ပျော်ရွှင်ကြည်နူးရမှုတွေကို အခုမှ
ခံစားဖူးသူလို ဖြစ်နေသည်။

ထိုရက်ပိုင်းတွေမှာ လောကကြီးတစ်ခုလုံးကို တုတု
နေ့မိပြီး တုတုရဲ့နေ့ရက်များဟာ လူချော ... လူချော ...
ချောနှင့် အော်ဟစ်အသက်ဝင်လျက် အဓိပ္ပာယ်ရှိနေလေသည်။

"တုက ပျော်တတ်တယ်နော်"

ဟုပင် လူချောက ဝေဖန်ယူရတဲ့အထိ လူချောနဲ့
တွေ့လိုက်တိုင်း အမြဲပြုံးပျော်ရယ်မောပြီး ရယ်စရာပဲ ရှာကြံနေတတ်
သူလည်း ဖြစ်လေသည်။

လူချောနဲ့ တုတုရဲ့ သံယောဇဉ်ဟာ ရက်ပိုင်းလေး
အတွင်းမှာပဲ ထင်မှတ်မထားလောက်အောင် ကြီးမားလာခဲ့လေလေ
တုဘက်မှာ ပြည့်စုံမင်းအပေါ် ပိုပြီးစိမ်းကားလာလေလေ ဖြစ်
လာသည်။ အရင်က အလုပ်ကိုယ်စီနဲ့ မအားကြသော ပြည့်စုံမင်း
နဲ့ တုတုတို့ဟာ တစ်နေ့ တစ်ခါတော့ သူကပဲစပြီး ဆက်တာမျိုး၊
တုတုကပဲ စပြီးဆက်တာမျိုးတွေဖြင့် အဆက်အသွယ် မပြတ်ခဲ့ပါ။
သူချင်းတော့ သုံးလေးရက်နေမှ၊ တစ်ခါတလေ တစ်ပတ်နေမှ
တစ်ဖြုတ် ဆုံဖြစ်ကြပေမဲ့ ဖုန်းအဆက်အသွယ်တော့ မပြတ်ခဲ့
ပါ။ အခုတော့ တုတု ကိုယ်တိုင်ကပင် ပြည့်စုံမင်း ဒီနေ့အတွက်

www.burmeseclassic.com



ဖုန်းဆက်မလာရင်တောင် တုတုကစပြီး ဖုန်းမခေါ်ဖြစ်တော့တာ ကြာပြီ။

ကိုယ်က အပြစ်လုပ်ထားသည်ရယ်လို့တော့ စိတ် ထဲမှာ မခံစားရပါ။ တုတု စိတ်ကပြတ်သည်။ ကိုယ်က သူ့ကို တကယ်မချစ်နိုင်မှန်း သိလာတယ်။ ကိုယ်တကယ်ချစ်တဲ့သူ တွေ့လာတယ်။ ဒါကြောင့် သူ့ကိုစပြီး သံယောဇဉ်ဖြတ်မယ် ပြီး ဆုံးဖြတ်ရဲသည်။ ဒါကြောင့် သူ ဖုန်းဆက်မလာလျှင် တုတု က,စပြီးဖုန်းမခေါ်။ သူ့ဖုန်းလာလျှင်လည်း သိပ်ဟက်ဟက်ပက် ပက် စကားမပြောဖြစ်ဘဲ မေးထူးခေါ်ပြောပုံစံ ပြန်ဆက်ဆံမိသည်။

ကြာတော့ ပြည့်စုံမင်းလည်း အကဲခတ်မိလာကာ တုတုဆီ တစ်ရက် ဖုန်းထဲမှ မေးလာတော့သည်။

"တုတု ခုရက်ပိုင်း ကိုကြီးကို ဘာစိတ်ကောက်နေလဲ"

ပြည့်စုံမင်းဟာ မေးသာ မေးလိုက်ရသည်။ တုတု ဟာ ဘယ်တုန်းကမှ စိတ်လည်းကောက်ဖူးတာမရှိ၊ တော်ရုံတန်ရုံ စိတ်ကောက်ခဲ့ပြီး သူမဘာသာ စိတ်ကောက်နေလို့ ပြည့်စုံမင်း မရိပ်မိရင်တောင် ...

"ကိုကြီး ... တုတု စိတ်ကောက်နေပြီနော်၊ ကြာကြာ ကောက်ချင်ဘူး။ ကိုကြီး ချော့စရာစကား မြန်မြန်ရှာထား တော့"





ဟု၍ စိတ်ကောက်ရတာကြာလို့ ပျင်းလာဟန်ဖြင့် တိပေးတတ်သူပင်။ ဒီတော့ ရက်ပေါင်း ဒီလောက်ကြာကြာ စ်မျိုးဖြစ်နေတာဟာ စိတ်ကောက်တာတော့ မဖြစ်နိုင်ဘူးလို့ တွေးမိလေသည်။

"စိတ်ကောက်နေတာဆိုရင် ဘာစိတ်ကောက်လဲ၊ ပြောပါ ဦး"

"စိတ်မကောက်ပါဘူး"

"ဒါဖြင့် ဘာဖြစ်နေတာလဲ"

"ဘာဖြစ်လို့လဲ"

"မသိဘူး၊ တုတု တစ်မျိုးဖြစ်နေတယ်လို့ ကိုကြီး ထင် တယ်"

"တစ်မျိုးတော့ ဖြစ်တာ ဟုတ်တယ်"

"အဲဒါ ဘာလဲ၊ ပြောပြမလား"

"ကိုကြီးကိုပြောဖို့ အချိန်မတန်သေးဘူးလို့ ထင်တယ်၊ ဒါကြောင့် မပြောသေးပါဘူး"

"ကိုကြီးနဲ့ဆိုင်တဲ့ အကြောင်းအရာလား"

"တုတု မပြောနိုင်သေးဘူး"

တုတု မရေမရာပြောပြီး ဖုန်းကို မြန်မြန်ဖြတ်ချ လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံမင်းသည် တုတုကို အရိပ်တကြည့်ကြည့်ဖြင့် ချစ်လာသူဖြစ်ရာ တုတု စကားအပြောအဆို၊ အမူအရာပြောင်းတာနဲ့ပင် ချက်ချင်းရိပ်မိလေသည်။ တုတု သူ့အပေါ် တစ်မျိုးတော့ ဖြစ်ကိုဖြစ်နေပြီဟု ရိပ်မိနေသဖြင့် တုတု ဘာဖြစ်နေသလဲဆိုတာ စုံစမ်းမည်ဟု တွေးမိလေသည်။

စုံစမ်းမည်သာပြောတာ ဘယ်လိုစုံစမ်းရမလဲ။ တုတုက အိမ်က မနက်ရှစ်နာရီဆိုထွက်၊ ကိုးနာရီမှာ ဆိုင်ဖွင့်၊ ဆိုင်ကနေ တစ်ဖဝါးမှ မခွာဘဲ တစ်နေကုန် ရှိနေသလား၊ မရှိသလား ဆိုတာ စောင့်ကြည့်တယ်ပဲထားဦး။ ဘာမသင်္ကာစရာမှ မတွေ့ရင် ဘာလုပ်မလဲ။ တုတု အပြင်လုံးဝမထွက်ဘဲ ဆိုင်မှာပဲ တစ်နေကုန်ရှိကာ ဆိုင်ပိတ်ချိန်မှ အိမ်ပြန်သည် ဆိုလျှင် ဘာသံသယမှရှာတွေ့မည်မဟုတ်၊ ဒီတော့ လူယုံငှားပြီး စောင့်ကြည့်မိသည့် ကိုယ့်ကိုယ်ကိုယ်ပဲ လိပ်ပြာမလုံ ဖြစ်ရဦးမည်။

အဲဒါ ထားတော့။ အကယ်၍များ တုတုဘက်က တစ်စုံတစ်ရာ သံသယဖြစ်စရာ တွေ့လာခဲ့ရင်ရော သူ ဘာလုပ်မလဲ ? ။ ဘယ်လိုနည်းနဲ့ ဖြေရှင်းမလဲ။ သူ ခံနိုင်ရည်ရှိပါ့မလား။ မပေါက်ကွဲဘဲ စိတ်အေးအေးနဲ့ ဖြေရှင်းနိုင်ပါ့မလား။ ပြည့်စုံမင်းသည် တစ်ယောက်တည်း ဟိုဘက်ကလှည့်တွေးလိုက်၊ ဒီဘက်ကလှည့်တွေးလိုက်ဖြင့် အဖြေရှာနေမိသည်။





တုတုသည် သူ့အတွက် အသင့်တော်ဆုံးမိန်းကလေး၊ သူ ချစ်လို့ရသော မိန်းကလေး၊ သူ့ဘဝ တစ်သက်တာအတွက် လက်တွဲလိုသော မိန်းကလေးအဖြစ် သူကိုယ်တိုင် ကျေကျေနပ်နပ် ရွေးချယ်ထားခဲ့သည်ဖြစ်ရာ တုတုကို သူ အဆုံးရှုံးခံနိုင်ပါ။

နောက်ဆုံးတော့ ပြည့်စုံမင်းသည် သူ့လူယုံတပည့်ဖြစ်သော အောင်ကြီးကိုပင် အမိန့်ပေးရတော့သည်။

“အောင်ကြီး ... ငါ ပြောမယ်၊ သေချာမှတ်ထား။ ဒီကိစ္စ ဘယ်မှ မပေါက်ကြားစေနဲ့၊ ငါ့မိဘ အသိုင်းအဝိုင်းလည်း မသိစေနဲ့၊ တုတုမိဘ အသိုင်းအဝိုင်းလည်း မသိစေနဲ့၊ မင်း ရှူးသလို ပေါ်သလိုနဲ့ မင်းကောင်မလေး မိစိုးကိုလည်း မပြောနဲ့နော်”

မိစိုးမှာလည်း ပြည့်စုံမင်းတို့ ရုံးထဲမှာ လက်တို လက်တောင်းခိုင်းစရာရှိခိုင်း၊ ရုံးခန်းတွေမှာထားသော ရေသန့်ဘူးအိုးစင်ထဲ ရေကုန်ရင်ဖြည့်ခိုင်း၊ တစ်ခါသုံး ရေသောက်ဖော့ခွက်တွေကုန်ရင် ဖြည့်ခိုင်း၊ သန့်ရှင်းရေး လုပ်စရာရှိ လုပ်ခိုင်းထားသော လခစား မိန်းကလေးတစ်ယောက် ဖြစ်လေသည်။ ကုမ္ပဏီမှ အကြီးအကဲ သူဌေး ဦးပြည့်စုံမင်း၏ လူယုံတော် အောင်ကြီးနဲ့ ရည်းစားဖြစ်ခွင့်ရသည်ဆိုကာ ကောင်မလေးက ဘုမသိ ဘမသိ မြောက်ချင်ချင် ဖြစ်နေသလို အောင်ကြီး ဆိုတဲ့

www.burmeseclassic.com



ပေါ်တာကောင်ကလည်း သူ့ကိုယ်သူ အဟုတ်ကြီးထင်ကာ ကောင်မလေးမြှောက်တိုင်း မြောက်ချင်သည့် ခပ်အအကောင်ဖြစ်သည်။ ပြည့်စုံမင်းတို့နဲ့ ဆွေနီးမျိုးစပ်လည်း အမျိုးတော်ထားသောကြောင့် အောင်ကြီးက ကွယ်ရာကျ သူ့ကိုယ်သူ ဦးပြည့်စုံမင်း ညီဝမ်းကွဲတွေ ဘာတွေ အာလူးဖုတ်ရင် ဖုတ်တတ်လေသည်။

"ဟုတ်ကဲ့ အစ်ကိုကြီး၊ စိတ်ချပါ။ ကျွန်တော် နှုတ်လုံပါမယ်"

"နှုတ်လုံတာ ပါးစပ်ကတိနဲ့မရဘူး"

"ခင်ဗျာ"

"မင်း တစ်ခုခုနဲ့ ကျိန်ပြောကွာ"

"ဘာနဲ့ ကျိန်ရမှာလဲ"

"မင်း ဒီကိစ္စကို လျှောက်ပြောလို့ အားလုံးသိကုန်ကြရင် ဘာဖြစ်ပါစေ ညာဖြစ်ပါစေပေါ့ကွာ၊ တစ်ခုခုပေါ့"

"ဟာ ... သိပြီ၊ ကျွန်တော် လျှောက်ပြောရင် မိစိုးနဲ့ကွဲပါစေဗျာ၊ ကဲ ... အစ်ကိုကြီး ယုံပြီလား"

ပြည့်စုံမင်း ရယ်တော့ ရယ်ချင်ပေမဲ့ အောင်ကြီးပြောတာ လက်ခံလိုက်ပြီး ...

"အေး ... ကောင်းပြီကွာ၊ ဒါဖြင့် မင်း လုပ်ရမှာ ဘာလဲ ငါ့ကို ပြန်ပြောဦး"





"မတုတု မမှတ်မိအောင် ရုပ်နည်းနည်းဖျက်ပြီး သူ အိမ်ထဲက ထွက်လာတာကစပြီး ဆိုင်မှာထိုင်တာအဆုံး အိမ်ပြန်ရောက်တဲ့အထိပါ ဘာလုပ်သလဲ။ ဘယ်သူနဲ့ စကားပြောလဲ။ ဘယ်သူနဲ့ တွေ့သလဲ။ ဘယ်ထွက်သွားလဲဆိုတာ သုံးရက်လောက် လေ့လာမှတ်သားရမယ်။ သုံးရက်ပြည့်မှ အစ်ကိုကြီးကို အသေးစိတ် ပြန်ပြောရမယ်"

အောင်ကြီးက တုတုထက် အသက်ကြီးပေမဲ့ လက်အောက်ငယ်သားတို့ ထုံးစံအတိုင်း နာမည့်ရှေ့ "မ"တပ်ပြီးခေါ်တတ်ပါသည်။ တုတုက အောင်ကြီးကို တွေ့ဖူးပေမဲ့ ခဏ ခဏ တွေ့တာလည်းမဟုတ်၊ သိပ်တရင်းတနှီးတောင် စကားပြောဖူးတာမဟုတ်သဖြင့် အလွယ်တကူတော့ မှတ်မိမှာမဟုတ်။ ဒါပေမဲ့ ပြည့်စုံမင်းက လိုရမယ်ရအနေနဲ့ အောင်ကြီးကို ဆံပင်တုတွေ ဝယ်ပေးပြီးတပ်ခိုင်း၊ နှုတ်ခမ်းမွှေးတုတပ်ခိုင်း၊ နေကာမျက်မှန်တပ်ခိုင်းနှင့် ရုပ်ဖျက်ခိုင်းထားသည်။ အောင်ကြီးမှာ ဒါကိုသဘောကျပြီး စိတ်လှုပ်ရှား တက်ကြွနေတော့သည်။

"လိုအပ်ရင် ဖုန်းနဲ့ ဓာတ်ပုံ၊ ဗီဒီယို ခိုးရိုက်လာခဲ့နော်။ မင်းစိတ်ထဲမှာ သိပ်မသင်္ကာရင် ရိုက်လိုက်၊ ပြီးမှသုံးရက်ပြည့်မှ ငါ့ကို ပြန်ပြ၊ ဟုတ်ပြီလား။ ဖုန်းလည်း သတိထားကိုင်ဦး ပျောက်နေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံမင်းက လိုရမယ်ရဆိုပြီး ထပ်ဆောင်းပေ
သည်မှာ သူ့မှာရှိနေသော ဗီဒီယိုဖုန်းကို ပေးလိုက်တာဖြစ်သည်။
ဓာတ်ပုံရော ဗီဒီယိုပါ ရိုက်ထားလို့ရသော မိုဘိုင်းလ်ဖုန်းကို ကိ
ရသဖြင့် အောင်ကြီး အူမြူးနေတော့သည်။ ပြည့်စုံမင်းသည် လု
ခိုင်းပြီးမှ နောင်တရသလိုလိုဖြစ်ပြီး ဒီကိစ္စပြန်ရုပ်သိမ်းရင် ကောင်
မလားလို့လည်း အခါခါ စဉ်းစားမိသေးသည်။

သို့သော် တုတု ဘာဖြစ်နေသလဲ ဆိုတာကိုလည်း သိချင်လှသည်ဖြစ်ရာ (တုတု တစ်ခါမှ ဒီလိုမဖြစ်ဘူး၍ပါ) အဖြေ
ရှာကြည့်ချင်သည်။ တုတုရဲ့ ပြည့်စုံမင်းအပေါ် ဆက်ဆံပုံမှာ
မအေးလွန်း၊ မပူလွန်းသော ပုံမှန်အနေအထားလေးနဲ့သာ ဆက်ဆ
လာရာ အခုတော့ တုတုဘက်က သိသိသာသာကြီး အေးစက်သွာ
ခြင်းမှာ တကယ့်ကို အံ့သြစရာဖြစ်နေ၍ ပြည့်စုံမင်းလည်း အဖြေ
ရှာကြည့်မိတာ ဖြစ်ပါသည်။

"သုံးရက်လောက်တော့ စောင့်ကြည့်။ သုံးရက်ပြည့်မှ င
မေးမယ်၊ အဲဒီကျမှ ပြော၊ ဟုတ်ပြီလား"

လို့ အောင်ကြီးကို သေသေချာချာ မှာလိုက်သေ
လည်း အောင်ကြီးဟာ တစ်ရက်လောက် စောင့်ကြည့်အပြီးမှာ
ပြည့်စုံမင်းထံ ညဘက်ကြီး ဖုန်းဆက်လာသည်။ အောင်ကြီးက
ဖုန်းပေးသုံးထား၍ သူ့အချိန်မရွေး ဆက်နိုင်တာဖြစ်သည်။ အချိ
က ညဆယ်နာရီလောက် ရှိနေပြီ။ ပြည့်စုံမင်းကတော့ မအိပ်သေ





ဘောလုံးပွဲ ထိုင်ကြည့်နေဆဲမို့ သူ့ဆောင်ချထားသော မိုဘိုင်းလ်
န်းခေါ်သံ ကြားတာနဲ့ ဖုန်းကောက်ကိုင်ကြည့်လိုက်ပြီး အောင်ကြီး
ပေးထားသောဖုန်းမှ ခေါ်မှန်းသိလေရာ စိတ်တောင်နည်းနည်း
သွားသေးလေသည်။ ဒီကောင် သုံးရက်လောက်ကြာမှ ဆက်ပါ
ပြောတာကို အခုပဲ တစ်ရက်ပဲ ရှိသေးတယ် ဆက်နေပြီ။

"အစ်ကိုကြီးလား"

"အေး ... ဘာလဲ၊ ငါ့ဖုန်း ဘယ်သူက ယူနားထောင်မှာမို့ မေးနေရတာလဲ"

"အဟီး ... သေချာအောင်ပါ"

"ပြော ... ဘာကိစ္စလဲ"

"အစ်ကို ... အစ်ကိုကြီး ... အခြေအနေကတော့ မကောင်းဘူး၊ အဲဒါ ပြောချင်လို့ အိမ်ရောက်ရောက်ချင်း မနေနိုင်တာနဲ့ ဆက်လိုက်တာပါ"

"ဘာအခြေအနေ မကောင်းတာလဲ၊ မင်းကို တုတု သိသွားတာလား"

"မဟုတ်ဘူး၊ မတုတု ကျွန်တော့်ကို မသိပါဘူး"

"ဒါဖြင့် ဘာလဲကွာ"

အောင်ကြီး တွေဝေသလို ပြန်ဖြစ်သွားပြီး ငြိမ်သွား
ါသည်။ ပြည့်စုံမင်းလည်း တုတုနဲ့ ပတ်သက်ပြီး ဘာများကြား
မလဲလို့ သိချင်လှသည်ဖြစ်ရာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... အောင်ကြီး ပြောကွာ၊ မင်းက ဟုတ်မလိုလို နဲ့ ဖုန်းခေါ်ပြီး အခုကျ မပြောဘဲ ငြိမ်နေပြန်ပြီ"

ဟု ဟောက်ထည့်လိုက်တော့မှ အောင်ကြီးရဲ့ အင် အဲအသံနှင့် လေသံစ,တာကို ကြားရသည်။

"မတုတုကို ကောင်တစ်ကောင် လာစောင့်ခေါ်တာတွေ့ တယ် အစ်ကိုကြီး"

"ဘယ်မှာ လာစောင့်ခေါ်တာလဲ"

"ပလာဇာပိတ်ချိန်လောက်မှာ"

"ညဘက်ကြီးပေါ့"

"ရှစ်နာရီလောက်မှာ အစ်ကိုကြီး"

"ဆိုင်က ရှစ်နာရီခွဲမှ စသိမ်းတာလေ"

ပြည့်စုံမင်းက တုတု အကြောင်း အကုန်သိထား သဖြင့် ပြန်မေးလိုက်သည်။

"ဒီနေ့တော့ ဘာကြောင့်လဲ မသိဘူး၊ မတုတုက ဆိုင်က နေ ရှစ်နာရီ ထိုးခါနီးလောက် ထွက်သွားတယ်။ သူ ကောင်မလေးတွေပဲ ဆိုင်သိမ်းကြမယ် ထင်တယ်။ မတုတု ကတော့ တကယ့်ကို ပြုံးပျော်ရွှင်လန်းပြီး ကားပါ့ခ် တစ်ချိုးတည်း လစ်တော့တာပဲ၊ အဲဒီကားပါ့ခ် သူ့ကား နားမှာ မတုတုတို့အရွယ်နဲ့ မတိမ်းမယိမ်းလောက်ရှိ





ကောင် စောင့်နေတယ် အစ်ကိုကြီး။ ပြီးတော့ အဲဒီကောင်က မတုတု ကားကို ယူမောင်းပြီး အတူထွက်သွားကြတယ်"

"မင်းကို ငါ ဒဂုံဂျစ်တစ်စီး သွားဖို့ လာဖို့ ပေးထားတယ်လေ။ နောက်က လိုက်မကြည့်ဘူးလား"

"ကြည့်ချင်တာပေါ့ အစ်ကိုကြီးရ။ ဒါပေမဲ့ ဖြစ်ချင်တော့ ကားက မတုတု ကားပါ့ခ်လုပ်ထားတဲ့နေရာနဲ့ ဝေးတဲ့နေရာမှာမှ နေရာရထားတယ်။ ဘယ်လိုမှ မီအောင်လိုက်မောင်းကြည့်လို့ မရတော့ဘူးလေ။ ပြီးတော့ အဲဒီကောင်ကလည်း ကားမောင်းတော်တော်မြန်တာဗျ။ ချက်ချင်းပဲ မောင်းထွက်သွားတာနဲ့ မြင်ကွင်းထဲမှာ ပျောက်သွားရော"

ပြည့်စုံမင်း၏ ရင်ထဲ အသည်းထဲမှာ တဆစ်ဆစ် သောသလိုလို ခံစားလာရသည်။ ဘယ်သူလဲ ? ၊ ဘယ်ကကောင် ? ၊ ဘာကြောင့် တုတု ကိုယ်တိုင်က ကျေကျေနပ်နပ်နဲ့ ကားသောင် ပေးမောင်းရသလဲ။

"သူတို့အခြေအနေကို ဘယ်လိုမြင်လဲ"

"တော်တော် ရင်းနှီးကြတယ်"

အောင်ကြီးသည် သူ မြင်လာခဲ့သော မြင်ကွင်း အသေးစိတ်ကိုတော့ ပြန်မပြောတော့ဖို့ တွေးနေလေသည်။ ပြောရင် အစ်ကိုကြီး ရှက်ပြီး ရင်ကွဲသွားလိမ့်မယ် ထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မတုတုဟာ အဲဒီကောင်ကို မြင်မြင်ချင်းပြေး... လက်မောင်းတစ်ဖက်ကို တွဲချိတ်ပစ်လိုက်တာ။ အဲဒီကောင်... မတုတုရဲ့နဖူးကို ရှပ်ခနဲ သူ့နှုတ်ခမ်းနဲ့ ထိကပ်ပြီး နမ်းလိုက်... တွေကို အောင်ကြီး ပြန်မပြောပြရက်ပါ။ ကားပါခ်မှာ ညဘ... မှောင်ရီပျိုးပျလည်း ဖြစ်တာမို့ လူအသွားအလာ သိပ်မရှိသ... လူလည်း သိပ်ပြတ်နေတာမျိုးတော့ မဟုတ်သဖြင့် မတုတုတို့... အဖြစ်သည်းမှုကို မြင်လိုက်သူလည်း ရှိချင်ရှိမည်။ မမြင်သူလည်း ရှိချင်ရှိမည်။ လမ်းမီးရောင်များဖြင့် မှောင်လည်း မမှောင်လွန်း... လင်းလည်း မလင်းလွန်းသော အနေအထားသည် ချစ်သူနှစ်ဦး... ၏ အဖြစ်သည်းမှုကိုတော့ ဖုံးကွယ်နိုင်စွမ်း မရှိခဲ့ပါ။ မတုတု... အတူ ကားပေါ်ဝင်ထိုင်ပြီး နောက်မှာတောင် အဲဒီကောင်ရဲ့မျက်... ဟာ မတုတုရဲ့မျက်နှာနား တစ်ချက် တိုးကပ်လိုက်သေးတာ... အောင်ကြီး မှန်းဆမြင်ယောင်ပြီး အစ်ကိုကြီးအတွက် များစွာ... နမြောတသ စိတ်မကောင်း ဖြစ်မိခဲ့သေးလေသည်။ ဒါကြော... မြင်ကွင်းအသေးစိတ်ကိုတော့ ပြန်မပြောတော့ဖို့ ဆုံးဖြတ်မိ... သည်။

"တော်တော်ရင်းနှီးကြတယ်ဆိုတာ ဘယ်လိုလဲကွာ၊ ရည်... စားဖြစ်နေတဲ့ ပုံမျိုးလား"

"ဟုတ်တယ် အစ်ကိုကြီး"





"တောက် ... ... ..."

ပြည့်စုံမင်း တောက်ခေါက်လိုက်လေရာ အောင်ကြီး ...ပြီး ဒီဘက်မှာ တုန်တောင်သွားပါသည်။

အစ်ကိုကြီးက အင်မတန့်ကို သဘောကောင်းလှ ...ဒါသလည်း ထွက်ခဲ့သည်။ အစ်ကိုကြီးက လေသံမာမာ ...ပြောတတ်ပေမဲ့ ဘယ်တော့မှ ဆူပူကြိမ်းမောင်းနေတာမျိုး ...ဘူးပါ။ အောင်ကြီး သိသလောက် သက်တမ်းမှာ အစ်ကိုကြီး ...ပူလုပ်ပြီး ဒေါသဖြစ်တာပင် မမြင်ဘူးသလောက် နည်းပါ...

"ဒါကြောင့် ငါ ထင်တော့ ထင်တယ်၊ သူ့အမူအရာတွေ သိပ်ပြောင်းနေတယ်လို့၊ ဒါကြောင့် မင်းကို လိုက်စုံစမ်းခိုင်းတာပဲ"

"ကျွန်တော် ဘာထပ်စုံစမ်းပေးရဦးမလဲ"

"အဲဒီကောင် ဘယ်သူလဲဆိုတာ စုံစမ်းကွာ"

"ဘယ်လိုလုပ် စုံစမ်းရမလဲ"

"မင်း လုပ်ရမှာက တုတုနဲ့ အဲဒီကောင် ထွက်သွားတာနဲ့ သူတို့နောက်က အသင့်လိုက်ကြည့်နိုင်အောင်လုပ်။ သူတို့ တစ်ချိန်ချိန်တော့ လမ်းခွဲပြီး အိမ်ပြန်မှာပဲ။ အဲဒီကျမှ မင်းက အဲဒီကောင်သွားတဲ့ နေရာကို မှတ်ထား။ ဘယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



နေလဲ၊ ဘယ်သူလဲ ဆိုတာတော့ မင်းဘာသာ ဆက်စုံ... ကွာ။ ငါတော့ ဆက်မသင်ချင်ဘူး၊ မင်း ဒီလောက်အော... သိပါတယ်”

“နေတဲ့နေရာသိရင် စုံစမ်းရတာ လွယ်ပါတယ်”

“အေး ... ဒါဖြင့် တစ်ရက်နှစ်ရက်အတွင်း စုံစမ်းပေးကွ...

“စိတ်ချ အစ်ကိုကြီး၊ ကျွန်တော် ရအောင်စုံစမ်းခဲ့ပါမယ်...

ပြည့်စုံမင်းသည် ဖုန်းချလိုက်ပြီးသောအခါ လက်... တဆုပ်ဆုပ်၊ အံတကြိတ်ကြိတ် ဖြစ်နေမိသည်။ ရည်းစားသက်တ... နှစ်နှစ်ပင် ကျော်လာပြီ။ တုတုဘက်က ဒီလိုဖောက်ပြန်ခဲ့လိမ့်... လို့ မထင်ခဲ့လောက်အောင်ပင် တုတုသည် အံနေအေးလျက် ... အပြောင်းအလဲလည်း သိပ်မများတတ်သော မိန်းကလေးသာ... သည်။ ဘာကြောင့် အခုမှ ဒီလိုပြောင်းလဲသွားရသနည်း။

တုတု ပြောင်းလဲနေလောက်အောင် အဲဒီကောင်... ပြည့်စုံမင်းထက် ဘယ်လောက်တောင် အရည်အချင်းတွေ မြင့်... နေလို့လဲ။

ပြည့်စုံမင်းသည် မိဘအသိုင်းအဝိုင်း တောင့်တ... ပြီး ကိုယ်တိုင်လည်း စီးပွားကောင်းကောင်း ရှာနိုင်နေ... အရွယ်ကောင်း ယောကျ်ားတစ်ယောက်ပီပီ ကိုယ့်ကိုယ်ကိုယ်... ငါနဲ့ယှဉ်နိုင်သူ ရှိနိုင်ရိုးလားဆိုသော ဂုဏ်မြောက်နေမှုလေး...





...သဘာဝအရ ရှိနေခဲ့ပါသည်။ ဒါကြောင့်လည်း တုတုဟာ ငါ့... ...ကို ဘယ်တော့မှ အဆုံးရှုံးခံရမယ် မထင်ဘူးဟုလည်း ...ကြည်စိတ်ချထားပါသည်။

မိန်းကလေးဘက်က ဘယ်လောက်ပဲ ချမ်းသာ ...ယ်ဝပြီးပြည့်စုံနေပါစေ ပြည့်စုံမင်းလို အဘက်ဘက်က အပြစ် ...ရာ မရှိသော ယောကျ်ားတစ်ယောက်ကိုတော့ အမိုက်ခံပြီး ...လွှတ်လိမ့်မှာ မဟုတ်ဘူးလို့လည်း ထင်ထားခဲ့ပါသည်။

ဒါကြောင့် ထင်မှတ်မထားသော ဒီသတင်းကို သိ ...ားလိုက်ရသောအခါ လူက မခံမရပ်နိုင်ဖြစ်ပြီး ချက်ချင်းထ ...ါက်ကွဲမိအောင် တော်တော်ကြိုးစားလိုက်ရလေသည်။

သွေးနည်းနည်းအေးသွားချိန်မှာ ပြန်စဉ်းစားသုံးသပ် ...ကြည့်သောအခါ တုတုဟာ သူ့ကို တကယ်မှ ချစ်ခဲ့ရဲ့လားလို့ ...သယ ဖြစ်လာမိသည်။ ပြည့်စုံမင်းဘက်ကသာ အမှတ်တရ ...အားတွေလုပ်ပြီး ...

“ချစ်သူဖြစ်တာ နှစ်ပတ်လည်နေ့”တို့၊ ချစ်သူများ ... Valentine's Day တို့၊ တုတု မွေးနေ့တို့ စသဖြင့် မှတ်သား ...သေသေချာချာဂရုတစိုက် လက်ဆောင်လေးတွေပေး၊ surprise ...ပ်ပရိုက်(စ))လုပ်တာလုပ်နှင့် လုပ်ပြခဲ့ဖူးပေမဲ့ တုတုကတော့ ...မှတ်တရ မရှိ။ ပြည့်စုံမင်း ပြောမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဟုတ်လား"ဆိုတာမျိုး သိပ်,အ
အဆန်း မဖြစ်ဟန်ဖြင့် ပြောမည်။ ပြည့်စုံမင်းရဲ့ မွေးနေ့ကိုလ
ပထမတစ်နှစ်ကတော့ သတိရပြီး လက်ဆောင်ပေးသေးသ
နောက်တစ်နှစ်ကျ မေ့ပြီး ဘာသံမှ မကြားရ။ ပြည့်စုံမင်းက
မနေနိုင်တော့၍ ...

"ဒီနေ့ ကိုကြီးမွေးနေ့လေ ဒေါ်တုတု၊ မေ့နေပြီလား"

ထုတ်ပြောမှ သတိရရသူ ဖြစ်သည်။ ပြည့်
ဘက်ကတော့ အလေးအနက် ရှိခဲ့ပေမဲ့ တုတုကတော့ သူနဲ့
သက်ရင် တစ်ဆိတ် အေးစက်နေသလားလို့ပင် ပြန်တွေး
မိလာသောအခါ ... ...။





# အပိုင်း(၂)

www.burmeseclassic.com

www.burmeseclassic.com

# ၇

"တုတု ကိုကြီးတို့ လက်ထပ်ကြရအောင်နော်၊ ကိုကြီး အမေ့ကို ပြောလိုက်ပြီးပြီ၊ သူတို့ စပြီးစီစဉ်တော့မယ်"

တုတုသည် ကိုကြီးထံမှ ရုတ်တရက် သိလိုက်ရ သော အစီအစဉ်ကြောင့် အံ့သြတုန်လှုပ်သွားပါသည်။

"ဘယ်လိုဖြစ်ပြီး ချက်ချင်းကြီး ထ,စီစဉ်ချင်တာလဲ"

"ချက်ချင်းကြီး စီစဉ်တယ်ရယ်တော့ မဟုတ်ပါဘူးလေ၊ တုတုနဲ့ ချစ်သူစ,ဖြစ်ကတည်းက ကိုကြီးဘာသာ ကွန်ဒို ဝယ်၊ ပြင်ဆင်၊ ပစ္စည်းတွေထည့် ပြင်ဆင်နေတာဆိုတော့ အခုမှ စီစဉ်တယ်ရယ်လို့ ပြောလို့မရပါဘူး"

"တုတုကို ဘာမှမမေးဘဲ ပြောလိုက်ရလား"





"မေးနေစရာလား၊ တုတု ကိုကြီးကို လက်ခံပြီးပြီပဲ။ မိန်းကလေးတစ်ယောက်ဟာ ကိုယ့်ချစ်သူနဲ့ ချစ်ပြီးရင် လက်ထပ်ဖို့ကိုလည်း ဆုံးဖြတ်ပြီးနေပြီပေါ့"

ပြည့်စုံမင်းသည် သူ သိထားသမျှတွေကို မျိုးသိပ်ပြီး တုတုကို လုံးဝအသိမပေးဘဲ သူ့ဘက်က အရင်အနိုင်ရယူထားပြီး ဒီအစီအစဉ်ကို ချက်ချင်း ဆုံးဖြတ်လိုက်တာလည်း ဖြစ်ပါသည်။ တုတုကို ချစ်သည်ဆိုရာဝယ် ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲကလို အသည်းထဲ နစ်ဝင်နေအောင် ပြင်းပြင်းပြပြ ချစ်တာမျိုးတော့ မဟုတ်။ သူမှသူ သူ့ကိုမှမရရင် သေရပါမယ် အသည်းကွဲရပါ သိမ့်မယ်၊ တစ်သက်လုံး ဆွေးရပါမယ် ဆိုတဲ့အထိ ချစ်တာမျိုး မဟုတ်မှန်းလည်း သူ့ကိုယ်သူ ကြည့်မြင်တတ်ပါသည်။ သို့သော် ဒီမိန်းကလေးကို ချစ်နိုင်သည်။ ကိုယ့်ရဲ့ဇနီးမယားအဖြစ် လက်ခံနိုင်သည်ဆိုပြီး အားလုံးထဲကမှ ရွေးယူပြီး ချစ်ခဲ့သည်တော့ဖြစ်သော အလှယ်တကူတော့ အလျှော့မပေးချင်။ လက်လွှတ်မပေးချင်။ ထို့ကြောင့် မဖြစ်မနေဘဲ ချက်ချင်းလက်ထပ်လိုက်ဖို့ စိတ်ကူးမိသောတာဖြစ်သည်။

ပြည်စုံမင်းသည် မျက်နှာသိုပုပ်ကာ တွေဝေနေသော တုတု မျက်နှာကို ခိုးကြည့်ပြီး သူ အရင်ဦးအောင် အနိုင်ရယူလိုက်နိုင်သည့်အတွက် ကျိတ်ဝမ်းသာနေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမေလည်း ဝမ်းသာပြီး ချက်ချင်းပဲ မန္တလေးက အမျိုးတွေဆီ လှမ်းဖုန်းဆက်ပြီး အချိတ်ဆင်လှလှလေးတွေ ရှာပေးဖို့ မှာနေတယ်၊ တုတုအမေနဲ့လည်း ဆင်တူဝတ်မယ့်တွေ ဘာတွေပြောပြီး ဒီနေ့ အိမ်သွားပြီး တိုင်ပင်မယ်တဲ့"

"ဟာ ... ဘာတွေ လျှောက်လုပ်ကုန်တာလဲ။ တုတုသဘောမပါဘဲနဲ့ ဒီလို တစ်ဖက်သတ် လုပ်ချင်တိုင်းလုပ်လို့ ရမှာလား။ တုတုက အရုပ်လား ကိုကြီးရဲ့"

"မေးစရာ မလိုပါဘူး၊ တုတုနဲ့ ကိုကြီးက နှစ်နှစ်ကျော်လောက် ချစ်သူဖြစ်ပြီးပြီပဲလေ"

"ဒါပေမဲ့ တုတုကို ကိုကြီး မပိုင်သေးဘူး"

"ပိုင်တယ်လို့ မပြောပါဘူး၊ ဒါပေမဲ့ ချစ်သူတွေဆိုတာ သူ့စိတ်နဲ့ ကိုယ့်စိတ် အတူတူပဲလေ။ မေးနေစရာမှမလို တာ၊ ဒါ မိန်းကလေးတိုင်း ဖြစ်ချင်တဲ့ ဆန္ဒပဲ။ ချစ်သူနဲ့ လက်တွဲပြီး အကြီးကျယ် အခမ်းနားဆုံး မင်္ဂလာပွဲကြီး လုပ်ကြမယ်ဆိုတဲ့ဆန္ဒ မိန်းကလေးတိုင်းမှာရှိတယ်။ ဘယ် လူမျိုးမှာမဆိုဘဲ ကုလားမပဲဖြစ်ဖြစ်၊ တရုတ်မပဲဖြစ်ဖြစ် ဘိုမပဲဖြစ်ဖြစ်၊ အဝေးကြီးမှာရှိတဲ့ အာဖရိကနိုင်ငံက အမည်းမ ပဲဖြစ်ဖြစ် မင်္ဂလာဝတ်စုံ အကောင်းစားကြီးဝတ်ပြီး ကြီးကြီး ကျယ်ကျယ်၊ ခမ်းခမ်းနားနား ငွေကြေးအလျှံပယ်နဲ့ လုပ် ခွင့်ရတဲ့ မင်္ဂလာဆောင်မျိုး မက်မောကြတာပဲ"





ပြည့်စုံမင်းက စကားကို အထာတွေထည့်ပြီး ပြောတာဖြစ်သည်။ ငါ့လိုလူကိုယူရင် ဒီလိုမင်္ဂလာဆောင်ကြီးမျိုးလုပ်ရမယ်၊ မင်းဘဝ သူများထက် သာရမယ်၊ မင်းအကောင် ငမွဲငတေ တောသားကောင် လူချောကို ယူရင်တော့ ဒါမျိုးတွေဝေးမှဝေးပဲ။ ထိုသို့ တိုက်ရိုက်မပြောရုံတမယ် စကားကိုလှလှပပလေး တန်ဆာဆင်၊ ပရိယာယ်ဆင်ပြီး တုတုကို သတိပေးသလို ပြောတာလည်း ဖြစ်သည်။ မိန်းကလေးတိုင်းရဲ့ ရင်ထဲမှာ တစ်သက်မှာ တစ်ခါသာ ဆောင်ရတဲ့ မင်္ဂလာဆောင်ပွဲကို တခမ်းတနားကြီး ဖြစ်ချင်ကြတာ အမှန်ပဲလေ။ ဒါကြောင့် တုတုကိုလည်း ဒါနဲ့ ထောက်ပြပြီး ပြောရတာ။

"မင်္ဂလာဆောင်ကြီး တခမ်းတနား လုပ်ရတိုင်း ပျော်ချင်မှ ပျော်တာ"

တုတု တစ်ခွန်း ပြန်ပက်ထည့်လိုက်တော့ ပြည့်စုံမင်း အနည်းငယ် ဖြုံသွားသည်။ တုတုကို လွယ်လွယ်ပြောမရဘူး ထင်တယ်။

"ဘာဖြစ်လို့လဲဆိုတော့ ကိုယ်တကယ်ချစ်တဲ့သူ မဟုတ်ရင် ဘာပျော်စရာရှိမှာလဲ။ ဒီခဏတာလေး ဒီပွဲလုပ်ရဖို့ကို ဘဝတစ်သက်တာလုံးမှာကျတော့ ကိုယ် တကယ်မချစ်တဲ့ ယောကျ်ားတစ်ယောက်ကို လက်တွဲခြင်းနဲ့ ပေးဆပ်ရမှာလေ။ ပေးဆပ်ရတာ မတန်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ်"

"တုတု အရှင်းဆုံး ပြောမယ်၊ တုတုမှာ ချစ်သူရှိတယ်။ တုတု ကိုကြီးကို တကယ်မချစ်ခဲ့ဘူး။ အခုမှ တကယ်ချစ်တဲ့သူ တွေ့ပြီ။ ဒါကြောင့် ကိုကြီးကို မယူနိုင်ဘူး၊ လက်မထပ်နိုင်ဘူး"

"ဘာ ... ဘာ ... ဘာကွ"

ပြည့်စုံမင်းသည် တုတုဘက်မှ ထိုသို့ တိုက်ရိုက်ပြောပြီး အငြင်းခံလိုက်ရလျှင် ထ၍ပေါက်ကွဲစွာ အော်လိုက်မိသည်။ တုတုနဲ့ သူက လူသိပ်မများသော ကော်ဖီဆိုင်တစ်ဆိုင်မှာ စကားပြောနေတာ ဖြစ်ပေမဲ့ ဒီလိုအသံကျယ်ကြီးအော်ကာ ပေါက်ကွဲလိုက်သောအခါ ဆိုင်ထဲမှာ အနည်းငယ်မျှရှိနေသော စားသုံးသူတချို့ရယ်၊ waiter (ဝိတ်တာ)တွေရယ်ကတော့ သတိပြုမိပြီး ကြည့်ကြသည်။ ယဉ်ကျေးမှုအရသာ လူတစ်ဖက်သား၏ ပြဿနာကို ပြုံးပြုံပြီး မကြည့်ကြပေမဲ့ အနည်းငယ်တော့ အကဲခတ်တာ ခံရသည်။ သတိထားကြည့်တာ တွေ့ရသည်။

ပြည့်စုံမင်းသည် ဒေါသကို အတတ်နိုင်ဆုံး လျှော့ချလိုက်ပြီးနောက် ...

"တုတု ... မင်း စိတ်ကစားတာ ဆိုရင်လည်း ကိုကြီး ခွင့်လွှတ်ပါတယ်။ အခု မင်းနဲ့တွဲနေတဲ့ကောင် ဘယ်သူလဲ





ဆိုတာလဲ ကိုကြီး သိပါတယ်၊ သူ့ကို အဆက်ဖြတ်လိုက်ပါတော့။ ကိုကြီး မင်းကို ခွင့်လွှတ်တယ်။ ကိုကြီးဆီပြန်လာခဲ့ပါ တုတုရယ်။ မင်း အဲဒီကောင်ကိုရွေးရင် တစ်ဘဝလုံး ဒုက္ခရောက်ရလိမ့်မယ်၊ တဒင်္ဂ စိတ်သာယာမှုကို မမက်မောပါနဲ့"

တုတုကလည်း ကိုကြီး ဒီအကြောင်းကို ရိပ်မိနေပြီ ... ဆိုတာ ထုတ်ပြောလိုက်သဖြင့် သိပ်ပြီး အံ့တော့မအံ့သြမိပါ။ ဘာကြောင့်လဲဆိုတော့ တုတု သိတယ်လေ။ တုတုဘက်ကရှောင်တာများလာရင် အမူအရာ ပျက်လာရင် ကိုကြီးဟာ တနည်းနည်းနဲ့ သူ့ဘာသာ ကိုတ်စုံစမ်းမှာပဲလေ။ ကိုကြီးဟာ သိပ်လည်ပြီး အရမ်းလည်း ပါးနပ်တယ်။ လူကဲခတ်လည်း သိပ်တော်တယ်ဆိုတာ တုတု ဘာကြောင့် မသိစရာရှိလဲ။ ငယ်ငယ်လေးတည်းက မြင်ဖူး၊ သိဖူးလာပြီး အရွယ်ရောက်မှ ချစ်သူဖြစ်ခဲ့ကြတာဆိုတော့ တစ်ယောက်ရဲ့စိတ်ဓာတ်ကို နောက်တစ်ယောက်က မှန်းမိပြီးသားလေ။

ဒါကြောင့် တုတု အတွက်တော့ ကိုကြီး ကြိုသိနေတာ၊ တုတု ထုတ်မပြောခင် ရိပ်မိနေတာ မဆန်းပါဘူး။

"တုတု အားလုံးကို ရင်ဆိုင်မယ်လို့ ဆုံးဖြတ်ထားပြီးသား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကောင် တုတုကို တကယ်ချစ်တာရော ဟုတ်ရဲ့လား ကွာ၊ ပိုက်ဆံရှိတဲ့ သူဌေးမလေးမို့ ချူစားချင်တာလား မသိပါဘူးကွာ"

"လူချောကို တုတု ယုံတယ်။ ဘယ်သူမှ ယုံဖို့မလိုဘူး။ တုတု ယုံရင်ပြီးရော"

"တုတု တစ်ယောက်တည်းနဲ့ ဒီကိစ္စ ပြီးမယ်ထင်လား။ တုတု မိဘတွေကတော့ သူတို့ရဲ့သမီး ဘွဲ့ရပညာတတ်၊ စီးပွားလည်း ရှာတတ်တဲ့ အဖိုးတန်မိန်းကလေးကို တောကြို အုံကြားက ပညာလည်းမတတ်တဲ့ ငမွဲကောင်နဲ့ အလွယ်တကူ သဘောတူမယ် ထင်လား"

"တုတုကို အဲဒါတွေ လာပြောပြီး ခြိမ်းခြောက်ဖို့ မကြိုးစားပါနဲ့ ကိုကြီး။ တုတု အားလုံးကို ရင်ဆိုင်ရဲတယ်။ ရင်ဆိုင်မယ်လို့လည်း ဆုံးဖြတ်ပြီးပြီ"

"ဒါဖြင့် ကိုကြီးနဲ့ လက်ထပ်မဲ့ကိစ္စကို ဖျက်တယ်၊ ဘာကြောင့် ဖျက်တယ်ဆိုတာ တုတု မိဘတွေကို ဒီနေ့ပဲ ပြောရဲလား"

ပြည့်စုံမင်းက ခနဲ့တဲ့တဲ့နဲ့ စိန်ခေါ်သလိုလို မေးလိုက်သောအခါ တုတု ပြန်ငြိမ်သွားရသည်။ ခုလောလောဆယ်မှာ တုတု ရင်မဆိုင်ရဲသေးဘူးတည်း။





"တုတု အမှန်အတိုင်းပြောပြီး ဖျက်ရဲရင် ဖျက်လိုက်လေ။ ကိုကြီးဘက်ကတော့ မဖျက်ပေးနိုင်ဘူး။ အမေ့ကို ပြောထားပြီးပြီမို့ စီစဉ်စရာရှိတာကို စီစဉ်ရုံပဲ ကျန်တော့တယ်၊ ကိုကြီးလည်း နောက်ဆုတ်မပေးနိုင်ဘူး"

"ကိုကြီးကို တုတု မမုန်းပါဘူး၊ မုန်းလည်း မမုန်းချင်ဘူး။ ဒါပေမဲ့ တုတု သဘောမပါတာကိုတော့ အတင်းအကျပ် မစီစဉ်ပါနဲ့လား"

တုတုသည် ကိုကြီးထံမှ ဘာမှအဖြေစကား မကြားသောအခါမှာ ကြံရာမရ ဖြစ်သွားပါသည်။

တုတု မျှော်လင့်ထားတာက ကိုကြီးဟာ သူ့ကို တုတု မချစ်နိုင်ဘဲ သူ့ထက် အဆများစွာ နိမ့်ပါးတဲ့ ယောကျ်ား တစ်ယောက်ကိုမှ တုတုက ချစ်သွားသည့်အတွက် မာနကိုထိပြီး ဆတ်ဆတ်ခါ နာမည်။ ဒေါသဖြစ်မည်။ တုတုကို အပြစ်တင်ပြီး …်းမည်။ သူ့လက်ထဲကနေ သစ္စာဖောက်ပြီး တခြားယောကျ်ား တစ်ယောက်ကို ချစ်လိုက်သည့်အတွက် သစ္စာမဲ့သူဟု အယုံအကြည် မရှိတော့ဘဲ လမ်းခွဲမည်လောက်သာ တုတု ထင်ထားတာ။ တော့ သူက အလျှော့မပေးဘဲ တုတုကို တမင်အနိုင်ကျင့်တဲ့ သဘောနဲ့ စိန်ခေါ်လေပြီတည်း။



www.burmeseclassic.com

www.burmeseclassic.com



## ၈

လူချောက တုတု မျက်နှာလေးကိုကြည့်ပြီး ငြိမ်ငြိ နားထောင်နေသည်။ တုတုကတော့ ရင်ဆိုင်နေရပြီ ဖြစ်သော ပြဿနာတွေကို လူချောနဲ့တွေ့မှပဲ အတိုးချပြီး ရင်ဖွင့်ရဲသည်ဖြ ရာ ဆက်တိုက် ပြောပြနေမိတော့သည်။ တုတုမှာ ကျောင်းနေ ဖက်သူငယ်ချင်းတွေရော၊ ကိုယ့်အသိုင်းအဝိုင်းထဲက သူငယ်ချင် တွေရော အများကြီး ရှိပေမဲ့ လူချောနဲ့ ပတ်သက်ပြီး ဖွင့်တော မပြောချင်။

သူငယ်ချင်းချင်း တရင်းတနှီး ပေါင်းကြသည်ဆိုပေ အပြိုင်အဆိုင်လေးတွေကလည်း ရှိသည်ဖြစ်ရာ ကိုကြီးနဲ့တုန်းက တော့ တုတု သူငယ်ချင်းအားလုံးကို အသိပေးပြီး မိတ်ဆက်ပေး လေသည်။ ဒါပေမဲ့ လူချောကိုတော့ တုတု ခေါ်ထုတ်မသွားရဲပါ





လူချောကို တုတု ချစ်နိုင်သည် မှန်သော်လည်း သိစိတ်ထဲမှာတော့ သူဟာ ကိုယ်နဲ့ အဆင့်အတန်းချင်း သိပ် နေတယ်။ ဒီတော့ ကိုယ့်အသိုင်းအဝိုင်းမှာ ချပြလို့မဖြစ်ဘူး။ အပြင် တုတုရဲ့တရားဝင်ချစ်သူဟာ ပြည့်စုံမင်းလို့ လူသိထား ဖြစ်ပါရက် တုတု နောက်တစ်ယောက် ထပ်တွဲတယ်ဆိုပြီး ခံရမှာကိုလည်း ကြောက်သေးသည်။

"တုတု ထင်ထားတာက ကိုကြီးဟာ သူ့ကိုသစ္စာဖောက် သွားတယ်ဆိုတာ သိလိုက်ရင် တုတုကို စိတ်ဆိုးပြီးလမ်းခွဲ မယ်လို့ ထင်ထားတာ လူချောရယ်။ အခုတော့ မဟုတ်ဘူး။ သူက အရွဲ့တိုက်တာလား၊ အနိုင်ပိုင်းတာလား မသိဘူး။ တုတုကို လက်ထပ်တော့မယ်ဆိုပြီး မင်္ဂလာဆောင်ကို စ,စီစဉ်နေပြီ၊ အမေတို့ကလည်း တုတု သဘောထားကို တောင် မမေးတော့ဘဲ ချက်ချင်း တက်တက်ကြွကြွ စပြီး လုပ်နေကြပြီ သိလား"

"ပြည့်စုံမင်းက တုကို သိပ်ချစ်လို့ ဒီလိုလုပ်တယ်လို့ တု ထင်လား"

"မထင်ပါဘူး၊ သူ တုတုကိုချစ်တော့ ချစ်တယ်၊ ဒါပေမဲ့ သူက သူ့သိက္ခာတွေ၊ သူ့ဂုဏ်တွေကို ပိုချစ်တယ်လို့ တုတု ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"တုကရော"

တုတု လူချောကို မျက်စောင်းတစ်ချက်ထိုးရင်

"မေးနေစရာလား တု၊ သူ့ကို တကယ်ချစ်ရင် အ

လူချောကို ချစ်လာစရာတောင် မရှိဘူး"

"မသိဘူးလေ၊ စိတ်ကစားပြီး ရည်းစားထားသလာ

ပါ"

"လူချောရာ နောက်မနေပါနဲ့။ တု အခု အရမ်းစိတ်

နေတယ်၊ ဘာလုပ်ရမှန်းလဲ မသိဘူး။ တု လူချေ

ချစ်တယ်၊ ကိုကြီးကို မချစ်ဘူးဆိုတာ အခုမှ တဖြည်း

သိလာပြီ"

"ကိုယ့်မှာ ပေးစရာ အကြံတစ်ခုပဲ ရှိတယ်။ တု ကို

လိုက်ခဲ့၊ ဒါပဲရှိတယ်လေ။ ဘာကြောင့်လဲဆိုတော့ တ

လူ့ကို မယူရအောင် တိုက်ယူလို့ရတယ် ထားဦး။ ကို

တုမိဘတွေက လက်ခံပြီး သဘောတူအောင်တော့ ဘ

မှ လုပ်လို့မရဘူး။ ကိုယ်သိတယ်လေ၊ ကိုယ်က ထ

နပ်မှန်အောင်တောင် မနည်းရှာစားနေရတဲ့ ကောင်

ဒီတော့ တုနဲ့ ကိုယ့်ဘဝက အဝေးကြီး။ တု သတ္တိရှိမှ

ခဲ့ပါ။ ကိုယ် အတင်းအကျပ် မခေါ်ပါဘူး။ တု

နောက်လိုက်မလာခဲ့ရင်လည်း ကိုယ် အပြစ်မတင်ပါ





တုတုမှာ ဘော်တော့်ကို စဉ်းစားရ ကျပ်သွားပါသည်။ တုတု အခုချိန်မှာ တစ်ခုပဲ သိသည်မှာ လူချောကို တုတု အပ်ချစ်ရသည်ဆိုတာပဲ ဖြစ်သည်။ တုတု သူ့ကိုမခွဲချင်။ ဒါပေမဲ့ အခုအခြေအနေမှာ လူချောဟာ ဘာမှမရေမရာနဲ့ အလုပ်လည်း သေသေချာချာ မရှိတာမို့ လက်မထပ်ချင်သေး။

တုတု ဘာသာ စိတ်ကူးထဲမှာ စဉ်းစားထားတာက တော့ လူချောကို ငွေအရင်းအနှီး ထုတ်ပေးပြီး ကိုယ်တိုင်ကား ဝယ်ရောင်း အရင်လုပ်ခိုင်းမည်။ ရသောအမြတ်တွေစုပြီး လူချော ကိုယ်ပိုင်အဖြစ် သာမန်အိမ်ခန်းလေးဖြစ်ဖြစ် ဝယ်ခိုင်းမည်။ ငွေ အရင်းအနှီးတွေ ထပ်ထုတ်ပေးပြီး အိမ်ခန်းတွေ ဝယ်လိုက် ရောင်းလိုက်ဖြင့် စီးပွားရေး လုပ်ခိုင်းမည်။ တုတုတို့နှစ်ယောက် သုံး ငယ်သေးတာမို့ အခုတော့ လက်မထပ်ကြသေးဘဲ လူချော ကိုသာ လူမြင်သူမြင်ကောင်းအောင် စီးပွားရေး လုပ်ခိုင်းမည်။ သူတုကလည်း သင်ပေးပြီး ရောင်းတတ် ဝယ်တတ် စီးပွားရှာ တတ်လာအောင် လုပ်ပေးမည်။ တုတုတို့လောက် မချမ်းသာလာ ရင်တောင် လူတော သူတောထဲ တိုးဝင်ပြရဲတဲ့ အဆင့်လေးလောက် ဖြစ်လာရင် မဆိုးပါ။ ဒါဆို အဖေအမေတို့ကလည်း ခါးခါးသီး သီး ပယ်ချကြမည် မထင်ပါ။ အသက်သုံးဆယ်ရောက်မှဖြစ်ဖြစ်၊ အသက်သုံးဆယ်ကျော်ရင်လည်း ကျော်မှဖြစ်ဖြစ် နှစ်ယောက်အတူ နေခွင့်ရလည်း နေမည်ဟု တုတု စိတ်ကူးယဉ်ထားခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ အခြေအနေတွေက မထင်မှတ်ဘဲ မျှော်
လင့်သလို ဖြစ်မလာခဲ့ပါ။

"တုကို လူချောက လိုက်ခဲ့ပါသာ ခေါ်တာ။ တုက ဘယ်
မှာနေရမှာလဲ"

"ရွာမှာ ပြန်နေကြမှာပေါ့။ ရွာမှာတော့ ကိုယ်က မနေ
လို့သာ ရန်ကုန် တက်လာတာပါ၊ တကယ်တော့ ကို
လုပ်တတ်တဲ့ အလုပ်ချည်းပဲဆိုတော့ ကိုယ့်အတွက်အ
မရှားပါဘူး"

"ဘာအလုပ်တွေလဲ"

"သူများ လယ်တွေ ယာတွေ အငှားစိုက်ရတာပေါ့၊ ကို
တို့မှာ အပိုင်တော့ မရှိဘူးလေ။ ဒါပေမဲ့ ရွာမှာ အိမ်
တော့ရှိပါတယ်။ အဘိုးအဘွားတွေ လက်ထက်က
ခဲ့တဲ့ မြေကို အမေ အမွေရတယ်လေ။ အဲဒီပေါ်မှာ တဲ
အကြီးကြီးပေါ့ ဆောက်ပြီးနေတာ။ ဒီတော့ နေစရာ
ဘူးပေါ့။ တု ကြာရင်လည်း နေတတ်သွားမှာပါ"

"လယ်ယာတွေ မစိုက်ဘဲ ဆိုင်ဖွင့်ပြီး စီးပွားရှာရင်

"ဟား ဟား ... ရှာချင်တာပေါ့ဗျာ။ အရင်းအနှီးက
တော့ မမှန်းရဲဘူး။ ကိုယ့်မှာလည်း စိတ်ကူးတော့
တယ်၊ ဒါပေမဲ့ ငွေအရင်းအနှီး မရှိတော့ မလုပ်ရဲဘူး





အမေတို့ကတော့ တစ်သက်လုံး ဒီလိုပဲ လယ်ယာလုပ်ငန်း
လုပ်လာတာဆိုတော့ အဲဒါမျိုးကို စွန့်စားပြီး မလုပ်ရဲဘူး၊
သူ များဆီက ပိုက်ဆံချေးပြီး အရင်းအနှီးလုပ်ရင် ရပေမဲ့
ဆုံးရှုံးသွားမှာကို ကြောက်ကြတာ"

တုတု ရင်ထဲမှာ လေးပြီးမောသွားသည်။ မွေးက
တည်းက ရန်ကုန်မှာမွေး၊ ရန်ကုန်မှာ ပညာသင်၊ ရန်ကုန်မှာပဲ
ကြီးပြင်းလာခဲ့ရသော တုတု အတွက် ရွာမှာလိုက်နေ ဆိုသော
စကားသည် တော်တော့်ကို စဉ်းစားစရာ ဖြစ်လာသည်။

"ရွာက ဘယ်မှာရှိလဲ"

"မိတ္ထီလာဘက်မှာ ရှိတာ တုရဲ့"

ရည်းစားဖြစ်တာပဲ လနဲ့ချီနေပြီ။ တုတု တစ်ခါမှ
သူ့ရွာရဲ့ မွေးရပ်မြေရွာဟာ ဘယ်မှာရှိသလဲဆိုတာ မမေးကြည့်
ခဲ့ပါ။

ဒါ အခုမှ ပထမဦးဆုံး စ,မေးဖူးတာ ဖြစ်ပါသည်။

"ဩော် ... မိတ္ထီလာ ဆိုတော့ မဆိုးပါဘူး"

"မိတ္ထီလာက မြို့လေ တုရဲ့။ ကိုယ်တို့က ရွာမှာနေတာ။
မိတ္ထီလာကနေ ဆက်သွားရင် မိုင်(၃၀)လောက် ဝေးတဲ့ရွာ
ပေါ့။ ရွာကတော့ အကြီးကြီးပါ၊ သူ့ဟာနဲ့သူတော့လည်း
ပျော်စရာ ကောင်းပါတယ်၊ နေလို့ရလို့ပဲ လူတွေနေနေကြ



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့။ ရွာမှာနေတယ်ဆိုပေမဲ့ ဖုန်းနဲ့၊ တီဗီတို့ ဗီစီဒီတို့နဲ့ ခေတ်မီပါတယ်”

“လူချောကျတော့ မနေဘဲ ရန်ကုန် ထွက်လာတာ”

“ဒါက ကိုယ့်အကြံနဲ့ကိုယ်ပါ။ ရန်ကုန်မှာ အလုပ်လာရှာရင် ပိုများပိုက်ဆံရမလားလို့ပါ။ လူငယ်လေ။ လူငယ်စိတ်နဲ့ဆိုတော့ ရန်ကုန်ကို အထင်ကြီးတာပေါ့”

“တု စဉ်းစားဦးမယ်”

“ရပါတယ် တု သဘောပါ။ ကိုယ့်ကို အဲဒီအတွက် အဖြေပေးချင်မှပေးပါ။ ကိုယ် နားလည်ပါတယ်”

တုတု စိတ်မကောင်းဖြစ်ပြီး လူချောကိုမဲကာ –

“ဒါဖြင့် တုကို ဘာလို့ လာချစ်သေးလဲ။ ချစ်ရင် ဘယ်သူမဆို ကိုယ့်ချစ်သူနဲ့ ပေါင်းချင်တာပဲ မဟုတ်ဘူးလား”

ဟု ထုရိုက်ပြီး စိတ်ကောက်ရန်လိုမိပြန်သည်။

“ကိုယ်ကတော့ တုနဲ့အတူနေချင်တာပေါ့၊ ဒါပေမဲ့ တုစိတ်မပါပဲနဲ့တော့ အတင်းမခေါ်ချင်ဘူးလေ။ ချစ်သူနဲ့ ပေါင်းတာကို မပျော်ဘဲ စိတ်ဆင်းရဲနေရမှာကို မမြင်ချင်ဘူး တုနဲ့ ကိုယ့်ဘဝက အဆင့်တွေအများကြီး ကွာလွန်းတော့ ကိုယ် တုကို ချစ်ခဲ့ချိန်မှာ တု ကိုယ့်ကိုပြန်ချစ်လာမယ်တောင် မမျှော်လင့်ခဲ့ပါဘူး၊ တု ကိုယ့်ကို ပြန်ချစ်မှန်း သိ





ရတဲ့အခါ ကိုယ့်ကိုယ်ကိုယ် အမြဲပြန်မေးနေမိတယ်၊ ငါ အိပ်မက်များ မက်နေသလားလို့လေ”

တုတုသည် နောက်ဆုံးတော့ ကြံရာမရဖြစ်ပြီး ...လာကိစ္စစီစဉ်နေသော အမေ့ကိုသာ တိုက်ရိုက်တွေ့ပြီး တား...က်ဖို့ စိတ်ကူးမိပြန်သည်။ ဆိုင်ကပြန်လာပြီး ရေမိုးချိုး၊ ...တ်လဲပြီးတာနဲ့ အရင်ကလို နွားနို့တစ်ခွက်သောက်ပြီး မနား...ဘဲ အိမ်ရှေ့ဧည့်ခန်းမှာ လာပြထားသော လက်ဝတ်လက်... အသစ်တွေ ထိုင်ရွေးနေသည့် အမေ့နား လာထိုင်လိုက်သည်။

စိန်ရွှေရတနာရောင်းသူတွေက တုတုတို့လို ဝယ်နေ... ယုံကြည်စိတ်ချရသော သူဌေးတွေဆိုလျှင် ဒီဇိုင်းအဆန်းထုတ်...ဆိုတာနဲ့ လေးငါးဆယ်မျိုးလောက် ဘူးလိုက် ဘူးလိုက် သယ်...ပြီး အိမ်မှာ လာထားသွားကြသည်။ မဝယ်သေးဝါဘူးပြော...ည်း မရ၊ အတင်းထားသွားကာ မဝယ်၊ ဝယ်အောင်လည်း ...ယ်တတ်သေးလေသည်။ အမေကတော့ မိန်းမပီပီ ပစ္စည်းအသစ်...းတွေကို စိတ်ဝင်တစား တစ်ခုချင်း ထုတ်ကြည့်နေသည်။

“သမီး မင်္ဂလာဆောင်မယ် သတင်းကြားတာနဲ့ ချက်ချင်းကို ရောက်ချလာပြီး ပစ္စည်းအသစ်တွေ လာပြတော့တာပဲ။ တတ်နိုင်တဲ့သူတွေပဲ ကိုယ့်ပစ္စည်းပဲ ကိုယ်ဝတ်ပေါ့တဲ့။ အသစ်ဒီဇိုင်းတွေ ဝယ်ဝတ်ပါတဲ့။ အရင်ဆုံး ဝယ်ဝတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သူမို့ လျှော့ပေးပါမယ်တဲ့။ အပြောကတော့ ညွှန့်နေတာပဲ သိလား"

အမေက တုတုကို လှည့်မကြည့်ဘဲ စိန်နဲ့ခရမ်းဆွဲ ရောပြီး ထွင်ထားတဲ့ ဘယက်ကို ယူကြည့်နေသည်။

"မောင်ပြည့်အမေက သားနဲ့ သမီးကို ငွေမင်ရောင်လေး ဆင်ကြရအောင်လား ပြောတော့ ဒီစိန်ခရမ်းဆွဲလေးနဲ့ပဲ လိုက်မလား။ စိန်နဲ့ ရွှေတွင်းဝါလေးပဲ လိုက်မလား မသိဘူး"

"အမေ ... အမေ"

တုတု ရုတ်တရက် အသံပြုလိုက်သဖြင့် အမေပင် လန့်တုန်သွားပြီး ...

"ဟယ် ... တုတုရယ်၊ ဖြည်းဖြည်းခေါ်ပါဟယ်၊ ဘယ့်နှယ် အလန့်တကြား"

ဟု ရင်ဘတ်ဖိရင်း ပြောပါသည်။

"တုတု လက်မထပ်ချင်သေးဘူး အမေ၊ အဲဒါ ပြောမလို့"

"ဟဲ့ ... ဘာဖြစ်ရပြန်တာလဲ။ သမီးတို့ပဲ တိုင်ပင်ပြီးကြ လို့ မောင်ပြည့်က သူ့အမေကို စီစဉ်ပါတော့လို့ စ,ပြောတာ မဟုတ်လား"

"တုတု သဘောကို မမေးဘဲ ကိုကြီး ဘာသာ ပြောတာပါ"





"ပြောတော့လည်း ဘာဖြစ်လဲ။ တစ်နေ့ ယူကြမဲ့သူတွေ ပဲ၊ အခု ယူလိုက်တော့လည်း ဘာဖြစ်လဲဟယ် တုတုရယ်။ နင်ဟာလေ စိတ်ရှုပ်စရာမရှိ ရှာကြံရှုပ်ရတယ်လို့"

"မဟုတ်ဘူး အမေ။ တုတု စဉ်းစားပြီးပြီ တုတု ကိုကြီး ကို ဘယ်တော့မှ မယူချင်ဘူး"

"ဟဲ့ ..."

အမေ အော်ချလိုက်သံမှာ တုတုကို ပြန်၍တုန်လှုပ် သွားရပါသည်။ အမေ့အော်သံကြောင့် တုတု ချက်ချင်းသိလိုက် ၏ တုတု ကိုကြီးကို ဘယ်လိုမှ ငြင်းလို့မရနိုင်တော့ဘူးဆိုတာပင်။

"ပြော ... ပြော ... ဘာဖြစ်ရပြန်တာလဲ ပြောပါဦး၊ ဒီလူ နဲ့ဒီလူ ရည်းစားအဖြစ် တွဲနေပြီးမှ မယူတော့ပါဘူး၊ ပြော ရင် အကြောင်းတော့ ရှိရမယ်၊ ဘာအကြောင်းပြချက်နဲ့ ငြင်းမလဲ ... ပြော"

အမေ အော်လို့မဆုံးသေး။ TV ရှေ့ထိုင်ပြီး CNN သတင်းကြည့်နေသော အဖေပင် ဒီဘက်လှည့်လာပြီး ...

"တုတု ဘာဖြစ်နေတာလဲ သမီး။ အဲဒီလို ရှုပ်ရှုပ်ယှက်ယှက် မလုပ်နဲ့လေ။ ဒီအသိုင်းအဝိုင်းထဲမှာ မိဘလည်းသိက္ခာကျ မယ်၊ သမီးလည်းသိက္ခာကျမယ်။ ပြည့်စုံမင်းနဲ့ တုတု အကြောင်းကို ဒီအသိုင်းအဝိုင်းထဲက လူတွေအကုန်လုံး



www.burmeseclassic.com

www.burmeseclassic.com



သိထားပြီးပြီလေ။ ဒီစုံတွဲ တစ်နေ့ကျရင် လက်ထပ်မှာပဲ လို့ လူတိုင်းတွေးထားပြီးပြီ၊ ဒီတော့ ဘာအကြောင်းကြောင်း ပဲဖြစ်ဖြစ် ဖျက်ဖို့မသင့်တော့ဘူး"

တုတု ခေါင်းပင်ပို၍ ကျုံ့ဝင်သွားသလို ခံစားလိုက် ရပါသည်။

"ဘာဖြစ်နေတာလဲ တုတု။ ပြည့်စုံမင်းနဲ့ ခဏတစ်ဖြုတ် စိတ်ကောက်လာတယ်ဆိုလည်း မင်္ဂလာပွဲ ဖျက်မယ်တွေ ဘာတွေ ပြောတဲ့အထိတော့ မဖြစ်သင့်ဘူးနော်"

"တုတုက စောသေးတယ်ထင်ပြီး စိတ်မပါတာကို သူ့ဆ အရင်ဦးအောင် စီစဉ်လို့ပါ"

တုတုမှာ အဆင်ပြေအောင် ကြည့်ကျက်ငြင်းပြီး လျှောချလိုက်ရလေသည်။ အဖေကိုတော့ တုတု ကြောက်လေသည်။ အမေ့လို ဂျီကျပြီး မပြောရဲ။

"မေတင့် ... မင်း,သမီး ရှူးသလို ပေါ်သလိုနဲ့ လျှောက် ပြောနေတာ နားထဲမထည့်နဲ့။ မင်းဘာသာ လုပ်စရာရှိတာ လုပ်။ ဟိုတယ်မှာ date ယူတာ ဘယ်ရက်တဲ့လဲ၊ အဲဒါ တုတု သိထားအောင် ပြောလိုက်ဦး"

အမေက ရက်တစ်ရက်ကို ပြောပြနေသည်။ သိပ်မနီး မဝေးသောရက်ကို တုတု သေချာစွာ မှတ်ထားလိုက်ပါသည်။





ဘာကြောင့်လဲဆိုတော့ တုတု ဘဝအတွက် စိတ် ...မ်းသာဆုံး ဖြစ်မယ်ထင်သော တစ်စုံတစ်ခုကို တုတု အမြန် ... ဆုံးဖြတ်ရတော့မှာမို့ပင်။ ဘဝဆိုတာ ဘာလဲ။ ဒီလိုပဲ တစ် ...တ်တည်း သွားနေပြီး တစ်နေ့ကျ ဒါပဲဖြစ်ရမယ်ဆိုပြီး ပုံသေ ...ကြီးနဲ့ တွက်ထားတဲ့ ပုစ္ဆာတစ်ပုဒ်လား။ ဒါမှမဟုတ် အဲဒီ ...သနည်းအတိုင်း မတွက်ခဲ့ရင် ဘယ်လိုဖြစ်လာမလဲ။



www.burmeseclassic.com

www.burmeseclassic.com



# ၁၉

လူချောသည် တက္ကစီပေါ်မှ ဆင်းလာသော တုတု ကို ပြေးပွေ့ရှုပင် ကြိုမိသည်။ အဝေးပြေးကားဂိတ်လို လူစည် ကားလှသော နေရာမှာလည်းဖြစ်ရာ ရုပ်ရှင် ဗီဒီယိုတွေထဲက ဇာတ်လိုက်မင်းသား၊ မင်းသမီးလိုပဲ တစ်ယောက်နဲ့ တစ်ယောက် မျက်နှာချင်းဆိုင် ပြေးလာပြီး ပွေ့ဖက်လိုက်ကြခြင်းကို အားလုံး သတိထားကြည့်မိကြလေသည်။

တုတုသည် မရှက်နိုင်တော့ဘဲ လူချော၏ရင်ခွင်ထဲ မျက်နှာအပ်ထား;မိသည်။

"တု လာသားပဲ၊ ကိုယ်က တု လာမှလာပါ့မလားလို့"

"တုကလည်း လာသာလာရတယ် လူချော စောင့်မှစောင့် ပါ့မလားလို့လေ"





"ကဲ ... အခုတော့ အမောတွေ ပြေသွားပြီ မဟုတ်လား"

"မပြေသေးဘူး"

"ဘာဖြစ်လို့လဲ"

"လူချောရဲ့ အမေအိမ်ကိုရောက်မှ ပြေမယ်ထင်တယ်"

"ဒါဖြင့် ...လာ၊ ကိုယ် ကားလက်မှတ်ဝယ်ပြီးနေပြီ။ ကား လည်းဂိတ်မှာရောက်နေပြီ၊ သွားလိုက်ကြရအောင်နော်"

လူချောက တုတု ပါလာသော အသစ်စက်စက် gage အလတ်စားလေးကို ကိုင်းထုတ်ကာ လက်ကဆွဲလာ လို ကျန်ပခုံးတစ်ဖက်မှာတော့ သူ့အဝတ်အစား အသုံးအဆောင် ထည့်သော ခရီးဆောင်အိတ်ကို ပခုံးမှာ လွယ်လာပါသည်။ တုက သူမကိုင်နေကျ Gucci တံဆိပ် လက်ကိုင်အိတ်ကြီး ဆောင်မှာချိတ်၊ နေကာမျက်မှန် အကြီးကြီးတပ်ကာ လူချော ာက်မှ အားကိုးတကြီး ပါလာခဲ့သည်။

လူချောနောက်ကို လိုက်သွားခဲ့ပြီဆိုသော စာတစ် ဆောင်ကို အသိပေးရုံရေးကာ စာအိတ်နဲ့ပိတ်ပြီးလျှင် ဆိုင်က ဝန် မ်းကောင်မလေးထဲက တုတု စိတ်ချသော တစ်ယောက်လက် ထည့်ခဲ့သည်။

"အစ်မ ဒီနေ့ နေ့လယ်တည်းက ဆိုင်ကို ညီမတို့နဲ့ပဲထား ခဲ့မယ် သိလား။ ညရှစ်နာရီခွဲထိ စောင့်မနေနဲ့။ ခုနစ်နာရီ



www.burmeseclassic.com

www.burmeseclassic.com



ခွဲလောက်မှာ ပိတ်လိုက်ကြတော့နော်။ အစ်မ သွား...
လေးရှိလို့ ဟုတ်ပြီလား"

အားလုံးကိုတော့ ဒီလိုပဲ မှာခဲ့ကာ စာအိတ်လေး...
ခဲ့သော စပယ် ဆိုတဲ့ မိန်းကလေးကိုတော့ ...

"ဒီစာကို စပယ်ပဲ ဦးပြည့်စုံမင်း ရုံးခန်းကို ဖုန်းဆက်...
ပြီး လာယူခိုင်းလိုက်ပါနော်။ အခု မဟုတ်သေး...
ဦးပြည့်စုံမင်း ရုံးခန်းက ခြောက်နာရီထိ ဖွင့်တာဆို...
ခြောက်နာရီ မထိုးခင် ဆယ့်ငါးလောက်ကျမှ ဖုန်းဆက်...
ခေါ်ပေးလိုက်။ အကယ်၍ ရုံးခန်းဖုန်းခေါ်မရရင် သူ့...
ဖုန်းကို ခေါ်လိုက်နော် စပယ်။ အစ်မ ပေးခဲ့တဲ့စာကို ...
အချိန်လောက်မှ ဦးပြည့်စုံမင်း ဖတ်ရစေချင်တယ်"

ဟု အသေအချာ မှာကြားခဲ့ပါသည်။ မိန်းကလေး...
ပီပီ ဘာတွေဖြစ်ကြတာလဲလို့ စပ်တော့စပ်စုချင်ပုံရပေမဲ့ စပယ်...
မမေးပါ။

တုတုကတော့ ဆိုင်ကနေ နေ့လယ်တစ်နာရီထိုး...
နီးမှာ ထွက်လာလိုက်သည်။ အားလုံး ထားခဲ့ပါသည်။ ကားလည်း...
ထားခဲ့ကြောင်း သိစေချင်၍ အလုပ်စားပွဲထဲမှာ သော့ကို...
သည်။ ဟန်းဖုန်းကိုလည်း ထားခဲ့သည်။ တုတု ကိုယ်ပိုင်ရှိ...
ငွေဆယ်သိန်းကိုသာ ကိုင်နေကျအိတ်ထဲ ထည့်လာသည်။ ...





...ယ် ဆိုင်က ထွက်လာတော့မှ အဝတ်အစားထည့်သေတ္တာ ဆိုင်
...ဝင်၍ Luggage (လက်ဂေ့ချ်)အလတ်စားလေးဝယ်ပြီး အဲဒီထဲ
...တု အသုံးလိုမယ် ထင်တာတွေ တစ်ခါတည်း ဝယ်ထည့်လာ
...သည်။ အိမ်က ဘာအဝတ်အစားမှလဲ မသယ်လာ၍ ပလာဇာထဲ
...ရှိသော ဆိုင်တွေက အဝတ်အထည်တွေသာ ဝယ်ထည့်လိုက်သည်။
...တုတု ကိုယ်ပိုင်ဆိုင်က ဝတ်စုံရှစ်စုံလောက်လည်း လက်ကိုင်အိတ်
ထဲ ယူထည့်လာဖြင့် အဲဒါပါ ရောထည့်တော့ အားလုံး ဆယ်စုံ
ကျော်ကျော်ရှိမည်။ ကျန်ရှာက သုံးနေကျ Head & Shoulder
ခေါင်းလျှော်ရည်ပုံတို့၊ မျက်နှာသုတ်ပဝါတို့၊ သွားပွတ်တံနဲ့ သွားတိုက်ဆေးတို့၊
Revlon မိတ်ကပ်ရည်တို့ ဝယ်ထည့်လာသည်။ အမြဲကိုင်နေကျ
လက်ကိုင်အိတ်ကြီးထဲမှာတော့ ခေါင်းဖြီးသော ဘီးရုပ်ရှုံအသေးတစ်
ခုရယ် Elizabeth Arden ကထုတ်သော ' 5th Avenue ရေမွှေး
ပုလင်းရယ်၊ Revlon colorstay နှုတ်ခမ်းဆိုးဆေးနှစ်တောင့်ရယ်၊
L'oreal မိတ်ကပ်ဘူးလေးရယ်ကတော့ အမြဲပါနေကျဖြစ်သည်မို့
ထပ်ဝယ်စရာမလို။ ဒါနဲ့ပဲ လူချောနဲ့ချိန်းထားရာကို သေတ္တာတစ်
လုံးဆွဲပြီး အငှားကားဖြင့် ထွက်လာခဲ့တော့တာဖြစ်သည်။

"တု ပြတင်းပေါက်မှာ ထိုင်နော်၊ ကားက air con ကား
ဆိုပေမဲ့ သိပ်မအေးတတ်ဘူး၊ အထဲဘက်ဆို လှောင်ပြီး
ကားမူးလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



တုတုကို ပြတင်းပေါက်ဘက် ပေးထိုင်သဖြင့် တုတ
ဝင်ထိုင်လိုက်သည်။ လှချောက တုတုနဲ့ သူ့ရဲ့အိတ်တွေ သေတ္တာ
တွေကို အပေါ်ဘက်စင်ထဲ ထိုးထည့်နေသည်။ အဝေးပြေးကာ
ကြီးနဲ့ သွားဖူးတာဆိုလို့ တက္ကသိုလ်တက်တုန်းက သူငယ်ချင်
တွေနဲ့ အပျော်ဆိုပြီး လှစုကာ ကျိုက်ထီးရိုးဘုရားဖူး တစ်ခါသ
ထွက်ဖူးသော တုတုသည် ကျိုက်ထီးရိုးထက် ပိုဝေးသော ဒေ
တစ်ခုကို အကြာကြီးသွားရမည့်အတွက် ဘယ်လိုများ နေမလဲ
တွေးနေမိသည်။

"ရန်ကုန်နဲ့ သိပ်မဝေးသေးရင်တော့ သိပ်လည်းမပူသေးဘူ
ဖုန်လည်း မထူသေးဘူး တုရဲ့။ ရန်ကုန်နဲ့ အရမ်းဝေးလာ
မှ ပူလာတာ။ တု သိမှာပါ။ မိတ္ထီလာဘက်ကတော့ ပို
တယ်လေ"

"လှချောတို့ရွာမှာ မီးရလား"

"မီးကတော့ မရှိဘူး၊ ဒါပေမဲ့ ပိုက်ဆံချမ်းသာတဲ့ အိမ်တွေ
က မီးစက်မောင်းပြီး မီးသွယ်ပေးတယ်။ အိမ်တစ်အိမ်မှာ
မီးချောင်းတစ်ချောင်းစာ သုံးမယ်ဆိုရင် တစ်ရက် ဘယ်
လောက်ပေါ့၊ ပိုက်ဆံပေးရင်တော့ မီးရတာပေါ့"

"လှချောတို့အိမ်မှာရော"

"ကိုယ်တို့အိမ်မှာက ဘက်ထရီမီးပဲ သုံးတယ်"





"ရေ ဘယ်ကရလဲ"

"ရေတွင်းမှာ သွားခပ်ပြီး ကိုဖုံအိမ်မှာရှိတဲ့ စဉ့်တွေ၊ စည်
တွေထဲ ဖြည့်သုံးတာပေါ့"

"သောက်ရေရော"

"သောက်ရေလည်း အဲဒီတွင်းရေပဲပေါ့၊ ဒါပေမဲ့ အမေက
စည်းကမ်းရှိပါတယ်၊ သောက်ရေအတွက်ဆို ကျိုပြီးမှ
သောက်တယ်"

တုတု ရင်ထဲမှာ မတွေ့ကြုံဖူးသော အတွေ့အကြုံ
သစ်တစ်ခုအတွက် လန့်တော့ လန့်နေသည်။ ဒါပေမဲ့ လှချော
က်ကို တွဲထားရတော့လည်း ပျော်ပြီး ဘာပဲဖြစ်ဖြစ် ရင်ဆိုင်
ယ်ဆိုသော အတွေးက ဝင်လာပြန်သည်။

တုတုမှာ ပါလာသော တုတုကိုယ်ပိုင်ငွေ ဆယ်သိန်း
ယ်၊ သုံးသိန်းလောက်တန်သည့် လက်ပတ်နာရီရယ်၊ ပလက်တီ
နဲ့သာ ခတ်ထားသော ပါးပါးလက်လက် စိန်ထည်လေးတွေ
ယ် အတွက်တော့ တုတုမှာ မြဲနေမယ်လို့ သိပ်မမျှော်လင့်ပါ။
တု အမြဲဝတ်နေကျ စိန်သေးသေးလေးတွေ စီထားသော
က်တီနမ်နဲ့ လုပ်ထားတဲ့ နားကွင်းတစ်ရန်၊ ပလက်တီနမ်
ကြိုးပျော့လေးနဲ့ တွဲဝတ်ထားသော အသည်းပုံ စိန်လော့ကတ်
သေးလေး၊ စိန်ဟန်းချိန်းပျော့လေးနှင့် လက်ခလယ်မှာ စွပ်ထား



www.burmeseclassic.com

www.burmeseclassic.com



သော နှစ်တန်းသွားစိန်လက်စွပ်တို့သည် အမှန်တော့ မိဘဆ
တာပေမဲ့ တုတု မထင်ဖြစ်ခဲ့ပါ။ တုတု မိဘတွေအတွက်
ပစ္စည်းလောက် ပါသွားတာကို အရေးတယူရှိမယ်မထင်

သမီးနှစ်ယောက်ရှိရာမှာ တစ်ယောက်ကို
လောက်စီ လက်ဝတ်လက်စား ဘူးလေးတွေ ပေးထားပြီး
ဝတ်ဖို့ တစ်စုံကိုလည်း ဆင်ထားပေးသည်ဖြစ်ရာ တုတုက
သွားသော လက်ဝတ်လက်စားကြီးတွေတော့ ယူမလာခဲ့ပါ
ဝတ်နေကျလေးတွေသာ မချွတ်တော့ဘဲ ဝတ်လာတာ
အကြောင်းရှိပါသည်။

လူချောတို့ အခြေအနေကို လူချောပြောသ
ထောင်ရတာနဲ့တင် ရွာမှာနေရသော အခြေအနေက သိပ်
ကြောင်း သိနေ၍ပင်။ တချို့လည်း ရွာမှာနေတာပေမဲ့
တွေနဲ့ ယှဉ်နိုင်တဲ့အထိ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝ
(မြို့ကလူတွေ အခေါ်အရ) တောသူဌေးတွေလည်း ရှိ
တုတု သိပါသည်။ လူချောတို့က တောသူဌေးအဆင့်
အလယ်အလတ်အဆင့်မှာတောင် ရှိပုံမရ။

တုတုကတော့ ကိုယ်ချစ်၍သာ သူ့နောက်
ပြီး လိုက်လာတာပေမဲ့ သူများထက် အောက်ကျပြီး
ရဲရဲ မနေလိုပါ။ ဒီတော့ တုတု ဒီပစ္စည်းလေးတွေ ထုချ





ပြီး စီးပွားရေးတစ်ခုခုတော့ လုပ်ရမည်ဟု ကြိုတင်တွေးထား၍
ဆင်ဝတ်လာတာလည်းဖြစ်သည်။ တုတုသည် တွေးရင်း ငေးရင်း
မျက်လုံးတွေ စင်းလာပြီး ခေါင်းထဲ မူးရီရီဖြစ်လာသည်။

လူချော ပခုံးပေါ် ခေါင်းကိုမှီချလိုက်မိသည်။

"တု ဘာဖြစ်လို့လဲ"

"အိပ်ချင်လာတယ်"

"အိပ်လိုက်လေ၊ ခဏအိပ်လိုက်"

"တု ညကတော့ ဒီနေ့အတွက် စိတ်လှုပ်ရှားပြီး သေသေ
ချာချာ အိပ်မပျော်ခဲ့ဘူး"

"ဩော် ... ဒါဆို ခဏအိပ်လိုက်ပေါ့"

"တု အရင်ကဆို အိပ်ရေးဘယ်လောက်ပျက်ပျက် နေ့ခင်း
ဘက် ပြန်မအိပ်တတ်ဘူး၊ အခုမှ ဘယ်လိုဖြစ်လာလဲ
မသိဘူး။ ခေါင်းထဲမှာ မူးပြီးအိပ်ချင်လာတယ်"

"ကားမူးတာလည်း ပါမှာပေါ့၊ ကဲ ... ကဲ ... အိပ်လိုက်
အိပ်လိုက်၊ တု ဘာမှစိုးရိမ်မနေနဲ့၊ ကိုယ်တစ်ယောက်လုံး
ရှိတယ်"

တုတုသည် လူချော၏ပခုံးတစ်ခြမ်းကိုမှီကာ မျက်
လုံး စုံမှိတ်ထားလိုက်ပါသည်။ လူချောက တုတု နောက်မှီခုံကို
သူ့လက်ဆန့်တန်းတင်ပြီး တုတု အိပ်ရတာ အဆင်ပြေပြီး



www.burmeseclassic.com

www.burmeseclassic.com



လုံခြုံအောင် ထွေးပွေ့ထားပေးပါသည်။ တုတု မျက်စိသာမှိတ်ထား ပေမဲ့ အိပ်၍မရပါ။ အိပ်လို့လည်း မပျော်ပါ။ တုတု အကျင့် ဒီလိုပဲ။ ဘယ်လောက် အိပ်ရေးပျက်နေနေ နေ့လယ်နေ့ခင်း ပြန်အိပ်လိုက်လို့မရဘဲ ညရောက်မှသာ နှစ်နှစ်ခြိုက်ခြိုက် အိပ် တတ်ပါသည်။ အဲဒါအပြင် အခုလို ခရီးသွားနေလျှင် ကား ဖြစ်ဖြစ်၊ ငြိမ့်ငြိမ့်ညောင်းညောင်း စီးရသော လေယာဉ်နဲ့ပဲဖြစ်ဖြစ် ဘယ်တော့မှ အိပ်မသွားတတ်ပါ။

အိပ်မပျော်သောအခါ အတွေးတွေက ရန်ကုန် ကျန်ခဲ့သော မိဘအသိုင်းအဝိုင်းဆီကိုသာ စိတ်ရောက်နေပါသည်။ အခုချိန်မှာ ညနေခြောက်နာရီတောင် ထိုးခဲ့ပြီးပြီဖြစ်ရာ ဖုန်းဆက်ခေါ်၍ ကိုကြီး လက်ထဲ စာရောက်ရောပေါ့။ စာ ဖတ်ပြီးရောပေါ့။ စာအိတ်တစ်အိတ်ထဲမှာ အဖေအမေအတွက် တစ်စောင်၊ ကိုကြီးအတွက် တစ်စောင် ရေးပြီး အတူတွဲထည့်ထား ခဲ့တာ ဖြစ်ပါသည်။

"ကိုကြီး ...

တုတု သတ္တိရှိရှိနဲ့ ဆုံးဖြတ်လိုက်ပါပြီ။ ကိုကြီး လက်မထပ်နိုင်ပါဘူး။ တုတု ချစ်တဲ့သူကိုပဲ လက်ထပ် မယ်၊ ဒါကြောင့် တုတု လူချောနဲ့ အဝေးတစ်နေရာ ထွက်သွားပါပြီ၊ တုတုကို မိုက်တယ်။ အချစ်ကို ကိုးကွယ် တယ်။ ဦးနှောက်မရှိဘူး ဆိုပြီး အပြစ်တင် ဝေဖန်နိုင်ပါ တယ်။

ကိုကြီးလည်း တုတု မမုန်းပါဘူး။ အစ်ကိုတစ် ယောက်လို ခင်မင်နိုင်ပါတယ်၊ ဒါပေမဲ့ ချစ်သူလိုတော့ မချစ်နိုင်တော့တဲ့အတွက် တုတု အခုလို ဆုံးဖြတ်လိုက်တာ ပါ။ အဖေနဲ့ အမေ့ကို စာတစ်စောင် ရေးထားပါတယ် ကိုကြီးကပဲ တစ်ဆင့်ပေးပေးပါနော်။

တုတု"

ဆိုသော ခပ်ရိုးရိုးရှင်းရှင်း စာတစ်စောင်ကို ဖတ် ရင် ကိုကြီး တော်တော့်ကို တုန်လှုပ်အံ့သြသွားမည် ထင်သည်။

"မင်း ဒီလောက် လုပ်ရဲလိမ့်မည် မထင်ဘူး"လို့ ဆဖန်နေမလား။

"စိတ်ကစားပြီး အပျော်လုပ်တယ်ထင်ပြီး စိတ်ချထားတာ တုတုရယ်"

ဆိုပြီး တအံ့တသြ ပြောနေလေမလား။ ကိုကြီးဟန် ဆောင်မဆောင်နိုင်ဘဲ စပယ်ရှေ့မှာပဲ ချက်ချင်းပေါက်ကွဲသွား ။ တုတု မှန်းဆမြင်ယောင်ကြည့်ရင်း ကိုယ့်အဖြစ်ကိုယ် သေလိုလိုတော့ ခံစားရသည်။ စပယ်ကတစ်ဆင့် ဝန်ထမ်း ောင်မလေးတွေ သိသွားရင် သူတို့ရဲ့ဆိုင်ရှင် သူဌေးမလေးဟာ







www.burmeseclassic.com

www.burmeseclassic.com



ချစ်သူအဖြစ် လှသီရှင်ကြား တွဲနေတဲ့ သူဌေးလေး ပြည့်စုံမင်း ကိုတော့ မယူဘဲ အလုပ်မရှိ အကိုင်မရှိ ယောကျ်ားတစ်ယော နောက်ကို လိုက်သွားတယ်ဆိုတဲ့ အဖြစ်ဟာ အတော်တော့ ရှ စရာကောင်းသား။ အေးလေ ... ရှက်စရာကောင်းတော့ ဘာဖြ သေးလဲ။ ငါ သူတို့နဲ့ ထပ်တွေ့စရာမှ မရှိတာ။

ကိုကြီးကတစ်ဆင့် အဖေ၊ အမေတို့ကို စာတော့ ခဲ့တာမို့ အဖေတို့ အမေတို့လည်း အခုလောက်ဆို ဖတ်ပြီးရော

"အဖေနဲ့ အမေ ...

တုတု ရှိသေစွာ ရှိခိုးကန်တော့ခဲ့ပါတယ်။ တု ကိုကြီးပြည့်စုံမင်းကို လက်မထပ်နိုင်ပါဘူး။ ဘာကြောင့် ဆိုတော့ တုတုမှာ ချစ်ရတဲ့သူတစ်ယောက် ရှိနေလို့ပါ

တုတု သူ့ကိုပဲ ချစ်ပါတယ်။ သူ့ကိုပဲ လက်တွဲ ပါတယ်။ ဒါကြောင့် သူနဲ့အတူတူ ဘဝကိုရုန်းကန် ထွက်သွားပါပြီ။ သူ့နာမည်က လှချော်ပါ။ သူ့အကြောင်း သိချင်ရင်တော့ ကိုကြီးပြည့်စုံမင်းကိုပဲ မေးကြည့်ပါ ကိုကြီး လှချော်ကို သိပါတယ်။ တုတု ဘာမှမယူသွား ဘူး။ အားလုံး ထားခဲ့ပါတယ်၊ ကားသော့နဲ့ ဟန်းဖုန်း တုတုရဲ့ဆိုင်က အလုပ်စားပွဲထဲမှာ ထားခဲ့တယ်။ အ အမေ ဆင်ပေးထားတဲ့ ဝတ်နေကျ တစ်စုံပဲဝတ်သွား





တယ်။ ကျန်တဲ့ လက်ဝတ်လက်စားတွေ အဝတ်ဗီရိုထဲမှာ သူ့ဘူးနဲ့သူ ရှိပါတယ်။ ကိုကိုဇော်၊ မမယုနဲ့ မောင်လေး ထွန်းထွန်းတို့ကိုလည်း တုတု နှုတ်ဆက်ခဲ့ပါတယ်။

တုတု"

ဟူသော စာတစ်စောင်ကို ဖတ်ရလျှင် အဖေနဲ့အမေ တော့ကို အံ့သြပြီး ကိုကြီးကို မေးကြမြန်းကြမှာပဲ။ ကိုကြီး လှချော်ဆိုတာ ဘယ်သူဘယ်ဝါပါလို့ အကြောင်းစုံ ပြောပြ ရင် အဖေနဲ့အမေတော့ ယူကျုံးမရ ဖြစ်သွားမလားမသိ။

"မင်း ကြိုသိနေရင်လည်း တားပါလား မောင်ပြည့်ရယ်"

လို့ ကိုကြီးကို ဝိုင်းပြောကြမှာပေါ့။

"မင်း သိနေရင်လည်း မိဘတွေ လာတိုင်ပါလား မောင်ပြည့် ရာ။ မင်းက တယ်ပျော့တာပဲ"

ဆိုပြီး သိရက်သားနဲ့ မပြောရကောင်းလားလို့ ကြီးကို အပြစ်တင်ကြမှာတော့ သေချာတယ်။

"ကျွန်တော်လည်း သူ ဒီလောက်ထိတော့ မိုက်ရူးရဲစိတ်နဲ့ လုပ်ရဲသွားမယ်လို့ မထင်ခဲ့လို့ပါ"

တုတုသည် ကိုကြီး ပြန်ရှင်းပြမှာကို စိတ်ကူးနဲ့ ားယောင် ပုံဖော်ကြည့်နေစဉ် ကားက တဖြည်းဖြည်းနဲ့ ရပ်သွား လှသံဆူသံတွေ စ,ကြားရသည်။

www.burmeseclassic.com



"တု ... တု ... ထတော့နော်၊ ထမင်းစားဖို့ ကားရပ်ပေ ပြီ စားရအောင်"

လူချောက တုတုကို အလွန်အမင်း သနားကရုဏာ သက်လျက် တိုးတိုးလေးကပ်ကာ နှိုးမိသည်။ သူ့လိုလူတစ်ယောက် နောက်ကို စွန့်စားပြီး လိုက်လာရသော တုတု ခမျာ ဒီအခြေအနေ နဲ့တင် စိတ်မာတ်ကျနေတော့မလား။ နာရီပေါင်းများစွာ အဆေ ပြေးကားကြီးစီးပြီး သွားရမဲ့ ခရီးရှည်ကြီးကို ပင်ပန်းပြီး နွမ်းဖျော နေတော့မလား။

တုတုကို သူ ဘယ်လိုသနားမိမှန်းမသိ။ သူ့အပေါ် ဒီလောက်ထိ ချစ်နေခဲ့လိမ့်မယ်လို့လည်း မမျှော်လင့်ရဲခဲ့ပါ။ အခုက တော့ တုတုဟာ သူ့အပေါ် သူထင်ထားတာထက် အဆများစွာ ပေးဆပ်ပြီး ဘဝကို အခက်အခဲတွေနဲ့ ရင်ဆိုင်ဖို့ ဆုံးဖြတ်ရဲခဲ့ သတဲ့။ အဲဒီလိုသိရတော့ သူ ပိုပြီးချစ်မြတ်နိုးရတော့လေသည်။

"ငုံးဥပြုတ်ရမယ်၊ ငုံးဥပြုတ်"

"အကြော်စုံ ရမယ်၊ ပူပူနွေးနွေး အကြော်စုံ"

"အသုပ်စုံဗျို့၊ အသုပ်စုံ၊ ဟင်းခါးပါ အဆစ်ပေးတယ် နော်"

"မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ စားချင်ရင် ဒီဆိုင်ဝင်ပါ ရှင်၊ ဒီဆိုင်မှာ အစုံရပါတယ်၊ လက်ဖက်ရည် ကော်ဖီ အအေးလည်း ရပါတယ်"





တုတုသည် ကားပေါ်က ဆင်းဆင်းချင်း ဝိုင်းအုံ အော်ကြသော ဈေးသည်တွေ၊ သူ့ဆိုင်မှာ စားပါ၊ ငါ့ဆိုင်မှာစား ပါဆို အနားမှာ တဖွတ်ဖွတ် ခေါ်သူတွေကို ကြုံလိုက်ရသဖြင့် ဆက်မသွားတော့ဘဲ ရပ်နေမိသည်။ လူချောက မေ့ပြီး တုတုကို ဆောင့်မခေါ်မိလေရာ ရှေ့ကိုလွန်သွားပြီးမှ တုတု ပါမလာတာကို သတိရပြီး လှည့်ကြည့်မှပဲ တုတု လူအုပ်ကြားထဲ ကြောင်စီစီ ဖြစ်နေသည်ကို တွေ့ရသည်။ တုတု ပုံစံကလည်း သာမန်ခရီး သွားသူတွေနဲ့ မတူဘဲ ထူးခြားနေသည်။ နေကာမျက်မှန်အကြီး ကြီး ခေါင်းပေါ်လှန်တင်ထားကာ၊ စိန်ထည်လက်လက်လေးတွေ နဲ့ လက်ကိုင်အိတ်အကြီးကြီးနဲ့။ ပြီးတော့ သရီးကွာတား ဘောင်းဘီ အပွလေးကို Nike (နိုက်ခ်)ရှူးဖိနပ်နဲ့ တွဲဝတ်ထားကာ နှစ်ထပ် ဖဲ့ ထွင်ထားသော အဖြူနဲ့အနီ စပို့ရှပ်အကျႌလေးနဲ့ သစ်လွင် သားနားနေသည်။ တုတုမှာ အဝတ်အစားကလည်း အများကြီးမို့ တစ်ထည်ဝတ်ပြီးရင် တော်တော်နဲ့ ပြန်မဝတ်ဖြစ်သည်ဖြစ်ရာ အကျႌအဝတ်အစားတွေက ဝတ်တာ သိပ်မများသဖြင့် ဝတ်လျှင် အသစ်အတိုင်းလိုပဲ တောက်ပသစ်လွင်နေသည်က များသည်။

အကျႌအဝတ်အစား ဆိုတာမျိုးက ဝတ်ပုံများ လျှော် ပါများရင်တော့ သိပ်သစ်သစ်လွင်လွင် မဖြစ်တတ်တော့တာ သဘာဝပင်။ ဒါပေမဲ့ တုတုမှာတော့ အဝတ်အစားတွေ များလှ သဖြင့် အားလုံး အသစ်လိုပဲ တောက်ပသစ်လွင်နေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစား သစ်လွင်တောက်ပတာရော တုတုပုံစံလေးက သား နားအဆင့်မြင့်ပြီး ထူးထူးခြားခြားလို ဖြစ်နေတာရောကြောင့် လူ အများစုက သတိထားကြည့်ခံရတဲ့အထဲ ပါနေသည်။ တချို့ကဆို

"ဟယ် ... အဲဒါ ဗီဒီယိုမင်းသမီးလား၊ အဆိုတော်လား မော်ဒယ်လား"

ဟုပင် အထင်မှားပြီး ကြည့်ကြတာဖြစ်သည်။

"တု ... လာ ... လာ ... ဘာလုပ်နေတာလဲ"

"လူချောက လက်မှတ်တွဲမထားဘဲ၊ တု လူကြားထဲရောပြီး လိုက်လာလို့ မရဘူး ဖြစ်နေတယ်"

"သူတို့ကို အရေးလုပ်ပြီး ပြန်မပြောနေနဲ့၊ အဲဒါဆို တု ဘယ်လိုမှ ပြေလို့ဆုံးမှာ မဟုတ်ဘူး"

"ဈေးသည်လေးတွေ သနားပါတယ်၊ တု မစားပေမဲ့ သူ တို့ရောင်းရအောင် ဝယ်တော့ ဝယ်လိုက်ချင်ပါတယ် ဒါကြောင့်ပါ"

"နယ်မှာတော့ ရန်ကုန်နဲ့ ဘယ်တူမလဲ။ မြင်သမျှ သနားစရာ ကောင်းပြီး သနားနေရင် တုပဲ ကြာရင်ဒုက္ခရောက်မယ်။ သနားပေမဲ့ မသိချင်ယောင် ဆောင်နေရမယ်"

"အခု ဘာလုပ်မှာလဲ လူချော"

"ထမင်းစားဖို့ ကားက ခဏနားတာလေ၊ ကိုယ်တို့လည်း ထမင်းစားရမှာပေါ့"





"ဘယ်တော့ ရောက်မှာလဲဟင်"

"ဟာ ... ခရီးသွားရင် အဲဒီလို မမေးရဘူးလေ တုရဲ့။ ခရီးပိုကြာတတ်တယ်"

"ဟီ ဟီ ... မြန်မာလို မမေးဘဲ အင်္ဂလိပ်စကားနဲ့ Are we there yet ? လို့ မေးရင်ရော"

"ဟိတ် ... တု၊ ကိုယ့်ကို အင်္ဂလိပ်စကား ခဏခဏသုံး ပြီး မပြောနဲ့ကွာ၊ ကိုယ်က တောသား၊ တောမှာဆယ်တန်း ဖြေတာတောင် မအောင်တဲ့ကောင်ကွ။ အင်္ဂလိပ်စာလည်း ညံ့တယ်။ အင်္ဂလိပ်စကားလည်း ခွေးအကြီး လှည်းနင်းသလို ပဲ၊ သိပ်လည်းနားမလည်ဘူး"

"Are we there yet ? လောက်ကတော့ နားလည်မှာပေါ့၊ ပြီးတော့ တုက ဘိုတွေလို ရွတ်ရွက်နဲ့ ပြောတာလည်း မဟုတ်ဘူး။ မြန်မာသံ ငါးပိသံနဲ့ ပြောတာပါ။ ညံ့တယ် ဆိုပြီး မလေ့လာရင် ပိုညံ့မှာပေါ့ လူချောရဲ့၊ လေ့လာပါ။ တု သင်ပေးမယ်လေ"

"ဟာ ... တောမှာနေတာပဲ ဘာလုပ်မှာလဲ၊ မလိုပါဘူး"

"အမယ် ... အဲဒီလိုတွက်ထားလို့ ရမလား။ တော်ကြာ မနက်ဖြန် သန်ဘက်ပဲ လူချော နိုင်ငံခြားသွားရမယ်ဆို၊ ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ ... မဖြစ်နိုင်တာ၊ ကဲ ... ဒေါ်တုတု"

"လှချော အဲဒီလို မခေါ်နဲ့"

တုတု အလျင်အမြန် ငြင်းလိုက်တော့ လှချော စိတ်ထဲမှာ တုတုက "ဒေါ်"တပ်ခေါ်တာ မကြိုက်ဘူးထင်ပြီး ရယ်ပါသည်။

"မရယ်နဲ့၊ တုကို 'ဒေါ်'တပ်ခေါ်တာ မကြိုက်လို့ မဟုတ်ဘူး။ အဲဒီလို ကိုပြည့်စုံမင်းကလည်း ခေါ်တတ်တယ်လေ။ ဒါကြောင့် မခေါ်စေချင်တာ"

"ဘာလဲ ... တု သတိရသွားတယ်လား"

"လှချော တုကို အဲဒီလို မစနဲ့နော်၊ တု မကြိုက်ဘူး။ တု အားလုံးကို ထားခဲ့ပြီး လိုက်လာတာပါ။ တုရဲ့အတိတ်က အကြောင်းတွေ ပြန်ပြောပြီး မခနဲ့ပါနဲ့နော်"

လှချောလည်း သူ့စကား မှားသွားမှန်း သိလိုက်ပြီး တုတု လက်ကို အသာဖျစ်ညှစ်လိုက်ကာ အသံတိတ် တောင်းပန်ပြပါသည်။ လှချော စိတ်ထဲမှာ ပြည့်စုံမင်းကိုတော့ ဘယ်လိုမှ မေ့ထား၍ မရနိုင်ပါ။ ဒီလူဟာ တုတုရဲ့အချစ်ကို အရင်ဆုံး ပိုင်ဆိုင်ရသူ၊ လှချောကတော့ သူ့ကိုယ်သူ နောက်လူ ဒုတိယလူ အဖြစ် ဘယ်တော့မှ မမေ့နိုင်တာတော့ အမှန်ပါ။

"တု ဘာဟင်းနဲ့ စားမလဲ"





"တု မဆာဘူး လှချော"

"ဘာဖြစ်လို့လဲ"

"တကယ်ပြောတာ၊ တု တကယ်မဆာတာပါ၊ ကားထဲမှာ တစ်ချိန်လုံး ထိုင်လိုက်လာရတော့ ဗိုက် လုံးဝမဆာဘူး။ လှချော စားရင်စား၊ တု ဘေးကနေ စောင့်မယ်။ တုက တော့ အအေးတစ်ပုလင်းလောက်ပဲ သောက်မယ်"

"ကိုယ်ကတော့ ဆာတယ်ကွ၊ မနက်စာလည်း လုံးဝစားမလာရသေးဘူးလေ"

"ဟင် ... ဟုတ်လား၊ ဘာဖြစ်လို့ မစားတာလဲ"

လှချော ရှက်သလိုလိုရယ်ရင်း ...

"အဆောင်ကနေ သွားတော့မယ်ဆိုတော့ နေခဲ့တဲ့ရက်အတွက် ပြန်တွက်ပြီး ပိုက်ဆံရှင်းခဲ့ရတယ်။ အဆောင်မှာ အတူနေတဲ့ သူတွေဆီက ချေးသုံးထားတာတွေလည်း ဆပ်ခဲ့ရတယ်။ တုနဲ့ကိုယ် စီးဖို့ ကားလက်မှတ်လည်း ကြိုဝယ်လိုက်ရတော့ အိတ်ထဲမှာ ဟဲ ဟဲ ... တစ်ရာလောက်ပဲ ကျန်တော့တာပေါ့၊ ဒီတော့ ဘာမှဝယ်မစားတော့ဘဲ ဒီတိုင်း နေနေတာ တုရဲ့"

ဟူ၍ သူ ဘယ်လောက် ဒိုင်ကျပုံ၊ မွဲပုံတို့ကို ပြောပြပါသည်။ တုတု ရင်ထဲမှာတော့ မနက်စာသည်းလွတ်ပြီး အခု ညရှစ်နာရီထိုးခါနီးမှ ညနေစာနဲ့ ပေါင်းစားရသော လှချောကို



www.burmeseclassic.com

www.burmeseclassic.com



အလွန်အမင်း သနားသွားမိသည်။ ကြည့်စမ်း ... သူ ဘယ်လော
ဆာလိုက်မလဲလေ။ တစ်နေကုန် ဘာမှမစားရသေးဘူးတဲ့။ ဘယ်
များ နေနေနိုင်သလဲမသိ။ တုတုက မိန်းကလေးပီပီ လှချင်
ရော၊ ဝ,မှာကြောက်တာရော ပေါင်းပြီး ညနေစာတွေ ဘာတွေ
တမင်အမေ့ခံပြီး မစားလို့ရရင်နေပြီး မစားဘဲနေတာ။ ဒါ
မနက်စောစော အိပ်ရာထ,ခါစ စားရသော မနက်စာတို့ နေ့လ
စာ ထမင်းတို့ကိုတော့ ဘယ်လိုမှ အလွတ်မခံနိုင်ပါ။ အဲဒီအ
တွေမှာ မစားရရင် ပိုဆာပြီး လူက တုန်တုန်ယင်ယင်
ခေါင်းတွေမူး၊ စိတ်တွေတို ဖြစ်တတ်ပါသည်။ လှချောက
အဲဒီလို မဖြစ်တဲ့အတိုင်း နေနိုင်လိုက်တာ။

"တုကို ပြောရောပေါ့ လှချောရယ်၊ ကားလက်မှတ်ဝယ်
တု ပိုက်ဆံထုတ်မှာပေါ့"

"ရပါတယ် ဘာဖြစ်လဲ၊ ကိုယ့်အတွက်က ထမင်းတ
ပေါ်တာ မဆန်းပါဘူး၊ ကိုယ်ကလည်း နည်းနည်း
မာနရှိလို့ပါ။ ကိုစိုးဝင်းက မှာထားပါတယ်၊ ကားအ
အဝယ်မဖြစ်လို့ မင်းကို ငါ ပွဲခမပေးနိုင်ပေမဲ့ ထမင်း
နပ်ကတော့ ကျွေးနိုင်ပါတယ်တဲ့၊ အခက်အခဲဖြစ်ရင်
စားတဲ့၊ ဒါပေမဲ့ ကိုယ်ကရှက်တော့ တကူးတက
ဘယ်သွားစားမလဲ။ ကြုံလို့ ဝင်စားတာတောင် အလို
ရင်း မျက်နှာပူနေတာ။ အရင်က ကိုယ် ရန်ကုန်





ခါစကတော့ ကားအရောင်းအဝယ်တွေက ဒီလောက်မဆိုး
တော့ အလုပ်အမြဲရှိတယ်၊ လက်ထဲမှာ ပိုက်ဆံလည်း
မပြတ်ပါဘူး၊ အခုနောက်ပိုင်းကျမှ ကားဈေးတွေ ကမောက်
ကမဖြစ်ပြီး အရောင်းအဝယ်တွေလည်း သိပ်မဖြစ်ကြတော့
ကိုယ်လည်း ဒုက္ခရောက်တော့တာပေါ့"

လှချောက သူ့အတွက် မှာထားသော ထမင်းဟင်း
တွေ အားပါးတရစားရင်း ပြောပြပါသည်။ ဘာပဲဖြစ်ဖြစ် မှန်တာ
ဝန်ခံရလျှင် တုတုမှာ ပိုက်ဆံရှိသည့်အတွက် သူ့ရင်ထဲမှာ "အား"
ဘစ်ခုခု ရှိသလိုတော့ ခံစားရသည်။ တုတုက ကြိုပြောထားသည်။
ရွာမှာ စတိုးဆိုင်ဖွင့်ပြီး စီးပွားရေးလုပ်မည် ဆိုသဖြင့် လှချော
အားတက်ပြီး ဝမ်းလည်းသာသည်။

အမှန်အတိုင်း ပြောရရင် လှချော ကိုယ်တိုင်က
လယ်ယာကို ပင်ပင်ပန်းပန်း မလုပ်ချင်ပါ။ နေပူပူ နေပြင်းပြင်း
မှာ ကျောပြောင်ကြီးနဲ့ လယ်ထဲယာထဲ ပင်ပင်ပန်းပန်း အလုပ်
ဝင်လုပ်ရမှာကို အရင်တည်းက မနှစ်မြို့ခဲ့ပါ။ ဒါကြောင့်လည်း
မြို့တက်လာပြီး အဲဒီအလုပ်တွေကို ရှောင်ခဲ့တာ ဖြစ်သည်။

အခုတော့ တုတုကြောင့် ရွာမှာပြန်နေရတော့မည်
ဆိုပေမဲ့ နေပျော်ပါသည်။ ပျော်လည်း ပျော်မိပါသည်။ လှချော
ဘဝမှာ မမှန်းရဲ၊ စိတ်ကူးယဉ် အိပ်မက်ပင် မမက်ရဲသော သူဌေး
သမီး ပညာတတ်၊ မိန်းမချော၊ မိန်းမလှလေးကို ပိုင်ဆိုင်ရပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရွာမှာ အဖေအမေတို့နဲ့ နေစဉ်တုန်းကလို မပြေ... မစုံနဲ့ ရှန်းကန်ရတဲ့ဘဝလည်း ပြန်မရောက်နိုင်တော့။ တုတု... ပိုက်ဆံပါသည်။ တုတုက စီးပွားရေးလည်း လုပ်တတ်ကိုင်တ... သဖြင့် ဘာမှစိုးရိမ်စရာမလို။

တခြားယောကျ်ားတွေ လူကြားကောင်းအောင် ... နေသလိုမျိုး မိန်းမမှာပါလာတဲ့ ပစ္စည်းတွေ ငွေတွေ မမက်ပါဘူ... မသုံးပါဘူးလို့တော့ ဟန်မဆောင်နိုင်ပါ။ လူသားတစ်ယောက်... ဘဝမှာ သက်သောင့်သက်သာ၊ အဆင်ပြေပြေနဲ့ နေခွင့်ရမည်... လျှင် မိန်းမပိုက်ဆံနဲ့ ထူထောင်ရရင်လည်း ထူထောင်ပစ်ဖို့ ... မလေးတော့ပါ။

ထမင်းစားသောက်ပြီး ကားပြန်ထွက်မဲ့အချိန်စော... ကာ ကားထွက်ချိန်နီးလာတော့မှ ကားပေါ်ပြန်ထိုင်လိုက်ကြသည်... အမှောင်ထု ကြီးစိုးနေပြီဖြစ်သော ဒေသသစ်တစ်ခုထဲကို စတ... ဦးတည်နေခဲ့ကြလေပြီ။





# ၁၀

BURMESE CLASSIC .com

"အဖေ ... အမေ ... တံခါးဖွင့်ပါဦး၊ ဟာ ... ဟော့ကောင် ရှန်လုံ၊ တိတ်တိတ်နေစမ်းပါကွာ ငါပါကွ။ ဟောင်မနေ စမ်းပါနဲ့"

တုတုသည် အဆက်မပြတ် ထိုးဟောင်နေကာ ...ကိုက်တော့မလိုလို အသွင်ရှိသော ခွေးလေခွေးလွင့်ကို ကြောက် ... နေစရာမရှိတော့။ ခွေးကိုက်ခံရရင် ခွေးရူးကာကွယ်ဆေး ...မှာထိုးရမှန်းမသိသေးသော နေရာဒေသ အသစ်အသစ်တစ်ခု ...ဘာတု အလိုလို ကြောက်နေသည်။

လူချောကတော့ တစ်အိမ်လုံး မှောင်မည်းကာ တိတ် ...နေသော သူ့အိမ်သားတွေကို အော်နိုးပြီး တံခါးကိုပါ ...း ဗုန်း ပုတ်လေသည်။ အိမ်ဟုဆိုသော်လည်း ခြေတံရှည်



www.burmeseclassic.com

www.burmeseclassic.com



တဲအိမ်အကြီးကြီး ဖြစ်ပါသည်။ အိမ်အောက်ဘက်မှာ လူတစ်
စာနီးပါးမြင့်သော တိုင်လုံးကြီးတွေနဲ့ ဆောက်ထားပြီး ထိုလူ
ရပ်စာလွတ်သော အိမ်အောက်ကွက်လပ်မှာလည်း တောင်း
ပလုံးတွေလား၊ ဘာတွေမှန်း မသိရအောင် ရှုပ်ပွနေတာတွေ
သည်။ ညမှောင်မှောင်မို့ ဘာမှန်း သေသေချာချာ မမြင်ရ။

လူချောတို့ရွာကိုရောက်ဖို့ မိတ္ထီလာမြို့ထဲကနေ
(၃၀)လောက် ဆက်လာရသေးရာ လမ်းလည်း သိပ်အကော
ကြီး မဟုတ်သဖြင့် ကားငှားတော့ ဘယ်ကားမှ သိပ်မလိုက်ချ
တုတုက ပိုက်ဆံကို အဆမတန်ပေးပြီး ငှားတော့မှ ဗင်ကား
စီးက လိုက်မောင်းပို့ပေးသည်။ လူချောကတော့ တုတု မတန်
ပိုက်ဆံပေးလိုက်သဖြင့် နှမြောကာ တဖွဖွ ပြောလာသည်။

"တကယ်ဆို ဒီလောက်တောင် ဈေးမရှိဘူး၊ တ
ညဘက်မို့ မလိုက်ချင်လို့ မပေးနိုင်တဲ့ဈေး တောင်းချ
တာ။ တုက ပေးလိုက်တယ်ကွာ"

"တုကို အပြစ်မတင်နဲ့ လူချောရယ်။ စိတ်ချမ်းချမ်းသာ
နဲ့ လိုရာခရီးရောက်ဖို့ ပိုက်ဆံကုန်ရတာကို ကျေနပ်တ
ရင် ပေးပျော်ပါတယ်"

"အပြစ်တင်တာ မဟုတ်ဘူး တုရဲ့။ မတရားတောင်း
ပါ"





ဘာပဲဖြစ်ဖြစ် လမ်းကြမ်းသောခရီးကို သက်သောင့်
သက်သာ၊ ဇိမ်ကျကျနဲ့ လာခဲ့ရသည့်အတွက် တုတု စိတ်ထဲမှာ
တော့ လုံးဝမနှမြောပါ။ အဝေးပြေးကားက ညဆယ့်တစ်နာရီ
လောက်မှာ မိတ္ထီလာမြို့ထဲမှာ ဂိတ်ထိုးရပ်ပါသည်။ အဲဒီမှာပဲ
ငှားကားတွေ လိုက်ရှာတာ နာရီဝက်ကျော်လောက် အချိန်ကုန်
သွားသည်။ ပြီးတော့ မိုင်(၃၀)ခရီးပေမဲ့ လမ်းကကြမ်းလှသဖြင့်
ငှားကားမောင်းသူက သူ့ကားသူလည်း ညှာပြီးမောင်းရသေး
သရာ အတော်ကြီးကြာသည်ဟု ထင်မိသည်။ တုတုတို့ ရွာထဲ
ရောက်တော့ တစ်ရွာလုံး မှောင်မည်းနေပြီး ခွေးအုပ်ကြီးကသာ
ထူးဆန်းဆန်း ရွာထဲဝင်လာသောကားကို ဆီးကြိုကြသည်။
အတူ လူချောတို့ ခြံဝင်းရှေ့တံခါးကို ကန့်လန့်ဖွင့်ပြီး ဝင်လိုက်
နဲ့ အိမ်အောက်မှာ အိပ်နေသောခွေးက ထိုးဟောင်တော့တာ။
မှာ ခွေးတော့ အတော်ပေါတယ်။ သတိထားမှ။

"ဘယ်သူလဲ"

"အမေ သားကြီးပါ"

"ဟဲ့ ... သားကြီး လူချောလား"

"ဟုတ်တယ် အမေရဲ့၊ ကဲ ... တံခါးလာဖွင့်ပါဦး၊ ရန်လုံ
က သားကို မှတ်မိပေမဲ့ ဒီမှာ ပါလာတဲ့ လူစိမ်းကိုတော့
အလွတ်မပေးဘူး ဖွတ်ဟောင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ညှော်သည်ပါတယ်လား၊ အေး ... အေး ... ခဏ၊ အမေ
ခတ်မီး ရှာလိုက်ဦးမယ်၊ ဘုမရေ ... ကြဲရေ ... ခတ်မီး
ဘယ်နားထားတုန်း"

"ခတ်မီး ထမင်းအိုးပေါ်မှာဗျို့"

အိမ်မှာ အော်သံ၊ လှုပ်ရှားသံ၊ စကားပြောသံတွေ ဖြင့် အသက်ဝင်လာသည်။ တုတုသည် တစ်ခါမှ မြင်လည်းမမြင် ဘူးသော၊ နာမည်တွေပင် အပြည့်အစုံ မသိဘူးသော လူချော မိသားစုတွေနဲ့ တွေ့ရတော့မည့်အတွက် စိတ်လှုပ်ရှားနေမိသည်

တဲအိမ်ကြီးရဲ့ သစ်သားနှစ်ချပ်ပိတ်တံခါး အသာ ပွင့်သွားပါသည်။ လက်နှိပ်ခတ်မီး တဝင်းဝင်းကို အရင်မြင် သည်။ ခတ်မီးက တုတု မျက်နှာဆီထိုးသဖြင့် တုတု မှောင် မှာ မျက်စိကျိန်းပြီး မျက်လုံးစုံမှိတ်လိုက်မိသည်။

"ဟာ ... အမေ ဘာလို့ ခတ်မီးကြီး မျက်နှာထိုးရ
လာ ... လာ၊ တု၊ ဒီမှာ တစ်ထစ်ရှိတယ်၊ အဲဒါ
လိုက်၊ ဖိနပ် ဒီနားပဲ ချွတ်ထားခဲ့လိုက်နော်"

"သားကြီး ... သူက ..."

"အမေ ဘာလဲ၊ မေးချင်တာရှိရင် အိမ်ထဲရောက်မှမေး
အိမ်ထဲမှာ မီးလေးဘာလေးထွန်းပါဦး၊ ဒီမှာ သားတို့
ပန်းလာတာ အေးအေးဆေးဆေး ထိုင်ပါရစေဦး"





လူချော၏မိခင်က တအံ့တသြပင် တုတုကိုကြည့် ပြီး မေးတော့မလို ဟန်ပြင်ပေမဲ့ လူချောက ကြိုပြောထားလိုက် ဖြင့် အသာငြိမ်သွားပြီး ဘက်ထရီမီးချောင်းလေးကို ပြေးဖွင့် ပါသည်။

တစ်အိမ်လုံး လင်းထိန်သွားလောက်အောင် ကြီးမား သော မီးချောင်းမဟုတ်ဘဲ နှစ်ပေမီးချောင်းလေးမျှသာဖြစ်၍ ခပ် မှိန်မှိန်သာ လင်းပါသည်။

တုတုသည် တောသူမကြီးပုံ ပေါက်နေသော လူချော မေကို စတင်ပြီး ပြုံးပြရင်း ...

"သမီးနာမည် တုတုပါ"

ဟု အရင်ဆုံး ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ပေးမိပါ သည်။

တဲအိမ်ကြီးထဲမှာတော့ အခန်းဆိုလို့ နှစ်ခန်းသာ သန့်ဖွဲ့ထားပြီး ထိုအခန်းတွေကလည်း တံခါးမရှိပါ။ လိုက် အဟောင်းတွေသာ ကာထားပါသည်။ အိမ်ရှေ့ခန်းကျယ်ကျယ် နံရံကပ်ရိုက်ထားသော ဘုရားစင်ရှိပြီး ထိုဘုရားစင်အောက် ဘော့ ပိတ်ခြင်ထောင်အဟောင်းတစ်လုံး ထောင်ထားတာ ရှိပြီး အထဲမှာ တစ်ယောက်အိပ်နေပုံရသည်။

www.burmeseclassic.com



အိမ်ရှေ့ခန်းမှာ တုတုတို့ အိမ်ထဲစဝင်ဝင်ချင်း အဆင့် တစ်ဆင့် တက်တာနဲ့ အိမ်ရှေ့ခန်းဖြစ်နေပြီး လူငါးယောက်လောက် ထိုင်လိုက်ရင်ပဲ ပြည့်ကျပ်သွား အကျယ်လောက်သာ ကျယ်သည်။ ဒါကြောင့် တုတု ထောင့်တစ်နေရာမှာကပ်ပြီး ထိုင်ရသည်။ အိမ် ရှေ့ခန်းမှာ ခြင်ထောင်တစ်လုံးက ရှိနေ၍ပင်။ ဘာစားပွဲကုလား ထိုင်မှ မရှိဘဲ တုတု ကပ်ထိုင်သောထောင့်မှာ ဖျာလိပ်အသေး လေး တစ်လိပ်သာ လိပ်ပြီးထောင်ထားတာ တွေ့ရသည်။

"ဟာ ... တု၊ ဖျာခင်းထိုင်လေ၊ ဘာလို့ အောက်မှာဒီတိုင်း ထိုင်ရလဲ"

"ရပါတယ်၊ အကျီတွေလည်း ဖုန်ပေလာတာပဲဥစ္စာ၊ ပြီး လဲမှာပဲ"

"အမေ ... ဟာ ... ဒီထဲက ဘယ်သူလဲ၊ ခဏ ထခိုင်းဦး"

"မင်း,ညီ ... ကြွလေ"

"ဘုမတို့၊ အိတုံတို့ နှိုးလိုက်ဦး"

"ကလေးတွေ အိပ်နေကြတာ သားရယ်၊ မနက်အစော ယာထဲလိုက်ရမှာ အိပ်ပါစေ၊ မင်း ဘာပြောချင်လို့ ပြော ... ပြော၊ အမေ နားထောင်မယ်"

"အမေ ... သူက သားရဲ့ကောင်မလေးပဲ၊ တုတုတဲ့ နာမည်က။ သားတို့ ခိုးပြေးလာတာ အမေ၊ အဲဒါ





လူချော အမေက ခေါင်းအသာညိတ်ပါသည်။ အသက် အခြေအနေကို ကြည့်ရုံနဲ့တင် လူကြီးပီပီ လူချောမပြော ကတည်းက အခြေအနေကို ရိပ်မိပုံရသည်။ လူချော ပြောပြဖူး တော့ သူ့အမေဟာ အသက်လေးဆယ့်ရှစ်လား။ အဲဒီလောက်ပဲ သားတာတဲ့။ ဒါပေမဲ့ အသားအရေက ညိုခြောက်နေပြီး ဆံပင် လည်း အတော့်ကို ဖြူဖွေးနေကာ ပိုပြီးအိုမင်းတဲ့ပုံ ပေါက်နေ သည်။ ရိုးသားပုံရသော မျက်နှာပြင်မှာ အရေးအကြောင်းတွေ ပေမဲ့ ယယ်ကတော့ ရုပ်ရည်ချောသော မိန်းမတစ်ယောက် တော့ ပေါ်နေသည်။

"တု ... ဒါ ကိုယ့်အမေပဲ ဒေါ်ခင်အုန်းတဲ့။ အဖေကတော့ အိပ်နေတယ် ထင်တယ်၊ အဖေ့နာမည်က ဦးစံရွှေတဲ့"

"အဖေ ဆေးရုံကဆင်းပြီးလည်းပဲ သိပ်ထူထူထောင်ထောင် မဖြစ်ဘူးလေ။ ဒါကြောင့် အလုပ်တောင် သိပ်မလုပ်နိုင် ဘူး၊ ညဆိုလည်း သူ့ဘာသာ တော်တော်နဲ့ အိပ်မပျော် ရှာဘူး၊ ခုနလေးကမှ အိပ်ပျော်သွားတာ၊ သားတို့အသံ ကြားတော့ သူ နိုးရင်နိုးနေမှာပါ၊ ခေါင်းမူးလို့ မထလာ တာ ထင်တယ်ကွယ်၊ မနက်မှပဲ လူစုံတွေ့ကြပေါ့"

"အမေ ... သားတို့ ဒီမှာ ခဏနေမှာပါ။ ပြီးမှ ရွာထဲမှာ အိမ်ရှာတာပေါ့နော် တု"



www.burmeseclassic.com

www.burmeseclassic.com



တုတု ခေါင်းအသာညိတ်ပြလိုက်မိသည်။ ဒီလော
အိမ်ကျဉ်းကျဉ်းလေးမှာ ဘယ်လိုလုပ်နေမလဲ။ ကိုယ့်ဘာသာအိ
ခွဲနေမှ ဖြစ်မှာပေါ့။

"ဒါဆို သားတို့ အိပ်ဖို့ပြဖို့ နေရာလုပ်ပေးရဦးမှာပေ
အခန်းထဲက မင့်ညီမတွေ နေရာဖယ်ခိုင်းမှပါ၊ အိမ်
စောင်၊ ခေါင်းအုံး အပိုတော့ မရှိဘူး၊ ဒီလိုပဲ ခဏတိုး
အိပ်လိုက်ကြပေါ့၊ နောက်နေ့မှ အမေ စီစဉ်ပေးမယ်နော်"

"ရပါတယ် အမေ"

တုတုမှာ တုတုကို အားနာနေပုံရသော လူချော
အမေကို သနားပြီး အလိုက်သင့် ပြောလိုက်ရသည်။

တကယ်တော့ တုတု သူများအိပ်ထားတဲ့ ခေါင်းအ
တို့၊ စောင်တို့ကို မသုံးချင်ပါ။ တုတုတို့အိမ်မှာဆိုလျှင် ဧည့်သည်
လာရင် ပေးအိပ်ဖို့ဆိုပြီး မွေ့ရာခုတင်တစ်လုံးပင် အပိုထားထာ
တတ်ပါသည်။ ဒါ့အပြင် တုတု အိပ်သော အိပ်ရာခင်း၊ ခေါင်းအုံ
စွပ်၊ စောင်တွေဆိုတာ ဘာမှမညစ်ပတ်ပါဘဲ လေးရက်တစ်ခ
လောက် လဲပစ်တတ်တာ။ တစ်ခုတော့ ရှိတာပေါ့၊ လဲချင်
ခိုင်းတဲ့ကောင်မလေးတွေကို ပြောလိုက်ရုံပဲ။ သူတို့ ဗီရိုထဲ
အသင့်ထုတ်လာပြီး အသစ်လဲပေး၊ အဟောင်းကို လျှော်ဖွပ်၊ မီး
တိုက်ပြီး ပြန်သိမ်းပေးတာမို့ ကိုယ်မလုပ်ရတိုင်း လဲချင်သလော
လဲနေတဲ့ သဘောမျိုးတော့ ဖြစ်နေသည်။





အိမ်အတွင်းခန်းထဲမှ ကျွက်စီ ကျွက်စီ စကားပြော
တွေ လှုပ်ရှားသံတွေ ကြားပြီးသောအခါ အပြင်ထွက်လာသော
ောင်မလေး ငယ်ငယ်သုံးယောက်ကို တွေ့ရသည်။ အိပ်ချင်မူး
ူး မျက်နှာတွေနဲ့ တုတုကို လာချောင်းကြည့်ကြကာ အိမ်နောက်
ဖေးထဲ ဝင်သွားကြသည်။ လူချောမှာ မောင်နှမခုနစ်ယောက်ရှိ
သည်။ မိန်းကလေးသုံးယောက် ယောကျ်ားလေး လေးယောက်
ဲ။ အားလုံးထဲမှာ လူချောက သားအကြီးဆုံးဖြစ်သည်တဲ့။
ုရားရေ ... ဒီလောက် တဲအိမ်ကျဉ်းကျဉ်းလေးထဲမှာ လူကိုး
ယောက် ဘယ်လိုများ နေခဲ့ကြသလဲ။ တုတုမှာ အခုတောင်
အသက်ရှူမဝသလိုဖြစ်ပြီး လှောင်ပိတ်မွန်းကျပ်နေသည်။

"သားကြီးတို့ ဒီထဲပဲ ခဏအိပ်လိုက်ကြနော်"

"ရပါတယ် အမေ။ ရေတော့ချိုးချင်တယ်၊ တစ်နေကုန် ကားစီးလာရတာဆိုတော့"

"ရေချိုးရင်လည်း ချိုးကြပေါ့။ ကလေးမှာ ရေလဲလုံချည် ပါလား၊ မပါရင် ဘုမတို့ ရေလဲတွေ နောက်ဖေးမှာလှန်း ထားတယ်နော်၊ ယူသုံး"

"ရှင် ... ဟုတ်ကဲ့၊ ရပါတယ် အမေ၊ တုမှာ ပါပါတယ်"

"အမေ ဘာလုပ်ပေးရဦးမလဲ"

"ရပါတယ် အမေ။ အမေ ပြန်အိပ်ပါတော့၊ တု အဆင် ပြေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



လူချောနဲ့ တုတု နှစ်ယောက်သား ညဘက်နှစ်နာရီလောက်ကြီး ရေချိုးဖို့ နောက်ဖေးကို လက်နှိပ်ဓာတ်မီးတစ်လုံးဖြင့် ဆင်းရသည်။

အိမ်အလယ်ခန်းမှာ အိပ်ခန်းနှစ်ခန်း ဘယ်ညာဖွဲ့ထားပြီးလျှင် နောက်ဖေးမှာ မီးဖိုခန်းရှိသည်။ ထိုမီးဖိုခန်းကျတော့ တစ်ဆင့် ပြန်ဆင်းရကာ ထိုမီးဖိုခန်းထဲမှာတော့ ခြင်ထောင့်တွေ တန်းစီနေတာမှ တက်မနင်းမိအောင် မနည်းကျော်သွားရသည်။ မီးဖိုထဲမှာ ထမင်းစား,စားပွဲ ရှိပုံမရပါ။ မီးဖိုချောင်မို့ ငါးပိရည်နံ့ရှိနေကာ မီးခိုးနံ့၊ ပြာနံ့တွေလည်း မွှန်နေသည်။ ဒီထဲမှာ အိပ်နေသော လူနံ့တွေနဲ့ပေါင်းကာ လှောင်အိုက်နေမှာ သေချာသည်။

မီးဖိုချောင် နောက်ဖေးတံခါးကိုဖွင့်လျှင် တံတားရှည်ကြီးလို လုပ်ထားသော လျှောက်လမ်းကတစ်ခု။ သစ်သားလှေကားထစ်လေးက ဆောင်ဘက်တစ်ခြမ်းမှာ တစ်ခုလုပ်ထားသည်။ တံတားရှည် ယိုင်နဲ့နဲ့ရဲ့ အဆုံးမှာ အိမ်သာတစ်လုံး ဖြစ်ပုံရသည်ကို လှမ်းတွေ့ရသည်။

"လာ ... တု၊ ရေချိုးချင်ရင်တော့ ဒီဘက်လှေကားက ဆင်းရုံပဲ။ အိမ်သာဝင်ချင်ရင် ဒီလမ်းလေးက လျှောက်သွား၊ ဟိုမှာ အိမ်သာ၊ တွေ့လား"

"ညဘက် အိမ်သာသွားချင်ရင်ရော"





"ဒီလိုပဲ တံခါးဖွင့်ပြီး ထွက်ပေါ့"

"ဟင် ... ကြောက်စရာကြီး"

"ခြံထဲမှာပဲ လုံခြုံပါတယ် တုရဲ့။ ကိုယ်တို့ခြံကို မနက်ကျမှပြမယ်၊ ဆောမှာ ဘူးစင်တွေတို့၊ ချဉ်ပေါင်တို့စိုက်ထားတာတွေရှိတယ်"

လူချောတို့အိမ်ဝင်းက သိပ်တော့မကျယ်ပေမဲ့ ခြံည်းရိုးခက်ထားကာ ခြံစည်းရိုးတွေပေါ်မှာ နွယ်တက်နေသော အပင်တွေလည်း ရှိသဖြင့်၊ ထိုအပင်တွေကလည်း လူတစ်ရပ်ကျော်တော့ မြင့်သဖြင့် တစ်အိမ်နဲ့တစ်အိမ် မမြင်ရပါ။

ရေချိုးဖို့ကျတော့ စဉ့်အိုးကြီးတစ်လုံးရယ်၊ ရေစည်ပိုင်းပြတ် နှစ်လုံးရယ်သာ ချထားပြီး အဲဒီနားမှာတော့ ဘယ်ကရထားသည်မသိသော လမ်းခင်းကျောက်ပြားလေးခုလောက် ဆက်ထားပါသည်။ လူက ရေချိုးလျှင် ထိုကျောက်ပြားတွေပေါ်မှာရပ်ကာ ရေစည်ထဲကရေကို ခပ်ချိုးရမည့်ပုံပင်။

"ရေက ဖင်ကပ်ပဲ ရှိတော့တယ်၊ အောက်မှာ အနည်တွေနဲ့တု ခပ်တတ်မှာ မဟုတ်ဘူး၊ ဒီတိုင်းနေ့,နေ့နော်၊ ကိုယ်ခပ်ပေးမယ်"

တုတုသည် ရေချိုးခန်းနဲ့သာ ရေချိုးတတ်ခဲ့သူဖြစ်ရာ ဟာလာဟင်းလင်းကြီးလိုဖြစ်ပြီး ရှက်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြန်မြန်ပဲ ချိုးတော့မယ်၊ ဖုန်တွေကပ်ပါလာလို့သာ ချိုး ရတာ၊ တု ချိုးတောင်မချိုးချင်တော့ဘူး"

"ဘာဖြစ်လို့လဲ၊ ရေမသန့်ဘူး ထင်လို့လား တု"

"မဟုတ်ဘူး၊ ဟာလာဟင်းလင်းကြီး ချိုးရတာမို့ ရှက်တယ်"

"ဆေးအိမ်တွေ မမြင်နိုင်ပါဘူး၊ ပြီးတော့ ညနှစ်နာရီကြီး ကွာ၊ ဘယ်သူက ထ,ကြည့်မှာလဲ"

"နေ့ခင်းဘက် ရေချိုးချင်ရင်တောင် တော်တော်စဉ်းစား မှာ"

"တုအတွက် ကိုယ် ရေချိုးခန်း ကာပေးပါမယ်၊ ကိုယ်တို့ က ပိုက်ဆံအပို သိပ်မဖြုန်းနိုင်လို့ ဝါးကပ်တွေ ဝယ်ပြီး မကာတာပါ။ တု မချိုးတတ်ဘူးဆိုရင် ဝါးကပ်တွေဝယ် ပြီး လေးဖက်လေးတန် ကာလိုက်ရင် ရပါတယ်။ တောမှာ တော့ ဒီလိုပဲ တုရယ်။ ဘယ်အိမ်မှာမှ ရေချိုးခန်း မရှိဘူး"

မောင်ကြီးထဲ ရေချိုးလိုက်ရသည်မှာ ဘယ်လိုက ဘယ်လို ပြီးသွားသည်မသိ။ လှချောက တုတုကိုသာ ဦးစား ပေးပြီး ရေတွေကုန်းကုန်းခပ်ကာ တစ်ခွက်ပြီးတစ်ခွက် လေးပေမဲ့ သူကတော့ သုံးလေးခွက်သာချိုးတာ တွေ့ရသည်။

"လှချော ရေလည်း သိပ်မချိုးဘူး"





ဟု တုတု စပ်စုမိတော့မှ ...

"ရေသိပ်မကျန်တော့ဘူး တု။ မနက်ကျ မျက်နှာသစ်ဖို့၊ ရေအိမ်ထဲထည့်ဖို့တို့ ရေနွေးအိုးတည်ဖို့တို့ သုံးဖို့ နည်း နည်းချန်ရဦးမယ်လေ"

"လှချော ပြောတော့ ရေကန်က သွားခပ်ရင် ရတယ်ဆို"

"ရွာမှာ စည်းကမ်းနဲ့ ခပ်ရတယ် တုရဲ့။ မနက်ဆယ့်တစ် နာရီလောက် တစ်ခါရယ် ညရှစ်နာရီလောက် တစ်ခါရယ်ပဲ ရေခပ်ချိန်ပေးတယ်။ ဒီထက် ပိုမခပ်ရဘူး။ ခပ်ရင် ရွာ လူကြီးတွေက ဒဏ်ငွေတစ်သောင်း ကောက်လိမ့်မယ်"

"ကိုယ့်ဘာသာ အဝီစိတွင်းတူးရင် ရလား"

"ရတာပေါ့၊ ရွာက ဘုန်းကြီးကျောင်းမှာ အဝီစိတွင်းရှိတယ်၊ နောက် သူဌေးအိမ်တွေမှာလည်း ရှိတယ်။ တုက အဝီစိ တွင်းတူးရင် ဘယ်လောက်ထင်လို့လဲ။ ပိုက်ဆံတအားကုန် တာနော်။ ဒါကြောင့် တော်ရုံတန်ရုံ ပိုက်ဆံရှိတဲ့လူတောင် မတူးကြဘူး"

ရေချိုးပြီးတာတောင် ပူအိုက်တာက မပျောက်သလို နေသဖြင့် တုတုသည် Singlet ဟုခေါ်သော ဖွပ်ကျယ်ပုံချိုင်း စပို့ရှပ်သားအကျီနှင့် ဘောင်းဘီတိုလေးဝတ်ကာ အခန်း ထဲတွင် အသင့်တွေ့သော မဂ္ဂဇင်းဟောင်း တစ်အုပ်ဖြင့် ဖျပ်ဖျပ် ယပ်ခတ်နေမိသည်။ အခန်းမှာကျဉ်းပြီး ပူလောင်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အိပ်ရာဆိုပေမဲ့ ဖျာကြမ်းခင်းထားပြီး အိပ်ရာခင်းတင် ခင်းအိပ်သော ပုံစံပင်။ ပြတင်းပေါက် တံခါးတော့ ဖွင့်ထားသေ ဝင်လာတဲ့လေက အပူဒဏ်ကို မလျော့ပါးနိုင်ပါ။ ခေါင်းအုံးသေ ကလည်း မာမာညစ်ညစ်နှင့် ဟောင်းနွမ်းနေသည်။ တုတု ဘယ် များ အိပ်ရပါ။ ဒီတစ်ညတော့ ရှိစေတော့၊ နောက်နေ့မှ ကို ဘာသာ အသစ်သွားဝယ်မည်။ လူချောကိုလည်း တိုက်တွန်း မည်။ သီးသန့်နေဖို့ အိမ်ကောင်းကောင်းတစ်လုံး မြန်မြန်ရှာပါလို့ တုတုတော့ ဒီလောက် အိမ်ကျဉ်းကျဉ်းလေးထဲမှာ နေရတာမွန်း ပြီး သေသွားနိုင်သည်။

အခန်းက လိုက်ကာရှိပေမဲ့ တံခါးမရှိရာ ဟာလ ဟင်းလင်းကြီးလိုပဲ ခံစားရသည်။ တုတု ရင်ထဲမှာ အခြေအနေ တွေကို တစ်ခုချင်းဝေဖန်ရင်း စိတ်ပျက်မိပေမဲ့ တုတု မျက်နှာ တကြည့်ကြည့်နှင့် တုတု စိတ်ပျက်ပြီး ပြန်ပြေးသွားမှာ စိုးရိမ်နေဟ အထင်းသား တွေ့ရသော လူချော၏မျက်နှာကို မြင်ရတော့လည်း စိတ်ပျက်တာတွေ မျိုချထားရပြန်သည်။

တုတု ပခုံးလေးကို အသာလာပွေ့ရင်း ...

"စိတ်မပျက်ပါနဲ့နော် တု။ ဒါ ခဏပါ၊ ကိုယ့်အိမ်နဲ့ကိုယ် နေရရင် တု ကြိုက်သလို ပြင်ဆင်ပြီး နေလို့ရပါတယ် ကိုယ်တို့အိမ်ကတော့ ဒီလိုပဲ။ လူများပြီး အိမ်ကျဉ်းတော့ ဒီလိုပဲ နေကြရတယ်"





"တု အိပ်လို့ပျော်မှာ မဟုတ်ဘူး၊ တအားပူတာပဲနော်"

"မနက်ပိုင်းလေးတွေတော့ အေးပါတယ်"

"ပြီးတော့ တု ကဲ့ရဲ့တာ မဟုတ်ဘူးနော်၊ ဒီခေါင်းအုံးကြီး မှာ မအိပ်ချင်တာ"

"ဒါဖြင့် ကိုယ့်လက်မောင်းပေါ်မှာပဲ အိပ်"

"အကြာကြီးအိပ်ရင် လူချော လက်တွေကျင်ပြီး ညောင်း လာမှာပေါ့"

"ရပါတယ် မညောင်းပါဘူး၊ တု အိပ်ပျော်ဖို့ အရေးကြီး တယ်လေ၊ တစ်နေကုန် ကားစီးလာရတာ ပင်ပန်းနေပြီ။ ခဏအိပ်လိုက်"

တုတု ဘယ်လောက်ပဲ တင်းထားထား လူက အား ငယ်ဝမ်းနည်းပြီး လူချော ရင်ဘတ်မှာ မျက်နှာအပ်ကာ မျက်ရည် ကျမိသည်။ လူချောက တုတုရဲ့ ဆံပင်ပျော့ပျော့တွေကို အသာ သပ်ပေးရင်း ...

"တုကို ကိုယ် ဒါကြောင့် အတင်းမခေါ်တာပါ၊ တုက ရွှေဘုံပေါ်မှာမွေး ရွှေဘုံပေါ်မှာ နေခဲ့ရသူလေ။ ကိုယ်တို့က ဖုန်တောထဲမှာမွေးပြီး အခုလိုပဲ ဖုန်တောထဲမှာ ကြီးပြင်း လာရတာ။ အရမ်းကို ကွာခြားတာ တု အခုတွေ့ပြီလား"

ဟု ခပ်တိုးတိုး နှစ်သိမ့်သလို ပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"တုမှာ ပိုက်ဆံတွေပါတယ်၊ နာရီလည်းပါတယ်၊ အ
ဝတ်ထားတဲ့ စိန်ထည်တွေလည်း ပါတယ်၊ အဲဒါတွေ
အကုန်သုံးပြီး ဘဝကို အဆင်ပြေပြေနဲ့ နေလို့ရအောင်
လုပ်မယ်နော်"

"လုပ်ပါ ... လုပ်ပါ၊ တု သဘောပါ"

"ပြီးတော့ လူချောလည်း ယာထဲဆင်းပြီး ပင်ပင်ပန်းပန်း
မလုပ်နဲ့နော်၊ တု ပြောသလို စတိုးဆိုင်လေးဖွင့်ပြီး စီးပွား
ရှာမယ်နော်။ တုကို ကူညီနော်၊ တု သိပါတယ်။ တု ဆိုင်
ဖွင့်ရင် အဆင်ပြေမှာပါ"

"စိတ်ချ ... စိတ်ချ ... တု စီစဉ်တဲ့အတိုင်း ကိုယ်လိုက်
နာမယ်၊ ဟုတ်ပြီလား"

တုတု တတွတ်တွတ်ပင် ကလေးတစ်ယောက် ပူဆာသလို ပြောရင်း ပင်ပန်းလွန်းသဖြင့် မျက်လုံးတွေ မှေးစင်း လာသည်။ မအိပ်ခင်မှာ တစ်ခွန်းတော့ အသေအချာ ပြောသွား သေးသည်။

"တုတို့ မင်္ဂလာဆွမ်းကျွေးတော့ လုပ်ရမယ်နော်"





## ၁၁

ရှတ်တရက် ဖျတ်ခနဲ နိုးလာသောအခါ တော်တော်ကို လင်းနေပြီဖြစ်သည်။ ကြက်တွန်သံတွေ၊ ခွေးဟောင်သံတွေ၊ လူသံတွေ၊ ကလေးတွေဆော့သံတွေကို အိပ်ရာနိုးနိုးချင်း ဆက်တိုက် ကြားရသည်။

အိပ်ရာဘေးချထားသော လက်ပတ်နာရီကို ကောက် ကြည့်လိုက်တော့ မနက်ခုနစ်နာရီခွဲရုံသာရှိသေးသည်။ မိုးကတော့ တော်တော်လင်းနေပြီ။ နေလည်း မြင့်နေပြီ။ လူချော ဘယ်အချိန် ကထသွားသလဲမသိ။

တုတုမှာ မအုံးချင်ပါဘူး ပြောထားသော ခေါင်း အုံး ညစ်ညစ်မှာ အားရပါးရ မျက်နှာအပ် အိပ်နေမိတာဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com



အိတ်ထဲက သွားတိုက်တံနှင့် သွားတိုက်ဆေးဘူး ထုတ်ယူပြီး အခန်းအပြင်ထွက်လိုက်သောအခါ လှမ်းမြင်ရသော အိမ်ရှေ့ခန်းမှာ ပက်လက်ကုလားထိုင် တစ်လုံးဖြင့် ထိုင်နေသော လူကြီးတစ်ယောက်ကို တွေ့ရသည်။ လူချော၏ ဖခင်ဖြစ်ပုံရသော ထိုလူကြီးက တုတုု ထွက်လာသောအရိပ်မြင်သဖြင့် လှည့်ကြည့်ပြီး မျက်စိရှက်သလိုဖြင့် ချက်ချင်း ပြန်လှည့်သွားပါသည်။ တုတု ဝတ်ထားသော စပို့ရှပ်လက်ပြတ်နှင့် ဘောင်းဘီတိုတို့ကို မြင်နေကျ မဟုတ်၍ အမြင်ရိုင်းနေသလားလို့ တုတု ချက်ချင်းတွေးမိပါသည်။

အိမ်နောက်ဖေးဘက် ဝင်လိုက်တော့ ညကလို ခြင်ထောင်တွေတန်းစီနေတာ မတွေ့ရတော့ဘဲ သပ်ရပ်စွာခေါက်ကာ ထောင့်တစ်နေရာမှာ စောင်၊ ခြင်ထောင်၊ ခေါင်းအုံးတွေကို စုစည်း ကြိုးချည်ပြီး ပုံထားတာတွေ့ရသည်။ သူတို့ကြည့်ရတာ စည်းကမ်း ရှိပုံတော့ရသည်။ အိမ်က စုတ်ပေမဲ့ အတွင်းမှာတော့ သပ်ရပ်သန့် ရှင်းပြီး ပစ္စည်းအသုံးအဆောင်တွေကလည်း ဟောင်းနေပေမဲ့ သိပ်တော့ ညစ်ပတ်မနေပါ။ ဟောင်းနွမ်းလွန်း၍ အရောင်တွေမွဲညှိုး ညှိုမှိုင်းနေတာဖြစ်ပါသည်။

"ဟော ... သမီး နိုးပြီလား၊ မျက်နှာသစ်ချင်ရင် စဉ့်အိုး ပေါ်မှာ ခပ်တင်ထားတဲ့ ဖလားနှစ်လုံးထဲကရေကို သုံးနော် အဲဒါ သမီးအတွက် လူချော သွားဝယ်ထားတာ"





"သွားဝယ်ထားတာ ဟုတ်လား"

"ရေက ကုန်နေပြီမို့ သူ ရေသန့်တစ်ဘူး သွားဝယ်ပြီး အသင့်ဖြည့်ပေးထားတာပဲ"

"လူချော အခု ဘယ်မှာလဲ"

"ရွာထဲလျှောက်စုံစမ်းဖို့ ထွက်သွားတယ်၊ အိမ်ဝယ်မယ်ဆို ဟုတ်လား"

"ဟုတ်ကဲ့"

"အေး ... အေး ... သမီးတို့သဘောပါပဲ၊ အဆင်ပြေသလို လုပ်ပေါ့"

လူချော၏မိခင်ကလည်း တုတု ဝတ်စားပုံကို ခဏ ... အကဲခတ်နေသည်ကို တုတု သတိထားမိသည်။ အင်း ... ...နေရင် အဝတ်အစားဝတ်ပုံလည်း နည်းနည်းတော့ ဆင်ခြင်ရ ...သင့်တယ်။

မျက်နှာသစ် သွားတိုက်ပြီးသောအခါ တုတု အိမ်ထဲ ...ဝင်လာလျှင် ထမင်းစားပွဲဝိုင်းချပြီး စောင့်နေသော လူချော၏ ...ကို တွေ့ရသည်။

"လာ ... ထိုင် သမီး ဘာစားမလဲ"

"မစားတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်မှာရှိသော ဆီဖြင့်လှိမ့်ထားပုံရသော ထ
ကြော်၊ ငရုတ်သီးမှုန့်တွေ နီရဲနေသော ငါးပိရည်နှင့် ရေနွေးကြ
တို့ကိုကြည့်ပြီး တုတု မစားတော့ဖို့ ဆုံးဖြတ်ပါသည်။ ဆာလည်း
မဆာပါ။ မနက်ဆို ကော်ဖီ၊ လက်ဖက်ရည်နဲ့ ဘီစကစ်လောက်
စားတတ်သော တုတုသည် ကော်ဖီ တစ်ခွက်လောက်ဖြင့်
သောက်လိုက်ရချင်တာဖြစ်သည်။

"သား ပြန်လာရင်တော့ တုတု စားဖို့ မုန့်ဝယ်လာမယ်
တာပဲ"

"လှူချော က ဘယ်တော့ ပြန်လာမှာတဲ့လဲ"

"ခဏပဲ လျှောက်ကြည့်မှာပါတဲ့၊ ဘယ်အိမ်တွေရောင်
လဲ လိုက်ကြည့်ပြီးရင် ပြန်လာမယ်တဲ့"

"အိမ်မှာ ဘယ်သူမှ မရှိကြဘူးနော်၊ ဘယ်သွားကြ

"ကလေးတွေက နွေရာသီကျောင်းပိတ်ရက်ဆို ဒီ
အလုပ်ထွက်လုပ်ကြတယ်လေ။ မနက်ဆို ခြောက်
လောက် ယာထဲသွားပြီး တစ်ပိုင်တစ်နိုင်ပေါ့ မုန့်ဖိုးလည်
အိမ်လည်းဝင်ငွေရအောင် အလုပ်သွားလုပ်ကြတယ်၊ အိမ်
လှူစေ့တက်စေ့ပေါ့၊ အမေကအစ အလုပ်လုပ်ကြတာ
ဒီနေ့တော့ အမေ တစ်ရက်နားလိုက်ပါတယ်၊ သမီး
ခါစဆိုတော့ စကားလေး ဘာလေး ပြောရအောင်ပ"





"လှူချောပြောတော့ မောင်နှမခုနစ်ယောက်တောင်ရှိတယ်
တဲ့၊ တစ်ယောက်ချင်းစီရဲ့နာမည်တော့ မသိဘူး"

"လှူချောအောက်က ညီပေါ့ သူ့နာမည်က ကြွဲမောင်တဲ့။
ငယ်ငယ်က ကြွဲတစ်ကောင်လိုသန်လို့ ကြွဲကလေး ကြွဲမောင်
လေးခေါ်ရင်း နာမည်တွင်သွားတာပဲ၊ လှူချောလည်း အဲဒီလိုပဲ
မွေးကတည်းက ရုပ်ချောလို့ လှူချောလေး လှူချောလေး
ခေါ်ရင်း လှူချောလို့ နာမည်တွင်သွားတာလေ။ လှူချော၊
ကြွဲမောင်၊ ဘုမ၊ အိတုံ၊ မိုးခွေ၊ ကျော်ဖော်၊ မောင်ထွေး တဲ့၊
နာမည်တွေက အဆင်ပြေသလိုပဲ မှည့်ထားတာပဲ၊ နေ့နံ့သင့်
တယ်ဆိုရင် ပေးလိုက်တာပါပဲ သမီးရယ်။ ဒါနဲ့ သမီးကရော
ဘာနေ့သမီးလဲ အသက်ဘယ်နှနှစ်ရှိပြီလဲ"

"တုတု စနေသမီးပါ၊ အသက်နှစ်ဆယ့်နှစ် ပြည့်ပြီးပါပြီ"

"သားက နှစ်ဆယ့်လေးထဲမှာ။ သမီးက ကြွဲမောင်နဲ့ အသက်
အတူတူပေါ့၊ သားတို့က အားလုံး နှစ်နှစ်စီခြားပြီး မွေးကြ
တာလေ"

"တုတု အကြောင်း လှူချော ပြောပြပြီးပြီလားဟင်"

"မပြောရသေးပါဘူးကွယ်၊ သူ့ဘာသာ မနက်အစောကြီး
ထ,လာပြီး ဘာတွေအရေးကြီးနေမှန်းမသိ အရေးကြီးနေ
တော့တာ။ စကားကို သေသေချာချာ မပြောရသေးပါဘူး၊
ကဲ … ပြောပါဦး သမီးတို့ ဘယ်လိုက ဘယ်လို …"



www.burmeseclassic.com

www.burmeseclassic.com



တုတုလည်း အကျဉ်းချုပ်ပြီးတော့သာ အဆင်း သလို ရှင်းပြလိုက်ပါသည်။ တုတု မိဘတွေက သဘောမ နိုးပြေးလာကြတယ်ဆိုသော ပုံစံမျိုးလောက်သာ အသိပေးထ သည်။ တုတုမှာ ချစ်သူတစ်ယောက်ရှိပြီးရက်နဲ့ စိတ်အပြောင်းအ မြန်ပြီး နောက်ထပ်ချစ်သူအသစ်ရှာတွေ့ကာ ထိုသူ့နောက် လာသည်ဆိုသော အကြောင်းအရာကိုတော့ လူကြီးတွေအား အ အတိုင်းပေးမသိချင်ပါ။

အိမ်ရှေ့မှာ စကားပြောသံသဲ့သဲ့ ကြားရပြီး နောက်ဖေးဘက်ဝင်လာသော ခြေသံတချို့ကို ကြားရပါသ

"ဝေး ... ဘယ်သူမှားလဲလို့ အသိန်းတို့ပါလား ဘ တုန်း"

လူချောမိခင်အရွယ်လောက်ရှိမည်ဖြစ်သော မိ ကြီးနှစ်ယောက်က နောက်ဖေးဝင်တာနဲ့ တုတုကိုသာ အသေ စိုက်ကြည့်လာကြသည်။

"သတင်းကြားလို့လာတာအေ့၊ ရန်ကုန်ကချွေးမ ရော တယ်ဆိုလို့"

"ဟုတ်ပါ့ ... ဟုတ်ပါ့၊ ဒီမှာလေ ချွေးမအသစ်စက် ဘယ်က သတင်းကြားတာတုန်း"

"ရွာထဲမှာ အကုန်သိနေပြီ ... ဟိ ဟိ၊ ချွေးမလေးက စရာလေးတော်- ဗီဒီယိုမင်းသမီးလိုပဲ"





"အိတုံတို့တစ်တွေ ခုတည်းက စက်ဆိုင်မှာ ကြိုပြောနေတာ တော်။ အစ်ကိုကြီး မင်္ဂလာဆောင်ရင်- ဝတ်ဖို့တဲ့ အဲဒါ ဟုတ်လား"

မိန်းမကြီးတစ်ယောက်ကဆိုလျှင် တုတု၏ လက် မောင်းလေးကို လာထိကိုင်ကြည့်ရင်း ...

"အံမယ်လေး ... အသားလေးတွေက ဖြူအိပြီး နူးညံ့လိုက် တာတော်"

ဟု သဘောတကျ ချီးကျူးသလို တုတု ဝတ်ထား သော စိန်ထည်လက်လက်လေးတွေကိုပဲ သိသိသာသာပင် ကြည့် ပါသည်။

"သမီး ဒါ အမေတို့နဲ့ အမျိုးတွေတော်ကြတဲ့ သူတွေပဲ။ ဒေါ်သိန်းလှတဲ့၊ ဒေါ်တင်ဝင်းတဲ့ မှတ်ထားနော်။ ရွာမှာ တော့ ဆွေမျိုးနှစ်ဝမ်းကွဲ သုံးဝမ်းကွဲလည်း ကိုယ့်အမျိုးလိုပဲ ဆိုတော့ အဒေါ်တော်တယ်ပြောလည်းရတယ်"

"ဘယ်လိုလဲ လက်ထပ်ပြီးခဲ့ကြပြီလား"

"ရှင် ..."

"လက်ထပ်ပြီးခဲ့လို့ ရွာကို ဆွေပြမျိုးပြ လာကြသလားလို့ မေးတာလေ"

"လက်မထပ်ရသေးပါဘူး အန်တီ"



www.burmeseclassic.com

"အသိန်းကလည်းကွယ် သားက နိုးလာတာပါဆိုမှ ဘယ် လက်ထပ်ရဦးမလဲ။ ဒီမှာပဲ မင်္ဂလာဆွမ်းကျွေးလေးလုပ်ပြီး လက်ထပ်မှာတဲ့၊ သမီး ကျုပ်ကိုပြောပြီးပြီ၊ ပြီးတော့ ဒီမှာ ပဲ အခြေချနေမှာတဲ့။ ရန်ကုန်မပြန်ရဲကြဘူးလေ။ သမီး ဘက်က တော်တော်လေးချမ်းသာတော့ လူချောနဲ့ သဘော မတူဘူး၊ ပြန်ခွဲမှာကြောက်လို့တဲ့ ဒါကြောင့် သမီးခမျာ စွန့်စားပြီး လူချောနောက် လိုက်လာတာပါ"

တုတု၏ အခုမှ တော်ရသော ယောက္ခမကြီး တုတုဘက်မှ ကာကွယ်ပြောသလို သူ့သားသူလည်း ဂုဏ်ယူချင် သလိုလိုဖြင့် ဆွေမျိုးမိန်းမကြီးတွေကို ပြန်ပြောပြနေပါသည် တွေ့လား ... ငါ့သားက ရန်ကုန်သူ သူဌေးသမီး အချောအလှ ရအောင်ယူလာနိုင်တယ်ဆိုသော ကြွားဝါလိုမှုတွေ ပြည့်နေသည့် မိခင်တစ်ယောက်၏ အတ္တကို မြင်နေရပါသည်။

တုတု တစ်ယောက်တည်း မိန်းမကြီးသုံးယောက် ကြားထဲ ဘာပြောရမှန်းမသိဖြစ်နေစဉ် လူချော ဖျတ်ခနဲ ဆို အိမ် ထဲပြေးဝင်လာတာ တွေ့လိုက်ရသည်။

"ဟာ ... ဒေါ်ကြီးတို့ ရောက်တောင်နေပြီ"

လူချောက မနှစ်မြို့သလိုဖြင့် ရေရွတ်ရင်း သူ့လက် ထဲပါလာသော ကြွပ်ကြွပ်အိတ် အသေးလေးကို တုတုဆီ ကမ်းပေး လာသည်။





"ရော့ ... တုက ကော်ဖီတွေဘာတွေ သောက်ချင်မှာပဲထင် ပြီး ရွာထဲက ကုန်စုံဆိုင်က ကော်ဖီမစ်ငါးထုပ် ဝယ်လာပေး တာ၊ အမေ ရေနွေးတည်ထားတယ်မဟုတ်လား၊ အဲဒါနဲ့ ဖျော်သောက်လိုက်နော်"

လူချော၏ ဆွေမျိုးမိန်းမကြီးတွေ လိုက်ငေးနေသဖြင့် တုတုမှာ ထိုင်ရာမှ ထတောင်မထရဲ။ သူတို့မျက်စိထဲတွင် ယောက်ျား ဆော်စွပ်ကျယ်လက်ပြတ်လို အင်္ကျီမျိုးနဲ့တောင် တအံ့တသြဖြစ်နေ ာ တုတု ထရပ်လိုက်လျှင် ပေါင်လယ်လောက်ထိသာရှည်သော ဘောင်းဘီတိုလေးနဲ့ဆိုပြီး ပိုပြီးအံ့သြကုန်တော့မည်ဆိုတာ တုတု ကြိုသိနေလေသည်။

"ရွာထဲမှာ ရောင်းမဲ့အိမ်တွေတော့ တွေ့ခဲ့တယ်၊ တုတု လိုက်ကြည့်မလား"

"ကြည့်မယ်လေ"

"ဈေးတွေကတော့ ခေါ်ကြတာပဲ၊ ဆယ်သိန်း ဆယ့်ငါးသိန်း သိန်းနှစ်ဆယ်တဲ့၊ တုက ဘယ်လိုအနေအထားမျိုးဆို ဝယ် မလဲ ကိုယ် မသိတော့ မဆစ်ကြည့်ခဲ့သေးဘူး"

"တု လိုက်ကြည့်ပြီးမှ ဝယ်ကြတာပေါ့"

မိန်းမကြီးတွေက တုတုတို့ကို ဗီဒီယိုရိုက်ကွင်းအလား ကြည့်နေကြသဖြင့် (လူချောအမေပါ အပါအဝင်ဖြစ်သည်)



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



တုတုမှာ ကိုယ့်ချစ်သူနဲ့ စကားပြောရတာပင် စိတ်မလုံဘဲ ရှက်
သည်။

အမှန်အတိုင်းပြောရရင် လူချောက နာမည်နဲ့လိ
အောင်ပင် ချောမောသန့်ပြန့်လျက် တောရုပ်မထွက်ဘဲ တခု
ခြားနေတာပါ။ ရန်ကုန်မှာလည်း အနေကြာနေပြီမို့ လူချောအ
က တောပုံလုံးဝမပေါက်ဘဲ လူချော၏အမေ၊ ဆွေမျိုးနီးစပ်အ
တွေကတော့ တကယ့်တောသူပုံ စစ်စစ်ကြီးတွေ ဖြစ်နေသ
လူချောအမေက အသားလည်းညိုပါသည်။ လူချောကတော့
အဖြူကြီးမဟုတ်လှပေမဲ့ အသားလတ်လတ်နဲ့ စိုပြည်ဝင်းဝါနေသ
လူချောက အဖေတူလား။ ခုနက တုတု ဖျတ်ခနဲလှမ်းမြင်လိုက်
လူချော၏ အဖေကတော့ အသားညိုပုံမရဘူးဟုထင်သည်။

"လူချော … တု ရွာထဲသွားရင် ထဘီဖြစ်ဖြစ် ဝတ်မှဖြစ်
တုမှာ ထဘီမရှိဘူး၊ ရေလဲလုံချည်လုပ်ဖို့ ဝယ်လာတဲ့ပါ
အပေါစားတစ်ထည်ပဲပါတာ၊ အဲဒါလည်း ရေလဲလု
နေပြီ"

"စကတ်အရှည်လေး ဝတ်ခဲ့ပါ၊ ရပါတယ် တုရဲ့"

"ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်ကွာ ရန်ကုန်ကလာတဲ့လူပဲ ဒီလောက်
ဝတ်ရမှာပေါ့၊ မြင်တဲ့သူတွေ အထူးအဆန်းဖြစ်လည်း





အသစ်မို့ ခဏပါကွာ၊ နောက်တော့ ရိုးသွားမှာပါ။ ကိုယ်
ကတော့ တုကို စကတ်လေးတွေ၊ သရိုးကွာတာလေးတွေနဲ့
လှတာပဲမြင်ချင်တယ်၊ ထဘီဝတ်တာကြီး ကိုယ် မကြိုက်ဘူး
ကွ။ တောမှာနေပေမဲ့ တောပုံပေါက်စရာ မလိုပါဘူး၊
တုက မြို့ကလာတာပဲ မြို့မှာလိုပဲဝတ်ပေါ့"

"အိမ်မြန်မြန်ဝယ်မှပါနော်၊ လူချောအဖေကလည်း တုဝတ်ပုံ
ကို မကြည့်ချင်သလိုလိုနဲ့ ချက်ချင်းမျက်နှာလွှဲသွားတယ်"

"ဩော် … အဟဲ … အိမ်မှာ ဘယ်သူမှ ဒီလိုမဝတ်လို့ပါကွာ၊
ကိုယ့်ညီမတွေလည်း ရိုးကြတယ် တုရဲ့၊ ဒါကြောင့် ဒီလို
ဘယ်သူမှ မဝတ်ကြဘူး"

တုတုသည် အိပ်ခန်းကျဉ်းလေးထဲဝင်ပြီး အဝတ်
လဲလှယ်စဉ် လူချောကို အခုမှပဲ တိုးတိုး တိုးတိုးနှင့် ပြောချင်
တာတွေ ဖွင့်ချရတော့သည်။

"တု အိမ်ဝယ်တာကဟုတ်ပါပြီ၊ တုမှာ ဆယ်သိန်းပဲပါတာ
ဆို၊ အိမ်ဝယ်လိုက်ရင် ကုန်သွားမှာပေါ့"

"ဒါလေးတွေ ရှိတယ်လေ၊ သေးသေးလေးတွေဆိုပြီး အထင်
မသေးနဲ့ အရည်က အရမ်းကောင်းတာ လူချောရဲ့။ အား
လုံးပေါင်းရင် သိန်းငါးဆယ် ခြောက်ဆယ်လား ရှိမယ်
ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဟုတ်လား သေးသေးလေးတွေက အဲဒီလောက် ဈေးရှိလား"

"တု ပြောထားတယ်လေ၊ အရည်ကောင်းတဲ့စိန်လေးတွေလို့၊ တမင်သက်သက်ခေတ်မီအောင် ဒီဇိုင်းသေးသေးဆန်းဆန်း လေးတွေလုပ်ပြီး ဝတ်ထားတာ၊ ပြီးတော့ နာရီက ဒီမှာ ဝယ်တာတောင်မဟုတ်ဘူး။ စင်ကာပူကို ရှော့ပင်းသွားတုန်း က ကြိုက်လို့ဝယ်လာတာ၊ စင်ကာပူဒေါ်လာငါးရာလောက် ပေးရတယ်"

"ဟင် ... တု စင်ကာပူ ရောက်ဖူးတယ် ဟုတ်လား"

"ရှော့ပင်းသွားတာလေ။ ဗန်ကောက်၊ စင်ကာပူနဲ့ မလေးရှား က တု ခဏခဏသွားဖြစ်တယ်၊ တု အကျီအဝတ်အစား ဆိုင်အတွက် လိုတာတွေ ကိုယ်တိုင် သွားသွားကြည့်ပြီး ဝယ်ရတာလေ"

လူချော်သည် တုတု ပြောပြမှ တုတုတို့ တော်တော် ကို ချမ်းသာလှကြောင်း ပို၍ သိလာသည်။ နိုင်ငံခြားတစ်ခေါက် သွားတယ်ဆိုတာ ပိုက်ဆံဘယ်လောက်ကုန်ကြောင်း လူချောလည်း ကားပွဲစားလောကမှာ ကျင်လည်ခဲ့ဖူးသူပီပီ သိပါသည်။ တုတုတို့ ကတော့ ခဏခဏကို ရောက်ပါသည်ဟု အခုမှ သိရသောအခါ စိတ်ထဲမှာ တုတုတွင်ပါလာသော ငွေသားနဲ့ လက်ဝတ်လက်စားဝင်





နည်းနေသည်လို့ တွေးမိသွားသည်။ သိပ်မက်မောလွန်းလှတာ တော့မဟုတ်ပေမဲ့ ဘဝမှာ အဆင်ပြေပြေနဲ့ ရှန်းကန်ဖြေရှင်းဖို့ဆို လျှင် ပိုက်ဆံဆိုတဲ့အရာဟာ တော်တော်ကြီးကို လိုအပ်လှတာမို့ တုတုမှာ များများပါလာခဲ့ရင် ကောင်းသားလို့ ဖျတ်ခနဲ အတွေး ဝင်မိတာလည်းဖြစ်သည်။ လူချောတို့ ဘဝကတော့ ဘဝတစ်သက် တာမှ ငွေပိုငွေလျှံဆိုတာ ကိုင်ပင်မကိုင်ဖူးခဲ့တာကြောင့် တုတုတို့ မှာ ပိုက်ဆံသိပ်ရှိတာ သိလာလေလေ သူတို့ကျတော့ သိပ်ချမ်းသာ ပြီး ပိုက်ဆံတွေလည်း ပိုလျှံနေပြီး ငါတို့ကျ ဘာကြောင့် ပိုက်ဆံ က အမြဲလိုအပ်နေတာလဲဆိုသော အတွေးမျိုးလည်း ဝင်မိလေသည်။

တုတုက မက်ဆီကန်စကတ်ပုံစံအနက်ရောင် စကတ် အကားလေးကို လဲလှယ်ဝတ်ဆင်လိုက်သလို အဖြူရောင် ခပ်ပွပွ ဘလောက်(စ)လေးကိုပါ လဲဝတ်လိုက်သည်။ ဖိနပ်ကတော့ မနေ့က ဝတ်လာသော ဒေါ့ခ်ကင်းရှူးပဲ ဖြစ်လေရာ လူချောကပဲ အိမ်ထဲ ရှာလိုက်ရှာလေသည်။ ကတ္တီပါဖိနပ် အစုတ်တစ်ရန်ကို တုတု ရှာလာချရင်း ...

"တု ဖိနပ်ပါးတစ်ရန်လောက်တော့ ဝယ်မှဖြစ်မယ်၊ ရွာထဲက ကုန်စုံဆိုင်မှာပဲ ဝယ်လိုက်နော်"

ဟု တုတု ခြေထောက်နုနုလေးနဲ့ မလိုက်သော ဖိနပ်စုတ်ကို ကြည့်ပြီးပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရွာထဲမှာ ဆိုင်တွေ အများကြီးလား"

"အိမ်ဆိုင်သေးသေးလေးတွေတော့ အများကြီးပဲ၊ ဒါပေမဲ့ အမျိုးစုံရောင်းတဲ့ ဆိုင်ကြီးကတော့ နှစ်ဆိုင်ပဲရှိတယ်"

"စတိုးဆိုင်ပေါ့"

"စတိုးဆိုင်လို့နာမည်တပ်ရင် ရလားတော့မသိဘူး။ ဒါပေမဲ့ သူတို့က အကုန်တင်ရောင်းတာ တုရဲ့။ ဆန်တွေ ဆီတွေ ကြက်သွန်တွေ အကုန်ပဲ"

"ဒါဆို တု ရောင်းမဲ့ဆိုင်နဲ့ မတူနိုင်ပါဘူး။ တုက စတိုးဆိုင်ပုံလေးပေါ့။ ရယ်ဒီမိတ်အကျႌလေးတွေနဲ့ မိတ်ကပ်နှုတ်ခမ်းဆိုးဆေး ဘာညာပေါ့ အလှပြင်ပစ္စည်းအစုံတင်မယ်၊ စာရေးကိရိယာလေးတွေ၊ ပုဆိုးတို့ ပါတိတ်လုံချည်တို့လိုလေးတွေလည်း တင်မယ်။ ဈေးသိပ်ကြီးတာတွေ မဟုတ်ဘူးပေါ့။ လူတိုင်းဝယ်သုံးနိုင်တဲ့ အမျိုးအစားလေးတွေ တင်ရောင်းမယ်"

"ရောင်းပါဗျာ ရောင်းပါ၊ တု ကြိုက်တာလုပ်ပါ"

လူချောနဲ့တုသည် ဖုန်ထူသော ရွာလယ်လမ်းမကြီးတစ်လျှောက် လက်တွဲလျှောက်လာလေရာ ကစားနေသောကလေးတွေ ကစားတာရပ်ပြီး ငြိမ်သက်စွာရပ်ကြည့်ကြတာတွေ၊ အိမ်တွေထဲကနေ ထွက်ကြည့်ကြတာတွေ၊ အလုပ်လုပ်နေဆဲလူတွေ၊





လက်စရပ်ပြီး ငေးမောကြည့်ကြတာတွေကိုတော့ ကြုံရလေသည်။

လူချောတို့ရွာက အိမ်ခြေတော်တော်များသည်။ အိမ် အိမ်ကောင်းတွေလည်း တွေ့ရသလို ပြိုလဲတော့မလောက်နေတဲ့ တဲပုတ်အစုတ်လေးတွေလည်း တွေ့ရသည်။ အိမ်ကြီးကောင်းဆိုရာ၌ အုတ်ခံပျဉ်ထောင်အိမ်ကြီးတွေလည်း ရှိသလို ပျဉ်အိမ်ကြီးတွေလည်းရှိသည်။ တချို့အိမ်ကောင်းတွေရှေ့ အားရပ်ထားတာတောင် တွေ့ရသည်။ ဒါဆို ဒီရွာက သိပ်ပြီး ဆင်းရဲနေတဲ့ရွာမျိုးတော့ ဟုတ်မယ်မထင်ဘူး။ လူချောတို့ ပိုက်ဆံသိပ်မချမ်းသာတာပါ။ ဒီရွာမှာ တချို့လည်း ချမ်းကြပုံရတယ်။

"ရွာရဲ့အဓိကစီးပွားရေးက ဘာလဲ"

"ဆီလုပ်ငန်းလေ။ ဒီကယာခင်းတွေမှာ နေကြာတို့၊ မြေပဲတို့ နှမ်းတို့ အများဆုံးစိုက်ပြီး ဆီထုတ်တာပေါ့။ ကျန်တာက ကြက်သွန်တို့ ပြောင်းတို့ စိုက်ကြတယ်"

"ဆီစက်ရှိလား"

"ရှိတယ်၊ ဆီစက်ပိုင်ရှင်တွေက သူဌေးတွေ တုရဲ့၊ သူတို့ သားသမီးတွေကို မြို့ကိုလာမြို့ပေါ်မှာ သွားထားပြီး ကျောင်းထားတာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



ရွာတစ်ပတ်တော့ မပြည့်ပေမဲ့ လူချောနဲ့ လျှောက်ကြည့်လိုက်ရသဖြင့် ရွာရဲ့အခြေအနေကို တော်တော်လေးတော သိသွားပါသည်။

လိုက်ကြည့်သော အိမ်တွေထဲက သိန်းနှစ်ဆယ် ခေါ်သော အိမ်ကိုတော့ တုတု စိတ်ထဲရွေးချယ်လိုက်ကာ ဝယ်မည် အကြောင်း အိမ်ပွဲစားလုပ်သူကို ဝင်ပြောထားခဲ့လေသည်။

"တု လက်ထဲမှာ ဆယ်သိန်းပဲရှိတာလေ၊ ဘယ်က သိ နှစ်ဆယ်ရမလဲ"

"တု စိန်ဟန်းချိန်းကချည်း ဆယ်သိန်းတန်တယ် လူချော အခုလောလောဆယ် အိမ်ဝယ်ဖို့ရယ်၊ အိမ်ကို ပြန်ပြင်ခ တာလေးတွေ ပြင်ဖို့ရယ်၊ အိမ်အတွက် လိုမယ်ထင်တာ လေးတွေ ဝယ်ဖို့ရယ်အတွက် တုရဲ့နာရီနဲ့ ဟန်းချိန်း အရင်ရောင်းမယ်၊ အိမ်ကိစ္စပြီးမှ ဆိုင်ဖွင့်ဖို့ အတွက် ဆွဲကြိုးရော၊ လော့ကတ်ရော၊ လက်စွပ်ရော၊ နားကပ်ဆေ ရောင်းမှာ"

"ဟာ ... တုရယ် ... နားပေါက်ဟောင်းလောင်းကြီး ဖြ သွားမှာပေါ့။ နားကပ်တော့မရောင်းပါနဲ့၊ တုနဲ့ အဲဒီစိန် ကွင်းလေးနဲ့ လိုက်တယ်"





"တု နားပေါက် ဟောင်းလောင်းတော့ မနေပါဘူးလေ။ နားကပ်အသစ်တစ်ရန်တော့ ဝယ်ပန်ထားမှာပေါ့။ နားကပ် မရောင်းမှ ဖြစ်မှာပေါ့၊ လူချောရဲ့ ဆိုင်အတွက် အရင်းအနှီး လိုတယ်လေ၊ ပြီးတော့ တုတို့ ဘာပဲဖြစ်ဖြစ် မင်္ဂလာဆွမ်း ကျွေးအလှူလေးတော့ လုပ်မှဖြစ်မှာပေါ့"

"တုရယ် ဆောရီးပါကွာ၊ ကိုယ်က တုအတွက် ဘာမှအကျိုး မရှိတဲ့ကောင်၊ တုကို ဘာမှ မလုပ်ပေးနိုင်တဲ့ကောင်ဖြစ်နေ ပြီထင်တယ်"၊

"တု ကျေနပ်ပါတယ် လူချောရဲ့။ တု ပစ္စည်းတွေ မမက် ပါဘူး။ တစ်ချိန်ချိန်ကျ အဆင်ပြေလာရင် ပြန်ဝယ်မှာပေါ့၊ လူချောကသာ တုကို ကြင်ကြင်နာနာနဲ့ စောင့်ရှောက်ပါနော်၊ တုက အားလုံးကို ကျောခိုင်းပစ်ထားခဲ့ပြီး လူချော မျက်နှာ တစ်ခုတည်းကိုကြည့်ပြီး မနေဖူး၊ မရောက်ဖူးတဲ့ အရပ် တစ်ခုကို ရောက်လာရတာလေ"

"စိတ်ချပါကွာ၊ တုကို ကိုယ် တစ်သက်လုံး ကြင်နာမယ်၊ ချစ်မယ်၊ စောင့်ရှောက်မယ်"

ရွာထဲမှာတော့ တုတုတို့ အိမ်ပင်မဝယ်ရသေး။ သိန်းနှစ်ဆယ်တန်အိမ်ကို ချက်ချင်းဝယ်တော့မည်ဆိုသော သတင်း ရော၊ စတိုးဆိုင်ဖွင့်မည့်သတင်းရောကတော့ လူချော၏ မိခင်နဲ့ သိအစ်ကိုမောင်နှမများဆီကတစ်ဆင့် ချက်ချင်း ပျံ့နှံ့သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်အလုပ်ခဏနားချ၍ ထမင်းပြန်စားကြသော အခါမှသာ လူချော၏ ညီ၊ ညီမတွေ တစ်ပြုံကြီးကို တုတု မြင်ခွ သိခွင့်ရသည်။ သူတို့ဆီကတစ်ဆင့် ရွာထဲမှာ ပြေးနေသော သတင်းတွေပါ ကြားရတာဖြစ်သည်။

လူချော၏ မောင်နှမအားလုံးကို ဆုံပြီးသောအ သူတို့အားလုံးဟာ တောဆန်ကြပေမဲ့ အနေအထိုင် ရိုးသားအေးဆေး ပြီး စိတ်သဘောရှင်းသောသူတွေမှန်း တုတု အကဲခတ်လို့ရသွ ပါသည်။ မိန်းကလေးတွေဖြစ်သော ဘုမ၊ အိတုံနဲ့ မိုးစွေတို့ဟာ လူချောလိုပဲ အသားလတ်လတ်တွေပေမဲ့ နေပူထဲမှာ အလုပ်လု ရ၍တုင်ပါသည်။ နေလောင်သော အသားအရေမွဲခြောက်ခြော လေးတွေနဲ့ ဖြစ်နေသည်။ ရုပ်ရည်လေးတွေ ရှိကြပေမဲ့ အသားအရေ မွဲခြောက်နေသဖြင့် ရုပ်က မပေါ်သလိုဖြစ်နေသည်။

ယောက်ျားလေးတွေထဲမှာ ကြံမောင်ဆိုသော ကောင် လေးကတော့ အစ်ကိုဖြစ်သူ လူချောထက်ပင် အရပ်လည်းပိုမြင့် ပိုထွားကာ အသားညိုမောင်းမောင်းနဲ့ အသက်နှစ်ဆယ့်နှစ်နှစ်သာ ရှိသေးသော်လည်း တကယ့်တောသားကြီးရုပ် ထွက်နေသည် ကျော်ဇောနဲ့ မောင်ထွေးလည်း အမေတူ အသားညိုညိုတွေနဲ့ဖြစ်ပြ တစ်ယောက်က ဆယ့်လေးနှစ်၊ တစ်ယောက်က ဆယ့်နှစ်နှစ်သာ သာမို့ ကလေးစိတ်မကုန်သေးကာ အဆော့မက်နေသေးတာတွေ သည်။





လူချောက အဖေကိုတော့ တော်တော်ရိုသေပြီး နှိမ့်ဖွင့်ဟာတိုင်ပင်ထားပြီးပုံရသည်။ အဘိုးကြီးက ထမင်းစား ကပြီးတော့ တုတုတို့ကို ခေါ်ပြောသည်။ အဘိုးကြီးဆိုပေမဲ့ ယ်တော့ ငါးဆယ်တောင်ပြည့်သေးတာမဟုတ်ဘူးဟု လူချော ထား၍ တုတု သိထားပါသည်။ ဒါပေမဲ့ နေမကောင်းဖြစ်ထား ကြောင့်ရော၊ တောမှာ အလုပ်ကြမ်းလုပ်ထားရသည့်အတွက် ကြောင့်ရော လူက တော်တော့်ကို အိုမင်းနေသည်။ လူချော၏ ထက်ပင် ပိုအိုတဲ့ပုံ ပေါက်နေသည်။ ခေါင်းမှာ ဆံပင်တွေ ပါးသာကျန်နေပြီး တစ်ခေါင်းလုံး ဖွေးဖွေးလှုပ်နေတော့သည်။

"သားကပြောတယ် ကလေးမရဲ့စိန်ထည်တွေ ရောင်းမယ် တဲ့။ အဲဒါ ဟုတ်လား"

"ဟုတ်ပါတယ် ဦးလေး ... အဲ ... အဖေ"

တုတုမှာ လူချော၏မိခင်ကိုတော့ မိန်းမချင်းမို့ နှီးလွယ်ပြီး လူချော၏ဖခင်ကိုတော့ ရတ်တရက်မခေါ်ရဲ၊ ပြာရဲဖြစ်နေသည်။ အဖေလို့ ခေါ်လိုက်ရမှာ မဝံ့မရဲတော့ဖြစ် မဲ့ ဦးလေးလို့ခေါ်ရင်လည်းမကောင်းတာမို့ အင်း ... အင်း ... ... အဲ ... ဖြင့် အဖေဟု ပြောင်းခေါ်လိုက်ရလေသည်။

"ရောင်းလို့ဖြစ်ရဲ့လား"

"ဖြစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဖေ စိတ်ပူလို့ပါ၊ ကလေးမမှာပါလာတဲ့ ပစ္စည်း
ကြောင့် ပြဿနာဖြစ်မှာစိုးလို့ပါ၊ ကလေးမရဲ့မိဘတွေ
က လိုက်ရှာကြ ပြုကြတဲ့အခါ သူတို့သမီးကိုဆင်ထား
လက်ဝတ်လက်စားတွေ မရှိတော့ပါဘူးဆိုပြီး သားကြ
တရားစွဲတာ ထောင်ချတာတွေလုပ်မှာစိုးတယ်လေ၊ ရှင်
ပြောရရင် အဖေတို့က ငွေမရှိတဲ့ မျက်နှာမွဲတွေဆို
အနေအထိုင်ဆင်ခြင်ရမယ်။ ပိုက်ဆံရှိတဲ့ သူဌေးတွေနဲ့
ရင် ယှဉ်တောင်မယှဉ်ရသေးဘူး၊ အရင်ရှုံးနေပါပြီ၊ ဒါကြေ
သတိပေးတာပါ. မရောင်းဘဲနေလို့ရရင် မရောင်းပါနဲ့လာ

မရောင်းရင် တုတုက ဒီအိမ်မှာပဲ ပြွတ်သိပ်
ညပ်ပြီး ဆင်းရဲဒုက္ခခံရမလား။ တုတုသည် လူချောအဖေ၏လေး
ကို သိပ်သဘောမကျလှပါ။ မျက်နှာကို အတတ်နိုင်ဆုံး ပြုံး
ရပေမဲ့ တကယ်တော့ စိတ်ထဲမှာ တုတုကို မနှစ်မြို့သလိုလို၊ မ
ကြည်သလိုလို။ သူဌေးတွေမို့ အလိုလိုနေရင်း လန့်နေသလို
ဖြစ်နေပုံရသော လူချော၏အဖေကို တုတု စိတ်ပျက်နေမိသည်

တုတုက ကိုယ့်မိဘတွေအကြောင်း အသိဆုံး
သားတွေ သမီးတွေကို ဘယ်တော့မှ မလွှမ်းမိုးဘူး၊ မချုပ်ကိုင်
ဟိုဟာမလုပ်ရ၊ ဒီဟာမလုပ်ရပြောပြီး မတားဘူး။ သူတို့ပြေ
နေကြ စကားတစ်ခွန်းကတော့ ...





"ကိုယ့်ဘဝကိုယ် ဖန်တီးရမှာနော်။ ကိုယ်စိတ်ချမ်းသာတာ
ကိုယ်လုပ်ပိုင်ခွင့်ရှိတယ်၊ ဒါပေမဲ့ တစ်ခုတော့ မှတ်ထားရ
မယ်၊ ကိုယ်ဖြစ်ကိုယ်ခံပဲနော်၊ ဘယ်သူမှ ကိုယ့်အစား ဝင်
ခံပေးနိုင်တာမဟုတ်ဘူး"

ဟူသော စကားပင်ဖြစ်သည်။ အခုလည်း တုတု
လုပ်ချသွားသည့်အတွက် သူတို့ စိတ်ဆိုးကြ၊ အသိုင်းအဝိုင်း
ယ်မှာ အရှက်ရကြဖြစ်ပြီး တုတုကို ပစ်ထားဖို့သာ သူတို့
းမှာသေချာသည်။ လိုက်လည်းရှာမှာမဟုတ်။ ရှာခဲ့ရင်တောင်
င်တွေ၊ ဗီဒီယိုတွေထဲကလို ဓာတ်နာအောင်အတင်းခွဲ၊ ကောင်
ကို ထောင်ချဆိုတာမျိုး လုပ်မဲ့သူတွေ မဟုတ်ပါ။ တုတု
နဲ့အမေမှာ အေးအေးဆေးဆေးနေပြီး စိတ်အရှုပ်လည်း
င်ကြသူတွေမို့ ...

"ရုံးပြင်ကန္နားသွားပြီး ဖြေရှင်းရမဲ့အလုပ်မျိုးဆို ဝေးဝေး
ရှောင်လိုက်မယ်"

ဟုပင် ဆုံးဖြတ်ထားကြသူများဖြစ်ပါသည်။ အဖေ
တို့ဘဝက ကုသိုလ်ကံလည်း ကောင်းလှတာမို့ ဘဝတစ်သက်
မှာ အမှုအခင်းတွေ ဖြေရှင်းရခြင်းလည်း မရှိဖူးခဲ့။ စိတ်ဆင်း
ခွေရတာမျိုးလည်း မကြုံဖူးခဲ့ကြပါ။ ယခုအချိန်မှာတော့
ကြောင့်သာ ပထမဦးဆုံးအကြိမ် စိတ်ရှုပ်၊ စိတ်ဆင်းရဲရတာ
ကြုံချင်ကြုံရမှာပဲရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"တုတုမိဘတွေက အဲဒီလိုမလုပ်ချုးလို့တော့ ယုံကြည်တ
ပြီးတော့ တုတုတို့ အိမ်ခွဲနေဖို့ အိမ်ဝယ်ဖို့ ငွေလိုတယ်
ပြီးတော့ လူချောလည်း ပင်ပန်းတဲ့ ယာအလုပ် လယ်အ
ကို မလုပ်ချင်လို့ ရန်ကုန်မှာတောင် လာနေပြီး အလုပ်ရှ
သူဆိုတော့ သူ့ကို အခု ဒီအလုပ်တွေ ပြန်လုပ်ခိုင်းရင်
ဘယ်လုပ်နိုင်မလဲ။ တုတုလည်း သူ ပင်ပင်ပန်းပန်း အ
လုပ်ထားတဲ့ပိုက်ဆံနဲ့ စားရမှာချိုမကျဘူး၊ ပြီးတော့ တ
ကိုယ်တိုင်လည်း မစို့မပို့ရတဲ့ ပိုက်ဆံကို မသုံးတတ်
ဒီတော့ ဆိုင်ဖွင့်ပြီး စီးပွားရှာကြမယ်လို့ တိုင်ပင်ပြီး
အရင်းအနှီးရဖို့ကို ဒီပစ္စည်းတွေရောင်းမှ ဖြစ်မှာလေ"

တုတုသည် ပိုက်ဆံရှိသောသူပီပီ လူချော အ
ပြန်ဖြေရှင်းပြရမှာ မကြောက်ဘဲ ဒိုးဒိုးဒေါက်ဒေါက် ပြောပြ
သောအခါ အဘိုးကြီး နည်းနည်းတော့ တွေဝေသွားသည်။ သူ
ကိုယ်တိုင်ကလည်း သားသမီးတစ်ယောက် ဘဝအခြေကျဖို့ အ
လုပ်မပေးနိုင်သည်ဖြစ်ရာ ပြန်ပြောအားရှိပုံမရ။ တွေဝေသွ
တုတုဝတ်ထားသောစိန်ထည်တွေကို တစ်ချက်လှမ်းကြည့်က

"အေး ... ဒါဆိုလည်း လုပ်ကြပေါ့။ အလိမ်မခံရအောင်
ရောင်းတဲ့အခါ မိတ္ထီလာမြို့ပေါ်မှာ ဘယ်သူ့ဆီသွား
ရင် မှန်မှန်ကန်ကန်ရမလဲဆိုတာ ရွာထဲမှာ အဖေစုံစမ်း
မယ် ဟုတ်ပြီလား။ ငါ့တို့တွေကတော့ ဒါမျိုးဝယ်ဖို့





သာသာ မှုးလို့ရှုစရာ ရွှေဆိုလို့ မင်းတို့အမေရဲ့ နားကပ်
တစ်ရန်ပဲရှိတာဆိုတော့ စိန်အကြောင်း မသိဘူး။ ရွာထဲက
'ဆီစက်သူဌေးဆီ အဖေ သွားမေးပေးမယ်၊ ကိုယ့်ဘာသာ
စိတ်မြန်လက်မြန် သွားရောင်းမနေနဲ့။ လိုချင်တဲ့ဈေးမရဘဲ
နေမယ် ဟုတ်ပလား"

ဟူ၍ တုတု ပစ္စည်းတွေ မိတ္ထီလာမြို့ပေါ်မှာ သွား
ရောင်းမှာကို သတိပေးသလိုဖြင့် အကြံပြုပါသည်။

တုတုတို့ဝယ်မည့်အိမ်အတွက်တော့ ပါလာသောငွေ
ဆယ်သိန်းကို စရန်အရင်ပေးပြီးပြီမို့ နောက်ဆယ်သိန်းပေးရုံပင်။
ငွေဆယ်သိန်းက သီးသန့်အနေနဲ့ တုတု စုထား၍ပါလာတာဖြစ်
ပြီး တုတုရဲ့ ဟန်းဘက်(ခ)အိတ်ကြီးထဲမှာတော့ အသေးသုံးဆိုပြီး
ထည့်ထားတတ်တာလည်း တစ်သိန်းလောက်က အမြဲပါတာမို့
အဲဒီတစ်သိန်းထဲကပဲဖဲ့ပြီး ဝယ်စရာလေးတွေ ကြိုဝယ်လို့ရသည်။

အိမ်အတွက်လိုမဲ့ မီးဖိုတို့ ထမင်းအိုးတို့ကအစ ဘက်
ထရီမီးချောင်းတို့ လက်နှိပ်ဓာတ်မီးတို့ပါမကျန် ရွာမှာရှိသောကုန်စုံ
ဆိုင်ကြီးတွေကပဲ သွားဝယ်ထားပြီး ပိုက်ဆံလက်ငင်းထုတ်ရှင်းတိုင်း
အားလုံးက ဝိုင်းဝိုင်းကြည့်တာလည်းခံရသည်။ တုတုနဲ့ ဒီပစ္စည်း
တွေဝယ်ဖို့ အဖော်လိုက်ပေးတတ်သော ဘုမတို့ အိတုံတို့ကို ...

"ပိုက်ဆံထုတ်ရှင်းရင် လူတွေက ဘာလို့ကြည့်ကြလဲမသိ
ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးကြည့်မိမှပဲ အကြောင်းစုံသိရသည်။

"ဒီမှာ အဲဒီလို ပိုက်ဆံအထပ်လိုက်ကိုင်ပြီး ချက်ချင်း ရှင်းသွားတဲ့သူကရှားတယ်။ လက်ချိုးရေလို့ရတာဏ်လေ၊ အကုန်လုံးက အကြွေးယူတဲ့လူများတယ် အစ်မရဲ့။ ဒါကြောင့် အစ်မကိုကြည့်ကြတာ"

"အပယ်း ... ပြီးတော့ ရွာမှာသတင်းကြီးနေတာက အစ်မက မြို့မှာ သိပ်ချမ်းသာတာတို့။ စိန်တွေအများကြီးပါလာတာတို့ ချဲ့ကားပြီးပြောတော့ အစ်မကို အထင်ကြီးတာလည်းပါတာပေါ့"

"ဟယ် ... ဒါဆိုဒုက္ခပါပဲ၊ ဓားပြကြားရင် ငါ့ကို လာဓားပြတိုက်နေပါ့မယ်"

"ရွာမှာ ဓားပြမရှိပါဘူး"

"သူခိုးတော့ရှိတယ် ဆိုင်ဖွင့်ရင် သတိထားပေါ့၊ သူခိုးဖောက်တတ်တယ် အစ်မ"

တုတုလည်း ရွာရောက်ပြီး ဆယ်ရက်အကြာမှာ လူချော အမေအိမ်နဲ့ သိပ်မဝေးသော အသင့်အတင့်ကောင်းသည့် သွပ်မိုး ပျဉ်ကာ လုံးချင်းအိမ်တစ်လုံးကို ဝယ်ပြီးလျက် ဘဝကို စတင်ဖို့ အသင့်ဖြစ်သွားပါသည်။





အပိုင်း(၃)

www.burmeseclassic.com

www.burmeseclassic.com



## ၁၂

"အိမ်တက်ဆွမ်းလည်းဖြစ် မင်္ဂလာဆွမ်းလည်းဖြစ်အောင် ဘုန်းကြီးငါးပါး အိမ်ပင့်ပြီး ဆွမ်းကျွေးတာ ဟုတ်ပါပြီ။ ဧည့်ပရိသတ်ကို ဘာတွေ ကျွေးကြမလဲ"

"တစ်ရွာလုံး မဖိတ်ရင် မျက်နှာနာရမဲ့သူချည်း ဖြစ်နေတာ ဖိတ်မှပေါ့"

"ဖိတ်တာက ဟုတ်ပါပြီ တုတုက ခြံဝင်းထဲ မဏ္ဍပ်ထိုး၊ ဘောလုံးချိတ်ပြီး လော်စပီကာဖွင့်ရမှာကို ရှက်တယ်တဲ့။ မကြိုက်ဘူးတဲ့၊ ဒီတော့ ဧည့်ပရိသတ် ဘယ်မှာသွားထား ပြီးဧည့်ခံမလဲ။ အိမ်ထဲလည်း ဘယ်လိုမှမဆန့်ဘူး"

"ဒီလိုရှိတယ် ကလေးမရဲ့၊ ရွာမှာက အိမ်တစ်အိမ်မှာ တစ်ခုခုလုပ်ရင် လူကွက်ပြီး ဖိတ်လို့မရဘူး၊ အိမ်ပေါက်စေ့ မိသားစုလိုက်ကြွပါပြောပြီး ဖိတ်စာဝေရတာပဲ။ ဒီတော့





ဒေါ်ကြီးတို့ပြောတာလက်ခံပါ၊ မဏ္ဍပ်ထိုးဖို့ ဘာမှ မပူနဲ့၊ လူချောသူငယ်ချင်းတွေရော ညီအစ်ကိုဝမ်းကွဲတွေရော အဖွဲ့ တောင့်ပါတယ်"

ဒီနေ့ကား တုတုတို့ မင်္ဂလာပွဲအတွက် အိမ်မှာ လူချော၏ မိဘမောင်နှမသားချင်းတွေရော၊ ရှိရှိသမျှ ဆွေမျိုးတွေရော လာစုပြီး ဆွေးနွေးတိုင်ပင်နေကြတာဖြစ်သည်။

တုတုက မင်္ဂလာဆွမ်းလေးပဲ ကျွေးချင်ပါတယ် ပြောမိပေမဲ့ ဦးရဲ့ကြီး ဒေါ်ရဲ့ကြီးများ ပါနေသော လူချော၏ ဆွေမျိုးအုပ်စုက မရ။ လက်မခံကြ။ တစ်ရွာလုံးကို သူတို့ဘာသာ ကြားလုံးတွေလည်းထုတ်ထားကြပြီး ငါတို့တူ ငါတို့ညီကတော့ဖြင့် ရန်ကုန်က သူဌေးသမီးကို ရအောင်ယူလာတာလို့ အကြွားသန်ထား ပြီးနေပုံဖြင့် ...

"ဟာ ... ဒီလောက်လေးလုပ်လို့ ဘယ်ဖြစ်မလဲ တစ်သက်မှာ တစ်ခါပဲလုပ်ရတဲ့ မင်္ဂလာပွဲကို ဧည့်ပရိသတ်ပါဖိတ်ပြီး စည်စည်ကားကားလေး လုပ်မှပေါ့"

ဟု အစချီပြီး မင်္ဂလာကိစ္စကို စတင်ဆွေးနွေးကြတော့တာဖြစ်သည်။ တုတုပြောတာကနည်းနည်း သူတို့ပဲ မင်္ဂလာဆောင်တော့မဲ့အတိုင်း သူတို့အကြံနဲ့ ပွဲလုပ်တာများများဖြစ်နေသည်။ လူချောကတော့ တုတု မျက်နှာကို တကြည့်ကြည့်လုပ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"တု သူတို့ကို ဘာမှ အားနာမနေနဲ့။ တု မကြိုက်ရင် မကြိုက်ဘူးပြောလိုက်။ ကိုယ်က အဒေါ်တွေ ဦးလေးတွေလည်း သိပ်တော့ ကြည်တာမဟုတ်ဘူး"

ဟူ၍ ခပ်တိုးတိုး လာအတင်းပြောပါသည်။

"ဟင် ... ဘာလို့မကြည်တာလဲ"

"သူတို့လား အလကား ရွှေရှိမှအမျိုးတော်ချင်ကြတဲ့သူတွေ။ အရင်က ကိုယ် ဘာကောင်မှမဟုတ်ဘူး၊ ငမွဲဖြစ်နေတုန်းက ဒီလိုလာဖို့နေနေသာသာ လမ်းတွေ့ရင်တောင် နှုတ်မဆက်ချင်ကြဘူး။ အခုမှသာ တုကြောင့် ကိုယ့်အဖေအမေတွေကို လူရာသွင်းပြီး စကားလာပြောတာ"

"ဒါဖြင့် သူတို့ကို ဘာလို့အကြောင်းကြားသေးလဲ။ လူချော အဖေ အမေတွေက သူတို့ဘာသာ စီစဉ်ရောပေါ့"

"ကိုယ်ပြောသားပဲ အဖေတို့ အမေတို့ကလည်း ပြောမရဘူး။ ဆွေမရှိ မျိုးမရှိဖြစ်မယ် မျက်နှာငယ်မယ်တဲ့၊ အဲဒီလိုပြောပြီး မင်္ဂလာကိစ္စ သွားတိုင်ပင်ကြတော့ အခု ကိုယ်တို့အိမ်ပေါ် စုပြုံပြီး ရောက်လာကြတာပေါ့။ လာချင်ရက်လက်တို့ဖြစ်နေတာလေ။ တုမှာ စိန်တွေပါလာတယ်လို့ သတင်းကြားကတည်းက လာအမျိုးတော်ချင်နေကြတာ"





လူချောနဲ့ တုတု ဘယ်လောက်ပဲ စိတ်မပါပေမဲ့လည်း နောက်ဆုံးတော့ မိဘဆွေမျိုးတစ်အုပ်စုလုံး၏ စီစဉ်မှုအရ အိမ်ခြံဝင်းထဲ မဏ္ဍပ်ကြီးထိုး၊ ပန်းစက္ကူတွေ ဘောလုံးတွေချိတ်ကာ လော်စပီကာ အကျယ်ကြီးဖွင့်၍ဆောင်ရသော တောမင်္ဂလာဆောင်တစ်ပွဲကိုတော့ ကျင်းပလိုက်ရတော့လေသည်။

မနက်စောစောမှာ ဘုန်းကြီးငါးပါးပင့်ပြီး အုန်းနို့ခေါက်ဆွဲ အရဏ်ဆွမ်းကပ်လှူရသည်။ ဘုန်းကြီးပြန်ကြွသွားပြီးဘာနဲ့ လော်စပီကာကြီးက စတင်ဖွင့်တော့သည်။ မင်္ဂလာဆောင်ကို မနက်ဆယ်နာရီမှ စတင်မှာပေမဲ့ အချိန်မတိုင်ခင် ကြိုရောက်နေသူတွေကလည်း မနည်းမနော။

တုတုကို ရွာထဲက အလှပြင်ဆိုင်မှာ မိတ်ကပ်ဆံပင်ပြင်ဖို့ ဝိုင်းပြောကြပေမဲ့ တုတု လက်မခံဘဲ ကိုယ့်ဘာသာပဲ ပြင်လိုက်ပါသည်။ ဘာမှ အထွေအထူး ပြင်စရာမှ မလိုတာ။ တော်သင့်ရုံဝယ်လာသော ချိတ်လုံချည် ရွှေရောင်လေးနဲ့ အပေါ်ကဖိုးသားစရွှေရောင်ကို မြန်မာအကျီပုံလေးချုပ်ဝတ်ကာ ပဝါလေးခြုံလိုက်ရုံပါ။

ဆံပင်ကလည်း တုတုဆံပင်မှာ လှိုင်းပုံစံလေးတွေခုံးထိရုံ ကောက်ထားတာမို့ ဆံပင်ဘေးနှစ်ဖက်သိမ်းပြီး နောက်မှာ စုချည်လိုက်ကာ ထိုအခွေအကောက်လေးကိုပဲ ကိုယ့်ဘာသာ

www.burmeseclassic.com



ဆံထုံးပုံစံ လက်ဖြစ်ထုံးဖွဲ့လိုက်သည်။ ထိုဆံထုံးပေါ်မှာ ရွှေရော
အုပ်ဆောင်းပုံစံလေး အုပ်ထားပြီး ထိန်းထားလိုက်ပါသည်။ မျက်
နှာကတော့ ပြင်ဆင်နေကျ အတိုင်းလေးပဲ ပြင်လိုက်ရုံဖြင့်ပင
တုတု ပြင်ဆင်တာပြီးပါသည်။

ဘုမတို့ အိတုံတို့ မိုးစွေတို့လို ယောက်မအရင်းလေ
တွေကတော့ တုတုအလှပြင်ဆင်သည့်နား လာထိုင်ကြည့်ခွင့်
သဖြင့် တုတု ပြင်ဆင်ပြီးလျှင် ...

"ဟယ် ... ငါတို့အစ်မက လှတယ်တော့။ အိန္ဒြာကျော်ဖေ
လိုပဲ"

"မဟုတ်ဘူး နန္ဒာလှိုင်နဲ့တူတာ"

"ဘယ်မင်းသမီးနဲ့မှမတူပါဘူး၊ အစ်မက သူ့ဘာသာလေ
လှနေတာပါ"

ဟူ၍ အငြင်းအခုံတွေဖြစ်ပြီး တုတုကို ချီးကျူး
မဆုံး ဖြစ်နေတော့သည်။

"ဒါကြောင့် ရွာထဲမှာ အစ်ကိုကြီးကို ဝိုင်းအားကျနေ
တာ။ အစ်ကိုကြီးက မိန်းမချောချောလေးလည်း ရလာတယ်
မိန်းမကလည်း ပိုက်ဆံရှိတယ်တဲ့ ... ဟီ ဟီ၊ အစ်ကိုကြီ
ဂုဏ်တက်တော့ မိုးစွေတို့ပါရောပြီး မျက်နှာပွင့်တာ
သိလား"





"မိုးစွေ စကားများမနေနဲ့ အစ်ကိုကြီး သွားခေါ်လိုက်။
အစ်မ ပြင်ပြီးပြီ လာပြီးလက်တွဲခေါ်တော့လို့"

အသက်နှစ်ဆယ် ရှိပြီဖြစ်သော ဘုမက မိုးစွေတစ်
သောက် ကလေးစိတ်မကုန်ဘဲ ရှူးသလိုလို ပေါသလိုလို လျှောက်
ပြောနေ၍ တုတု စိတ်ဆိုးသွားမှာစိုးရိမ်ပြီး စကားမြန်မြန်ဖြတ်
လိုက်သည်။ ယောက်မလေးတွေက တုတုကို ရန်ကုန်သူ ဟူသော
အရှိန်၊ ပိုက်ဆံသိပ်ချမ်းသာသည်ဟူသော အရှိန်ဖြင့် အထင်ကြီး
အားကျနေကာ တုတုကြောင့် သူတို့မိသားစု ဂုဏ်တက်ရသည်မို့
တုတု ဒီနေရာကို၊ ဒီဒေသကို စိတ်ပျက်ပြီး ပြန်ပြေးသွားမှာ၊
သူတို့ အစ်ကိုကြီးကိုပါ ပြန်ခေါ်ထုတ်သွားမှာတွေကို အင်မတန်မှ
စိုးရိမ်နေမှန်း တုတု ရိပ်မိပါသည်။

အရင်က ပိုက်ဆံမရှိ၊ ကျပ်ကျပ်တည်းတည်းရုန်းကန်
နေကြရသော မိသားစုများပီပီ ရပ်ထဲရွာထဲလည်း သိပ်အထင်ကရ
မခြင်၊ နေရာမပေးခံခဲ့ရသော အခြေအနေတွေကို အရွယ်ရောက်
ခဲ့ပြီဖြစ်သော မိန်းမပျိုလေးတွေပီပီ စိတ်ထဲမှာ အားငယ်သိမ်ငယ်
စွာ ခံစားထားရပုံရသည်။ ယခု တုတု ရောက်လာသောအခါ
တော့ ပိုက်ဆံတွေ အထပ်လိုက်ကိုင်ရှင်းပုံ၊ အိမ်ကို ချက်ချင်း
ပြင်ပြီးဝယ်ပုံ၊ ဆိုင်ထဲဝင်လိုက်လျှင် ဒေးပြီး ပြန်မထွက်ချင်
လောက်အောင် ပစ္စည်းစုံတွေနဲ့ ဝယ်သုတွေကို ဆွဲဆောင်နိုင်သော



www.burmeseclassic.com

www.burmeseclassic.com



ခေတ်မီစတိုးဆိုင်လေးဖွင့်နိုင်ပုံတို့ကြောင့် ရွာထဲမှာ တုတုတို့သတင်း ဟာ ဟိုးလေးတကျော်ဖြစ်လျက် တုတုနဲ့ ဆက်စပ် ပတ်သက်ေ သော လူချောတို့မိသားစုဝင်တွေလည်း လူလူသူသူ နေရာပေး လာရကြောင်း တုတု ရိပ်မိလာသည်။ အထူးသဖြင့် ယောက်မ ခေတ်မီစတိုးဆိုင်လေး ဖွင့်ထားသောကြောင့် ဘုမ၊ အိတုံနဲ့ မိုး တို့ တစ်တွေ ယာထဲပင် မဆင်းချင်တော့ဘဲ ဆိုင်ထိုင်ပြီး ဆေ ရောင်းချင်ပုံဖြင့် ဆိုင်ထဲကကို မထွက်တော့။ ဝယ်သူလာလျှ ခပ်ကြွားကြွားအသံလေးနဲ့ ...

"ဘယ်ပစ္စည်း ကြည့်ချင်လို့လဲ၊ ဘာရှာပေးရမလဲ"

ဆိုသော အသံစာစာတွေဖြင့် သူတို့က အရင်ကြိ တတ်လေသည်။

ဒီနေ့လို မင်္ဂလာဆောင်ရှိတဲ့နေ့မှာ ဘုမတို့က ဆာပေမဲ့ တုတုက မိန်းကလေးချင်း ကိုယ်ချင်းစာပြီး အဆ အစားသစ်တစ်စုံစီ ဝယ်ဆင်ပေးလိုက်ရသည်။ ညီအစ်မသုံးယော လိမ်းဖို့ဆိုပြီး ဆိုင်မှာတင်ရောင်းသော ယိုးဒယားဖြစ် အော ကရင်(မ)ဖြစ်သော ပရိမီနာတစ်ဘူးနဲ့ Spring Song ကရင် ဖတ်(ဖ)တစ်ဘူး၊ အိုင်းရှဲဒိုးနဲ့ ပါးနီတွဲရက်ဘူးလေး တစ် ဒီဇင်ဘာမျက်ခုံးမွေးဆွဲခဲတံနှင့် နှုတ်ခမ်းဆိုးဆေးတစ်တောင့် ထုတ်ပေးကာ ...





"ဒါတွေ မင်္ဂလာဆောင်နေ့မှ ဖောက်လိမ်းလိုက်ကြနော်၊ အမေ လိမ်းချင်ရင်လည်း ပေးလိမ်းလိုက်ပါ၊ ဒီပန်းရောင် ပရိမီနာဘူးထဲကကရင်(မ)ကို သနပ်ခါးမလိမ်းခင် အောက်ခံ လိမ်းပေါ့၊ ပြီးရင် အပေါ်က သနပ်ခါးပါးပါးလိမ်းရင်လည်း လိမ်း၊ မလိမ်းချင်ရင် ဒီမိတ်ကပ်ဘူးထဲက တို့ဖတ်လေးနဲ့ မိတ်ကပ်ကိုရိုက်လိုက်၊ ဒါက မျက်လုံးဆိုးတာနော်။ ဒီပန်း ရောင်လေးက ပါးနီ။ လိမ်းတတ်လား လိမ်းပြရမလား"

ကောင်မလေးတွေကို တုတု ထုတ်ပေးတော့ မျက်စိ ပြူးသားနဲ့ ဘူးတွေကို သေသေချာချာကြည့်နေသောကြောင့် လိမ်းနည်းပါ သင်ပေးလိုက်ရသေးသည်။

"ဘုမတို့ ဒါမျိုးတွေ မြင်ဖူးပါတယ်၊ ရွာထဲက သူငယ်ချင်း မတွေ လိမ်းတာလည်းတွေ့ဖူးတယ်၊ ဈေးမေးကြည့်တော့ ဘုမတို့အတွက်ကျတော့ ဈေးကြီးနေတာနဲ့ မဝယ်လိမ်းတာ ပါ။ ဝယ်တော့ဝယ်ချင်တာပေါ့။ ဝယ်မယ်ဆိုပြီး ပိုက်ဆံ စုလိုက် အမေ့မှာ ကုန်စရာပေါ်လာလို့ သနားပြီး ထုတ် ပေးလိုက်နဲ့ တစ်ခါမှမဝယ်ဖြစ်ဘဲ ရွှေပြည်နန်းသနပ်ခါး ဘူးနဲ့ပဲ ပြီးလိုက်ရတယ်၊ အဲဒီသနပ်ခါးဘူးဖိုးတောင် တစ်ခါ တလေကျ မရှိလို့ မျက်နှာပြောင်နဲ့ပဲ နေလိုက်ရတယ် အစ်မရဲ့"



www.burmeseclassic.com

www.burmeseclassic.com



တုတု ကောင်မလေးကို သနားသွားပါသည်။ ဒီယိ
ယားဖြစ် မိတ်ကပ်တွေဆိုတာ တုတု စိတ်ကူးထဲမှာ ရှိတောင်မရှိ
အမျိုးအစားတွေပါ။ အခုတော့ ကိုယ့်စတိုးဆိုင်လေးက တော
လိုရွာလေးမှာဖွင့်တာမို့ လူတိုင်းဝယ်သုံးနိုင်သောပစ္စည်းတွေပဲ
တင်ထားတာဖြစ်သည်။ တုတုက ကိုယ်တော့မသုံးဖူးပေမဲ့ ယိုးဒ
ပစ္စည်းထဲမှာ၊ မြန်မာပြည်ဖြစ်ပစ္စည်းထဲမှာ ဘာတွေရှိသလဲ ဆိုတ
လေ့လာထားသူမို့ သိနေသည်။

တုတုရဲ့ ရန်ကုန်က အကျီဆိုင်မှာ လာအလုပ်
သော အရောင်းဝန်ထမ်း ကောင်မလေးတွေဆီကလည်း ကြ
ထား၍ လူအများစုသုံးနိုင်သော အသုံးအဆောင်တွေကို သိ
ပါသည်။

လူအများစု ဝယ်နိုင်သုံးနိုင်သည်ထင်ပေမဲ့ အ
တော့ ဘုမ ပြောတာနဲ့ပင် ဒါမျိုးတောင် ဝယ်မသုံးနိုင်တဲ့လူ
ရှိသေးသလားလို့ အံ့သြနေရသည်။

တုတုတို့၏မင်္ဂလာဆောင်တွင် မိတ္ထီလာမြို့
သွားမှာသော အိုက်စကရင်(မ)နှင့် ကိတ်မုန့်ကို အလျှံပယ်
နိုင်သည့်အတွက် လူချောအဖေအမေတွေဆိုတာ ခေါင်းကိုမော
တော့တာ။ ရွာမှာ ဒီလိုအလျှံပယ်ကျွေးနိုင်တဲ့ မင်္ဂလာဆောင်
တစ်ခါတလေမှ ရှိသည်တဲ့။ အလျှံပယ် ဟုပြောရခြင်းမှာ တ





ူတော်တော်များများရော၊ အိမ်ကပါလာတဲ့ ကလေးတွေရော
ိုက်စကရင်(မ်)ကို လေးခွက် ငါးခွက် ဆက်တိုက်စားနိုင်သလို
ိတ်မုန့်တွေစားတာလည်း ထမင်းလွတ်များ စားသလားမသိ။
ာစ်ပွဲပြီးတစ်ပွဲ ပြင်လို့မလောက်နိုင်ပါ။

နေ့လယ်ဆယ့်နှစ်နာရီမှာ ပွဲပြီးတော့ ခေါ်ထားသော
ဓာတ်ပုံဆရာနဲ့ ဓာတ်ပုံတွေ ရိုက်ကြတာလည်း မပြီးနိုင်။ မစီးနိုင်။
ာစ်ရွာလုံးက ရိုက်ချင်နေကြတာမို့ ဓာတ်ပုံဆရာက ပိုက်ဆံအမိက
ူတ်ပေးသော တုတုကိုပင် ...

"ရိုက်ချင်တိုင်းသာ ပေးရိုက်နေရင် ဖလင်တွေ မနည်းဘူး
ကုန်မှာနော် အစ်မ။ သိပ်ပေးမရိုက်နဲ့တော့"

ဟု သတိပေးလာရတော့သည်။

"ရှင့်မှာ ဒစ်ဂျစ်တယ်ကင်မရာ မရှိဘူးလား။ ရှိရင် ဖလင်
အများကြီးကုန်တဲ့ပြဿနာ မရှိတော့ဘူးပေါ့"

တုတုက ဖလင်တွေ တစ်လိပ်ပြီးတစ်လိပ်လဲထည့်
နေရသော ရွာထဲက ဓာတ်ပုံဆရာကို စပ်စုမိသည်။

"ဒစ်ဂျစ်တယ်ဆိုရင် ကျွန်တော့်မှာ ကူးစက်သတ်သတ်
ထပ်ဝယ်ရမှာပေါ့။ အဲဒီလိုမှမဝယ်ရင် မိတ္ထီလာဘက်သွားပြီး
ကူးရလိမ့်မယ်၊ ဒီတော့ ကျွန်တော့်ရွာထဲကဆိုင်မှာပဲကူးလို့
ရအောင် ဖလင်ပဲသုံးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ရွာက အိမ်ခြေတစ်ရာကျော်လောက်ရှိပြီး ကျယ် သော်လည်း ဓာတ်ပုံဆိုင်ဆိုရင် တစ်ဆိုင်၊ ဆေးပေးခန်း တစ်ခန်း စာသင်ကျောင်း တစ်ကျောင်း စသဖြင့်သာ လက်ချိုးရေလို့ရအော ရှိပါသည်။

ဆေးပေးခန်းမှာလည်း ဆရာဝန်မရှိသေး။ ဆေး ဟု သူတို့ တရိုတသေနေရာပေးဆက်ဆံရသော လူတစ်ယော လက်မှတ်ရဝမ်းဆွဲဆရာမသာရှိလေသည်။ ထိုဆေးမှူးက ဘာဆေ ပညာတွေ ဘယ်လိုတတ်သည်ရယ်တော့မသိပေမဲ့ နားကြပ်တစ်ချေ ချိတ်၊ သွေးပေါင်ချိန်ကိရိယာ တကိုင်ကိုင်လုပ်နေတာတော့ တွေ ဖူးသည်။

ရွာမှာ တကယ်လိုအပ်သော ဆေးဆိုင်တွေ ဘာ သာ မရှိတယ်။ ဗီဒီယိုပြသောဆိုင်တွေကတော့ မှိုလိုပေါက်နေတ တွေ့ရသည်။

"တု ... တု ကိုယ့်ကို ပိုက်ဆံနည်းနည်း ပေးပါဦး"

တုတုသည် ဓာတ်ပုံရိုက်နေကြသူတွေကို ဆက်ကြ မနေတော့ဘဲ အိမ်ထဲပြန်ဝင်လာပြီး အခန်းထဲဝင်ကာ အဝတ် မလဲ့ပြင်စဉ် လူချော လိုက်ဝင်လာပြီး တုတုထံမှ ပိုက်ဆံလာတော လေသည်။ တိုက်ပုံအင်္ကျီကော်လာကတုံးရှပ်နဲ့ ချွဲဖလားရောင်ပု အကောင်းစားဝတ်ထားသော လူချော၏မျက်နှာမှာ ရွှင်နေသည်





မျက်နှာမှာ ရွှင်နေတာထက် သူ့ဘဝသူ ကျေနပ်ပီတိ ဖြစ်ကာ မြောက်ကြွကြွဖြစ်နေသော အသွင်ကိုလည်း တွေ့နေရ သည်။

ဒီလိုအခြေအနေတွေ မြင့်မားလာခြင်းအတွက် သူဟာ သိနည်းတော့ ဂုဏ်ယူနေမိမှာပေါ့။

"ပိုက်ဆံခုနက တစ်ခါပေးလိုက်သေးတယ်နော်၊ ကိတ်မုန့်ဖိုး ထပ်လိုလို့ ရှင်းရတာလေ၊ အခုဟာက ဘာလဲ"

"ဟိုကွာ ... ဟိုကောင်တွေကွာ ကိုယ့်သူငယ်ချင်းဟောင်း တွေပါ။ သူတို့က တိုက်ရမယ်ဆိုလို့ အဲဒါ ..."

"အရက်တိုက်ရမှာလား"

"အင်းပေါ့ ဒါပဲရှိတာ"

"သူတို့ကို ပိုက်ဆံပေးလိုက်ရမှာလား"

"မဟုတ်ဘူး ကိုယ့်ကိုပါခေါ်တာ"

"ဟင် ... လူချောကလည်း ...။ အရက်သောက်ဦးမယ် ဟုတ်လား"

"အများကြီးမသောက်ပါဘူးကွာ၊ စိတ်ချပါ ကိုယ် သူတို့ ရှေ့မှာ သိက္ခာမကျချင်လို့ လိုက်သောက်ပြရမှာပါ"

"ဘာလို့ သိက္ခာမကျချင်ရတာရှိလဲ ပြောပါဦး။ အရက် မသောက်ပြတာနဲ့ သိက္ခာကျရောလား"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က ကိုယ့်ကို မနာလိုဖြစ်ပြီး ခနဲ့တယ်ကွ၊ မင်းမိန်း… က သူဌေးမဆိုတော့ မင်း သူ့ကို တော်တော်ကြောက်ရ… ပဲ။ သူကပဲ ငွေထုတ်ပေးနေတာဆိုတော့ မင်း သူ့ဩ… နာခံရမှာပဲနဲ့ ပြောနေတာ မခံချင်ဘူး။ သူတို့နဲ့ အရက်လို… မသောက်ဘူးဆိုရင် မိန်းမကြောက်ရလို့လို့ပြောမှာကွ"

တုတု အတော်စိတ်ရှုပ်သွားပါသည်။ တုတုကဆော… လှချောကို အနားမှာထားကာ တုတု မထင်မှတ်ဘဲ ကြုံလိုက်ရသော… တောမင်္ဂလာဆောင်အကြောင်း ပြန်ပြောချင်နေသည်။ ဘာပဲဖြစ်… တောမှာဆောင်ရသည်ဖြစ်စေ၊ မြို့ပေါ်ကဟိုတယ်ကြီးမှာဆောင်… သည်ဖြစ်စေ ကိုယ့်ချစ်ရသူနဲ့ အတူတူ ဆင်နွှဲရသည်ပဲမို့ တုတု… ဒါကို ဝေမျှခံစားပြောဆိုရင်း ကြည်နူးချင်သည်။ အထူးသဖြ… ဒီလိုနေ့မှာ မိဘညီအစ်ကိုမောင်နှမတွေကို သိပ်သတိရလှသော… လည်း ရင်ထဲမှာ တမင်မေ့ထားရကာ ပျော်စရာပဲ ရှာကြံတွေးနေ… တာပါ။ အားလုံးကို ကျောခိုင်းခဲ့ပြီး ကိုယ်လုပ်ချင်တာလုပ်ခဲ့… မို့ နောင်တတော့မရချင်ပေမဲ့ သူများဆွေမျိုးမိသားစုအလယ်… သူများရပ်ရွာမှာ ကိုယ်ဟာ တကယ့်ကို အထီးကျန်လှသ… ခံစားရတာမို့ ရင်ထဲမှာ ငိုလည်းငိုချင်နေပြန်ပါသည်။ ဒါကြော… လှချောကို အနားမှာရှိနေစေချင်သည်။

"ဘယ်တော့ ပြန်လာမှာလဲ"





"မကြာပါဘူး ခဏပဲ။ ခဏလိုက်သောက်ပြီးရင် ပြန်လာမယ် စိတ်ချ"

"တုတစ်ယောက်တည်း ပျင်းတယ်၊ မြန်မြန်ပြန်လာနော်"

"အပြင်မှာ ဧည့်သည်တွေရော အမျိုးတွေရော ရှိသေးတယ်လေ တု၊ စကားသွားပြောနေပါလား"

"တု ပင်ပန်းနေပြီ စကားမပြောချင်တော့ဘူး၊ တုက လှချော လက်မောင်းပေါ်မှာအိပ်ပြီး စကားပြောချင်တာ"

တုတု နဖူးကို တစ်ချက်မြန်မြန်ငုံ့နမ်းပြီး ပိုက်ဆံ…တာနဲ့ အလျင်စလိုထွက်သွားသော လှချောကို တုတု ငေးကြည့်…း ကျန်ခဲ့ရလေသည်။ တုတု သူ့ကို နားလည်ခွင့်လွှတ်လိုက်ပါ…သည်။ ယောကျ်ားဆိုတာ ဒီလောက်လေးတော့ ပျော်ချင်ပါးချင်မှာ…ပေါ့လို့ စိတ်လျှော့ပြီး တွေးလိုက်သည်။

ဒါပေမဲ့ ညရောက်လို့ အိမ်မှာရှိတဲ့ ဘက်ထရီမီး…ချောင်းတွေတောင် ထွန်းပြီးနေပြီ။ လှချောက ပေါ်မလာ။ မင်္ဂလာ…ဓာတ်ပျက်သူတွေပင် ဖျက်လို့ပြီး၍ ပြန်သွားကြပြီ။ တစ်မနက်လုံး…တစ်နေ့လုံး ဖွင့်ထားသော လော်စပီကာကြီးလည်း ပြန်သိမ်းသွား…ပြီ။ တစ်ရွာလုံးက ဆွေတွေမျိုးတွေ၊ မိတ်ဆွေတွေလည်း မောပြီး…အိမ်ပြန်သွားကုန်ကြပြီဖြစ်ရာ အိမ်မှာ တုတုတစ်ယောက်တည်းသာ…လက်ဖွဲ့ပစ္စည်းတစ်ပုံဖြင့် တိတ်ဆိတ်စွာ ကျန်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



တုတု အိမ်မှာ ဆိုင်လည်းရှိနေတာမို့ ဘက်ထ
ချောင်းကို ဆိုင်ထဲမှာ လေးပေမီးချောင်းနှစ်ချောင်း ထွန်းရသ
အိမ်ထဲမှာ လေးပေမီးချောင်းကို တစ်ချောင်းထပ်ထွန်းထားပါသည်
အိမ်ရှေ့ခန်းမှာ စတိုးဆိုင်ကို တွဲပြီးဆောက်ထားတာမျိုးဖြစ်သ
မို့ အိမ်ရှေ့ဧည့်ခန်းမရှိပါ။ ဆိုင်နဲ့အိမ်က ဆက်ထားသလိုဖြစ်
သည်။ အိမ်မှာ တစ်ယောက်တည်း တစ်ခါမှ မကျန်ခဲ့ဖူးသ
တုတု ကြောက်နေမိသည်။ ဒီရွာရောက်ကတည်းက လူချော အ
လို ညဘက်အပြင်ထွက်မသွားဖူး၍ တုတု ဘယ်တော့မှ အိမ်
တစ်ယောက်တည်း မကျန်ခဲ့ရဖူးပါ။

လူချော အမေကလည်း မှာထားတာရှိသဖြင့် တွေ
ပြီးကြောက်နေပြန်သည်။

"ရွာမှာ သမီးတို့က သတင်းကြီးနေတော့ အိမ်နဲ့ဆိုင်
သတိတော့ထားပေါ့။ ပိုက်ဆံရှိတယ် စိန်တွေရှိတယ်ဆို
သူခိုးဝင်ဖောက်နေဦးမယ်။ သားကြီးက မေ့တတ်တယ်
သမီးပဲ တံခါးတွေ သေချာစစ်ဆေး သော့ခတ်ပြီးမှ အိ
ကြနော်၊ ကြိုက်ကြိုက် မကြိုက်ကြိုက် ခွေးတစ်ကောင်တော့
ခေါ်မွေးထားရမယ်၊ ခွေးရှိတော့ 'အဟန့်ရှိတာပေါ့'။ အိ
နားမှာ ရန်လုံနဲ့ရပြီးမွေးနေတဲ့ ခွေးသားအုပ်မဆီက သားတ
ကောင်ကို မောင်ထွေး ယူလာပြီး သမီးတို့အိမ်မှာ ထားပေး
မယ်ပြောတာ လက်ခံလိုက်နော်"





သူခိုး ဝင်ဖောက်လို့ ပစ္စည်းတွေ ပါသွားမှာကို
ကြောက်ပါ။ တုတုကို တွေ့ပြီး ရန်ပြုသွားမှာကို ကြောက်တာ
ဖြစ်သည်။ အိမ်ထဲမှာ မီးတွေလင်းထိန်နေတာတောင် လက်နှိပ်
ဓာတ်မီးကြီးဆောင်းချကာ အသံနည်းနည်းကြားတိုင်း ဟိုထိုးကြည့်
ဒီထိုးကြည့်လုပ်နေမိသည်။

နောက်ဖေးထွက်ပြီး အပေါ့အပါးသွားချင်တာတောင်
ထွက်ရဲ။ ဒီရွာမှာက အိမ်ဘယ်လောက်ကောင်းကောင်း အိမ်သာ
တွေကိုတော့ ခြံထောင့်မှာ ထားတတ်သဖြင့် အိမ်သာထွက်ချင်
လျှင် အိမ်နောက်ဖေးတံခါးကိုဖွင့်ဦး၊ တံတားခင်းထားသောလမ်း
လေးကဖြတ်ဦး လုပ်ရမှာမို့ တုတု မသွားရဲ။ တိုင်ကပ်နာရီကိုကြည့်
တော့ ညဆယ်နာရီထိုးနေပြီ။ လူချော ကတိကို ဖျက်ပြီး လုံးဝ
ပြန်ရောက်မလာတာကိုတွေးကာ ဒေါသတွေ တလိပ်လိပ်တက်
နေသည်။

အိပ်ခန်းထဲဝင်ပြီး လှဲအိပ်ချင်လှပြီဖြစ်ပေမဲ့ အိပ်ခန်း
ထဲလည်း မဝင်ရဲပြန်။ အပြင်က သူခိုးဝင်လာရင် တုတုအလွယ်
တကူထွက်ပြေးလို့မရမှာ ကြောက်သောကြောင့် အိမ်ရှေ့မှာပဲ
ခြင်အကိုက်ခံပြီး ပေထိုင်နေမိပါသည်။ မနက်စောစောကြီးထပြီး
အရက်ဆွမ်းကပ်ရတာရော၊ တစ်နေကုန်ပင်ပန်းတာရော ပေါင်းပြီး
လူက နုံးချည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်နံရံကိုမှီပြီး တစ်ချက်မေ့ခနဲပင် အိပ်ပျော်တော့မလိုလိုဖြစ်သွားစဉ် ခြံခတ်ထားသော တံခါးလေးဖွင့်သံ၊ အိမ်လှေကားထစ်တွေကို တက်လာသံနှင့်အတူ . ..

"တု ... တုရေ ... တုတု ... ကိုယ် ပြန်လာပြီ၊ တံခါးဖွင့်ပါဦး"

ဟူသော ပုံမှန်မဟုတ်သည့် အသံဖြင့် ခေါ်လိုက်သံကို သဲ့သဲ့ကြားလိုက်ရပါသည်။ တုတု ဘယ်လောက်ပဲ ဒေါသဖြစ်နေပေမဲ့ လူချော ပြန်ရောက်လာပြီ ဆိုသော အသိဖြင့် ဝမ်းသာအားတက်သွားပြီး အတွင်းချက်ကို ပြေးဖွင့်လိုက်သည်။

လူချော ... ! လို့ တုတု အံ့အားတသင့် ရေရွတ်လိုက်မိသည်။ ကြည့်စမ်းပါဦး တိုက်ပုံအင်္ကျီကို လည်ပင်းမှာပတ်ကာ ကော်လံကတုံးရုပ်အင်္ကျီဟာ ရင်ဘတ်ကြယ်သီးတွေပြုတ်လို့၊ လက်အရှည်ကိုလည်း ဖြစ်သလို ခေါက်ထားတဲ့ပုံစံနဲ့ အင်္ကျီမှာလည်း ဆီကွက်တွေလား ဘာကွက်တွေမှန်း စွန်းထင်းညစ်ပတ်လို့။ ပုဆိုးအကောင်းစားကြီးဟာ ခြေမွတွန့်တက်နေပြီး ကျွတ်ကျလုလုဖြစ်နေသည်။ လူပုံကတော့ ပြောမနေနဲ့တော့ မျက်လုံးတောင်မနည်းအားယူ ဖွင့်ကြည့်နေရကာ ပြုံးလဲမကျအောင် မနည်းရပ်နေရသည့်ပုံဖြစ်နေသည်။

"အချစ် ... တုတု ... တုလေး ... ကိုယ် ပြန်လာပြီ"





"ဒါက ဘယ်လိုဖြစ်လာတာလဲ"

"ပြန်လာတာလေ၊ ပြန်လာတာ၊ ကိုယ့်မိန်းမဆီ ပြန်လာတာ"

"ပြန်လာတာ ဒီအချိန်မှပြန်လာရမယ်လို့ ပြောလိုက်လို့လား၊ မသွားခင်က တုကို ဘာပြောသွားလဲ၊ ခဏနေပြီး ချက်ချင်း ပြန်လာမယ်ဆို"

"တု ဘာတွေ ဒေါသဖြစ်နေတာလဲကွာ၊ ကိုယ် ပြန်လာပြီလေ။ ဒီနေ့ မင်္ဂလာဆောင်တဲ့နေ့လေ ရန်မဖြစ်ကောင်းဘူး၊ လင်မယားကွဲတတ်တယ်၊ ရန်မဖြစ်ပါနဲ့။ လာ ... လာ ကိုယ် အိပ်ချင်ပြီ။ အိပ်ကြရအောင်နော်"

"အရက်သမားနဲ့ မအိပ်နိုင်ဘူး သွား၊ လာမထိနဲ့ ရှင့်ဘာသာအပြင်မှာအိပ်၊ အခန်းထဲဝင်မအိပ်နဲ့ နံတယ်။ အရက်နံ့နံ့တယ်"

"တုတု ... ဟာ ... ဘာဖြစ်တာလဲကွာ၊ မင်းက ဘာဖြစ်တာလဲ"

"ဘာဖြစ်ရမှာလဲ အရက်သမားနဲ့မအိပ်နိုင်ဘူးပြောတာ သွားရှင့် ... ထွက် ... အခန်းထဲ မဝင်နဲ့"

တုတုသည် လူချော ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်ကာ အခန်းတံခါးကို ပိတ်ပစ်လိုက်သည်။ အတွင်းမှချက်ကိုပါ ထိုးထားလိုက်သည်။ လူချော အပြင်မှတံခါးကို တဒုန်းဒုန်းထုပေမဲ့ ဖွင့်မပေးဘဲ မျက်ရည်တွေ ကျိတ်ကျမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ဒီလိုပဲလား အရက်ကို လူမှန်းသူမှန်းမသိ မူးအောင်သောက်တတ်တဲ့လူမျိုးလား။ အရက်သောက်တာကို အပြင် မပြောပါ။ တုတုမှာလည်း အဖေတို့ အစ်ကိုတို့ရှိသလို ကိုကြီးပြည့် မင်းနဲ့လည်း အကြာကြီး ပတ်သက်ခဲ့ဖူးသဖြင့် ယောကျ်ားတိုင်း အရက်ဘီယာသောက်တတ်နေကြတာကို သိထားပါသည်။ ဒါပေမဲ့ ဘယ်သူမှ အခုလို လူချောလို မူးရူးပြီး ဖရိုဖရဲဖြစ်လောက်အောင် အထိ သောက်တာတော့ မတွေ့ဖူးပါ။

တုတုတို့ အသိုင်းအဝိုင်းကလုပ်တဲ့ ပွဲတွေမှာလည်း အားလုံး လှလှပပ၊ ဂုဏ်သိက္ခာရှိရှိလေး သောက်ကြတာတွေပဲ မြင်ဖူးသဖြင့် လူချောလိုပုံစံသည် တုတုအား များစွာထိတ်လန့် အံ့သြရစေပါသည်။

"တုတု မင်းက ဘာဖြစ်တာလဲ။ ဘာလဲကွ ပိုက်ဆံရှိလို့ မောက်မာတာလား။ ဒီအိမ်ကို ငါ ဝယ်ထားတာ၊ ဒီဆိုင်ကို ငါ ထောင်ထားတာ၊ ဒီအိမ်ရဲ့စီးပွားရေးကို ငါ ဦးစီးနေတာ ဆိုပြီး သြဇာပေးချင်တာလား။ မရဘူးနော် ... မရဘူး ငါ မယားကြောက်တဲ့ကောင်မဟုတ်ဘူး။ မင်း ပြောတာနား မထောင်နိုင်ဘူး။ ငါ လုပ်ချင်တာလုပ်မယ်။ ငါ သွားချင် တဲ့နေရာသွားမယ်၊ မင်း ငါ့ကိုချစ်လို့ ငါ့နောက်လိုက်လာ တာပဲ။ ဒီလောက်တော့ ခွင့်လွှတ်ရမှာပေါ့"





လူချောသည် အရက်မူးပြီး သူ့ဘာသာပြောချင်ရာ ပြော၊ အော်ချင်ရာအော်ကာ တုတုကို ရန်လုပ်လေသည်။ အခန်း တံခါးမှာမှီပြီး တံခါးကိုလက်သီးဖြင့်ထိုးလိုက်၊ ပြောလိုက် လုပ်နေ သည်မှာ နာရီဝက်လောက် ကြာသည်။ တုတုသည် အသံတိတ် ငိုရှိုက်ရည်ကျရင်းသာ ခေါင်းအုံးကို နားနှစ်ဖက်မှာဖိကပ်ပြီး သူ ပြောတာတွေကို မကြားတော့အောင် ကြိုးစားနေခဲ့သည်။

"အရက်မူးရင် ကျွဲခိုးပေါ်တယ်"ဆိုသောစကားပုံလိုပဲ လူချောလည်း အရက်မူးလာသောအခါ သူ့ရင်ထဲမှာ ရှိနေတာတွေ၊ သူ့ရင်ထဲမှာ သိမ်ငယ်နေတာတွေကို မျိုသိပ်မထားနိုင်ဘဲ ပြောဆို နေတာဖြစ်ပါမည်။

အိမ်ထောင်တစ်ခုမှာ ယောကျ်ားနဲ့မိန်းမ ယှဉ်လျှင် ယောကျ်ားကသာ ငွေပိုရှာနိုင်သူ၊ မိန်းမက ယောကျ်ားကို မှီခိုရ သူသာ ဖြစ်စေချင်သော ယောကျ်ားတို့၏ အတ္တစိတ်ကလည်း လူချောမှာ ရှိနေပုံရသည်။ သူ့ဘက်မှာ မယှဉ်နိုင်၍သာ တုတု၏ ငြိမ်သမျှ ညွှန်ကြားသမျှ လိုက်နာနေရပေမဲ့ သူ့ရင်ထဲမှာတော့ မကျေနပ်ချင်စိတ် ရှိနေပြီဟု ထင်ပါသည်။

လူချော တစ်ယောက် ပြောရင်း ရန်လုပ်ရင်းနဲ့ပင် အလည်းမော မူးလည်းမူးနေပြီမို့ အခန်းတံခါးနားမှာပင် လှဲပြီး အိပ်ပျော်သွားပုံရသည်။ အသံတိတ်သွားပြီး သိပ်မကြာ ဟောက်သံ



www.burmeseclassic.com

www.burmeseclassic.com



သုံ့သုံ့ထွက်လာမှ တုတုလည်း သူ အိပ်ပျော်သွားပြီ ထင်တယ် သတိထားမိပြီး အခန်းတံခါးကို ဖြည်းဖြည်းလေးဖွင့်ကြည့်မိသည်။

ထင်တဲ့အတိုင်းပင် တံခါးဝမှာ လှဲအိပ်နေသော လူချောကား မှုးပြီး အိပ်ပျော်သွားသူတို့၏ ထုံးစံအတိုင်း ဆင်နွဲ့ သွားရင်တောင် နိုးမည့်ပုံမပေါ်။ တုတုလည်း သူ့ကို ဒီနေ့ စိတ် နာပြီး မုန်းနေသဖြင့် စောင်ပင်သွားခြုံပေးမနေတော့ဘဲ ပစ်ထားလိုက် ကာ အိပ်ရာထဲပြန်ဝင်ခဲ့ပါသည်။

❢ ❂ ❢



# ၁၃

မနက်ဆို ခုနစ်နာရီမှာ အိပ်ရာကထပြီးတာနဲ့ တုတု သည် ရေမိုးချိုး ကိုယ်လက်သန့်စင်၊ မျက်နှာကို အနည်းငယ်လိမ်း ခြယ်ကာ လိမ်းကာ အဝတ်အစားခပ်လတ်လတ်တစ်စုံကို လဲဝတ်ပြီး ဆိုင်တံခါးဖွင့်ပါသည်။ ဆိုင်ထဲ သန့်ရှင်း၊ ဖုန်သုတ်လုပ်ပြီး ရှိုး ကေ့(စ)တွေနောက်မှာ ခုံတစ်လုံးချပြီး ဆိုင်စောင့်ရသည်။ ဆိုင် ကိုတံခါးဖွင့်ထားပြီး ဆိုင်ထဲမှာ စောင့်မယ့်လူ မရှိလည်း မဖြစ်သဖြင့် တစ်နေ့ကုန်နီးပါး ဆိုင်ထဲမှာ ရှိနေရသည်။

ထမင်းဟင်းချက်ပြုတ်တာကို လူချောပဲ တာဝန်ယူပြီး လုပ်သည်။ တုတုက လုံးဝမချက်တတ်ပေ။ တုတု မချက်တတ်ဘူး ပြောစဉ်က လူချော အံ့သြပြီး ...

"ဟုတ်လား မချက်တတ်ဘူးလား၊ ဒီအရွယ်ပဲရောက်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်မေးတာ ကြုံရသည်။

"အိမ်မှာ ထမင်းဟင်းချက်တဲ့သူချည်းပဲ နှစ်ယောက်ရှိတယ်လေ။ တု ဘယ်ဝင်ချက်ဖူးမလဲ။ ကြက်ဥတောင် မကြော်တတ်ဘူး တကယ်ပြောတာ"

"ယုံပါတယ် ... ယုံပါတယ် ... တု မချက်တတ်လည်း အတင်းမချက်ခိုင်းပါဘူး။ ကိုယ်ကတော့ တောသားကွ။ မိသားစုထဲမှာလည်း သားအကြီးဆုံး ဆိုတော့ ချက်တတ်တယ်။ တု ကိုယ့်လက်ရာပဲစားပေါ့"

ဟူ၍ ကျေကျေနပ်နပ် လက်ခံပြီး သူ့ဘာသာပဲ မီးဖိုချောင်ဝင်၊ ချက်ပြုတ်ပါသည်။ သူ ချက်တာကို အရင်စပြီး စားခဲ့က တုတု မစားနိုင်။

"အား ... စပ်လိုက်တာ လှူချော်ရယ်၊ ဘာလို့ ဒီလောက်စပ်အောင်ချက်ရလဲ၊ တု အစပ်မစားနိုင်ဘူး"

"ကိုယ်တို့အိမ်မှာ အရမ်းစပ်စပ် ချက်ကြတယ်လေ၊ တု စရောက်တဲ့ရက်တွေတုန်းက အမေချက်တဲ့ဟင်းတွေလည်း စပ်တာပဲ"

"အဲဒီတုန်းကလည်း စပ်လို့ တု မစားနိုင်ဘူးလေ"

"အေး ... ဟုတ်သားပဲ မေ့သွားတယ်ကွာ၊ နောက်ဆို မစပ်အောင်ချက်ပါ့မယ်"





"ဘာလို့ ဒီလောက်အစပ်စားကြတာလဲ"

"ဟား ဟား ... မှန်တာပြောရရင်ကွာ ကိုယ်တို့ အမြဲတမ်း ဟင်းကောင်းမချက်နိုင်တော့ ထမင်းစားရင် လျှာပွင့်ပြီး ဘာဟင်းနဲ့စားစား မြိန်အောင်ဆိုပြီး တမင်စပ်စပ်ချက်တာပါ။ စပ်ရင် ငန်ရင် စားကောင်းသွားတာပဲလေ"

"တုကတော့ စပ်ရင် လုံးဝစားလို့မရဘူး။ သူများတွေ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲတို့ အသုပ်တို့စားရင် ငရုတ်သီးထည့်စားတာတောင် တု မစားဘူး။ သရက်ပြားတို့ အချဉ်ထုပ်တို့ဝယ်စားလည်း အချိုပဲဝယ်စားတာ"

"အေး ... အေး ... ကိုယ် နောက်ဆို အစပ်လျှော့ချက်ပါမယ်။ ကိုယ်ကတော့ မစပ်ရင် စားမကောင်းဘူးထင်လို့ ကိုယ့်ဘာသာ ငရုတ်သီးဟင်းတစ်ခွက် ချက်ထားပြီး တွဲစားမှဖြစ်မယ်၊ အစပ်စားတာ အကျင့်ပါနေပြီ"

ဟု သူ့ဘာသာစီစဉ်ကာ ငရုတ်သီးဟင်းဆိုတာကြီးကို ချက်ပြီး တုတုအတွက် အစပ်လျှော့ချက်ထားတဲ့ဟင်းနဲ့ တွဲစားပါသည်။

"တု အိမ်မှာ အဝတ်လည်းတစ်ခါမှမလျှော်ဖူးဘူး၊ အိမ်မှာ လျှော်စက်ရှိတော့ အဲဒါနဲ့ပဲ လျှော်ရတယ်။ အခု တုဘာသာ လျှော်တဲ့အခါကျ တု အဝတ်တော့ လျှော်နိုင်ပေမဲ့ လှူချော



www.burmeseclassic.com

www.burmeseclassic.com



ဝတ်တဲ့ ဂျင်းဘောင်းဘီကြီးတွေတော့ မလျှော်နိုင်ဘူး အဲဒါတွေက ရေစိုရင် သိပ်လေးတာပဲ၊ တု ညှစ်လည်းမညှစ်နိုင်ဘူး"

အဝတ်လျှော်တဲ့အခါမှာလည်း တုတု မလုပ်နိုင်တာ တွေရှိသဖြင့် မလုပ်နိုင်ကြောင်း လူချောကို ကြို၍အသိပေးထားမိသည်။

"အဝတ်လျှော်တဲ့မိန်းမတော့ ရှိတယ်၊ ငှားလျှော်မလား"

"ဟင့်အင်း ... မလျှော်စေချင်ဘူး၊ အိမ်မှာ လူအဝင်အထွက် သိပ်ရှိတာ တု မကြိုက်ဘူး၊ ဟိုဟာစပ်စု၊ ဒီဟာစပ်စုနဲ့"

တုတုမှာ တောရွာမှသာ လာနေရတာ။ တောစရိုက် ရွာထဲက လူတွေစရိုက်ကိုတော့ မကြိုက်လှပါ။ သူတို့က ရိုးသား ကြသည်၊ ကူညီတတ်ကြသည်မှန်သော်လည်း သူတစ်ပါးအိမ်တွင်း ရေးလည်း အင်မတန်မှ စပ်စပ်စုစုနိုင်ကြောင်း သိထားပါသည်။ ဒါကြောင့် တုတုက ခပ်မှန်မှန်၊ ခပ်တန်းတန်းပဲ ပြောဆိုဆက်ဆံ မိလေသည်။

"လူချောဘာသာ ရေချိုးရင်း ကိုယ့်အဝတ်ကိုယ်လျှော်လိုက် ပါလား၊ တုလည်း တုအဝတ်တစ်စုံတော့ လျှော်သွားမယ် ဒါဆိုရင်တော့ လျှော်နိုင်ပါတယ်"

ဒီကိစ္စလည်း လူချောအတွက် သိပ်ပြဿနာမရှိသည် မို့ လူချော လက်ခံလိုက်ပါသည်။





"အိမ်မှာ စောင်တို့ ခြင်ထောင်တို့ လိုက်ကာတို့ လျှော်ချင်တဲ့ အခါမျိုး တစ်လတစ်ခါလောက်မှ လျှော်တဲ့သူခေါ်လိုက်မယ်၊ နေ့တိုင်းဝတ်နေကျအဝတ်ကတော့ ကိုယ့်အဝတ်ကိုယ်လျှော် သွားရင် ရပါတယ်နော်"

"ရပါတယ်။ တု စိတ်ချမ်းသာသလိုလုပ်"

ဒီလိုနဲ့ပဲ ချက်ရေးပြုတ်ရေးနဲ့ အဝတ်လျှော်ဖွပ်ရေးက အဆင်ပြေသွားပါသည်။

တုတုဟာ ကိုယ့်ဘာသာဆုံးဖြတ်ပြီး ရင်ဆိုင်ရတဲ့ ဘဝမှာ နေပျော်အောင်တော့ နေနေပေမဲ့ ရန်ကုန်မှာနဲ့မတူတာတွေ ၊ အခြေအနေနဲ့ ကွာခြားရတာတွေ အတွက်တော့ အမြဲတမ်း စိတ်ပျက်နေမိသည်။

ရေချိုးလျှင် အိမ်ပြင်ထွက်ချိုးရတာကလည်း ပြဿ နာကြီးတစ်ခုပင်။ တုတုက ဟာလာဟင်းလင်းကြီး မချိုးချင်ဘူးဆို၍ လူချောကိုယ်တိုင် ဝါးကပ်တွေဝယ်ပြီး လေးဖက်လေးတန် ကာ,ကာ ရေချိုးခန်းလေးလုပ်ပေးထားပေမဲ့ တုတုအတွက် အဆင်မပြေတာက ရေကို တိုင်းထွာသုံးရတာ။ ရေကို ခပ်သုံးရတာပင်။ အဝီစိတွင်း တူးမယ် ဆိုတာကလည်း မတူးနိုင်သေး။ အိမ်ဝယ်တာ၊ ဆိုင်ဖွင့် တာနဲ့တင် ပိုက်ဆံက တော်တော်ကုန်သွားပြီမို့ အဲဒီကိစ္စဘက် လှည့်နိုင်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ပဲ ရွာမှာ ရေခပ်ချိန်နှစ်ချိန် ပေးထားတာလည်း လူချော ကိုယ်တိုင် သွားခပ်ထည့်သလို အဝီစိတွင်းတူးပြီး ရေ ပိုက်နဲ့လိုက်ဖြည့်သော အိမ်ကလည်း ရေဝယ်ရသော အဖြစ် ရောက်ရသည်။

အဲဒါကြောင့် တုတုအတွက် ရေသုံးရတာ မဝချေ ဘုံပိုင်ကမလာဘဲ ရေကို ခွက်နဲ့ခပ်သုံးရတာကို မသုံးတတ် ရေတောင်ပိုကုန်နေပါသည်။

"တုက ရေအရမ်းသုံးတာကိုး။ ဒီတော့ ရေက ဘယ်လော မလဲ"

တုတုက ရေမလောက်ဘူးပြောတိုင်း လူချော တုတု ရေသုံးပုံကို ဝေဖန်ပြီးပြောလေသည်။ ရန်ကုန်လို နေရာ တောင် အိမ်မှာ လေအေးစက် အမြဲဖွင့်ထားတာကြောင့် တုတု မနက်တစ်ခါ အိပ်ရာထထချင်း ချိုးသလို၊ ညပိုင်းဆိုင်ပိတ် ပြန်လာလျှင်လည်း တစ်ခါချိုးတတ်တာမို့ ဒီဒေသမှာလို အင် မှ ပူလောင်အိုက်စပ်လှသွန်းသော အခြေအနေမျိုးမှာကျ တုတု ရေကို တစ်နေ့သုံးလေးခါပင် ချိုးနေမိတော့သည်။ မနက်စော တစ်ခါ၊ နေ့လယ်ထမင်းမစားမီတစ်ခါ၊ ညနေထမင်းမစားမီတစ် နဲ့ အိပ်ရာဝင်ခါနီးတစ်ခါတော့ ရေချိုးလေရာ တုတု ရေချိုး ကြည့်ပြီး လူချောပင် မျက်လုံးပြူးနေသည်။





အိမ်သာက တုတု စိတ်ကြိုက် ရေလောင်းအိမ်သာ သေသေချာချာပြင်ဆင်လိုက်ပေမဲ့ အိမ်သာထဲမှာလည်း ရေပိုက် သွယ်ထားလေရာ အိမ်သာရေဖြည့်ရခြင်းကို တုတု စိတ်ညစ်လှ သည်။ ရန်ကုန်မှာလို ဘိုထိုင်အိမ်သာ မဖြစ်တာကို မညည်းတွားလို မဲ့ အိမ်သာထဲမှာတော့ အဆင်သင့်လေး ရေပိုက်ဖွင့်သုံးချင်မိ သည်။ အဝီစိတွင်းတူးနိုင်လျှင်တော့ ရေပိုက်သမားပါ ခေါ်ပြီး အိမ်လုံး ရေပိုက်သွယ်နိုင်လျှင် အစစအရာရာ အဆင်ပြေမည် သိထားသဖြင့် ခုလောလောဆယ် တုတုရဲ့ မျှော်လင့်ချက်မှာ ဆံနည်းနည်းပြန်ချောင်လည်လာရင် အဝီစိတွင်းတူးရေး၊ ရေ သွယ်ရေးပင်ဖြစ်သည်။

လျှပ်စစ်မီးမရှိသဖြင့် TVမကြည့်ရတာ၊ ရေခဲသေတ္တာ တာတွေတော့ ခေါင်းထဲထည့်တွေးပြီး မညည်းညူလိုပေမဲ့ နေ့ ကြုံကြိုက်ရသော ရေချိုးခြင်း၊ ရေအိမ်သွားရခြင်း ပြဿနာတွေ တော့ တုတု အလွန်အမင်း စိတ်ပျက်မိလေသည်။

စတိုးဆိုင်မှာ အခုမှ စဖွင့်ခါစမို့ ရောင်းတော့ရောင်း မဲ့ အမြတ်က ဘယ်လိုမှ တွက်လို့မရနိုင်သေးကြောင်း တုတု ထားပါသည်။ ဒီလိုဆိုင်မျိုးက ခြောက်လ တစ်နှစ်လောက်ကြာမှ င်းကြေတာမို့ အမြတ်ကို မမျှော်မှန်းရဲသေး။ တုတု စဉ်းစား ထားတာကတော့ စတိုးဆိုင်လေး အဆင်ပြေလာလျှင် ပိုက်ဆံပြန်



www.burmeseclassic.com

www.burmeseclassic.com



စုမည်။ မျှော်မှန်းသလောက် ပိုက်ဆံရလျှင် ဒီရွာမှာတော့ မနေချင် မိတ္ထီလာမြို့ပေါ်မှာဖြစ်ဖြစ် ပြောင်းနေမည်ဟု စိတ်ကူးမိပါသည်

"တုတို့ ဒီမှာပဲ အမြဲမနေဘူးနော်၊ မိတ္ထီလာမှာ သွားနေမယ် သိလား၊ ဒါကြောင့် ဆိုင်ကို သေသေချာချာလေး အောင် မြင်အောင်လုပ်မယ်"

"ဘာလို့ ဒီမှာ မနေချင်တာလဲ"

"လူချော်ရော နေချင်လား ပြော"

"နေချင်တယ်ရယ်မဟုတ်ပါဘူး၊ ငွေရေး ကြေးရေးအဆင် နေရင် ဘယ်မှာပဲနေရနေရ နေပါတယ်၊ တုက ရန်ကုန် ပြန်နေဖို့တော့ မစဉ်းစားဘဲ မိတ္ထီလာမှာနေမယ် ဟုတ်လ ဘာဖြစ်လို့လဲ"

"ရန်ကုန်တော့ မပြန်ချင်တော့ပါဘူး၊ တုတို့ အသိုင်းအဝိုင် ကပေ့ါတွေနဲ့ တစ်ချိန်ချိန်တော့ ပြန်ဆုံသွားနိုင်တယ်လေ တုကို ဝေဖန်မှာ ကဲ့ရဲ့မှာကို မကြားချင်ဘူး။ ဒါကြော ရန်ကုန်တော့ မပြန်ဘူး။ မြို့မှာနေမယ်လို့ စဉ်းစားလို တော့ ဒီမိတ္ထီလာမြို့ဆိုရင် မဆိုးဘူးလို့ တွေးမိတယ်လေ ဘာပဲဖြစ်ဖြစ် ရွာထက်စာရင် ခေတ်မီပြီး စည်ကားတာ

လူချောနဲ့ တုတုမှာ တုတုဟာ လူချော အသက်နှစ်နှစ်လောက်ပိုငယ်ပေမဲ့ အမြဲတမ်း တုတုကချည်း





ဆောင်၊ တုတုကပဲ အကြံပေး၊ တုတုကပဲ ငွေထုတ်ဖြေရှင်း လုပ် ခဲ့နေခဲ့သည်။

တုတုကတော့ ဒါကို အမှုမဲ့အမှတ်မဲ့ဖြစ်ပေမဲ့ လူချော ကတော့ ဒါကို စိတ်ထဲမှာ တမြုံမြုံနဲ့ ခံစားနေရကြောင်းကို အိမ် ထောင်ကျပြီး နှစ်လအကြာမှာ တစ်ခါထပ်သိရသည်။

မင်္ဂလာဆွေ့ခံပွဲ လုပ်သည့်နေ့က တစ်ခါ အကြီး အကျယ်မူးပြီးကတည်းက သူ့ဘာသာနောင်တရကာ ...

"တု ကိုယ် နောက် ဘယ်တော့မှ ဒီလို မလုပ်တော့ဘူး စိတ်ချပါ။ ကိုယ် မှားသွားတယ်ကွာ၊ သူတို့ဝိုင်းတိုက်တာ သောက်ရင်း သောက်ရင်း များပြီး လူမှန်းသူမှန်းမသိဖြစ် သွားခဲ့တယ်။ တုကို ကိုယ် ကတိပေးတယ်နော် ကိုယ် ဘယ်တော့မှ အဲဒီလိုမဖြစ်စေရဘူး"

ဟူ၍ တဖွဖွ တောင်းပန်ပြီး ကတိတွေ အထပ်ထပ် ပေးခဲ့သလို သူ တကယ်ပဲ အဲဒီနောက်ပိုင်း လုံးဝမသောက်တော့။ ကရက်ကတော့ ကြိုက်လှသဖြင့် ဆိုင်မှာတင်ရောင်းတာထဲကသာ ယူသောက်ပါသည်။

အိမ်မြဲနေတတ်ပြီး ဘယ်မှပင်မသွားဘဲ တုတုနဲ့ ဘုတူ ဆိုင်ထိုင်လိုက်၊ အိမ်အလုပ်တွေ လုပ်လိုက်နဲ့သာ သူ ပြုနိုင်ခဲ့သဖြင့် တုတုမှာ ကျေနပ်ဝမ်းသာရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တုတု သဘောက သူ မရှာတတ်၊ မဖွေတတ်ရင် နေပါစေ။ အိမ်မှာ အမြဲနေပြီး တုတုကို ကူညီမယ်ဆိုရင် ကျေနပ်ပါသည်ဟု ဆုံးဖြတ်ထားလေရာ လူချောဟာ တုတု မျှော်မှန်းထားသလိုဖြစ်တာမို့ စိတ်ချမ်းသာခဲ့ရလေသည်။

သို့သော် ထိုသို့စိတ်ချမ်းသာမှုမှာ သိပ်ကြာကြာမခံစားလိုက်ရပါဘဲ နှစ်လခန့်အကြာ တစ်ရက်မှာ လူချောအရက်မူးပြီး ပြန်လာတာကို ကြုံလိုက်ရလေသည်။ ထိုနေ့က ရွာထဲခဏဆိုပြီး ညနေပိုင်းမှာ ထွက်သွားလိုက်တာ ညမှောင်တဲ့အထိ ပေါ်မလာ၊ ပေါ်မလာနဲ့မို့ တုတု အတော်စိတ်ပူပြီး အိမ်တံခါးရော၊ ဆိုင်တံခါးပါပိတ်ကာ သူ့အမေအိမ်ဘက် လိုက်သွားပြီး မေးမိသည်။

အိမ်မှာ ညနေစာ ချက်ပြုတ်နေသော (တုတု မြင်တာ ညနေစာဆိုပေမဲ့ ငရုတ်သီးမှုန့်တွေနဲ့ နီရဲနေအောင်ခပ်ထားသော ငါးပိရည်တစ်ဇလုံကြီးရယ်၊ ပဲနဲ့အာလူး ရောချက်ထားသောဟင်းတစ်ခွက်ရယ်သာ) လူချော အမေကို မေးတော့ ...

"အိမ်ဘက်မလာဘူး တုတုရဲ့။ ခုန ကြွနဲ့ ရွာထဲမှာတွေ့တော့ သူ့သူငယ်ချင်းတွေနဲ့ ထိုင်စကားပြောနေတာတဲ့။ အိမ်ပြန်ရောက်မလာသေးပုံထောက်ရင် သွားသောက်နေကြသလား မသိဘူး"





ဟု ဖြေပါသည်။

လူချော၏ မိဘတွေ ညီအစ်ကိုမောင်နှမတွေဟာ ပင်ပင်ပန်းပန်း အလုပ်လုပ်နေကြပေမဲ့ သူတို့ခမျာ အနေအစား ချို့တဲ့ပေမဲ့ တစ်ခုချီးကျူးစရာကောင်းတာကတော့ သားအကြီးဆီမှာ လာအတူအညီမတောင်းကြတာပင်။ ငါတို့သားကြီး၊ ငါတို့အစ်ကိုကြီးကတော့ အဆင်ပြေနေတယ်၊ ချောင်လည်နေတယ်ဆိုပြီး ဟာကပ်စားချင်စိတ်မျိုး၊ ပိုက်ဆံလာချေးသုံးတာမျိုး သူတို့မလုပ်တတ်ကြချေ။ တုတု သဘောမကျမှန်းသိ၍ တုတုတို့အိမ်လည်း ခဏခဏလာလည်တာမျိုးကို ဘမတို့ညီအစ်မတစ်တွေ မလုပ်ကြတော့ပါ။ သူတို့မိသားစုက တောနေလူတန်းစားပေမဲ့ မျက်နှာရိပ် မျက်နှာကဲ တော်တော်နားလည်ကာ အလိုက်သိတတ်သူများဖြစ်သည်။ အဲဒီအတွက်တော့ တုတု စိတ်ချမ်းသာရပေမဲ့ အခုဖြစ်နေတဲ့ ပြဿနာက လူချော ဒီလို ဖောက်ဖောက်လာတတ်တာပင်။

"ဟိုတလောကလည်း သူ အရမ်းမူးလာပြီး တုတုကို ရန်လုပ်လို့ မနက်ကျ သူ အမူးပြေတော့မှ တုတု သူ့ကို အကျိုးအကြောင်းပြောပြပြီး သိပ်မသောက်ဖို့ ပြောပါတယ်။ သူကိုယ်တိုင်ကလည်း မှားသွားပါပြီ၊ ဘာဖြစ်တယ် ညာဖြစ်တယ်နဲ့ တုတုကို ကတိပေးခဲ့တာပါ။ သူ ဒီလိုထပ်လုပ်လိမ့်မယ်လို့ ထင်ကိုမထင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



တုတု ဒေါသလည်းဖြစ်ပြီး မျက်ရည်တွေလည်လာကာ ပြောပြမိသည်။ လူချောအမေ ဒေါ်ခင်အုန်းက တုတုကို အကဲခတ်ရင်း ...

"သူ သောက်တတ်တာ သမီး မသိဘူးလား"

ဟု မေးလေသည်။

"ရည်းစားဘဝက သူ ပြောတော့ ပြောပါတယ်၊ တုတု ထင်တာက အပျော်သဘောနဲ့ နည်းနည်းပါးပါးတော့ ယောက်ျားလေးတိုင်း သောက်နေကျမို့ အဲဒီလောက်ပဲထင်တယ်။ သူက အရင်တစ်ခါသောက်လာတာ အဲဒီလို နည်းနည်းပါးပါးမဟုတ်ဘူး အမေ။ လူမှန်းသူမှန်းမသိအောင် မူးပြီး ရန်လည်းသိပ်လိုတာပဲ။ ရန်မဖြစ်ဖြစ်အောင် ရန်လိုက်စတယ်။ ပြီးတော့ မနက်ကျ အမူးပြေရင် သူဘာပြောခဲ့လို့ ပြောမှန်းတောင် မမှတ်မိဘူးတဲ့"

"အဲဒါ သူ့အဖေနဲ့တူတာလေ၊ ကိုစံရွှေလည်း အရင်က အဲဒီလိုပဲ သိပ်ဆိုးတာ။ အခုတလောကျမှ ကျန်းမာရေး မကောင်းလို့ ငြိမ်နေတာ၊ ယောက်ျားတွေကတော့ အားလုံး တစ်ခုမဟုတ်တစ်ခု ဆိုးတာပဲ တုတုရဲ့။ အိမ်ထောင်သက် နုသေးရင်တော့ ဒါလေးကို ဘယ်ခံနိုင်ရည်ရှိဦးမလဲ၊ အိမ်ထောင်သက် ရင့်လာရင်တော့ သူ သောက်တာလောက်တော့ ရိုးနေပြီဆိုတဲ့စိတ်မျိုး အလိုလို ဖြစ်လာလိမ့်မယ်"





"တုတုက မသောက်ခိုင်းတာမဟုတ်ပါဘူး၊ ကိုယ့်ကိုယ်ကိုယ် ဘာပြောလို့ပြောမှန်း မသိလောက်အောင်တော့ မသောက်စေချင်လို့ပါ"

တုတုမှာ ရင်ဖွင့်စရာမရှိ၍ လူချောအမေကိုသာ တိုင်တည်ပြောမိသည်။ တုတု ရင်ထဲမှာလည်း အထီးကျန်ဆန်ဆန် ခံစားနေရတာတွေ ကြာပြီလေ။ မိန်းကလေးတွေဆိုတာက ကိုယ့်ရင်ထဲက ခံစားချက်တွေကို နားထောင်ပေးနိုင်မဲ့၊ နားလည်ပေးနိုင်မဲ့၊ တိုင်ပင်ဆွေးနွေးပေးနိုင်မဲ့ မိန်းမသားအဖော်ဆိုတာ လိုအပ်ကြတာပဲမို့ တုတုလည်း အဲဒီလို ဖြစ်နေသည်။

တုတုမှာ အမေမရှိ၊ အစ်မမရှိ၊ သူငယ်ချင်းတောင် မရှိဘဲ ဒီရပ်ဒီရွာမှာ လာနေနေရသည်ဖြစ်ရာ ကိုယ့်ကိုယ်ကိုယ် တော်တော့်ကို အထီးကျန်သလို ခံစားရသည်။ ချစ်သူယောက်ျား ဆိုတာ အဖော်ရှိပေမဲ့ တစ်ခါတစ်ရံကျတော့ မိန်းမသားချင်း ပြောဆိုတိုင်ပင်မှသာ ကိုယ်ချင်းစာနားလည်ပေးနိုင်သော အကြောင်းအရာတွေရှိတာမို့ တုတုမှာ အဖော်မဲ့သလိုလို ဖြစ်နေပါသည်။

"တုတုတို့အိမ်ဘက် အမေ တစ်ရက်လာခဲ့ပါ့မယ်၊ သားကြီးကို ကြည့်ကျက်ဆုံးမပါ့မယ်၊ အမေလည်း တုတုကို နားလည်ပါတယ်၊ မောင့်တစ်မျက်နှာ တစ်ရွာထင်ပြီး လိုက်လာရတာမို့ အားကိုးမဲ့နေရတဲ့အထဲ သူက ကိုယ့်အပေါ် ကတိမတည်တော့ စိတ်ဆင်းရဲမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အမေတို့လည်း ညနေစာ စားကြတော့မှာ တုတု ပြန်လိုက်ပါဦးမယ်"

"ပြန်ရဲလား အစ်မ"

"ဟင် ... အဲ ... အစ်မ လက်နှိပ်ဓာတ်မီးတော့ပါပါတယ်"

ညမှောင်လျှင် ရွာထဲမှာမှောင်မည်းနေသည်မို့ တုတု မသွားရဲကြောင်း သိထားလေရာ သူတို့မေးတော့ အဖြေရခက်နေသည်။

ကလေးတွေအလုပ်ကပြန်လာပြီး ဆာနေပြီမို့ ထမင်းစား တော့မဲ့အချိန်ကြီး လိုက်ပို့ပေးခိုင်းရမှာလည်း အားနာနေသည်။

သို့သော် ဦးစံရွှေတို့ ဒေါ်ခင်အုန်းတို့က လူကြီးတွေပီပီ တုတု အမူအရာကို ရိပ်မိပြီး ...

"ဟဲ့ ... ကျော်ဇောနဲ့ မောင်ထွေး မင်းတို့အစ်မကို လိုက်ပို့ပေးလိုက်ချေပါ။ ဘုမတို့ကတော့ ရေချိုးတုန်း အဝတ်ပါလျှော်နေလို့ မပြီးသေးတော့ ညည်း မောင်တွေပဲ ခဏခေါ်သွားပါ၊ အိမ်က သိပ်ဝေးတာမှာမဟုတ်တာ၊ လိုက်ပို့ပေးနိုင်ပါတယ်"

"ရပါတယ် မောင်လေးတို့ ဆာရောပေါ့၊ ထမင်းစားဖို့ ပန်းကန်တောင်ဆွဲနေပြီ"

"ရတယ် ... ရတယ် အစ်မ ကျွန်တော်တို့ လမ်းလျှောက်တာမြန်ပါတယ်။ အစ်မက ခွေးကြောက်တတ်ပါတယ်ဆိုမှ





ခွေးက အစ်မဆို စိမ်းပြီး အခုထိ ကိုက်ချင်တုန်းဆိုတော့ မှောင်ကြီးထဲ ပြန်လို့မဖြစ်ပါဘူး"

ကျော်ဇောက အသက်ဆယ့်လေးနှစ်သားပေမဲ့ သူ့ကိုယ်သူ လူကြီးလေသံလုပ်ပြောကာ လက်နှိပ်ဓာတ်မီးကောက်ဆွဲပြီး လိုက်ပို့ပေးဖို့ အိမ်ပေါက ဆင်းနေလေပြီ။ အငယ်ဆုံးဆယ့်နှစ်နှစ်သား မောင်ထွေးကတော့ တုတု အိမ်လိုက်ရမည်ဆိုလျှင် ကလေးပီပီ ပျော်ပြီး ရှေ့ပင်ရောက်နေပြီ။ ဘာကြောင့်လဲဆိုတော့ တုတုက အပေးအကမ်းလည်း ရက်ရောလှသည်မို့ တုတု အိမ်လာလျှင် တစ်ခုမဟုတ်တစ်ခုတော့ လက်ဆောင်ရ၍ဖြစ်သည်။ ဥပမာ ဆိုင်မှာတင်ရောင်းသော ကော်ဖီမစ်အတွဲလိုက်ကြီးထဲက အိမ်ရှိမိသားစု အရေအတွက်နဲ့အညီ တစ်ယောက်တစ်ထုပ်နှုန်းတွက်ပြီး ဖြုတ်ပေးလိုက်တာမျိုး၊ ဘီစကစ်တစ်ထုပ်ဖြစ်ဖြစ်ပေးလိုက်တာမျိုး၊ တစ်ခါတလေလည်း မုန့်ဖိုးဆိုပြီး အင်္ကျီအိတ်ထဲ နှစ်ရာတန်တစ်ရွက်လောက် ထိုးထည့်ပေးလိုက်တာမျိုး ရှိသဖြင့် မောင်ထွေးက ကလေးပီပီ တုတု အိမ်ဆို လိုက်ချင်လှလေသည်။

ကောင်လေးနှစ်ယောက်ခြံရံပြီး လမ်းမမှောင်မှောင်ထဲ လျှောက်လာရသောအခါ တုတု မကြောက်တော့ပါ။ ရွာလမ်းဒန်ထုထုမှာလျှောက်ရသဖြင့် တုတု ခြေထောက်တွေပင် အရင်ကလောက် ဖွေးဥမနေတော့။ အရင်ကတော့ နှစ်ပတ်တစ်ခါလောက်ကို Saloon(ဆလွန်း)မှာ လက်သည်းခြေသည်း အလှပြင်တတ်သော



www.burmeseclassic.com

www.burmeseclassic.com



တုတုဟာ အခုတော့ လက်သည်းခြေသည်းကို အိမ်မှာပဲ ကိုယ့်ဘာသာညှပ်ရပြီး လှပကြွရွနေအောင် သ,မထားနိုင်တော့။

နေ့ပူထဲထွက်ပြီး အလုပ်မလုပ်ရပေမဲ့ ပူသောဒေသ၏ အပူရှိန်ရယ်၊ တွင်းရေချိုးရတာရယ်ကြောင့်ထင်သည်၊ တုတုအသားတွေပင် အရင်ကလောက် ဖွေးဥမနေတော့။ နဂိုအသားဖြူသူမို့ ဖြူသေးပေမဲ့ အရင်ကဖြူပုံမျိုးနဲ့မတူတော့ချေ။ တန်ဖိုးကြီးမိတ်ကပ်တွေ ကရင်(မ)တွေတော့ ဝယ်သုံးပေမဲ့ ပိုက်ဆံကိုသိပ်အကုန်မခံနိုင်သည်ဖြစ်ရာ ချွေတာပြီးသုံးနေရသည်။ အိမ်မှာနေလျှင် သနပ်ခါးတောင် မလိမ်းဘဲ အသားလှကရင်(မ)တွေသာလိမ်းခဲ့သော တုတုသည် အခုတော့ အိမ်နေရင်းဆိုလျှင် သနပ်ခါးသွေးပြီးလူးဖို့ကို ပိုစဉ်းစားဖြစ်သည်။ ပူအိုက်တာကြောင့်ရော အသားလှဆီတွေ အသားလှခရင်(မ)တွေ သိပ်ဝယ်မသုံးနိုင်တာကြောင့်ရော သနပ်ခါးကိုပဲ ပိုပြီးလူးဖြစ်နေခဲ့သည်။

တုတု အိမ်ရောက်သောအခါ အိမ်တစ်ခုလုံး မှောင်မည်းနေသည်။ ဒါဆို လူချော ပြန်မရောက်သေးတာ သေချာသည်။ တုတု ခြံတံခါးကိုဖွင့်၊ အိမ်တံခါးကိုဖွင့်ပြီးမှ ဘက်ထရီမီးချောင်းကို ဖွင့်လို့ရတော့ အိမ်တစ်ခုလုံး လင်းသွားသည်။

"ကျော်ဇောတို့ပြန်ရင် ဟင်းတွေယူသွားလိုက်နော်၊ နင်တို့အစ်ကို သူပဲ ကြက်သားဟင်းစားမယ်ဆိုပြီး အများကြီးချက်သွားပြီး အခု ညနေစာတောင်လွတ်ပြီး အရက်သွား





သောက်နေတာ ပြန်လာရင် စားမှာမဟုတ်ဘူး။ မကုန်ရင် မနက်ကျ သိုးကုန်မှာ အလကားဖြစ်ကုန်မယ် ယူသွားလိုက်ကြ။ အစ်မလည်း စားပြီးနေပြီ"

တုတု ကြက်သားဟင်းအိုးကို အိုးလိုက်ပင် ပေးလိုက်သည်။ ကျော်ဇောက ဝမ်းသာပြီး ...

"ဟာ ... အတော်ပဲ ကြက်သားမစားရတာ ကြာပြီ"

ဟု လွတ်ခနဲ ပြောပါသည်။

"မောင်ထွေးက ကော်ဖီမစ်ကြိုက်တယ်နော်၊ မနက်သောက်ဖို့ ထည့်ပေးလိုက်မယ်၊ သေသေချာချာလည်း အိုးကိုကိုင်သွားကြနော်၊ လမ်းမှာ မှောက်ရက်လဲမှ မစားရဘဲ ဖြစ်နေမယ်"

ကောင်လေးနှစ်ယောက် ဗိုက်ဆာနေ၍ထင်သည်။ တုတုကို မြန်မြန်ပဲနှုတ်ဆက်ကာ ပြန်သွားကြလေသည်။ သူတို့ပြန်သွားတော့ ထုံးစံအတိုင်း တုတုတစ်ယောက်တည်း ချောက်ချားခြောက်လန့်ပြီး ကျန်ခဲ့ရသည်။ တုတု သူခိုးကြောက်ပါတယ် အစ်ိုယောက်တည်း ညဘက်မနေရဲဘူးလို့ အတန်တန်ပြောထားရက်နဲ့ လူချောရယ် ဟု စိတ်ပျက်အားငယ်စွာ ရေရွတ်ရင်း နာရီလက်တံတွေသာ ထိုင်ကြည့်နေမိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ... ဘာထိုင်လုပ်ရမလဲ ရှင့်ကို ထိုင်စောင့်နေတာလေ။ ခဏဆိုပြီး ထွက်သွားလိုက်တာ ပေါ်မလာတော့ စိတ်ပူပြီး ထိုင်စောင့်တာပေါ့"

"ဘာမှစောင့်စရာမလိုဘူး၊ ငါ ကလေးမဟုတ်ဘူး၊ ငါ့ကို ဘာမှချုပ်ချယ်စရာ မလိုဘူး"

"ချုပ်ချယ်တာမဟုတ်ဘူး၊ အရက်ကို အခုလို လူမှန်းသူမှန်း မသိ မူးအောင်မသောက်ပါနဲ့လို့ ပြောချင်တာပါ၊ ရှင် ကတိတွေ အလွယ်တကူပေးပြီး အလွယ်တကူ ဖျက်ပစ်တတ်တယ်ဆိုတာ အခု တုတု သိသွားပြီ၊ ရှင့်ကို နောက် ဘယ်တော့မှ မယုံတော့ဘူး"

"ငါ ယောကျ်ားကွ၊ ငါလုပ်ချင်တာလုပ်မယ်၊ ဟိုဟာ မလုပ်ရ၊ ဒီဟာမလုပ်ရ လိုက်မချုပ်ချယ်နဲ့။ မင်း ပိုက်ဆံရှာနေရတယ်၊ ငါက အလုပ်မရှိဘဲ ကပ်စားနေရတယ်ဆိုပြီး အထင်မသေးနဲ့။ မှတ်ထား မင်းထက် ငါ အသက်နှစ်နှစ်ကြီးတယ်၊ မင်း ငါ့ကို ရိုသေရမယ်။ ဘယ့်နှယ်ကွာ ယောကျ်ားကို ခေါ်တာလည်း သူနဲ့ရွယ်တူလိုပဲ နာမည်တပ်ခေါ်ရတာနဲ့၊ ကိုယ့်ထက်အသက်ကြီးတယ်ဆိုပြီး နည်းနည်းလေးမှ ရိုသေဖို့စိတ်မကူးဘူး"





## ( ၁၄ )

အိမ်ရှေ့က တဝုန်းဒုန်းနှင့် ပြိုလဲသံ၊ တံခါးထု[illegible] တွေကြားရမှ တုတု ဖျတ်ခနဲ ပြန်နိုးသွားပါသည်။ ကြည့်စ[illegible] တုတု ခဏမှေးခနဲအိပ်ပျော်သွားလိုက်တာမို့ အိမ်ရှေ့လူဝင်တာ[illegible] တောင်မသိလိုက်။ တုတု လန့်ပြီး ထရပ်လိုက်စဉ် အသံကြား[illegible] ရသည်။

"တု ... တံခါးဖွင့် ကိုယ် ပြန်လာပြီ"

တုတုလည်း အတွင်းချက်ချထားသော တံခါး[illegible] ဖွင့်ပေးလိုက်တော့ လူချောတစ်ယောက် ထင်ထားသလိုပင် မူးရူး[illegible] အိမ်ထဲဒယိမ်းဒယိုင် ဝင်လာသည်။

"ဘာထိုင်လုပ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ အရက်မူးလာရင် ဒီလိုပဲ ရန်စတတ်မှန်း ရန်စကားပြောတတ်မှန်း ပထမအခါမှာ ကြုံလိုက်ရတာနဲ့တင် တုတု သိသွားလေရာ တုတုသည် စကားနည်းရန်စဲသဘောဖြင့် ဘာမှ မပြောဘဲ အိပ်ခန်းထဲဝင်လာခဲ့ပါသည်။

အခန်းတံခါးကိုလည်း အတွင်းမှ ချက်ထိုးပိတ်ထားလိုက်ပါသည်။

"မိန်းမတွေများ သူတို့က ပိုက်ဆံပိုရှိတယ်၊ သူတို့က ပိုက်ဆံရှာတတ်တယ်ဆိုပြီး ယောက်ျားကို ချောင်ထိုးထားချင်ကြတာ အခုမှ ငါ ကိုယ်တိုင်ကြုံရမှ သိတယ် တုတု။ မင်းလည်း အဲဒီလိုပဲ ငါ့ကိုဆို နေရာမပေးဘူး ဘာလေးပဲလုပ်လုပ် ဘာပဲဝယ်ဝယ် မင်း ဆုံးဖြတ်မှ၊ မင်း ပိုက်ဆံထုတ်ပေးမှဆိုတဲ့ပုံစံနဲ့ ဆက်ဆံတာကို ရင်ထဲက နာတယ်ကွာ၊ ငါ့မှာ ယောက်ျားတန်မဲ့ နောက်ဖေးမီးချောင်ဝင်ပြီး ချက်ပြုတ်ရတယ်၊ မင်း ခိုင်းသမျှလုပ်ရတယ် တစ်ခုခုသုံးချင်ရင် မင်းဆီက လက်ဖြန့်တောင်းရတယ်လေ ဟား ဟား ... အိမ်မှာ လူနှစ်ယောက်တည်း ရှိတာကို ဗိုရိုတွေသော့ခတ်လို့ခတ်၊ ဆိုင်ပိုက်ဆံထည့်တဲ့အံဆွဲထဲက ယူသုံးရင် အရင်းပြုတ်မှာစိုးလို့တဲ့ သော့ကတခတ်ခတ်နဲ့ ငါ သိပါတယ်၊ မင်း ပစ္စည်းတွေရောင်းချပြီး ရင်းနှီးထားရတဲ့ ဆိုင်ကို ပြုတ်မှာ မင်း သိပ်ကြောက်တယ်မဟုတ်လား၊ ငါ





ကပ်စားနေတာကြာတော့ မင်း ငါ့ကို အထင်သေးလာပြီ မဟုတ်လား။ ဟား ဟား ဟား ... ငါက ကိုပြည့်စုံမင်းရဲ့ ခြေဖျားတောင်မှ မမီတာ မင်း သိရက်သားနဲ့ ယူတာကိုး။ ခံပေါ့ ... ဟား ဟား ဟား"

တုတုမှာ သူ ပြောတာတွေ နားထောင်ရင်း စိတ်ထဲမှာ နာကျင်လာမိသည်။ သူဟာ ယောက်ျားဖြစ်ပေမဲ့ ယောက်ျားမာန ရှိတဲ့လူ၊ ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်စိတ်ရှိတဲ့သူဆိုတာ သိလာသည်။ မခံချင်စိတ်နဲ့ ငါလည်းကြိုးစားပြမယ် ဆိုသော စိတ်မျိုး သူ့မှာ မရှိဘဲ အလိုက်သင့်လေး မျှောလိုက်နေတတ်သလို အမှတ်အတော်လည်း ထားတတ်ပြန်သေးသည်။ တုတုက ဘာရယ်မဟုတ် ပြောထားတာလေးတွေ၊ လုပ်မိတာလေးတွေကို စိတ်ထဲမှတ်ထားပြီး ပြန်ရန်လုပ်ချင်တတ်သူလည်းဖြစ်သည်။ တုတု သူ့ကိုချစ်ခဲ့တာဟာ ရုပ်ကလေးမက်ပြီး ချစ်ခဲ့ကြိုက်ခဲ့တာလည်း မဟုတ်ပါ။ သူ့ရုပ်ရည်ဟာ ကြည့်ကောင်းသော ယောက်ျားတစ်ယောက် ရုပ်ရည်မျိုးသာဖြစ်ပြီး သူ့လို ယောက်ျားမျိုးတွေလည်း အများကြီးပါ။ ဒါပေမဲ့ ဖူးစာပါလို့လည်း တုတု သူ့ကိုမှသူ တန်းတန်းစွဲဖြစ်ပြီး ဘဝမှာ တစ်ခါမှစိတ်ကူးတောင် မယဉ်ခဲ့ဖူးသော အိပ်မက်ပင် မက်ဖူးသောနေရာမှာ လာနေခဲ့မိတာ။ သူဟာ တုတုခများ အားလုံးကို စွန့်လွှတ်ပြီး သူ့နောက်လိုက်ခဲ့ရတယ်ဆိုပြီး နည်းနည်းလေးမှ တောင် ညှာတာသနားစိတ် မရှိခဲ့လားမသိ။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာလို့ ငါ့နောက်လိုက်လာသေးလဲ၊ အစတည်း နာမည်နဲ့လိုက်အောင် ပြီးပြည့်စုံနေတဲ့ ပြည့်စုံမင်း ရွေးလက်တွဲပါလား။ အခု မင်း နောင်တရနေပြီပေါ့၊ လူ ကို ယူမိတာမှားတယ်လို့ မင်း တစ်နေ့ကို ဆယ်ခါလော မနည်း တွေးမိမယ်ဆိုတာ ငါ သိတယ်"

"ဟုတ်တယ် နောင်တရတယ်၊ ဘဝကို အသစ်ပြန်စ ရင် ပြန်စချင်တယ်"

တုတု သည်းမခံနိုင်တော့ဘဲ ပြန်အော်မိသော လူချောမှာ ဒေါသတကြီးပင် အိပ်ခန်းတံခါးကို လက်သီးဖြင့် ထိုးသလို ခြေထောက်နဲ့ တဝုန်းဝုန်း ဆင့်ကာဆင့်ကာ ကန်ပါသည် ညဘက် လူခြေတိတ်ချိန်လည်း ဖြစ်တာမို့ ဘေးပတ်ဝန်းကျင် အတိုင်းသားကြားနေရမှာတော့ သေချာသည်။

လင်မယား အော်ကြီးဟစ်ကျယ် ရန်ဖြစ်ရ တုတု အင်မတန်မှ ရှက်ပါသည်။ ဒါပေမဲ့ သူကချည်း ဖိ ရန်လုပ်နေပြီး ကိုယ့်ဘက်က တစ်ခွန်းမှ ပြန်မပြောရသော တစ်ချက်တော့ ပြန်အော်မိသွားခဲ့သည်။

"ဖွင့်စမ်း ... ဖွင့်စမ်း ဒီအိပ်ခန်းတံခါးကို ဖွင့်စမ်း၊ မ ဘာသဘောလဲ ငါ့ကို ချွေးအဆင့်ပဲထားတာလား၊ အ လာရင် ဒဏ်ပေးတဲ့သဘောနဲ့ အပြင်မှာ အိပ်ခိုင်းရ





ဘာနဲ့။ မင်း ဝယ်ထားပေမဲ့ ဒီအိမ်ကို ငါလည်း ပိုင်တယ်၊ ငါ့အခန်းထဲ ငါဝင်ခွင့်ရှိတယ်၊ အခု တံခါးဖွင့်"

"မဖွင့်ဘူး၊ အရက်နံ့နံနေတဲ့လူနဲ့ အတူတူမအိပ်နိုင်ဘူး"

"တုတုနော် ငါ ပြောနေတယ်၊ ပြောမရရင် တံခါးကို ရိုက်ချိုးပစ်လိုက်မယ်နော်"

"ချိုးချင်ချိုး ဖျက်ချင်ဖျက် မဖွင့်ဘူး"

"တောက် ... မင်း တော်တော်ခေါင်းမာတဲ့မိန်းမ၊ ဘယ်မှာ လဲ ဓား ... ဓားနဲ့ ခုတ်ပစ်မယ်"

တုတု တော်တော်ကြီးကြောက်လန့်သွားကာ အိပ်ရာ ထဲမှာ ငုတ်တုတ်ထိုင်ပြီး ဒူးပိုက်ကာ တံခါးကို ကြည့်နေမိသည်။ အိမ်နောက်ဖေးမှာ ဝုန်းဝုန်းဒိုင်းဒိုင်းအသံတွေ ကြားရပါသည်။ ခု ဓားသွားယူနေပြီထင်သည်။ တံခါးကို ဓားနဲ့ဖျက်ပြီးဝင်လာ ပြီးရင် တုတုကိုပါ ဒေါသဖြစ်ပြီး ဓားနဲ့ခုတ်သတ်တော့မည်ထင် သည်။

တုတု ဘာလုပ်ရမလဲ။ အိပ်ခန်းပြတင်းပေါက်ကနေ ဆင်းပြေးရမလား။ ပြတင်းပေါက်မှ အောက်ကို ငုံ့ကြည့်လိုက် တော့ တော်တော်လေးမြင့်တာ တွေ့သဖြင့် ခုန်လည်းမဆင်းရဲ။ တုတု ကြောက်လန့်ပြီး အသံမထွက်ဘဲ ကျိတ်ငိုမိကာ ဘာလုပ် ရမှန်းမသိ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



လှချော ဒီလောက် ရှိင်းစိုင်းကြမ်းတမ်းနေလိမ့်မယ်လို့ တုတု ထင်ကိုမထင်ခဲ့ပါ။ နောက်ဖေးမှာ ဝုန်းဒိုင်းအသံတွေနဲ့အတူ လဲပြိုသံတွေပါ ကြားရပြီးသည်အထိ အိပ်ခန်းနားကို လှချော ပြန်လာသံ မကြားရတော့ပါ။ နောက်ဖေးမှ ဆူညံသံတွေ တိတ်သွားသောအခါ တစ်ရွာလုံးပါ တိတ်ဆိတ်သွားသလိုထင်ရပါသည်။ အားလုံး တိတ်ဆိတ်ပြီး အိပ်မောကျနေသောညဘက်မှာ တုတုတို့တစ်အိမ်ပဲ ဆူညံနေတာဖြစ်မည်။ လှချောအသံ ထပ်မကြားရသောအခါ သူ နောက်ဖေးမှာ ဘာများဖြစ်နေသလဲလို့ တုတု တွေးမိပေမဲ့ အပြင်လည်းမထွက်ရဲ။ ခုန လဲပြိုသံကြားလိုက်ရသည်မှာ လှချော တစ်ခုခုနဲ့ ဝင်တိုက်ပြီး လဲကျသွားသည်ဟုတော့ထင်သည်။ သို့သော် တုတု ကြောက်သဖြင့် လုံးဝ အပြင်မထွက်ရဲဘဲ အပြင်ကိုသာ နားစွင့်နေမိသည်။

တော်တော်လေးကြာမှ ဟောက်သံသဲ့သဲ့ထွက်လာသောအခါ သူ တစ်နေရာရာမှာ အိပ်ပျော်နေပြီလို့ သိလိုက်ပါသည်။ တုတုလည်း ဒီအတိုင်းပစ်ထားလိုက်ပြီး အိပ်ရာပေါ် အခုမှပဲ စိတ်ချလက်ချလှဲကာ အိပ်လိုက်မိသည်။

နောက်တစ်နေ့မနက်ကျ တုတုဟာ နိုးနေကျအတိုင်း မနက်ခုနစ်နာရီမှာ နိုးလာပါသည်။ အိပ်ခန်းတံခါးဖွင့်ပြီး အပြင်ထွက်တော့မှ နောက်ဖေးမီးဖိုချောင်တွင် အိပ်ပျော်နေဆဲဖြစ်သော





လှချောကို တွေ့ရပါသည်။ ညက ထမင်းစားပွဲနဲ့ ဝင်တိုက်ပြီး စားပွဲပါ လဲနေသလို သူ့လက်တွေလည်း ပွန်းပဲ့ရာတွေနှင့် တွေ့ရသည်။ လူက အရက်ကြောင့် ချဉ်စုတ်နံ့စော်နေကာ နောက်ဖေးဆောင်တစ်ခုလုံး အဲဒီအနံ့လွှမ်းနေတော့သည်။ တုတု အန်ချင်စိတ်တွေပင်ဖြစ်လာသဖြင့် မြန်မြန်ရေမိုးချိုး အဝတ်လဲပြီး ဆိုင်ဘက်ထွက်ထိုင်နေလိုက်သည်။

အရက်ဟာ တော်တော်ဆိုးတာပဲ။ ညဘက်သောက်သားရင် မနက်ကျ ဘယ်လောက်ပဲရေချိုးချိုး၊ ဘယ်လောက်ပဲ အမွှေးအကြိုင်သုံးသုံး ကိုယ်မှာ အရက်အချဉ်ပေါက်နံ့က တစ်နေကုန်ရှိနေတာမို့ ကိုယ့်အတွက်လည်း မကောင်းသလို အားလူအတွက်လည်း နှာခေါင်းရှုံ့ချင်စရာကောင်းလှသည်။ ထိုအချဉ်ပေါက်နံ့က အရက်နာကျနေသူကို မဆိုထားနဲ့ သူ့အနီးအနားကလူကိုတောင် အန်ချင်စိတ်ဖြစ်စေသည်။ အင်း … လှချောကတော့ အရက်နာကျရင် ကျပြီး တစ်နေကုန်ခံစားနေရပေမဲ့ အန်တော့မအန်တတ်တာတော်သေးသည်။ အန်ဖတ်ကျုံးရရင်တော့ တုတု လဲတောင်သေမိမလားမသိ။ အခုတောင် အရက်ချဉ်ပေါက်နံ့ရပြီး အန်ဖတ်အကြောင်းတွေးမိတာနဲ့ တုတု ရင်ထဲပျို့တက်လာပြန်ပါသည်။

လှချော အိပ်ရာကနိုးလာသောအခါ ဆိုင်ထဲမှာ ရောင်းဝယ်နေသော တုတုကို ထစ်ချက်လာကြည့်ပါသည်။ တုတု



www.burmeseclassic.com

www.burmeseclassic.com



ကလည်း စကားမပြော၊ ခေါ်လည်းမခေါ်၊ မေးလည်းမမေးဘဲ ဆိုင်ထဲမှာသာ တစ်နေကုန် နေနေမိသည်။ ထမင်းဟင်းလည်း တုတု မချက်တတ်၍ မချက်ထားသလို လူချောလည်း အရက်နာကျပြီး ဘာမှ ထလုပ်နိုင်ပုံမရ။ နောက်ဖေးမှာ ဘာမှ ချက်မထားကြောင်း တွေ့ရသည်။

တုတုလည်း ဒီနေ့ နေလို့သိပ်မကောင်းသဖြင့် ထမင်းတွေဟင်းတွေလည်း စားချင်စိတ်မရှိတာနဲ့ သူ ထ,မချက်နိုင်တာကို အပြစ်တင်မနေမိတော့။ ညက အိပ်ရေးပျက်တာကြောင့်လားမသိ။ တုတု ခေါင်းထဲမူးနေကာ အန်ချင်နေသဖြင့် တစ်နေကုန်နီးပါး ဘာမှ အထူးအထွေ မစားဖြစ်ဘဲ ကော်ဖီတစ်ခွက် သောက်ထားမိသည်။

ညနေစောင်းတော့မှ လူချော နည်းနည်းအမူးပြေသက်သာသွားသည်ထင်သည်။ တုတု ထိုင်နေသော စတိုးဆိုင်ထဲ အခုမှ ဝင်လာကာ ...

"တုံ ဘာမှ မစားရသေးရင် ကိုယ် ထမင်းချက်လိုက်မယ်။ ဘာဟင်းစားမလဲ ညနေဈေးတန်းမှာ သွားဝယ်ပြီးချက်မလို့"

ရွာမှာက မနက်တစ်ခါဈေးခင်းပြီးရောင်းသလို ညနေ တစ်ခါလည်း ဈေးတန်းရှိပါသည်။ ပျံကျဈေးပုံစံမျိုးသာဖြစ်သည်။





"မချက်နဲ့ မစားချင်ဘူး"

"တစ်နေကုန် ဘာမှမစားဘူး မဟုတ်လား။ နောက်ဖေးဝင်ပြီး ခေါက်ဆွဲခြောက်ပြုတ်စားတာတောင် မတွေ့ဘူး"

တုတုတို့စတိုးဆိုင်မှာ ခေါက်ဆွဲခြောက်လည်းရောင်းသဖြင့် တစ်ထုပ်ယူစားလိုက်ရုံပဲမို့ တုတု ထမင်းဟင်း မစားချင်လျှင် ခေါက်ဆွဲခြောက်တော့ ပြုတ်သောက်တတ်ကြောင်း လူချောသိပါသည်။ ရန်ကုန်မှာတုန်းကတော့ ခေါက်ဆွဲခြောက်ကို ပြုတ်သောက်တာတို့၊ ဆီချက်လုပ်စားတာတို့ကို အင်မတန်မှ မုန်းလှသော တုတုသည် အခုတော့ ထမင်းမစားချင်ရင် ဘယ်မှာမှလဲ သွက်စားလို့မရသဖြင့် ခေါက်ဆွဲခြောက်ကို ကြိုက်ကြိုက်မကြိုက်ကြိုက် စားနေရသည်။ ရန်ကုန်မှာတော့ အိမ်မှာ ဟင်းတွေကောင်းပဲဆိုတာ မနက်တစ်မျိုး၊ ညတစ်မျိုးချက်တာတောင် တုတုက ငြီးငွေ့များပြီး မစားတတ်။ ညနေဆို အပြင်စာသာ စားတတ်ခဲ့သူ။ ပလာဇာကြီးမှာ ဆိုင်ဖွင့်သဖြင့် ပလာဇာရှိ food courtမှာ အသင့်သွားဝယ်စားတတ်သူဖြစ်သည်။

"ရင်ပြည့်ပြီး နေမကောင်းလို့ မစားတာပါ"

"ဘာဖြစ်လို့ နေမကောင်းတာလဲ"

"ဘာဖြစ်ရမလဲ ရှင် ဒုက္ခပေးထားလို့ပေါ့။ ညတုန်းကလည်း လူကို ရန်ရှာတယ်၊ ဒီတော့ ဘယ်လိုလုပ် နှစ်နှစ်ခြိုက်ခြိုက်



www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်ပါ့မလဲ။ မအိပ်ခင်စကားများရန်ဖြစ်ရ၊ ခြိမ်းခြောက်ခံရနဲ့ဆိုတော့ ဘယ်သူက ကောင်းကောင်းအိပ်ပျော်မလဲ။ မနက်ကျတော့လည်း ရှင့်ကိုယ်ကထွက်တဲ့ အရက်အချဉ်ပေါက်နံ့ကို ချက်ချင်းတန်းရှူရတော့ ဘယ်လိုလုပ်နေကောင်းတော့မလဲ။ တစ်နေကုန် ခေါင်းမူးပြီး အန်ချင်နေတာ"

"တစ်ခါတလေ အရက်သောက်တာ အပြစ်မပြောနဲ့လေ ငါက ယောက်ျားပါကွ၊ မိန်းမတစ်ယောက်လို အိမ်ထဲမှာ ငြိမ်ကုပ်မနေနိုင်ဘူး။ ဒီလောက်လေးတော့ ခွင့်ပြုရမှာပေါ့"

ဒီတစ်ခါတော့ လူချောဟာ ပထမတစ်ခါလို "ကိုယ်မှားသွားပါတယ်"ဆိုပြီး တောင်းပန်တာမျိုးကိုပင် မလုပ်တော့ဘဲ လေသံတစ်မျိုးပြောင်းလာပြီဖြစ်ကြောင်း တုတ သတိထားမိပါသည်။ လူချော မျက်နှာမှာ ငါ မမှားဘူး၊ ငါ လုပ်ချင်တာလုပ်မယ် မှုသော သဘောပါသည့် အကြည့်မျိုးရှိနေသည်။

"ဒါဖြင့် တုက ရှင့်နောက် အားကိုးပြီး လိုက်လာတာဟာ ရှင့်ခေါင်းထဲမှာ မရှိတော့ဘူးပေါ့ ဟုတ်လား။ မိန်းမ စိတ်ဆင်းရဲနေမှန်းသိရက်နဲ့ မမေးမဘူး၊ မိန်းမပြောတာ ခေါင်းထဲမထားဘူးဆိုတဲ့ သဘောပေါ့"

"မင်း ဘယ်မှာ ကိုယ့်ကိုအားကိုးလို့လဲ၊ အားလုံး မင်းခြေမင်းလက် မင်းသဘောကျစီစဉ်ပြီး လုပ်နေတာပဲလေ





ဒါတွေ ကိုယ်လုပ်ထားတာမှမဟုတ်တာ။ နောက်ပြီး ကိုယ်အရက်သောက်လို့ စိတ်ဆင်းရဲတယ်လို့ မင်း လွဲမချပါနဲ့။ မင်းဘာသာ ရန်ကုန်ပြန်ချင်ပြီး စိတ်ဆင်းရဲနေတာပါ တုတုရယ်"

"ဒီအိမ်တွေ ဒီဆိုင်တွေ စီစဉ်တာ မင်းခြေမင်းလက်ချည်းပဲလို့ မစွပ်စွဲနဲ့လေ။ ရှင့်သဘောလည်း မေးပါတယ်။ ရှင့်အကြံလည်းပါပါတယ် လူချောရယ်။ ရှင် ကိုယ်တိုင်ကိုက ယာထဲဆင်းပြီး ပင်ပင်ပန်းပန်း မလုပ်နိုင်ဘူးပြောထားတယ်လေ"

"ကိုယ် ယာထဲဆင်းပြီး လုပ်လို့ရတဲ့ ပိုက်ဆံနဲ့ရော မင်းစားတတ်လို့လား။ အမေတို့စားသလို ငါးပိရည်တစ်ခွက်နဲ့ အသားမပါတဲ့ဟင်းနဲ့ ဆန်ကြမ်းနဲ့ မင်းစားနိုင်လို့လား"

"မစားနိုင်ဘူး ဟုတ်တယ်၊ မစားနိုင်လို့ပဲ ဘဝမှာ အဆင်ပြေပြေနဲ့ သက်သောင့်သက်သာနေရအောင် စီစဉ်တာလေ။ အဲဒါကို ဘာအပြစ်ပြောချင်လို့လဲ။ တု လုပ်ထားတာတွေ တစ်ခုမှမကောင်းဘူး။ အဓိပ္ပာယ်မရှိဘူးလို့ ရှင်ပြောချင်တာလား။ မိန်းမ စီစဉ်ထားတာကို လိုက်နာနေရတာ ရှက်တယ်ဆိုလည်း ရှင့်ဘာသာပဲ တခြားစိတ်ကူးတစ်ခု ဘာလို့ မရှာလဲ။ တု ဒါတွေ ဒါတွေလုပ်မယ်ပြောတုန်းက



www.burmeseclassic.com

www.burmeseclassic.com



ရှင်ပဲ ကောင်းတယ်၊ လုပ်မယ်၊ ဒီလိုစီစဉ်မယ်လို့ သဘောတူခဲ့တာလေ”

တုတုသည် ဒီနေ့တစ်ခါထပ်ပြီး စကားများရသော အဖြစ်ကို တော်တော်ပင် စိတ်ဆင်းရဲနေမိသည်။ တုတု ဖြစ်စေချင်တာက အရင်တစ်ခေါက်လိုပဲ ကိုယ်မှားသွားပါတယ် ပြောပြီး ကျေအေးလိုက်စေချင်တာမျိုးပါ။ အဲဒီလို လာတောင်းပန်လိုက်ရင် တုတု ကျေနပ်မိမှာပါ။ သူ ဒါမျိုးနောက်တစ်ခါ ထပ်လုပ်ဦးမယ်ဆိုတာကို ကြိုသိနေပေမဲ့ ဘာပဲဖြစ်ဖြစ် မိန်းမတွေရဲ့ စိတ်သဘောမှာတော့ ယောက်ျားတွေဟာ သူတို့လုပ်ခဲ့တဲ့ အပြစ်ကိုဝန်ခံပြီး တောင်းပန်လိုက်ရင် ကျေနပ်ကြတာပဲမို့ တုတုရဲ့သဘောကလည်း အဲဒီလိုပင်။

အခုတော့ ထင်ထားသလိုမဟုတ်ဘဲ သူကပင် တော်ပြန်ကြီး သူ ဘာမှ မမှားဘူး၊ သူ့မှာ ယောက်ျားတစ်ယောက်အနေနဲ့ လုပ်ပိုင်ခွင့်ရှိတယ်ဆိုတာမျိုးတွေ ပြောလာနေသောအခါ တုတုမှာ လူချောစိတ်တွေ ဘယ်လိုဖြစ်သွားပါလိမ့်ဆိုပြီး အံ့ဩဝမ်းနည်းနေ သည်။

“မင်းက ပိုက်ဆံရှိတဲ့သူဆိုတော့ ငွေဂုဏ်မောက်ပြီး ကိုယ့်ကို ပိုအထင်သေးတတ်လာပြီ၊ နှိမ်ချတတ်လာပြီဆိုတာ ကိုယ် သိပါတယ် တုတု။ မင်း ပိုက်ဆံတွေကို မင်း ဖွင့်





ချင်တဲ့စတိုးဆိုင်မဖွင့်ဘဲ ကိုယ်က တခြားစီးပွားရေးလုပ်မယ်ဆိုတော့ရော မင်းက ပေးမှာမို့လား။ ဟား ဟား ... ဝေးသေး။ အိမ်မှာရှိတဲ့ဗီရိုသော့တွေတောင် မင်းပဲ အကုန်သိမ်းထားတာလေ၊ ကိုယ် ယူသုံးပစ်မှာ မင်း သိပ်စိုးရိမ်တယ်ဆိုတာ ရိပ်မိပါတယ်”

“လူချော ဘာလဲဟင် ရှင်က ဘာသဘောလဲ။ တုကို မုန်းနေပြီလား။ ငွေဂုဏ်မောက်တဲ့မိန်းမ ဆိုပြီး မုန်းလာလို့ ရှင် ဒီလိုတွေ ပြောနေတာလား”

“မင်း အဲဒီလိုစကားကို စောင့်နေတာမဟုတ်လား၊ ကိုယ်က မုန်းတယ် ပြောလိုက်မှ မင်း ပြန်ချင်တဲ့ရန်ကုန်ကို ပြန်ဖို့ အကြောင်းပြချက်ရသွားမှာမို့ အဲဒီစကားပြောစေချင်တယ် မဟုတ်လား”

“ကျွတ် ... စိတ်ညစ်လိုက်တာ ဘာတွေ လျှောက်ပြောနေမှန်း မသိဘူး။ တု ဖြစ်စေချင်တာ ဒီလိုမျိုးမဟုတ်ဘူး ဆိုတာ မသိဘူးလား လူချောရယ်”

တုတုသည် စကားနိုင်လုပြီး ပြောနေရသည်ကို အတော်ကြီး စိတ်ပျက်လာသဖြင့် ထိုင်ရာမှ ရုတ်တရက်ထရပ်လိုက်ပြီး သူ့နားက ရှောင်ထွက်သွားဖို့ စဉ်းစားလိုက်သည်။ ရုတ်တရက် ထအရပ်မှာ ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်ပြီး မူးဝေသွား

www.burmeseclassic.com



ကာ မျက်လုံးတွေပင် ပြာသွားပါသည်။ လှုံက တည့်တည့်ရပ်နေလို့မရတော့ဘဲ ယိမ်းယိုင်ပြိုလဲသွားသောအခါ အနားမှာရှိနေသော လှချောလည်း ချက်ချင်းလိုလို သတိထားမိပြီး တုတု လဲကျမသွားခင် ကြိုပြီးပွေ့ထားလိုက်လေသည်။

"ဟာ ... ဟာ ... တုတု ... တု ဘာဖြစ်တာလဲ"

လှချောမှာ ခုနက မခံချင်စိတ်ဖြင့် ရန်လုပ်ပြီး တုတုကို တစ်ခွန်းအတင်မခံ ပြန်ပြောနေမိပေမဲ့ တုတု ဒီလိုဖြစ်သွားသောအခါ အလွန်စိုးရိမ်ထိတ်လန့်သွားမိပါသည်။ တုတု ဟန်ဆောင်ပြီး ခေါင်းမူးတယ်လို့ပြောတယ်ထင်နေတာ။ အခုတော့ ဟန်ဆောင်တာမဟုတ်မှန်း သိလိုက်ရလေပြီ။

"တု ... တု ... ကိုယ်ခေါ်တာကြားလား"

"ကြား ... ပါ ... တယ်"

တုတုမှာ အားအင်တွေကုန်ခန်းပြီး စကားပင် ပြန်မပြောနိုင်လောက်အောင် လေသံကို မနည်းညှစ်ထုတ်ပြောနေရသည်။

"ကိုယ် ပွေ့ချီမယ်နော်၊ အိပ်ရာထဲ သွားလှဲနေလိုက်။ တု တစ်နေကုန် ဘာမှမစားလို့ ခေါင်းမူးတာထင်တယ်"

လှချော တုတုကို ချီပွေ့လာပြီး ခုတင်ပေါ် အသာချပေးလိုက်ပါသည်။ တုတုမှာ အားငယ်ဝမ်းနည်းနေပြီး အခုမှ





အလိုလို မျက်ရည်ကျလာသည်။ လှချောလည်း တုတုအနားထိုင်ရင်း မျက်ရည်တွေကို အသာသုတ်ပေးကာ ...

"တိတ် ... တိတ် ... ကိုယ် တုကို မုန်းလို့ စိတ်နာလို့ ပြောတာမဟုတ်ပါဘူးကွာ၊ သူများတွေ ပြောသံပြန်ကြားရရင် စိတ်ထဲမှာ မခံချင်ဖြစ်မိတာပါ။ ရွာထဲမှာ ကိုယ့်ကို မယားကြောက်ကောင်၊ မိန်းမ ခြယ်လှယ်တာခံနေတဲ့ကောင် ဆိုပြီး ပြောကြလွန်းလို့ပါ"

"ဒါကြောင့် တု ဒီရွာမှာမနေချင်တာပေါ့၊ ပိုက်ဆံအခြေအနေ ကြည့်နေရလို့ သည်းခံနေနေတာ။ ပိုက်ဆံနည်းနည်း ထပ်ရလာလို့ကတော့ မိတ္ထီလာမြို့ပေါ် ပြောင်းရမယ်"

"ကိုယ်လည်း အလုပ်လုပ်ချင်ပါတယ်ကွာ၊ ခက်တာက ဘာအလုပ်မှ ကောင်းကောင်းမွန်မွန်ရှာမတွေ့သေးလို့ပါ။ လယ်ထဲယာထဲဆင်းလုပ်လို့လည်း လုပင်ပန်းပြီး အသက်တိုတာကလွဲရင် ပိုက်ဆံအပုံလိုက်ကြီးရလာမှာမဟုတ်ဘူးဆိုတော့ ဘာလုပ်ရမှန်းကို မသိဘူး"

တုတု နေရင်းထိုင်ရင်း ရင်ထဲ ပျို့တက်လာကာ အန်ချင်သလိုဖြစ်လာပြီး ရုတ်တရက် ထထိုင်လိုက်ကာ ...

"လှချော ... လှချော တု အန်ချင်လာပြီ၊ လုပ်ပါဦး ... လုပ်ပါဦး နောက်ဖေးသွားဖို့ မမီတော့ဘူးထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု အောင်ပြောလိုက်လျှင် လူချောလည်း လျှင်မြန်စွာပင် အမှိုက်ထည့်သော ပလတ်စတစ်ပုံး အစုတ်တစ်လုံးကို ပြေးယူပေးပါသည်။ တုတုလည်း စိတ်ကိုတင်းထားရာမှ ပုံးလည်းရောက်လာရော ချက်ချင်း ထိုးအန်ပစ်လိုက်မိသည်။ အစာတွေဘာမှမရှိဘဲ မနက်ကသောက်ထားသော ကော်ဖီတစ်ခွက်သာရှိသည်မို့ ထိုကော်ဖီတွေနဲ့အတူ လေတွေသာ ဆက်အန်ပါသည်။

တုတုသည် အန်လို့ဝတော့မှ အိပ်ရာပေါ် အသာပြန်လှဲနေကာ ငိုကြွေးမိသည်။

"တု အခံရခက်နေလား ဆေးမှူးဆီသွားပြီး ပြလိုက်အောင်လေ။ ဒါမှ တု နေရသက်သာမယ်ထင်တယ်"

"မပြပါဘူး"

"ကိုယ်သိပါတယ်၊ တုက အဲဒီ ကိုလှမောင်ဟာ ဆရာဝန်မဟုတ်လို့ အထင်မကြီးဘူး မပြချင်ဘူးဆိုတာ သိပါတယ်ဒါပေမဲ့ သူက ရမ်းကုတော့မဟုတ်ပါဘူး။ ဆရာဝန်တွေကိုယ်တိုင် သင်ပေးတဲ့ သင်တန်းမှာ သွားတက်လာတဲ့သူပါသူ့ဆီမှာ ဆေးလည်းအစုံရှိတယ်"

"တု ဘာဆေးမှ မလိုချင်ဘူး။ တု လိုချင်တာPregnancy test(ပရက်နမ်ဆီတက်(စ))လုပ်တဲ့ ကိရိယာလေးပဲ"





"ဘာ ... ဘာရယ်"

"တု ကိုယ့်ကိုယ်ကိုယ် ကိုယ်ဝန်ရှိနေပြီလို့ ထင်တယ်၊ ဒါကြောင့် အဲဒီဟာလေးလိုချင်တာ။ အဲဒီပစ္စည်းလေးက ကိုယ့်ဘာသာ ကိုယ်ဝန် ရှိမရှိစမ်းလို့ရတဲ့ အရာပါ။ ဆီးထဲမှာ စိမ်ပြီး သူ ညွှန်းထားတဲ့ မိနစ်ပိုင်းလောက် စောင့်ကြည့်ရတယ်၊ အဲဒါဆို အဖြေသိရတယ်"

"အဖြေက ဘယ်လိုပြလို့လဲ"

"အဲဒါတော့ မသိဘူး။ သူ့အညွှန်းပါမှာပေါ့၊ အညွှန်းထဲမှာ ပါတဲ့အတိုင်း စောင့်ကြည့်ပြီး positiveဆိုရင် ဘယ်လိုပြမယ် negative ဆိုရင် ဘယ်လိုပြမယ်ပေါ့ စောင့်ကြည့်ရုံပဲ"

"ဆရာဝန်ပဲ သုံးရတာ မဟုတ်လား"

"မဟုတ်ပါဘူး၊ အခုခေတ်မှာ ခေတ်မီပြီး မိန်းမတိုင်း အိမ်မှာ ကိုယ့်ဘာသာ အရင်စမ်းကြတယ်၊ သေချာမှ ဆရာဝန်ပြပြီး ဘယ်လောက်ရပြီလဲ တွက်ကြတာတဲ့"

"တုက အပျိုဘဝကလာတာပဲ ဘယ်လိုလုပ်သိနေလဲ"

"လူချော မေ့နေပြီလား၊ တုအစ်ကိုအကြီးဆုံး ကိုဖော်ဖော်က ဆရာဝန်လေ။ သူနဲ့ ယူတော့မဲ့ ရည်းစားကလည်း ဆရာဝန်ပဲ။ သူတို့ ပြောပြတာကြားဖူးနေတာပေါ့၊ ပြီးတော့ တု စာကျက်ပျင်းတယ်၊ ဉာဏ်လည်းမကောင်းဘူး အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဆရာဝန်ဖြစ်ခွင့်မရပေမဲ့ တုက ဆရာဝန် သ ဝါသနာပါတာလေ၊ ဒါကြောင့် အစ်ကိုဖော့ ဆေးစာ တွေ ယူယူဖတ်ဖူးတော့ သိနေတယ်၊ ကိုယ်ဝန်ရှိခါစဆိ ဘယ်လိုဖြစ်တတ်တယ်၊ ဘာတွေဖြစ်တတ်တယ် ဆို တု သိနေတယ်။ ဒါကြောင့် တု ကိုယ့်ကိုယ်ကိုယ် က ဝန်ရှိတယ်လို့ ထင်နေတယ်"

တုတုသည် လူချော နားလည်အောင်သာရှင်း ဟန်လုပ်နေရပေမဲ့ စိတ်တော့ တော်တော်ညစ်နေသည်။ တ တော့ တုတု ကိုယ်ဝန်မရှိချင်သေး။ ကလေးလည်း မယူချင် ပါ။ ဘာမှ အဆင်မပြေရသေးတဲ့အထဲမှာ ကိုယ်ဝန်က ရှိလာ ပိုပြီး အခက်ခဲတွေ ရင်ဆိုင်ရမှာတော့ သေချာသည်။ ဒါ တုတုကိုယ်တိုင်ကလည်း ပေါ့လျော့ပြီး ကြိုတင်မကာကွယ် မိလေရာ အခုတော့ ကိုယ်ဝန်ရှိသွားဖို့က သေချာနေပြီ။ ရ လာတဲ့ရက်တွေလည်း တော်တော့်ကို ကျော်သွားတာ မှတ် သဖြင့်၊ အခုလည်း ကိုယ်ဝန်ရှိခါစ လက္ခဏာတွေလည်း စ သဖြင့် ကိုယ်ဝန်ရှိဖို့ကတော့ သေချာသလောက် ဖြစ်နေ တစ်ချိန်ချိန်ကြရင် ကိုယ့်ချစ်သူနဲ့အတူနေမယ်။ ကလေးလေး မိသားစုသိုက်သိုက်ဝန်းဝန်းနေမယ်လို့ စိတ်ကူးထားခဲ့ဖူးပေမဲ့ အ ဟာကတော့ သိပ်ကိုစောလွန်းနေသည်မို့ တုတု စိတ်ညစ်နေမိသည်





"တု ပြောတဲ့ဟာလေ ကိုယ် ကိုလှမောင်ဆီမှာ ရှိမရှိ သွားမေးပြီး ဝယ်ပေးမယ်လေ။ စာနဲ့ ချရေးပေးလိုက်နော်"

လူချောမှာ ဆယ်တန်းမအောင်ခဲ့သူတစ်ယောက် ဖြစ်သလို အင်္ဂလိပ်စာမှာလည်း တော်တော်အားနည်းသဖြင့် တုတု ပြောတာကို သူ အလွယ်တကူမှတ်လို့မရပါ။ pregnancy ဆိုသော စကားလုံးပင် သူ မသိချေ။ ထို့ကြောင့် တုတုကို ချရေးခိုင်းနေ လေသည်။

"နောက်ဆို တု ဆိုင်မှာ အိမ်သုံးဆေးလေးဘာလေး တွဲ ရောင်းမှပါ။ ရွာမှာ ဆေးဆိုင်မရှိတော့ ကိုလှမောင့်ဆီ သွားပြ၊ သူ အတင်းထိုးရောင်းတဲ့ဆေးတွေပဲ ဝယ်နေကြ ရတယ်၊ တကယ်ဆို ပါရာလောက်၊ ဘာမိတ္တန်လောက် လိုချင်တာတောင် ဝယ်စရာဆိုင်မရှိတော့ ကိုလှမောင်ဆီ သွား သူ ပိုက်ဆံယူကောင်းအောင် စမ်းသပ်တာခံပြီး သူ့ ဆီကပဲ ဆေးဝယ်နေရတယ်၊ တု တကယ်ပြောတာ တု ဗိုက်ကိုတော့ သူနဲ့မပြဘူး။ မိတ္ထီလာဆေးရုံမှာ သွားပြ မယ်။ မွေးခါနီးကျရင် မြို့ပေါ်မှာ တည်းခိုခန်းမှာ သွားနေ ပြီး ဗိုက်နာတဲ့အထိ စောင့်မယ်။ ဗိုက်နာရင် ဆေးရုံတန်း သွားရုံပဲ"

လူချောမှာ တုတုတစ်ယောက် ဗိုက်ကဖြင့် ပြားချပ် နေပြီး ကလေးမွေးတဲ့အထိပင် တွေးနေသဖြင့် ရယ်ချင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တုတု အိပ်ရာထဲလှဲကျန်ခဲ့သဖြင့် ဆိုင်တံခါးကို ခဏပြန်ပိတ်ထားခဲ့ပြီး ဆေးမှူးဆီ လှချော ထွက်လာခဲ့သည် ဆေးမှူးက ညနေစောင်းပြီမို့ သူ့အိမ်သူပြန်ပြီဖြစ်ရာ ရွာဆေးခန်းကို ပိတ်ထားပြီမို့ အိမ်ကိုပဲတန်းလာလိုက်သည်။

အိမ်မှာလည်း ညနေပိုင်း ဆေးခန်းဖွင့်ပြီး ဆေးတတ်သော ဆေးမှူးကိုလှမောင် အိမ်ကတော့ စည်ကားနေသည် လှချော အလှည့်ရောက်သည်အထိ ထိုင်စောင့်ပြီးမှ ဝင်တွေ့ရသည်။

"ကျွန်တော့်မိန်းမက ဒီမှာ ရေးပေးလိုက်တယ်၊ သူ လိုချင်တဲ့ဟာ ကိုလှမောင်ဆီမှာ ရှိမလားမသိဘူး"

ကိုလှမောင် ယူဖတ်ပါသည်။ သူကတော့ တက္ကသိုလ်မှာ ဒုတိယနှစ်အထိ တက်ဖူးထားခဲ့ပြီး အရင်က ကြက်ခြေနီသတန်း တက်ဖူးသူ၊ ဆေးမှူးအဖြစ် တာဝန်ထမ်းဆောင်နိုင် ဆရာဝန်တွေ ပြန်ပို့ချသော ကာလတိုသင်တန်းတစ်ခုကို တက်သူမို့ လှချောမိန်းမ ဘာရေးပေးလိုက်သလဲဆိုတာကို ဖတ်တတ်သည်။

"ဟား ဟား ... လှချောတို့တော့ ကလေးအဖေဖြစ်တော့မယ်ထင်တယ်၊ ခင်ဗျားမိန်းမက ကိုယ်ဝန်ရှိ မ သိချင်လို့ဗျ"





"ဟုတ်တယ် သူ ကျွန်တော့်ကို အဲဒီလိုပြောလိုက်ပါတယ်၊ ကျွန်တော် အင်္ဂလိပ်စာလုံးတွေ သိပ်မမှတ်မိတာမို့ ဘာမှန်းမသိဘူးဖြစ်နေတာပါ၊ Test တော့သိတယ်၊ အရှေ့က ဘာရေးပေးလိုက်တာလဲ"

"Pregnancy လေ"

"ဪ ... ဪ ... ဟုတ်တယ်၊ တုတု ပြောတော့ပြောတယ်"

"ငါ့မှာရှိပါတယ်၊ သူ ဘယ်နှခု ယူချင်လဲတော့မသိဘူး။ လိုရမယ်ရ သုံးခုဝယ်သွားပေါ့။ သုံးခါစလုံး အဖြေတစ်မျိုးတည်းပြနေရင် သေချာပြီပေါ့။ ဒါတွေက တစ်ခုတည်းစမ်းလို့ အဖြေထွက်ရင်လည်း မှန်တာများပါတယ်၊ ၉၉.၉% လို့ အာမခံထားတာပဲ"

"သုံးခုတော့ ရောင်းလိုက်ပါ"

"ခင်ဗျားမိန်းမက ရန်ကုန်သူ ပညာတတ်သူဌေးသမီးဆိုတော့ ဟား ဟား ... ကျုပ်လို ကျေးရွာဆေးမှူးဆီ ဘယ်လာတွေ့ချင်မလဲဗျာ။ ဘယ်အထင်ကြီးမလဲ။ ကျုပ် နားလည်ပါတယ်၊ ခင်ဗျားလည်း တော်တော်သည်းခံရမှာနော်၊ အကုန် သူ့ခြေ သူ့လက်ချည်းပဲဆိုတော့"

ရွာထဲက လူတွေနဲ့တွေ့လျှင် ကြားနေကျဖြစ်သော စကားကို ကြားရလျှင် စိတ်ကြည်လင်စပြုနေသည့် လှချော၏



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေမှာ ပြန်လည်နောက်ကျိသွားရပါသည်။ တုတုက

လူချောကိုသာ အပြစ်မြင်ကာ ရွာထဲက လူတွေပြောတာကို

တာမဟုတ်။ ရွာထဲက လူတွေနဲ့လည်း ရောရောနှောနှော

မနေ၍ အပြင်မှာ ဘာတွေပြောနေကြတယ်ဆိုတာ ပြန်

မရ။ ရွာထဲမှာတော့ တုတု မာနကြီးသည်။ လူချောကို အမိန့်

လွှန်းသည်ဆိုသော ထင်ကြေးတွေပွနေတာမို့ လူချောမှာ

ပီပီ ခံပြင်းမိပါသည်။

ရွာထဲက လူတွေပြောတာလည်း သိပ်တော့

တစ်ခါက တုတု အိမ်ထဲခဏဝင်နေတုန်း ဆိုင်မှာ လူချော

စောင့်ပေးခဲ့သည်။ အဲဒီတုန်းက ရွာထဲက မိတ်ဆွေတစ်ယော

ဆိုင်မှာ လာဝယ်ပါသည်။ လူချောကလည်း ဈေးနှုန်းအ

ရောင်းပေးပါသည်။ အဲဒီမှာ ထိုလူက လူချောကိုမို့ ပြော

ရှိကာ ...

"ဟော ... လူချော ငါ ပိုက်ဆံမပါဘူးကွာ၊ အကြွေး

ထားလိုက်ပါလား။ နောက်အပတ်မှ ပိုက်ဆံရော

ဆက်ဆက်ပေးပါ့မယ်"

ဟု အကြွေးပေးဖို့ ပြောပါသည်။ လူချော

တုတု သင်ထားသည့်အတိုင်း ...

"ဒီခေါင်းဆိုးဆေးဘူးတွေ ဘာတွေက အကြွေးမရောင်း

ဗျ။ ဒီလိုပစ္စည်းအသေးအမွှားကအစ အကြွေးရောင်း





မကိုက်လို့ အဝတ်အထည်ကလွဲရင် ကျန်တာ အကြွေး

မရောင်းပါဘူး။ ကိုသန်းဝင်း မိန်းမ သိပါတယ်။ သူတောင်

ပါတိတ်တွေ၊ ဘာတွေဝယ်ရင် နေ့ပေးနဲ့ပေးပြီး ဝယ်တာ

လေ။ သူ လိမ်းချင်တဲ့ မိတ်ကပ်တို့ နှုတ်ခမ်းနီတို့တော့

လက်ငင်းငွေချေပြီး ဝယ်ပါတယ်"

"ဟာ... လုပ်ပါကွာ လူချောရာ။ ဒီတစ်ဘူးတည်း အကြွေး

မှတ်ပေးပါ။ ခေါင်းက မဆိုးရင်မရလို့ ထွက်လာ ဝယ်ရ

တာကွာ။ ပိုက်ဆံက လက်ထဲပြတ်နေပြီလေ၊ နောက်အပတ်

မှရမှာဆိုတော့ ..."

"မဖြစ်ဘူးထင်တယ်ဗျ"

"ဖြစ်ပါတယ်ကွာ မတုတုလည်း မသိပါဘူး၊ တစ်ဘူးတလေ

ပဲ၊ မင်းလည်း ဒီဆိုင်ကိစ္စတာဝန် ယူထားရတာပဲ။ မင်း

စိတ်ကြိုက် ဆုံးဖြတ်လို့ရမှာပါ"

ဒါနဲ့ပဲ လူချောတစ်ယောက် အားနာလာပြီး အကြွေး

စာရင်းစာအုပ်ကိုဖွင့်လိုက်ပါသည်။ တုတုက ဆိုင်မှာ အဝတ်အစား

ကလွဲရင် ဘယ်ပစ္စည်းကိုမှ အကြွေးမရောင်းပေးပါ။ လုံချည်၊

အင်္ကျီ၊ ပါတိတ်နဲ့ ပုဆိုးတွေကိုသာ နေ့ပေးစနစ်နဲ့ ရောင်းပေးပြီး

ဘယ်သူ ဘယ်လောက်ပေးပြီးကြောင်း ဘယ်လောက်ကျန်သေး

ကြောင်းတွေကိုလည်း နေ့စဉ်မပျက်မကွက် အသေအချာရေးထား

တတ်သည်။



www.burmeseclassic.com

တစ်နေ့ပေးဖို့ပျက်ကွက်လျှင် နောက်နေ့ကျ လူချော ကို အဖော်ခေါ်ပြီး ကိုယ်တိုင် အကြွေးသွားတောင်းဖို့ကိုလည်း ဝန်မလေးပေ။ တုတုက ရန်သာမဖြစ်တတ်၊ စွာလည်းမစွာတတ်ပေ မျက်နှာလည်းတည်ကာ သိပ်လည်းမရောသဖြင့် လူတွေက သူ့ကို အလိုလိုနေရင်းရှိန်ကာ မှန်မှန်ပေးတာလည်းပါသည်။ ဒါ့အပြင် လူချော၏ညီ၊ ညီမတွေကလည်း သူတို့အပေါ်ဆို မတိုမထွာ ရက်ရက်ရောရောပေးတတ်သော တုတုဘက်က အပြည့်ရပ်တည် ကာ လိုအပ်ရင် ဝိုင်းရန်ဖြစ်ပေးဖို့လည်း ဝန်မလေးကြောင်း ရွာ ထဲမှာ အော်ကျယ် အော်ကျယ်ပြောထား၍ ရွာက ဒီအုပ်စုကို ကြောက်ပြီး တုတုဆီက ယူထားသောအကြွေးကို မှန်မှန်မပေးဘဲ မနေရဲတာလည်းပါပါသည်။

ဒါကြောင့် တုတု ဆိုင်လေးက သူ့အတိုင်းအတွာနဲ့ သူတော့ ရောင်းနေရတာဖြစ်သည်။

"ဟယ် … လူချော စာအုပ်ထဲ ဘာရေးမလို့လဲ"

လူချော စာအုပ်ထဲမှာ ကိုသန်းဝင်းနာမည်ရေးမလို့ လုပ်နေစဉ် တုတု ဆိုင်ထဲပြန်ဝင်လာသဖြင့် မြင်သွားပြီး မေးလိုက် တာဖြစ်သည်။

"ကိုသန်းဝင်း ခေါင်းဆိုးဆေးဝယ်တာကွာ ပိုက်ဆံမပါ သေးလို့ အကြွေးမှတ်ထားပါဆိုလို့"





"အို … အကြွေးပေးလို့ ဘယ်ဖြစ်မလဲ။ ဒီလိုပစ္စည်းလေး တွေ အကြွေးမရောင်းဘူးဆိုတာ လူချောကို ပြောထားတယ် လေ"

"ကိုယ် သိပါတယ်၊ ဒါပေမဲ့ ကိုသန်းဝင်းက ပိုက်ဆံမပါ သေးလို့ပြောတာနဲ့"

"အဲဒီလို အားနာနေလို့ ဘယ်ဖြစ်မလဲ၊ ဒီလိုသာဆိုရင် တံစ်ရွာလုံး အဲဒီလိုပြောပြီး အကြွေးယူကုန်ကြမှာပေါ့၊ ဈေးရောင်းတယ်ဆိုတာ အားနာနေလို့ ဘယ်ဖြစ်မလဲ။ ကိုသန်းဝင်းလည်း ဒီဆိုင်မှာ ဝယ်နေကျပဲ သိပါတယ် ဒီ ဆိုင်အကြွေးမပေးဘူးဆိုတာ။ လူချောကလည်းလေ ပြော ထားရင် ပြောထားတဲ့အတိုင်းမလုပ်ဘူး၊ တကတဲ စိတ်ကို မချရဘူး။ ခဏလေးဆိုင်ထဲက ထွက်သွားပါတယ် ပြဿနာ ကပေါ်တော့တာပဲ"

စသဖြင့် ဗျစ်တောက် ဗျစ်တောက် အပြစ်တင်မဆုံး ဖြစ်နေချိန်မှာ ကိုသန်းဝင်းပင် လူချောကို မျက်နှာပူပြီး ပါလာတဲ့ ငွေ ထုတ်ပေးရတဲ့ အထိပင်။ တကယ်တော့ အခွင့်အရေးယူပြီး စမ်းကြည့်တာလည်းဖြစ်ကြောင်း သူပိုက်ဆံထုတ်ပေးတော့မှ လူချော သဘောပေါက်သွားသည်။ ဒါပေမဲ့ ပိုက်ဆံသာထုတ်ပေးသွားတယ် အကောင်းပြောမခံရဘဲ …



www.burmeseclassic.com

www.burmeseclassic.com



"လူချောကိုလေ အကြွေးရောင်းရမလားဆိုပြီး သူ့မိန်းမက ပြောလိုက်ဆိုလိုက်တာကွာ ငါတောင် မျက်နှာပူပြီး အားနာလာတယ်"

ထိုသို့ ရပ်ထဲရွာထဲ လူတွေ့တိုင်း ပြောလေရာ လူချောမှာ သိက္ခာတော်တော်ကျရသည်။ အခုလည်း ရွာထဲမှာ ဘယ်သူ့ပဲ တွေ့တွေ့ လူချောကိုဆို မိန်းမတော်တော်ကြောက်ရတဲ့ကောင် လို့ အထင်ခံရ၊ အပြောခံရတာဟာ ကြာလေလေ ပိုဆိုးလာလေလေ ဖြစ်နေသည်။ ဆေးမှူးကအစ သူ့ဆီ တုတု မလာတာကို ခနဲ့ သလိုပြောရင်း လူချောကို စကားနဲ့ ရိလိုက်သေးတာမို့ လူချော အံတွေတင်းနေအောင် ကြိတ်ထားမိခဲ့သည်။





## (၁၅)

ကိုယ်ဝန်ရှိမှန်း သိလိုက်ရပြီးတော့ တုတု မျှော်လင့်သည်မှာ လူချောဟာ တုတုကို ပိုနားလည်လာပြီး တုတု စိတ်ကြိုက် နေပေးလာမလားဆိုသော မျှော်လင့်ချက်ပင်ဖြစ်သည်။ သို့သော် တုတု မျှော်လင့်သလို ဖြစ်မလာခဲ့ပါ။ တုတု ကိုယ်ဝန်ရှိလာပြီးမှ လူချောဟာ ပိုပြီးတော့တောင် အရက်သောက်ရက်တွေ စိပ်လာကာ သောက်လာတိုင်းလည်း ဘယ်တော့မှ ကောင်းကောင်း မနေဘဲ ရန်လုပ်တတ်တာပင်ဖြစ်သည်။

အစပိုင်းတော့ တစ်ပတ် တစ်ခါလောက် သောက်လာရာမှ တဖြည်းဖြည်းနဲ့ နှစ်ရက်တစ်ခါ၊ သုံးရက်တစ်ခါတွေ ဖြစ်လာသည်။ သောက်လာတိုင်းလည်း နည်းနည်းသောက်သည်ဖြစ်စေ၊ များများသောက်သည်ဖြစ်စေ တုတုကို စကားနဲ့ရန်လုပ်လိုက်၊ ခနဲ့လိုက်၊ ရိလိုက် အမျိုးမျိုး စိတ်ဒုက္ခပေးတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ထိလက်ရောက် ရိုက်တာမျိုးတော့ သူ မလုပ်ပေမဲ့ တုတုကို သူ့စိတ်ထဲမှာ မကျေနပ်နေတာတွေ တန်းစီပြောကာ နားပူအောင်ရန်လုပ်တာသည် တော်တော့်ကို စိတ်ဆင်းရဲစရာကောင်းလှသည်။

ကိုယ်ဝန်ရှိခါစ မိမရှိ ဘမရှိမို့ အားငယ်နေတဲ့အထဲမှာ ကိုယ့်ချစ်သူ ကိုယ့်ယောကျ်ားက လိမ္မာမလာပဲ ပိုပိုဆိုးလာသောအခါ တုတုသည် ဒီအခြေအနေကြီးကို အတော်စိတ်ဆင်းရဲစပြုလာခဲ့တော့သည်။

"မေးရဦးမယ် မင်း အဝတ်ဗီရိုသော့ကို ဘာလို့အမြဲခတ်ထားလဲ။ အဲဒီသော့ကို ငါမသိအောင် ဘာလို့ ဖွက်ထားလဲ။ ဘာလဲ ... ငါက မင်း ပိုင်ဆိုင်တာတွေ သိခွင့်မရှိဘူးလား။ ငါ့ဓာ မင်းဆီက တောင်းသုံးရမှာလား"

ဆိုကာ တုတုမှာကျန်သော ပိုက်ဆံတချို့ကို သူခိုးခိုးခံရမှာစိုး၍ သော့ပိတ်ထားသည်ကိုလည်း အမြဲမယုံသင်္ကာဖြင့် ပြဿနာလုပ်ပါသည်။

"သုံးချင်ရင် ဘာလို့ မိန်းမဆီက လက်ဖြန့်တောင်းရမှာလဲ၊ သိက္ခာကျတယ်ကွ၊ ငါ သုံးချင်ရင် ထုတ်သုံးဖို့ဆိုပြီး မင်း ခွင့်ပြုထားသင့်တယ်၊ အခုတော့ ငါက ဘာပဲဝယ်ချင်ချင် မင်းကို တင်ပြရသေးတော့ လူ့ရယ်စရာကြီးပေါ့"

ဟုလည်း ခဏခဏ ထည့်ပြောလာတတ်သလို ...





"မိန်းမနောက်လိုက်မဟုတ်ဘူးကွ၊ မိန်းမ ဦးဆောင်တာကို လိုက်လုပ်မဲ့ကောင်မဟုတ်ဘူးကွ၊ မင်း ပိုက်ဆံတွေနဲ့ ဒါတွေ ဒါတွေ ဝယ်ထားရတယ် လုပ်ထားရတယ်ဆိုပြီး မဆောက်မာနဲ့၊ ငါ လုံးဝ မခံတော့ဘူး"

ဆိုတာမျိုးလည်း အရက်မူးတိုင်း ပြောတတ်သည်။

"ရွာထဲမှာငါ ဘယ်လောက် သိက္ခာကျနေတယ် မှတ်လဲ။ မိန်းမအမိန့်နာခံတဲ့ကောင်၊ မယားကြောက်ကောင်တဲ့၊ ဟားဟား ... ဒါကြောင့် လုပ်ပြနေတာ၊ မိန်းမကို မကြောက်လို့ အရက်သောက်ပြနေတာ"

ဟူ၍လည်း ရွာထဲကလူတွေကိုပါ အော်ဟစ်ပြောကာ သူ အရက်မူးလာကြောင်း၊ တုတုကို အော်ငေါက်နေကြောင်း လူသိအောင်လုပ်တတ်ပါသည်။

သူ့စိတ်ထဲမှာ ပတ်ဝန်းကျင်က လှောင်သလို၊ နောက်သလို ပြောတာတွေကို အမြဲထည့်ထားတတ်ကာ အရက်မူးလာတဲ့နေ့ဆိုရင်တော့ သူ ခံစားနေရတာတွေ တသီကြီး ချပြောလို့မဆုံး၊ ခင်းလို့မဆုံး။ တုတုက စကားနည်းရန်စဲ သဘောနဲ့ ပြန်မပြောသည်းမရ၊ အိမ်ထဲမှာ လုပ်စရာလေးတွေ ကျန်နေသေးလို့ အလုပ်လုပ်နေလျှင် သူက မရမကလိုက်ပြောကာ ရန်လုပ်နေတတ်သဖြင့် သူ မူးလာတာမြင်ပြီဆိုတာနဲ့ တုတု အိပ်ခန်းထဲဝင် တံခါးချက်ထိုးပြီး အသံတိတ် နေလိုက်တတ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ... ကောင်းပါ့ကွာ၊ အရက်သောက်လာလို့ ဒဏ်ပေးတဲ့အနေနဲ့ အိပ်ခန်းထဲမှာ ခုတင်နဲ့မွေ့ရာနဲ့ မအိပ်ရဘူးတဲ့ကွာ။ ခွေးလို တစ်နေရာရာမှာ ကြုံရာတိုးအိပ်ဆိုတဲ့ သဘောလား ဟုတ်လား တုတု။ မင်း အိမ်မို့လို့ မင်း ပိုင်တယ်ဆိုပြီး လုပ်ပြတာပေါ့လေ"

သူ့ကို အခန်းတံခါးပိတ်ထားတာမြင်လျှင် တံခါးကို ပိတ်ကန်၊ လက်သီးနဲ့ထိုးပြီး တုတု အိပ်မရအောင် နှောင့်ယှက်တတ်သည်။

တုတုမှာ သူမူးပြီးမောကာ အိပ်ပျော်သွားမှပဲ အိပ်ရသည်ဖြစ်ရာ ညနှစ်နာရီ သုံးနာရီလည်း ဖြစ်ရင်ဖြစ်သွားတတ်သည်။ အိပ်ခါနီးမှာ စိတ်ဆင်းရဲစရာကြုံပြီး အိပ်ရသည်မို့ ဘယ်တော့မှ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခဲ့ဘဲ အိပ်မက်ဆိုးတွေမက်ပြီး အိပ်ရတာမျိုး ဖြစ်နေသည်။ မနက်ကျ နိုးနေကျ အတိုင်းနိုး၊ နေ့ခင်းကျတော့လည်း ပြန်မအိပ်တတ်တာနဲ့မို့ တုတုမှာ ခေါင်းတွေ တစ်နေကုန်မူးပြီး ရင်တုန်နေတတ်သည်။

လူချောအမေကတော့ သူ့သားဆိုးသမျှ ခံနေရသည့် တုတုကို သနားပြီး ပိုလည်း ဂရုစိုက်လာကာ အရင်က အဝင်အထွက်နည်းခဲ့သော တုတု အိမ်ကို နေ့တိုင်းနီးပါး တစ်ခေါက်တော့ လာကြည့်ဖြစ်အောင် ကြည့်ပါသည်။





"တုတုက ဖြူပါတယ်ဆိုမှ အခု ပိုပြီး ဖြူဖျော့လာသလိုပဲ။ ကိုယ်ဝန်ရှိခါစ ဖြူဖျော့နေရင် မကောင်းဘူး။ သွေးအားနည်းနေသလားမသိဘူး၊ ကိုလှမောင်ဆီသွားပြီး စစ်ကြည့်ပါလား"

နှစ်ရက်ခြား၊ သုံးရက်ခြားလောက် လူချော အရက်မူးပြီး ရန်လုပ်တာကြောင့် အိပ်ရေးမဝဖြစ်တာများလာတော့ တုတုမှာ ပိုပြီး ဖြူဖျော့လာပုံရသည်။ လူချောအမေ ဒေါ်ခင်အုန်းက သတိထားမိပြီး မေးလာသည်။

"တုတု ဒီတစ်ပတ် မိတ္ထီလာကို ဈေးသွားဝယ်မှ အဲဒီမှာ ဆေးခန်းထိုင်တဲ့ အိုဂျီနဲ့ ပြတော့မယ် အမေ"

"ကိုလှမောင်က ဒါကြောင့် အမေတို့သွားတိုင်း ခနဲ့တာ၊ သူ့ကို အထင်မကြီးလို့ လာတောင်မပြဘူးတဲ့"

"သူက ဆရာဝန်မှ မဟုတ်တာ၊ တုတု မပြချင်ဘူး၊ တုတု အမှန်အတိုင်း ပြောတာပါ။ တုတု ဆရာဝန်ပြောတာပဲ ယုံတယ်၊ ဆရာဝန်က ဆေးကုတာပဲခံမယ်၊ ဒါကြောင့် အဲဒီလူဆီ မသွားတာပါ"

"ရွာကလူတွေကတော့ ကိုယ့်အချင်းချင်းကို ပိုပြီးယုံကြည်ကြသလိုဖြစ်နေတာလေ။ ဆရာဝန်ရောက်လာပြီး ဆေးခန်းဖွင့်လည်း ဘယ်သူမှ မပြကြဘူး။ ကိုလှမောင်ဆီပဲ ပြေးကြတော့ ကြာတော့ ဆရာဝန်လည်း ပြေးတော့တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



တုတုကတော့ ဘယ်သူပဲ ဘယ်လောက်တိုက်တွန်းပါစေ ဆေးမှူးဆီမှာ မပြဘဲ မိတ္ထီလာကို ဆိုင်အတွက်လိုတာတွေ သွားဝယ်သောနေ့ကျမှ အိုဂျီထိုင်သောဆေးခန်းရှာကာ ဝင်ပြပါသည်။ ဈေးဝယ်ရင်တော့ လူချောလည်း လိုက်ပေးရတာမို့ ဆေးခန်းပြတော့ သူပါလိုက်စောင့်ပေးပါသည်။ သူက အရက်မူးနေရင်တော့ ပြောချင်တာတွေပြောပြီး ရန်လုပ်တတ်ပေမဲ့ အရက်မမူးနေရင်တော့ သူ့လောက် တုတုကို ကြင်နာသူမရှိ။ တုတု ဘာလုပ်ချင်လဲ တစ်ခွန်းပြောလိုက်တာနဲ့ ...

"တု သဘောပဲ လုပ်ပါ လုပ်လိုက်"နဲ့ ဘယ်တော့မှ အတိုက်အခံငြင်းတာ မရှိဘဲ ခွင့်ပြုတတ်လေသည်။ ဒါကြောင့် တုတုက သူ အရက်မမူးဘဲ ကောင်းနေချိန်ဆို ...

"အရက်မသောက်နဲ့ မပြောပါဘူး၊ သောက်ရင်သောက်ပါ။ လူမှန်းသူမှန်းမသိအောင် မူးတဲ့အထိ မသောက်ပါနဲ့လား လူချောရယ်။ လူချောက အဲဒီအချိန်ဆို တုကို သိပ်ရန်လုပ်တာပဲ၊ တု စိတ်ဆင်းရဲရလွန်းလို့ပါ"

ဟူ၍ တားမိရင်တော့ "အင်းပါ၊ ကိုယ် သိပ်မသောက်ပါဘူး"ဟု အလွယ်တကူ ကတိပေးတတ်ပေမဲ့ သူ့မှာ ကတိကို လွယ်လွယ်ပေး၊ လွယ်လွယ်ပြန်ဖျက်တတ်သော အားနည်းချက်ရှိသည်ဖြစ်ရာ၊ အလွယ်တကူလည်း မေ့ပစ်လိုက်တတ်ပါသည်။





ာတုလည်း ကြုံရဖန်များလာတော့ သူ ကတိပေးလျှင် မယုံရဲ၊ ပျော်ရဲတော့ပေ။

ဆေးခန်းမှာ အိုဂျီပြရန်ထိုင်စောင့်နေစဉ် ဆေးခန်းချထားသော နေ့စဉ်ထုတ်သတင်းစာကို အပျင်းပြေကောက်လှန်ပြီး ဖတ်မိသည်။ ရွာမှာ သတင်းစာလည်း မရှိသဖြင့် သတင်းစာဖတ်ရချေ။ တုတုက သတင်းစာလည်း သိပ်စိတ်ဝင်စားတတ်သူ ဟုတ်သဖြင့် သတင်းစာတော့ မဖတ်ရလည်း နေနိုင်ပေမဲ့ ဇင်းစာအုပ်တော့ ကြိုက်သဖြင့် မိတ္ထီလာကို တစ်လတစ်ခါ ာက်တိုင်း ဖတ်စရာမဂ္ဂဇင်းတွေ တစ်ပုံကြီးဝယ်လာတတ်ပါသည်။

သတင်းစာတော့ ကြုံမှသာ အခုလို ကောက်ပြီးလှန် ှာကြည့်မိရာ သတင်း စိတ်မဝင်စားသူတို့ထုံးစံအတိုင်း ကြော် ာစာမျက်နှာကိုသာ လှန်မိသည်။ အဲဒီမှာ မထင်မှတ်ဘဲ ကြော် ာတစ်ခုကို ဖတ်မိသည်။

"သမီးတုတု

အဖေနဲ့အမေ သမီးအတွက် သိပ်စိတ်ပူနေပါတယ်၊ ဒီသတင်းကိုဖတ်မိရင် ရောက်ရာအရပ်က အမြန်ပြန်လာခဲ့ပါ။ သမီးတို့နှစ်ယောက်ကို အဖေနဲ့အမေ ခွင့်လွှတ်ပြီး စောင့်နေပါတယ် ...

ဦးသိဟ၊ ဒေါ်မိမိဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟူသော ကြော်ငြာအကွက်လေးကြောင့် တုတု ထဲ ရုတ်ခြည်းပင် ငိုချင်လာသည်။ သတင်းစာရက်စွဲကို ကြ လိုက်တော့ လွန်ခဲ့တဲ့နှစ်ရက်လောက်က ထွက်ပြီးသော သတင်း ဖြစ်နေသည်။ အဖေနဲ့အမေက တုတုကို ခွင့်လွှတ်သတဲ့။ တုတု ပြန်လာခဲ့ပါတဲ့။ 'သမီးတို့နှစ်ယောက်'လို့ ရည်ညွှန်းတာဟာ တု ကိုရော တုတုနဲ့ပါလာမဲ့ လူချောကိုပါ ခွင့်လွှတ်ပြီး လက်ခံ ဆိုတဲ့ သဘောဆိုတာ တုတု သိလိုက်ပါသည်။ တုတုသည် မရဖြစ်ခြင်း၊ ဝမ်းသာဝမ်းနည်းခြင်းလည်း ဖြစ်ခြင်းတို့ဖြင့် ရည်ဝဲလာမိသည်။ ဒါပေမဲ့ တုတု အဲဒီအသိုင်းအဝိုင်းထဲ ပြန် ရန်သင့်ပါ့ရဲ့လား။ အဖေ အမေကို အရှက်ခွဲခဲ့ပြီးမှ ပြန်သွား ကောင်းပါ့ရဲ့လား ဆိုတာကို တွေဝေစွာ တွေးတောနေမိသည်

အသိုင်းအဝိုင်းထဲမှာ ဘယ်သူနဲ့မှ မယှဉ်နိုင် ဘာအရည်အချင်းမှ မရှိသော၊ ဘာပညာမှမတတ်သော ယောက် တစ်ယောက်ကို မိုက်မိုက်မဲမဲ လက်တွဲလိုက်ကတည်းက ဟာ အားလုံးထက်နိမ့်ကျသွားပြီဆိုတာ ခံစားသိရှိထားပြီဖြစ်သ ဒါကြောင့်လည်း ကိုယ့်ကို အထင်သေး ကဲ့ရဲ့ခံရမှာတွေနဲ့ တစ်နေ့ရာမှာ တမင် လာနေနေတာ။ တမင် ဒုက္ခခံပြီးနေ ဖြစ်သည်။ အဖေအမေတို့ ခေါ်လို့ မိဘအရိပ်ထဲ ပြန်ဝင်သ ထားဦး။ ကိုယ်ယူထားတဲ့ယောကျ်ားဟာ ဘာကောင်မှမဟုတ်





ဆိုတဲ့အချက်ဟာ ပြင်မရတာမို့ တုတု မပြန်ချင်ပါ။ တုတုနဲ့ ရွယ်တူအချင်းချင်း ဆုံရသည်ဖြစ်စေ၊ သူငယ်ချင်းချင်း ဆုံရသည် ဖြစ်စေ ကိုယ့်ယောကျ်ားကိုယ် မိတ်ဆက်ပေးတဲ့အခါ ကိုယ့်ဘက် က တော်တော်ကြီး သိက္ခာကျရမဲ့အဖြစ်တွေကို ကြိုတင်မှန်းဆမိ လေရာ တုတုသည် ရန်ကုန်ဆိုသော အသိုင်းအဝိုင်းထဲ ပြန်ဝင်ကို ဝင်ရဲတော့ပါ။

"တု အလုည့်ရောက်ပြီ ဝင်ရအောင် သတင်းစာထဲ ဘာတွေ သတင်းထူးနေလို့ အကြာကြီးဖတ်နေတာလဲ"

"ဩော်... အင်း... အင်း... ဘာမှမဟုတ်ပါဘူး။ ကြော်ငြာ တွေ ဖတ်နေတာပါ"

ဆေးခန်းထဲအတူတူဝင်လိုက်ကြပြီး အိုဂျီဆရာဝန်မ အေးသမ္မ ဖြေကြားကာ စမ်းသပ်ခံစရာရှိတာ စမ်းသပ်ပြီးလျှင် ...

"သမီး သွေးပေါင်ချိန်ကတော့ သိပ်နည်းနေတယ်နော်။ ဂရုတစိုက်လေး ကောင်းကောင်းအနားယူလိုက်ပါ။ အိပ်ရေး ဝဝအိပ် နေ့ခင်းဘက်လည်း အိပ်တတ်ရင် အိပ်ပါ။ မအိပ် တတ်လည်း ခဏတော့ လှဲပါ ဟုတ်ပြီလား။ ကိုယ်ဝန်က သုံးလကျော် လေးလဆိုတော့ နုသေးတယ်။ သိပ်ပင်ပင်ပန်း ပန်းအလုပ်တွေ မလုပ်နဲ့ပေါ့။ အားဆေးတွေ ရေးပေးလိုက် တယ်၊ မှန်မှန်လေးစားနော်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆရာဝန်မက သူ့စမ်းသပ်လို့တွေ့သမျှကို ဆိုညွှန်ကြားပါသည်။

“ရွာမှာ ဆရာဝန်ရှိလား သမီး၊ ရှိရှိဂျီပီလေ”

“ဆရာဝန်မရှိဘူး အန်တီ”

“ဒါဖြင့် ရွာကလူတွေ မကျန်းမာရင် ဘာလုပ်ကြလဲ”

“ဆေးမှူးတော့ရှိပါတယ် ဒေါက်တာ၊ အဟဲ ... သူ အထင်မကြီးလို့ သွားကိုမပြဘူး”

လူချောက ရယ်မောကာဝင်ပြောပါသည်။ ဆရာ ကတော့ ရုပ်ရည်လေးက မြို့ဆန်နေပြီး ဘယ်အတွက် ရွာမှာသွားနေနေရသလဲလို့ တွေးတော့တွေးနေပုံပင်။

“သမီးက အဲဒီရွာဇာတိ မဟုတ်ဘူး ထင်တယ်”

“မဟုတ်ပါဘူး အန်တီ။ ရန်ကုန်ကပါ။ သူနဲ့ အိမ် ကျပြီး လိုက်လာတာပါ”

“ဩော် ... ဒါကြောင့် ရွာမှာ လူတော်တော်များများ စားယုံကြည်တဲ့ ဆေးမှူးကို မပြချင်တာကိုး”

“တုတု အန်တီနဲ့ပဲ မွေးချင်ပါတယ်၊ အဲဒါ မွေးခါနီး နီးလာရင်တော့ မိတ္ထီလာမှာ လာနေပြီး ဗိုက်နာ တစ်ခါတည်း အန်တီ့ဆေးခန်းပြေးလာမယ်လို့ စဉ်း တယ်၊ တုတုတို့ရွာက မိတ္ထီလာနဲ့မိုင်(၃၀)ပဲဝေးပေမဲ့ သိပ်မကောင်းတော့ အသွားအလာခက်လို့ပါ”





“အဲဒီလိုဆိုလည်း ဗိုက်နာမှာမစောင့်ဘဲ ခွဲမွေးလိုက်ပါလား သမီး၊ ဗိုက်ဘယ်အချိန်နာမလဲစောင့်ပြီး ဒီမှာလာနေနေရ ရင် သမီးတို့ ကုန်ကျစရိတ်ထောင်းမှာပေါ့”

“တုတု ဗိုက်ခွဲခံရမှာ ကြောက်လို့ပါ”

“ဘာမှတော့ ကြောက်စရာမရှိပါဘူး၊ အေးလေ ဒါပေမဲ့ လူနာ စိတ်တိုင်းကျလုပ်ပေးရမှာ အန်တီတို့တာဝန်ပါပဲ။ သမီးသဘောပါ ဟုတ်ပြီလား။ Due Date ကတော့ အဝေး ကြီးပါ။ ဒီကြားထဲမှာ အားဆေးမှန်မှန်သောက်၊ တစ်လ တစ်ခါလောက် အန်တီ့ဆီလာပြ ဟုတ်ပြီလား၊ အာလ်ထရာ ဆောင်းကတော့ လေးလကျော် ငါးလလောက်မှရိုက်ပါ၊ စောစောရိုက်ချင်တယ်ဆိုလည်း ရိုက်ပေးလို့ရပေမဲ့ လိုအပ်မှ စောစောရိုက်တာ ကောင်းတယ်၊ အန်တီ အမြဲစမ်းသပ်ပေး နေမှာပဲ၊ လိုအပ်ရင် ပြောမယ်နော်”

အိုဂျီဒေါက်တာမကြီးမှာ တုတု အမေအရွယ်လောက် သည်းဖြစ်ပြီး တုတုကို သမီး ... သမီးနှင့် ကြင်ကြင်နာနာ ပြော ဆိုဆက်ဆံသောကြောင့် တုတုမှာ အမေ့ကိုပင်သတိရပြီး ဝမ်းနည်း သာသည်။

အဖေနဲ့အမေ သတင်းစာထဲထည့်ကြော်ငြာထားတာ သည်း တွေ့သဖြင့် ပိုပြီး သတိရနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ တုတု ဘယ်တော့မှမပြန်နိုင်ဖို့ စဉ်းစားထား သည်။ ဒီလိုဒုက္ခတွေခံရမယ်ဆိုတာ သိထားရက်နဲ့ ထွက်လာခဲ့ပြီး တော့ ဒီဒုက္ခတွေကို ကြံ့ကြံ့ခံနိုင်အောင် စိတ်တင်းထားရမည် ဆုံးဖြတ်မိပါသည်။

❣ ✪ ❣



## ၁၆

ထိုနေ့က တုတု မနက်ထ,လာကတည်းက ခေါင်း တွေမူးကာ သွေးလည်းနည်းနည်း ဆင်းသဖြင့် စိတ်ပူပြီး ဟိုတွေး ဒီတွေးဖြစ်နေမိသည်။ ဆရာဝန်သွားပြဖို့ကလည်း သွားပြချင်တိုင်း ခုက်ချင်းထ,သွားပြီး ပြလို့ရတာမဟုတ်။ မိတ္ထီလာအထိ သွားရ ဦးမည်။ သွားဖို့အတွက် ကားငှားချင်လည်း အဆင်သင့်မရှိ။ ကား ငှားချင်လျှင် ရွာကနေ မိတ္ထီလာမြို့ထဲသွားမည့်သူ တစ်ယောက် ယောက်ကို မှာလိုက်ပြီး ကားသမားကို ဒီလာခေါ်ဖို့ ပြောထားရ သည်။ ရွာကလူတွေကတော့ စက်ဘီးစီးပြီးတော့လည်း သွားနိုင် သည်။ ထော်လော်ဂျီနဲ့လည်း သွားနိုင်သည်မို့ သူတို့အဖို့က မြို့ တက်သွားဖို့ တုတုလောက် မခဲယဉ်းပါ။ ဘာမှလဲ တွေးနေစရာ မလို။ ကောက်ထသွားလိုက်ရုံပင်။ တုတုကသာ ထော်လော်ဂျီ မစီးချင်သဖြင့် ကားလာခေါ်ဖို့ ကြိုမှာထားရတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ကြိုမှာရတာမို့ အခုလို ဆရာဝန်ပြချင်လာလျှင် ချက်ချင်းထသွားချင်တိုင်း ထသွားလို့မရဘဲ တွေးတောစဉ်းစားနေရသည်။ ကိုယ်ဝန်က လေးလကျော်လေးမို့ ဒီလိုအချိန်မှာ ပျက်ကျရင်လည်း ပျက်ကျနိုင်သေးတာ။ ပျက်ကျရင် ဒီလို သွေးနည်းနည်းစဆင်းသလား။ ဒါမှမဟုတ် တစ်ခါတည်း ပျက်ကျသွားတဲ့ အရိပ်အယောင်ပြသလား။ တုတု တွေးပြီး ဘာလုပ်ရမှန်း မသိ။

အဲဒီအချိန်မှာ ရွာထဲခဏသွားပြီး ပြန်လာသော လူချောက တုတု မျက်နှာညိုးနေသည်ကို သတိမထားမိဘဲ —

"တု ကိုယ် ပြောစရာရှိတယ်"

ဆိုကာ တုတုအနားလာထိုင်ပြီး စကားစ,ပါသည်။

"ကိုယ့်သူငယ်ချင်း မြင့်စိန်တို့နဲ့ စပ်တူအလုပ်တစ်ခုလုပ်မလို့ အဲဒါ ကိုယ့်ကို တစ်သိန်းခွဲလောက် ထုတ်ပေးပါလား"

"ဘာအလုပ်လဲ"

"ဆိုင်ကယ်တစ်စီး စပ်တူဝယ်ပြီး ပြန်ပြင်ကြမယ်၊ ပြန်ရှိုင်းကြမယ်၊ ပြီးမှ ပြန်ရောင်းမယ်တဲ့၊ နယ်မှာဆိုတော့ ဆိုင်ကယ်က ဈေးကောင်းတယ်လေ။ ဒီတော့ ဆိုင်ကယ်ဝယ်ရောင်းလုပ်ကြမယ်ပေါ့ တိုင်ပင်မိကြတယ်။ တစ်ယောက်တည်းလည်း မဝယ်နိုင်ဘူးလေ။ ဒီတော့ စပ်တူဝယ်ကြမယ်





ပြန်ရောင်းရင်ရတဲ့အမြတ်ကို ညီတူပြန်ခွဲမယ်၊ ဆိုင်ကယ်ကို မန္တလေးတက်ဝယ်ပြီး မိတ္ထီလာမှာ ပြန်ရောင်းမှာ"

"ဘယ်နှယောက်ရှယ်မှာလဲ"

"ငါးယောက် တစ်ယောက်တစ်သိန်းခွဲဆိုတော့ စုစုပေါင်း ခုနစ်သိန်းခွဲ။ အဲဒီလောက်ပိုက်ဆံနဲ့ ဂျာလင်းစူပါကပ်ဖြစ်ဖြစ်၊ ဟွန်ဒါပတ်လည်စူပါကပ်ဖြစ်ဖြစ်၊ လော်ဂျာပန်းဆီ ဆိုင်ကယ်အမျိုးအစားဖြစ်ဖြစ် ရနိုင်တယ်၊ တရုတ်ဆိုင်ကယ်တွေပေါ့၊ ဖြစ်နိုင်ရင် ကိုယ်က ကိုယ်တစ်ယောက်တည်း တစ်စီးဝယ်ချင်တာ၊ စစလုပ်ချင်းဆိုတော့ မပုံအောရဲသေးတာနဲ့ မြင့်စိန်တို့နဲ့ ရှယ်ကြည့်မလို့"

"ဖြစ်ပါ့မလား အသေအချာမြတ်မယ်လို့ ပြောလို့ရလို့လား၊ တုတော့ သိပ်မထင်ပါဘူး။ ပြီးတော့ လူချော သူငယ်ချင်း မြင့်စိန်တို့ကိုလည်း သိပ်မယုံပါဘူး။ သူတို့ကြည့်လိုက်ရင် ဘာအလုပ်မှမရှိဘဲ ယောင်လားဝါးလားနဲ့ နေနေတာ။ သူတို့က ဘယ်လိုလုပ် ဆိုင်ကယ်ဈေးကွက်ကို သိမှာလဲ။ ဆိုင်ကယ်တစ်စီးဝယ်ပြီး ပြန်ရောင်းရင် မြတ်မယ် မမြတ်ဘူးကို သူတို့ ဘယ်လိုလုပ် သိမှာလဲ"

"တုကလည်းကွာ ကိုယ်တစ်ယောက်လုံး ရှိနေတာပဲ၊ သူတို့ မလိမ်ရဲပါဘူး။ အမှန်အကန်လုပ်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ကို လိမ်တယ်လို့ပြောတာမဟုတ်ပါဘူး၊ မလုပ်တတ်ဘဲ လျှောက်လုပ်ကြရင် ပိုက်ဆံတွေ အလကားဆုံးရှုံးမှာစိုးလို့ပါ။ တစ်သိန်းခွဲဆိုတဲ့ ပိုက်ဆံဟာ ရန်ကုန်လိုမြို့ကြီးမှာ သာမပြောပလောက်တဲ့ပိုက်ဆံပေမဲ့ ရွာမှာတော့ ဒီပိုက်ဆံက တန်ဖိုးရှိတယ်။ တော်တော်လေးလည်း သုံးရတယ်၊ ဒါကြောင့် တု နှမြောမိတယ်"

တုတုမှာ ရင်တွေတုန်၊ ခေါင်းတွေမူးနေရတဲ့အထဲ ကိုယ့်ယောက်ျားကို တွေ့တွေ့ချင်း ဒီကိစ္စမပြောနိုင်သေးဘဲ သူလာတောင်းသောပိုက်ဆံကိစ္စ ဖြေရှင်းနေရသောအခါ စိတ်ညစ်လာသည်။

အခုနောက်ပိုင်း ငွေရေးကြေးရေးနဲ့ ပတ်သက်လာလျှင် လူချောတောင်းသမျှ အလွယ်တကူပဲထုတ်ပေးလိုက်ဖို့ ဆုံးဖြတ်ထားပေမဲ့ အခုလောက်ကြီးကျတော့ မပေးချင်။ လူချောက သူ့ပိုက်ဆံတောင်းလို့ တုတု ဟိုမေးဒီမေးလုပ်လျှင် မကြိုက်သောကြောင့် တုတု ဘယ်တော့မှ မမေးဘဲ ထုတ်ပေးလိုက်တာတောင် သူက စိတ်ထဲမှာ မကျေမနပ်ဖြစ်နေပြီး အရက်မူးလာရင် သူ့လက်ထဲ ပိုက်ဆံမထားဘဲ တုတုက သိမ်းထားပြီး သူက တောင်းသုံးရသည် ဆိုတဲ့အချက်ကို ထည့်ထည့်ပြောတတ်သေးသည်။ ထောင်ဂဏန်း၊ သောင်းဂဏန်းလောက်ကတော့ တုတု သူ့လက်ထဲ အလွယ်တကူ





ထည့်လိုက်ပေမဲ့ အခုလို သိန်းဂဏန်းကျတော့ နှမြောမိပါသည်။ ပိုက်ဆံတွေ သိပ်ဗရမ်းဗတာ သုံးနေလို့ကတော့ ဘယ်တော့မှ စုမိမှာလည်းမဟုတ်။ ဘယ်တော့မှ ရွာကနေ ပြောင်းနိုင်မှာလည်း မဟုတ်၍ တုတုမှာ ဆင်ခြင်သင့်သလောက် ဆင်ခြင်ရပါသည်။ ဒါကြောင့် လူချောပြောပြသော မရေမရာဖြစ်တဲ့ ဆိုင်ကယ် ဒယ်ရောင်းအလုပ်ကို မစွန့်စားရဲပါ။

"ကိုယ် ဒီပိုက်ဆံကို အပျော်သုံးမှာမဟုတ်ဘူးကွ စီးပွားရေး လုပ်မှာပါ"

"ဆိုင်ကယ်အကြောင်း ဘာမှနားမလည်တဲ့သူတွေနဲ့ သွားလုပ်ရင် ဒီပိုက်ဆံဟာ ရေထဲပစ်ချလိုက်သလို ပလုံသွားမှာပေါ့"

"တု ဘာလို့ ကိုယ်တို့ကို အထင်သေးတာလဲ မယုံတာလဲ"

"သူတို့ ဘယ်တုန်းကမှ အလုပ်မလုပ်ဘဲ အခုမှ ကောက်ခါငင်ခါ ဒီအလုပ်ထလုပ်လို့ မယုံတာ"

"မင်း ကိုယ့်ကိုလည်း မယုံပါဘူး ဟုတ်တယ် မဟုတ်လား။ ဒီပိုက်ဆံ ကိုယ့်လက်ထဲထည့်လိုက်ရင် ပြန်မရတော့မှာ စိုးရိမ်လို့မဟုတ်လား။ အေး ... ဒါကြောင့် ရွာထဲမှာ ပြောတာလည်းမလွန်ဘူး၊ ကိုယ် အပြောခံရတာလည်း မလွန်ဘူး။ ဘာလေးပဲဝယ်ချင်ချင်၊ သုံးချင်ချင် မိန်းမအိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



က ပိုက်ဆံကိုပဲ ပြန်တောင်းနေရတော့ ကိုယ်က ဘာမှ အသုံးမကျတဲ့ကောင် ဖြစ်နေပြီ။ မိန်းမ ခြယ်လှယ်သမျှ ငုံ့ခံရတဲ့ကောင်ဖြစ်နေပြီ။ မင်းပဲ စဉ်းစားကြည့် ဘယ်မှာ ကြားဖူးလဲ မိန်းမက ပိုက်ဆံကိုင်ထားပြီး ယောကျ်ားက တောင်းသုံးရတယ်ဆိုတာ။ ကိုယ် မင်းထင်သလောက် မိုက်ပါမလားကွာ၊ မင်း ကိုယ့်လက်ထဲ ဇီရိသော့အပ်ထားလည်း ကိုယ်က ရှိသမျှအကုန်သုံးပစ်ပါ့မလား"

လှချော ပြောရင်းနဲ့ တော်တော် စိတ်ဆိုးလာပြီး နံရံကို လက်သီးဖြင့် တစ်ချက်ထိုးမိလေသည်။ တကယ်တော့သူလည်း ပိုက်ဆံကိစ္စနဲ့ပတ်သက်ပြီး တုတုနဲ့ စကားမများရချင်ပါ။ တုတုကို သူ ချစ်လည်း ချစ်ပါသည်။ သူ့အတွက် ဒုက္ခခံပြီး တုတု ဒီရွာမှာလာနေပေးနိုင်တာကို မြင်ရတော့ ပိုပြီးသနားမိပါသည်။

ဒါကြောင့် သူသည် အလုပ်လုပ်ကြည့်ချင်သည်။ ဒီလို ရွာထဲမှာ စတိုးဆိုင်လေးဖွင့်ပြီး စီးပွားရှာလို့ကတော့ ဘယ်တော့မှ စီးပွားဖြစ်လာမှာမဟုတ်ဘူးဆိုတာ သူသိပါသည်။ တုတု နေချင်သော မိတ္ထီလာမြို့ပေါ်မှာ သွားနေဖို့ဆိုလျှင် အခု ပိုက်ဆံ ရှိနေတာထက် ပိုရှိလာမှသာ နေနိုင်မှာမို့ တုတု ဖြစ်ချင်တာကို လုပ်ပေးချင်မိပါသည်။





အခု ဖြစ်နေတဲ့ပုံက သူကတော့ ဘာအလုပ်မှမရှိဘဲ လတ်လျားလတ်လျားနေသည့်ပုံပေါက်ကာ တုတုကပဲ စီးပွားရှာ၊ တုတုပဲ ငွေကိုင်ဖြေရှင်းပုံစံ ပေါက်နေသဖြင့် သူ့ကိုယ်သူလည်း ရှက်သလို ရွာထဲမှာလည်း 'မိန်းမလုပ်စာ ထိုင်စားနေတဲ့ကောင်' ဆိုသော အပြောတွေခံရတာများနေသဖြင့် သူလည်း ယောကျ်ားပီပီ မခံချင်ပါ။

အလုပ်လုပ်ဖို့ကျတော့ ဒီလိုရွာမှာ ဘယ်လိုအလုပ် လုပ်ရမလဲဆိုတာ စဉ်းစားလို့ကိုမရ။ တုတုက လယ်တွေယာတွေ ဝယ်ပြီးလုပ်ဖို့လည်း စိတ်မဝင်စား။ လှချောကိုလည်း ပေးမလုပ်သဖြင့် နောက်ဆုံးတော့ ရန်ကုန်မှာတုန်းက သူ လုပ်ခဲ့ဖူးသော ပွဲစားအလုပ်ကိုသာလုပ်ဖို့ စိတ်ကူးရလေသည်။ နယ်မြို့လိုနေရာမျိုးမှာတော့ ကားထက် ဆိုင်ကယ်၊ စက်ဘီး၊ ထော်လော်ဂျီတို့က ပိုပြီး အရောင်းအဝယ်ကောင်းတာမို့ အရင်ဆုံး သူ စဉ်းစားမိတာက ဆိုင်ကယ်ဝယ်ရောင်းလုပ်ကြည့်ဖို့ပဲဖြစ်သည်။

သူ့အကြံကို တွဲနေကျ ငယ်သူငယ်ချင်းတွေပြောမိတော့ မြင့်စိန်က အလွယ်တကူ လ[illegible]ခဲ့ပြီး ...

"မင်း ဘာမှ မပူနဲ့ ငါ့ဦးလေးက မန္တလေးမှာ ဆိုင်ကယ်တွေကိုင်တဲ့ ဝယ်ရောင်းကွ။ သူ့ဆီက ခပ်သန့်သန့်တစ်စီး အရင်သွားဆွဲမယ်၊ မိတ္ထီလာမှာ ပြန်ရှိုင်းပြီးရောင်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ သွားလာစရိတ်နဲ့ ပြန်ပြင်စရိတ်နုတ်ပြီး လက်ထဲမှာ တစ်ယောက်သုံးလေးသောင်းပိုက်မိရင် မဆိုးဘူးကွ။ ဘယ်လိုလဲ ငါလည်း လုပ်ချင်နေတာ။ အဖော်မရှိလို့”

ဟု အဆက်အသွယ်ရှိကြောင်း ပြောပြသဖြင့် ထိုအကြံအစည်ကို ရလာတာဖြစ်သည်။ လူချောရဲ့စိတ်ကူးက အရင်ဆုံး မြင့်စိန်နဲ့တွဲပြီး သုံးစီးလောက်လုပ်ကြည့်မည်။ ပြီးမှ သူလည်းအဆက်အသွယ်တွေရလာမှ ကိုယ်တစ်ဦးတည်းပိုင် ဝယ်ပြီးလုပ်မည်ဆိုသော စိတ်ကူးပင်ဖြစ်သည်။ သို့သော် အခုကျ သူက ဝမ်းသာအားရ လာတိုင်ပင်သလောက် တုတုက သူ့ကို မယုံ။ သူ ပြောဆိုတင်ပြတာကို လက်မခံ။ အလကားနေရင်း သူ့ကိုဆိုမယုံသင်္ကာဖြစ်ကာ ဗီရိုကြီးသော့တခတ်ခတ်နဲ့ ဖြစ်လေရာ ရင်ထဲမှာ နာလာသည်။ ချစ်သူချင်း လင်မယားချင်းပေမဲ့ ပိုက်ဆံမချမ်းသာသူ မျက်နှာမွဲဟာ ခိုးသုံးနိုးနိုး၊ တောင်းသုံးနိုးနိုး အထင်ခံရသည်မှာ အတော်ရင်နာစရာကောင်းလှပါသည်။

“ကိုယ် မင်းအတွက် ငွေရှာပေးချင်တာပါကွာ၊ မင်း ရွာမှာ စိတ်ဆင်းရဲခံပြီး နေနေရတဲ့ဘဝက မြန်မြန်လွတ်အောင် ဝိုင်းကူပြီး ငွေရှာပေးချင်တာပါ။ အလကား သုံးဖြုန်းပစ်ဖို့ မင်းဆီကပိုက်ဆံ တောင်းတာမဟုတ်ပါဘူး တုရယ်၊ မင်းက ကိုယ့်ကို အမြင်အထင်သေးလွန်းတယ်”





“တု အထင်မသေးပါဘူး၊ လူချောတို့လုပ်မဲ့ အလုပ်ကို အောင်မြင်မယ် မထင်လို့ပါ၊ ကျွတ် ... လူချောရာ ဒီမှာ တု မျက်နှာကိုကြည့်ပါဦး၊ တု ဘာဖြစ်နေလဲလို့မေးပါဦး၊ တု မနက်တည်းက ခေါင်းမူးပြီး တစ်မျိုးကြီးဖြစ်နေတာမို့လို့ အားငယ်နေတဲ့အချိန်မှာ ဘာကြောင့် တု စိတ်ဆင်းရဲရအောင် လာလုပ်နေတာလဲ”

လူချောက မယုံပါ။ တုတုဟာ စကားနည်းရန့်စဲသဘောဖြင့် အကြောင်းရှာပြောသည်။ ကိုယ်ဝန်ကို အကြောင်းပြပြီး ဒီပြဿနာကို ကျေအေးစေနေသည်ဟု ထင်ပါသည်။ နောက်ပြီး အမေပြောတော့ ...

“တုတုလေးက ကိုယ်ဝန်ရှိခါစဆိုတော့ သူ့အမေသူ သတိရပြီး အားငယ်နေရှာပုံပဲ။ အေးလေ ... သူ့ဘဝမှာ အိပ်မက်တောင်မမက်ဖူးတဲ့နေရာမှာ တစ်ယောက်တည်းလာနေနေရတော့ ဝမ်းနည်းအားငယ်မှာပေါ့”

ဟူသော အချက်ကြောင့် တုတု အဲဒီလိုဖြစ်နေသည်ဟုသာ ထင်ပါသည်။

“အေး ... ကောင်းပြီ၊ မင်းဆီက ပိုက်ဆံလာတောင်းလို့ စိတ်ဆင်းရဲတယ်ဆိုရင် ကိုယ် ဘယ်တော့မှ မတောင်းတော့ဘူး။ ကိုယ့်ဘာသာ တခြားကချေးပြီး ဒီအလုပ်ကို ရအောင် လုပ်ပြမယ်”



www.burmeseclassic.com

www.burmeseclassic.com



"တုဆီက ပိုက်ဆံလာတောင်းလို့အကြောင်းပြတာ မဟုတ်ပါဘူး။ တု တကယ်ဖြစ်နေတာ၊ တု နေလို့မကောင်းဘူး"

"ကိုယ်ဝန်ရှိခါစ လူတိုင်း နေမကောင်းဖြစ်တာပဲ"

"ဘယ်လိုပြောလိုက်တာလဲ လူချောရယ်။ တုက လူချောတစ်ယောက်တည်းကိုပဲ ပြောပြစရာရှိလို့ ပြောတာပါ။ ဘာကြောင့် စိတ်မရှည်ဘဲ ချက်ချင်း အိမ်ပြင်ပြန်ထွက်သွားချင်ရတာလဲ"

"မြင့်စိန်တို့နဲ့ ချိန်းထားပြီးပြီ၊ ဒီနေ့ပဲ မိဖွားလာကတစ်ဆင့်ကားစီးပြီး မန္တလေးဘက်သွား ဆိုင်ကယ်လည်းရှာတော့မှာ။ ကိုယ့်မှာ ပိုက်ဆံပါမလာ မဖြစ်ချင်ဘူး။ ဒီတော့ ကိုယ်ချေးလို့ရတဲ့ဆီက ချေးသွားမယ်"

"ဟာ ... သူများဆီက မချေးပါနဲ့ ရှက်စရာကြီး"

"မချေးစေချင်ရင် တု ထုတ်ပေးလေ"

တုတု တွေဝေသွားတာကို လူချောလည်း စိတ်နာသလို စိုက်ကြည့်ပြီးနောက် ...

"ကိုယ် သုံးရက်နေရင် ပြန်လာခဲ့မယ်"

ဟူသော စကားတစ်ခွန်းကိုသာ နောက်ဆုံးပြောပြီး အိမ်ထဲက ချက်ချင်းပြန်ထွက်သွားပါသည်။ တုတုသည် လူချောတကယ်သွားတာမဟုတ်ပါဘူး၊ တုတုကို တမင်ပြောသွားတာပါဟု ထင်မိသည်။





သွားမယ်ပြောပြီး ညကျ အရက်မူးပြီး သူ ပြန်လာမှာပဲ။ တုတုကို ရန်လုပ်ဦးမှာပဲ။ သူ ပိုက်ဆံသွားချေးရင် သူ့ကို ဘယ်သူက ချေးမှာမို့လဲ။

သူ မန္တလေးသွားဖြစ်မှာ မဟုတ်ပါဘူးလို့လည်း တုတု စိတ်အခံထဲမှာရှိသည့် အထင်သေးစိတ်ဖြင့် လူချော ပြောသွားတာကို မယုံခဲ့ပါ။

ညနေစောင်းသောအခါ တုတု နေလည်း သိပ်မကောင်းတာမို့ ဆိုင်စောစောပိတ်ပြီး အိပ်ခန်းထဲမှာ ဝင်အိပ်ရင်း လူချော ပြန်အလာကို နားစွင့်စောင့်စားနေမိပါသည်။ ညဆယ်နာရီ ဆယ့်တစ်နာရီဆိုလျှင် အမြဲပြန်လာတတ်တာမို့ နာရီသံတစ်ချက်ချက်ကိုသာ နားထောင်ရင်း စောင့်မျှော်နေမိသည်။

သို့သော် ဆယ်နာရီလည်း ရောက်မလာ။ ဆယ့်တစ်နာရီလည်း ပြန်မလာ။ ဆယ့်နှစ်နာရီ၊ တစ်နာရီ၊ နှစ်နာရီထိ လူချော ပြန်မလာသောအခါ တုတုမှာ အားငယ်ဝမ်းနည်းခြင်းတွေနဲ့ တစ်ညလုံး ငုတ်တုတ်ထိုင်ကာ ငိုနေမိခဲ့တော့လေသည်။

မနက်မိုးလင်းခါနီးမှ တုတု ဖျတ်ခနဲ အိပ်ပျော်သွားသမှ သိပ်တောင်မအိပ်လိုက်ရသေး၊ တုတု ရင်ထဲ လှုပ်လှုပ်,လှုပ်လှုပ်ဖြစ်ပြီး ခေါင်းထဲမှာ မူးယစ်ရီဝေကာ ဆီးစပ်ကလည်း မခံရပ်နိုင်အောင် နာကျင်ပြီး တုတု ပြန်နိုးလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တုတုသည် သူမ အိပ်နေရာရဲ့ ခြေရင်းတစ်ဝိုက်မှာ သွေးတွေအိုင်ထွန်းနေတာမြင်လျှင် ကြောက်လန့်တကြား အသံကုန် အော်ပစ်လိုက်မိတော့လေသည်။

❦ ◎ ❦





## နောက်သုံးရက်ခန့်အကြာ...

www.burmeseclassic.com

www.burmeseclassic.com



## ၁၇

လှချော ပြန်လာသောအခါ သော့တန်းလန်းနဲ့ အိမ်တံခါးကို မြင်လိုက်ရတော့ ရင်ထဲမှာ ထိတ်လန့်စိုးရိမ်သွားပါသည်။ တုတု ဘယ်ရောက်နေလဲ။ ဘယ်ထွက်သွားတာလဲ။ ဘာကြောင့် ဆိုင်ရော အိမ်ရော သော့တွေ အထပ်ထပ်ခတ်ထားရသလဲ။ လှချော စိုးရိမ်ပူပန်စွာ ဘေးအိမ်ကိုသွားမေးမိသည်။

အဖေရော အမေရော အလုပ်ထွက်လုပ်နေကြချိန်မို့ အိမ်မှာ ဆယ်နှစ်အရွယ် အကြီးဆုံးကလေးနဲ့ မောင်နှမတစ်စုသာ ကျန်ခဲ့သောဘေးအိမ်က ကလေးအုပ်စုမှာ လှချောကို မြင်တာနဲ့ ...

"ဦးလှချော ... ဦးလှချော အိမ်သော့လိုချင်ရင် ဒေါ်ကြီးဒေါ်ခင်အုန်းအိမ်မှာ လာယူပါလို့မှာထားတယ်ဗျ"

ဟု ဝိုင်း၍ ကြိုပြောထားနှင့်သည်။





"ဒေါ်လေးတုတုရော ..."

ဒီအိမ်က ကလေးတွေကတော့ တုတုကို ဒေါ်လေးတုတုဟု ခေါ်တတ်သဖြင့် လှချောလည်း သူတို့ခေါ်သလိုပဲ လိုက်ခေါ်ပြီးမေးမိသည်။

"ဒေါ်လေးတုတု နေမကောင်းဖြစ်လို့ ဆေးရုံတင်ရတယ် ပြောတယ်"

"ဟာ ... ဟုတ်လား"

လှချော ရင်ထဲမှာ အပူလုံးကြီးတစ်လုံး ချက်ချင်းတက်လာပြီး ခေါင်းထဲမှာ ဒိန်းခနဲ အသံကျယ်ကြီးပင် မြည်သွားပါသည်။

"ဦးလှချော မရှိတဲ့နေ့ကဖြစ်တာ"

"ဟာကွာ ... ဖြစ်ရလေ။ အခု ဘယ်ဆေးရုံမှာလဲ"

"ရန်ကုန်ကို ခေါ်သွားတယ်လို့ ပြောတယ်"

"ရန်ကုန်ထိတောင် ဟုတ်လား"

လှချော ရင်ထဲက စိုးရိမ်ရေမှတ်မှာ အဆွတ်အထိပ်သို့ပင် မြင့်တက်သွားပါသည်။ မိတ္ထီလာဆေးရုံမှာတောင် မတင်ဘဲ ရန်ကုန်ထိသွားရတယ်ဆိုတော့ ဘာများဖြစ်တာပါလိမ့်။ တုရယ် ... ဘာရယ်ဖြစ်ရလေကွာ။ ခွင့်လွှတ်ပါ။ ကိုယ့်ကိုခွင့်လွှတ်ပါ။ ကိုယ်အကို အခုလို တစ်ယောက်တည်း ဒုက္ခရောက်အောင် မထားပစ်ခဲ့ချင်ဘူး။ ကိုယ် သိပ်မှားသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



လူချောသည် ကလေးတွေကို ဆက်မေးမနေတော့ဘဲ အမေ့အိမ်သာ အမြန်ပြေးခဲ့လေသည်။ လမ်းမှာဆုံသည့် အသိမိတ်ဆွေတွေကတော့ လူချောကို တစ်စုံတစ်ရာ ပြောချင်ပုံဖြင့် လှမ်းနှုတ်ဆက်နေကြပေမဲ့ လူချော အူတို့ကိုဂရုမစိုက်အားပါ။ အမြန်လက်ပြနှုတ်ဆက်ပြီး အမေ့ဆီသာ ပြေးခဲ့လေသည်။

လူချောကို မြင်တာနဲ့ အမေက ဆီးပြီး ရှူရှိုက်နေတော့သည်။

"သားရယ် ... ကလေးမလေးတစ်ယောက်တည်း ထားခဲ့ပြီး ဘယ်ထွက်သွားတာလဲ။ မင်း ... အဲဒီလိုလုပ်ခဲ့ဖို့ မသင့်ဘူးကွယ်။ အခုတော့ တစ်ဖက်မိသားစုနဲ့ ဆုံတဲ့အခါ အမေမှာ ဝေါ်ဝေါ်မျက်နှာပွဲ့ရတယ်"

"ဘာ ... ဘာဖြစ်တယ် အမေ။ တစ်ဖက်မိသားစုဆိုတာ ဘာလဲ"

"တုတုရဲ့မိဘတွေလေ"

"သူ့မိဘတွေ ဘယ်လိုလုပ်ရောက်လာတာလဲ"

"ကဲ ... ကဲ ... အကြောင်းစုံကို အမေ ပြောပြမယ် နားထောင်"

အမေက လေသံအေးအေးဖြင့်ပင် ပြောပြပါသည်။ အမေက အေးဆေးနေသလောက် လူချောမှာ မအေးဆေးနိုင်ပါ။





ဘိုတုအတွက် စိတ်ပူတာရော တုတုကို မိဘတွေ ပြန်ခေါ်သွားပြီဆိုတာသိရ၍ စိုးရိမ်နေမိတာရောပေါင်းပြီး လူက ဖင်တကြွကြွဖြစ်နေသည်။ ခုချက်ချင်းပဲ ပြန်ပြေးခေါ်ချင်သည်။ တကယ်တော့ တုတုကို အရွဲ့သာတိုက်မိပေမဲ့ သူ့ရင်ထဲနင့်နေအောင်ချစ်ရပါသည်။

"သား ထွက်သွားပြီး နောက်တစ်နေ့မနက်ပဲ သားတို့သေးအိမ်က မတင်မေ ပြေးလာပြီး လာခေါ်တာ။ မနက်အစောကြီး ခြောက်နာရီလောက် ထင်တယ်၊ တုတု အိမ်ထဲက အော်သံကြားလို့တဲ့။ တစ်အိမ်လုံး တံခါးတွေပိတ်ထားတော့ အထဲဝင်ကြည့်ချင်တာ ဝင်မရဘူး ဆိုတော့ အမေတို့ကို လာပြေးခေါ်တာပေါ့။ ဒါနဲ့ အမေရော မင်းညီ ညီမတွေရော ပြေးသွားပြီး တံခါးသော့ဖျက်ဝင်ရတာပေါ့၊ အထဲရောက်တော့ တုတု ဖြူဖျော့ပြီး သွေးအိုင်ထဲမှာ သတိတောင်မေ့တော့မလို ဖြစ်နေတာ တွေ့ရတယ်"

"ဗျာ ... ဗျာ ... သွေးအိုင်ထဲမှာ ဟုတ်လား၊ ဘာဖြစ်တာလဲ တုတု ဘာဖြစ်သွားတာလဲ"

"ကိုယ်ဝန်ပျက်ကျတာလေ"

"ဟာဗျာ ... ဖြစ်ရလေဗျာ"

လူချော မချိတင်ကဲ။ ယူကျုံးမရစွာ ငိုညည်းသလို အော်ချလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ အားလုံး ဘာလုပ်ကြရမှန်း မသိတော့ ဆေးမှူး ကိုလှမောင်ပဲ ပြေးခေါ်ရတာပေါ့။ တုတုလည်း လူက သတိတောင်လစ်တော့မလို ဖြစ်နေပြီဆိုတော့ သူ အထင်မကြီးတဲ့ ဆေးမှူးနဲ့တွေ့တာလည်း သိပုံမရဘူး၊ ကိုလှမောင်ရောက်လာပြီး စမ်းသပ်ပေးတော့ သွေးအားအရမ်းနည်းပြီး သွေးပေါင်ချိန်လည်း ကျနေတယ်၊ မိတ္ထီလာဆေးရုံ မြန်မြန်ပို့ရမယ်ပြောတယ်၊ သူလည်း လိုအပ်သလောက် လုပ်ပေးနိုင်သလောက် လုပ်ပေးပါတယ်၊ ဆေးပုလင်းတစ်ပုလင်းချိတ်ပြီး တုတုကို မိတ္ထီလာဆေးရုံသယ်ကြရတာပဲ။ ရွာထဲမှာ ကားရှိတဲ့အိမ်တွေကလည်း ကူညီကြပါတယ်၊ သူတို့ကားနဲ့ပဲ လိုက်ပို့ပေးပါတယ်၊ ဒါပေမဲ့ သားရယ် သားသိတဲ့အတိုင်းပဲ လမ်းကဆိုးတော့ အကြာကြီးသွားနေရတာပေါ့။ တုတုခမျာ မသေရုံတမယ် ခံရရှာတာ သနားပါတယ်။ အမေဆို တုတု အသက်တောင်မမီဘူးထင်မိတာကွယ်၊ ကောင်မလေး တစ်ကိုယ်လုံးဖြူဖွေးပြီး ကယောင်ကတမ်းတွေတောင် ပြောလာတဲ့အထိပဲ"

အမေက ပြောရင်း သတိရလာသလိုဖြင့် မျက်ရည်တောင်ဝဲလာသည်။ အမေသည် တုတုကို ရန်ကုန်သူ သူ့ဌေးသမီးမို့ တရင်းတနှီး ရောရောနှောနှော မနေရဲပေမဲ့ အမေ့စိတ်ထဲမှာ





ကျိတ်ပြီး ချစ်ခင်နေကြောင်း လူချော ရိပ်မိပါသည်။ ရုပ်ချောချော အသားဖြူဖြူလေး ဖြစ်သလို မောက်မာ မာနထောင်လွှားခြင်း၊ အဆင့်အတန်းခွဲခြားခြင်းနဲ့ နှိမ်ချဆက်ဆံခြင်းတွေ တုတုမှာလုံးဝ မရှိသဖြင့် အမေက တုတုကို ချစ်နေပါသည်။

"မိတ္ထီလာဆေးရုံရောက်တော့ ဆရာဝန်တွေဆိုတာ ပျာယာခတ်ကုန်ကြတာ သွေးသွင်းဖို့လည်း လိုတယ်ဆိုတော့ ဆေးရုံမှာ အားလုံး သွေးဖောက်စမ်းကြရတယ်၊ တုတု သွေးက AB သွေးဆိုတော့ ရှားတယ်တဲ့။ ကံကောင်းချင်တော့ မင်းညီနှစ်ကောင် ကျော်ဇောနဲ့ မောင်ထွေး AB ဖြစ်နေတာနဲ့ သူတို့ သွေးလှူလိုက်တယ်၊ သွေးက နှစ်ပုလင်းသွင်းရတယ်"

"တော်သေးတာပေါ့ တစ်အိမ်လုံးလိုက်သွားကြလို့ သွေးလိုတော့ အဆင်သင့်ဖောက်စစ်ရုံပဲ ဖြစ်သွားတယ်"

"တစ်အိမ်လုံးလိုက်ချင်နေကြတာ တားမရဘူးလေ။ အားလုံးက တုတုကို သိပ်ချစ်ကြတာ မင်းအဖေတောင် အနေတည်ပေမဲ့ တုတု ဒီလိုဖြစ်တယ်ကြားတော့ သူ့မှာ စိတ်တွေပူပြီး သူပါလိုက်မယ် လုပ်နေတာ အမေက တုတု အိမ်နဲ့ဆိုင် လူစောင့်မရှိဘူးဆိုပြီး အတင်းတားခဲ့လို့ သူ နေခဲ့ရတာ"

"တုတု ကိုယ်ဝန်ကရော"



www.burmeseclassic.com

www.burmeseclassic.com



"ပျက်သွားတယ် သား။ ဆရာဝန်တွေက ပြောတယ် သူ့သားအိမ်က အားနည်းတယ်ဆိုလား ပုံစံမမှန်ဘူးဆိုလား မသိပါဘူး၊ အဲဒါ ကလေးအဖတ်တင်ချင်ရင် အိမ်ထဲက အိမ်ပြင်မထွက်ဘဲ ငြိမ်ငြိမ်လေးနေနိုင်မှ ဖြစ်မှာတဲ့"

ဟုတ်တာပေါ့၊ ရွာမှာကျတော့ တုတု ဘာမှ အလုပ်ကြမ်းမလုပ်ရဘူးဆိုရင်တောင် သွားသွားလာလာကတော့လုပ်ရတာ။ ရွာတစ်ပတ် အကြွေးတောင်းဖို့ထွက်ရ၊ ဆိုင်အတွက် လိုတာတွေဝယ်ဖို့ မိတ္ထီလာကို ခရီးကြမ်းနှင်ရနဲ့ တုတု ဘယ်မှာ နားနားနေနေ နေရမလဲ။

"ရန်ကုန်ကို ဘယ်လိုဖြစ်လို့ ပို့လိုက်ရတာလဲဗျာ"

"ဟယ် ... အမေတို့ပို့တာ မဟုတ်ပါဘူး၊ အဲဒီမိတ္ထီလာ ဆေးရုံမှာ တုတု အစ်ကိုအကြီးဆုံးရဲ့ သူငယ်ချင်းဆရာဝန်တာဝန်ကျတော့ တုတုကို တွေ့တာနဲ့ သိတာပေါ့၊ သူ့မိဘက တုတု ပြန်လာခဲ့ဖို့ သတင်းစာထဲမှာတောင် ကြော်ငြာနေ့တိုင်းထည့်နေတာတဲ့၊ ဘယ်ရောက်နေမှန်းမသိလို့ လိုက်မရှာနိုင်ဘူးတဲ့၊ အခုတော့ အတော်ပဲဆိုပြီး အဲဒီဆရာဝန်ကပဲ ချက်ချင်းဖုန်းဆက်ခေါ်လိုက်တာလေ"

လှချောသည် ထိုသတင်းကြောင့် စိတ်ဓာတ်တွေ တစ်ဟုန်ထိုး ကျသွားပါသည်။ တုတုကို သူ့မိဘတွေ ပြန်ခေါ်သွားပြီ။ သူနဲ့တုတု အခွဲခံလိုက်ရပြီ။ ဝေးကြရပြီတည်း။





"နေ့တွင်းချင်းပဲ ကားမောင်းလာကြပုံပဲ၊ မနက်ဖုန်းဆက် ညနေစောင်းတော့ ရောက်လာတာပဲ။ အံမယ်လေးသားရယ် ကားကြီးက ကောင်းမှကောင်းသိရဲ့လား။ မင်းညီတွေပြောတော့ အဲဒါ ပါဂျဲရိုးတဲ့၊ ကားကအကြီးကြီး၊ တုတု မိဘတွေကလည်း ချောလိုက် ခန့်လိုက်တာကွယ်၊ သဘောကလည်း တော်တော်ကောင်းပါတယ်။ အမေ့ကို ကောင်းကောင်းမွန်မွန် နေရာပေးပြီး စကားပြောပါတယ်၊ တုတုကို စောင့်ရှောက်ထားတဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ တဖွဖွ ပြောတယ်"

"အမေ အဲဒါတွေ အရေးမကြီးဘူးလေ၊ သူတို့ တုတုကို ပြန်ခေါ်သွားပြီပဲ၊ ကျွန်တော်တို့ကို ခွဲပစ်လိုက်ပြီပေါ့"

"သမီး တုတုက သားကို တော်တော်ချစ်ရှာပါတယ်ကွယ်။ သူ့မိဘတွေကခွဲလည်း အခွဲခံမယ် မထင်ပါဘူး"

"သူ ကျွန်တော့်ကို စိတ်နာနေမှာပါ"

"အမေ့ကို စာတစ်စောင်ရေးပေးသွားပါတယ်၊ စာအိတ်နဲ့ ပိတ်ထားလို့ ဘာမှန်း အမေမသိဘူး၊ သား ပြန်လာရင် ပေးလိုက်ပါတဲ့"

လှချောသည် စာအိတ်ဖြူလေးကို အလောတကြီးပင် ဖွင့်ဖောက်လိုက်ပါသည်။ အမေက အလိုက်တသိမင် အနားက ထသွားပေးပါသည်။

www.burmeseclassic.com



စာခေါက်လေးကို ဖြန့်လိုက်တော့ တုတုလက်ရေး သေးသေးလေးတွေဖြင့် '...

"လူချော"

လို့ စရေးထားခြင်းကို ဖတ်လိုက်ရစဉ် အနားမှာ တုတု လာခေါ်လိုက်သလိုပင် အသံလေးကို ကြားယောင်ကာ လူချော ရင်ထဲမှာ လှုပ်ဆွတ်သွားပါသည်။

"တု အားလုံးကို စွန့်လွှတ်ပြီး လူချောနောက်ကို လိုက်ခဲ့ပါတယ်။ စိတ်ကူးယဉ်ထားသလိုပဲ ဘဝကို ပုံဖော်ပြီး ကြိုးစားနေကြည့်ပါတယ်၊ ဒါပေမဲ့ လက်တွေ့မှာ မလွယ်ဘူးဆိုတာ သိလိုက်ပါတယ် ...

ဒါပေမဲ့ တု နောင်တမရခဲ့ဘူး။ ဘာကြောင့်လဲဆိုတော့ ချစ်တဲ့သူကို လက်တွဲထားနိုင်ခဲ့လို့ပါ။ လူချော ဘယ်လောက်ဆိုးဆိုး တု စိတ်မနာပါဘူး။ မမုန်းပါဘူး။ အမြဲတမ်း ခွင့်လွှတ်ပြီး ချစ်နေပါတယ်၊ တုဆီ လိုက်လာခဲ့ပါနော်။ တု နေ့တိုင်း မျှော်နေမယ်၊ အချိန်တိုင်း မျှော်နေမယ်၊ အားလုံးကလည်း နားလည်ခွင့်လွှတ်ပြီး လူချော ရောက်လာမှာကို စောင့်ကြိုနေကြပါတယ်၊ တုကို ချစ်ရင် လိုက်ခဲ့ပါနော် ...

တုတု"

လူချောသည် စာကိုပြန်ခေါက်ထားလိုက်ကာ တွေဝေပြီး အကြာကြီး စဉ်းစားနေမိသည်။





ကိုယ် ဝင်တိုးလို့မရတဲ့အသိုင်းအဝိုင်းထဲကို ဝင်ရဲပါ့မလား။

တောကြိုအုံကြားက ပညာမတတ်၊ အလုပ်အကိုင်မရှိ၊ ဆင်းရဲမွဲတေကောင်ကို ဝိုင်းကြည့်ကြမဲ့ မျက်လုံးတွေရဲ့ဒဏ်ကို ခံနိုင်ပါ့မလား။

တုကို ချစ်ခဲ့တယ် ဆိုတာဟာ ရင်ထဲက ချစ်လို့ကို ချစ်မိသွားတာပေမဲ့ ဒီအချစ်ကို ကာယကံရှင်နှစ်ဦးကလွဲရင် ကျန်တဲ့သူတွေ ယုံကြည်ကြပါ့မလား။

ဒီကောင် တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် ဒီအသိုင်းအဝိုင်းထဲဝင်ရမယ်၊ ဒီကြွယ်ဝချမ်းသာမှုတွေကို ခံစားရမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ဝင်လာခဲ့တာပါလားဆိုသော သံသယတွေကိုရော ရင်ဆိုင်ရဲပါ့မလား။

ကိုယ် တကယ်တွေဝေနေဆဲပါပဲ တုရယ်။



www.burmeseclassic.com

www.burmeseclassic.com



# အချစ်ကို ယုံကြည်ဖို့ လိုတယ်



"တုတုသည် ယုံကြည်ချက် တစ်ခုဖြင့် စောင့်နေခဲ့ ဖြစ်ပါသည်။

တစ်နေ့နေ့ တစ်ချိန်ချိန်မှာ တုတုရဲ့ ယုံကြည်မှု အတိုင်း သူ ရောက်လာခဲ့လိမ့်မယ်လို့ မျှော်လင့်နေခဲ့ လည်း ဖြစ်ပါသည်။

အချစ်ကို ယုံကြည်မယ် ဆိုရင် မျှော်လင့်တာတွေ တကယ်ဖြစ်လာမှာပါ။ တကယ်တော့... အချစ်ကို ယုံကြည်ဖို့ပဲ လိုပါတယ်"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရှင်မိုး

(ဆေးတက္ကသိုလ်)

13th November

Tuesday

2007.

BURMESE CLASSIC .com

www.burmeseclassic.com